

www.burmeseclassic.com
ဝိုးမိုး စာပေ
BURMESE CLASSIC .com
လုံးချင်းဝတ္ထုသစ်
မြူလဲသွယ်
ပျားရည်နှုတ်ခမ်း
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မြပုလဲသွယ်

## ပျားရည်နှုတ်ခမ်း

www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ဆိုတာ…

တစ်ရေးနိုးတဲ့အခါ ပျောက်ကွယ်သွားတတ်ပေမဲ့ ရင်ခုန်သံကတော့ တစ်ရေးနိုးတဲ့အခါ မပျောက်ပျက်တဲ့ ပိုနိုင်မြဲတတ်တယ်ဆိုရင် ကိုကြီးယုံပါ့မလား။

◆ ◆ ◆

ဝို : ဝို ။ ၁၇၆၀

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ထင် မြင်နေရတာက မြင်းရထားလို ကကြိုးတန်ဆာဆင်ထားသည့် ရထားလုံးတစ်ခု။ ဒါပေမဲ့ သေချာထပ်ကြည့်တော့ ထင် ထင်ထားသလို မြင်းလေးကောင်ဆွဲသည့် ရထားမျိုးမဟုတ်။ မြင်းလို့ ထင်ထားသည့်နေရာမှာ ချိုကားကားကြီးတွေနှင့် နီဝါရောင်ရှိသော သမင်လေးကောင်ဖြစ်နေ၍ ကြည့်ရင်း ထင် မျက်ခုံးယောင်ယောင်လေး တွန့်သွားမိသည်။

ထင် ကြားဖူးထားတာ မြင်းရထားဆိုပြီးတော့ပါ။ အခုမြင်နေရတာက သမင်တွေ။ ပြီးတော့ သမင်တွေက ကြီးမားခမ်းနားလှပသည့် ဒီရထားကိုဆွဲပြီး အဝေးကြီးပြေးနိုင်ပါ့မလား။ ထင်အတွေးထဲ မေးခွန်းတွေ ပလုံစီရင်း ထင့်မျက်ဝန်းနက်လေးတွေက နောက်ပါးက ရထားလေးဆီ ရောက်သွားသည်။

ဝိုး ဝိုး ၈၁၆ပ



ရထားက အမိုးမပါသောကြောင့် နှစ်ယောက်ထိုင် ပန်းဆီရောင်ဆိုဖာခုံကြီးကို မြင်နေရသည်။ ခုံအရှေ့မှာ စားပွဲတစ်လုံးချထားပြီး ပန်းနုရောင် နှင်းဆီတစ်အိုး ရှိသည်။ နှင်းဆီပန်းအိုးဘေးနားမှာ အနီရောင် ကတ္တီပါခင်းကလပ်ပေါ်၌ အရောင်တဖျပ်ဖျပ်လက်နေသော သရဖူလေး။ လှပသော ထိုသရဖူလေးရဲ့ ဖိတ်ဖိတ်လက် လှပခမ်းနားမှု၏ ဖမ်းစားခြင်းအောက်မှာ ထင် ခြေလှမ်းတွေ တရွေ့ရွေ့ပါသွားစဉ်···

"ဟင်"

မြင်လိုက်ရသည့် မြင်ကွင်းတစ်ခုကြောင့် လှမ်းလက်စထင့်ခြေလှမ်းအစုံတို့ နေရာမှာ အလန့်တကြား စုံရပ်တန့်သွားသည်။ ထင် မြင်လိုက်ရတာက အလွန်ချောမောလှပသော ကောင်လေး။

အဖြူရွှတ်စွတ် အနောက်တိုင်းဝတ်စုံက သူ့အရပ်မားမားကြီးနှင့် လိုက်ဖက်ညီသည်။ ဆံပင်က တိုကပ်ကပ် တမင်ညှပ်ကာ ခပ်ထောင်ထောင်လေးမို့ သူ့မျက်နှာက နုဖတ်ဝင်းသန့်နေ၏။

မျက်ခုံးထူတန်းတန်းမှာ နှာတံရှုံးမြင့်မြင့်နှင့် အချိုင့်ရာလေးထင်းနေအောင်ပေါ်သော နှုတ်ခမ်းပါးတွေက နီမြန်းလျှက်ရှိသည်။ နှုတ်ခမ်းတွေက မပြုံးဘဲ မျက်ဝန်းထဲမှာပဲ ရယ်မြူးရိပ်သမ်းသော ထိုကောင်လေးသည် အရယ်မျက်ဝန်းသာမရှိလျှင် တကယ့်ဂျစ်ကန်ကန်ရုပ်။

နားထင်ဘေးနှစ်ဖက်က ခပ်ရိပ်ရိပ်ကျဆင်းနေသော မွေးညင်းစိမ်းတွေက အဝေးကကြည့်သော ထင့်အတွက်တောင်

ဝိုး ဝိုး ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ထင်ရှားနေတာ။ မျက်တောင်ကော့တွေ ဝန်းရံထားသော မျက်လုံးနက်နက်တွေက အရောင်တောက်လျှက်။ ထိုမျက်ဝန်း၊ ထိုနှုတ်ခမ်းတွေက ညို့ချက်ပြင်းသော မာယာတစ်ခုလို။

"ဟယ်"

ထင် ကြည့်နေဆဲ ကောင်လေး လက်ဆန့်ခေါ်ရာဆီ အကြည့်ရွှေ့တော့ လှပသည့် ကောင်မလေးတစ်ယောက်။ ပန်းနုရောင် ရင်ပြတ်ဂါဝန်က ခါးနားထိ သိမ်သွားပြီး ခါးအောက်ပိုင်းမှာ ကားသွားသည်က ခြေမျက်စိဖုံးတဲ့အထိ ဝဲဖြာနေသည်။

လက်ကောက်ဝတ်နားထိ ဝတ်ထားသည့် ဇာနားတပ်လက်အိတ်ကလည်း ပန်းရောင်။ ခြေတစ်လှမ်း လှမ်းတိုင်း လှစ်ခနဲပေါ်သွားသည့် ခြေထောက်လှလှလေးမှာ စီးထားသည့် ကြိုးသိုင်းဖိနပ်မြင့်ကလည်း ပန်းရောင်။

ခါးနားထိ ဝဲဖြာနေသော ဆံပင်ရှည်ရှည်တွေက ခြေတစ်လှမ်းချတိုင်း စည်းချက်ညီညီ ဝဲခါလျှက်။ လှပသည့် မြင်ကွင်းကိုကြည့်ရင်း ထင် အံ့သြခြင်းက ရပ်တန့်မသွား။

"လှလိုက်တာဟယ်"

ထင့်နှုတ်ဖျားက အံ့သြခြင်း နှုတ်ထွက်စကားက ထင့်စိတ်ထဲ ဖြစ်ပေါ်လာခိုက်မှာ ပန်းနုရောင် ကောင်မလေးက ထင့်ဘက်သို့လှည့်ပြီး ပန်းရောင်စိုအိနေသော နှုတ်ခမ်းထူပြည့်ပြည့်တွေကို ကွေးညွှတ်ပြုံးပြ၏။ ထင် အံ့သြခြင်းကြောင့် အသက်ရှူရပ်မတတ်။

ထို့နောက် အဖြူရောင် ကောင်လေးလက်မောင်းထဲသို့ ပန်းနု





ရောင် လက်အိတ်လက်ကလေး ကျရောက်သွားကာ သမင်ဆွဲသော ရထားပေါ် နှစ်ကိုယ်ယှဉ်တွဲ၍ တက်သွားသည်။

သမင်တွေ ခြေလှမ်းစပြင်စဉ်မှာပဲ ကောင်ကလေးက မြတ်နိုးခြင်းအတိပြီးသော အပြုံးတွေနှင့် ပန်းနုရောင်မိန်းမလှလေးကို သရဖူဆောင်းပေးပြီးနောက် နွေးထွေးနီမြန်းသော နှုတ်ခမ်းနှစ်စုံသည် ကြားလေသွေးမရအောင် ဂဟေဆက်သွားခိုက်မှာ အိပ်ရာမှ ရင်ခုန်စိတ်လှုပ်ရှားစွာ ဖျတ်ခနဲ လန့်နိုးလာသူက ထင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

"ဟား...ဟား...ဟား"

"နိုင်နော်...ရှင်က ဘာရယ်တာလဲ"

ထင် မျက်စောင်းရှယ်ပြီး ဟန့်တော့ နိုင်က ရယ်ချင်ရုပ်ကို မျက်နှာပိုးသတ်ထားပေမဲ့ နှုတ်ခမ်းကတော့ ပြုံးစိစိ။

"ခစ်...ခစ် ထင့်အိပ်မက်က"

"ဘာဖြစ်လဲ၊ အဲဒါကြောင့် နိုင့်ကို ထင်က မပြောချင်တာ"

မျက်လွှာချပြီး ပြောပေမဲ့ စိတ်ဆိုးလို့တော့မဟုတ်။ ဖျတ်ခနဲ ညှိုးရိပ်ထင်တဲ့ ထင့်မျက်နှာကို ကြည့်ရင်း နိုင်က ရယ်ချင်သမျှ လက်စသိမ်းကာ...

"နိုင်က လှောင်ချင်ပြောင်ချင်လို့မဟုတ်ဘူး ထင်"





"တော်ပါ...ရုပ်ကြီးကိုက"

မလှောင်ချင်လို့ပဲ ဆိုတဲ့စကားကို ထင် မပြောပေမဲ့ ဖျတ်ခနဲ ဝင့်တက်လာသော မျက်လွှာတဝင့်က ထိုစကားကို အသံတိတ်ဆိုသည်။ နိုင်က ပခုံးကျော်ကာ ရင်ဘတ်အထိ ချထားသော ထင် ကျစ်ဆံမြီးကို ဖွဖွကိုင်ကြည့်ရင်း...

"သဘောကျလို့ပါ ထင်ရယ်၊ ထင့်အိပ်မက်က ဖြစ်တောင့်ဖြစ်ခဲလေ၊ သမင်ဆွဲတဲ့ ရထားရော၊ သရဖူဆောင်းရတာရော၊ ပြီးတော့ တစ်ခါမှမမြင်ဖူးတဲ့ ကောင်လေးက ကောင်မလေးကို"

"တော်တော့ဟာ"

မာနိုင့်စကားကို ထင် ဖြတ်အော်ပစ်ရင်း ပြောမိတာပဲ မှားသွားပြီလားဆိုသည့် နောင်တစိတ်က ရင်သို့ဝင်နှောက်သည်။ ဒါတောင် နောက်ဆက်တွဲ အကြောင်းနာပေးတာကို ထည့်၍ပြော မထား။ ဒီအိပ်မက်မျိုး ထင် တစ်သက်နဲ့တစ်ကိုယ်မက်တာ ဒါ ပထမဆုံး။ မက်သမျှ ပြန်စဉ်းစားတိုင်း ထင့်မှာ အခုချိန်ထိ ရင်ခုန်သံက မြန်ချင်နေဆဲ။

"ထင်"

"အမေ့"

အိပ်မက်ကို သတိရပြီး လွင့်သွားသည့် သတိစိတ်ကြောင့် ထင့်မှာ ဘာရယ်မဟုတ်တာကို လန့်တော့ မာနိုင်က ရယ်သည်။

"နင်ကလေ အမြဲတမ်း ဒီလိုချည်းပဲ"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရေးဆို ထိတ်လန့်ပြူးပျာနေတာကို ပြောတာ"

"အဲဒါက စိတ်က တခြားရောက်သွားလို့ပါဟယ်"

"ပြောလိုက်ရင် ဒါပဲ"

"ထင် ဒီလိုပဲနေတတ်တာ သိရဲ့နဲ့၊ မာနိုင်ကလဲ"

"နိုင် အသည်းယားတာကလည်း အဲဒါပဲ"

"နိုင်ကလည်း"

စာအုပ်ထောင့်စွန်းကို လက်မနှင့်ပွတ်ရင်း ထင့်ပြောပုံက မပွင့်တပွင့်။ ဒါ ထင့်ရဲ့စတိုင်(လ်)အမှန်။ မှန်လွန်းလို့လည်း မာနိုင်တို့က ကြည့်မရခဲ့။ ငယ်သူငယ်ချင်းနှစ်ယောက် အခုချိန်ထိ တတွဲတွဲဖြစ်နေခဲ့တာ ဟိုးမူလတန်းကနေ အခုချိန်ထိ။

"နိုင်ကလည်း လုပ်မနေနဲ့၊ ထစ်ခနဲရှိ ထင့်ကို လှောင်တယ်လို့ထင်ပြီး သိမ်ငယ်သွားတာ၊ အဲဒါ ဆိုက်ကိုတစ်မျိုးပဲ"

"မဟုတ်ဘူးလား နိုင်ရယ်၊ ထင့်ရုပ် ထင့်ရည်နဲ့ ကောင်ချောလေးက သရုပ္ပတွေ ဘာတွေ ဆောင်းပေးတာ အများလှောင်ချင်စရာ"

"တော်စမ်းပါ၊ ဒီရုပ်ရည်က ပါလာပြန်ပြီ၊ ဆိုက်ကိုလို့ပြောပြန်တော့လည်း ထင်က မကြိုက်ဘူး၊ ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိမှပေါ့၊ အခုတော့ကြည့်ဦး သူများရယ်တာမြင်လည်း ဒါ ထင့်ကိုရယ်တာပဲ၊ အဲဒါ ထင့်ကိုပြောတာ ဘာညာတွေးပြီး တစ်ယောက်တည်း အားငယ်နေတာ ကောင်းတဲ့အကျင့် မဟုတ်ဘူးနော် ထင်"





"ထစ်ခနဲရှိ ဒီရုပ်ပဲ ထည့်ထည့်ပြောနေ၊ ထင့်ရုပ်က ဘာဖြစ်လဲ၊ မျက်လုံးမွေ့ပြီး သွားခေါနေသလား ကဲ ပြော"

မာနိုင်က မကျေမနပ် ဒေါသဖြစ်ဖြစ်နှင့် ခပ်ထန်ထန်မေးတော့ ထင် ဘာပြောရမှန်းမသိ။ ကျစ်ဆံမြီးအဖျားတွေကို လက်ညှိုးနှင့် ရစ်ပတ်ခွေလိမ်ရင်းက...

"အဲဒီလိုတော့လည်း မဟုတ်ဘူးပေါ့ နိုင်ရယ်"

"အေးလေ...ဘာချို့ယွင်းချက်မှ မရှိဘဲနဲ့များ ဘာကိစ္စအားငယ်နေရတာလဲ"

"ဒါပေမဲ့ အများငေးရအောင်လည်း မချောဘူးလေ"

"ထင်ပြောပုံက မချောတဲ့သူတိုင်း ကိုယ့်ဟာကိုယ်သတ်သေရမလို ဖြစ်နေပြီ"

စိတ်တိုတိုနှင့် မာနိုင်က ထင့်ကို မျက်စောင်းထိုးသည်။ ထင် ဒီလိုပြောတိုင်း မာနိုင် စိတ်ဆိုးတာ သိသိကြီးနှင့် ထင်က လည်း ပြောဖြစ်အောင် ပြောမိတတ်သည်။ အားငယ်မှုကို ထိန်းလို့မရ။

ထင်ရဲ့ ညိုသောအသားမှာ မျက်ခုံးကြီးတွေက ခပ်တန်းတန်း အပြားလိုက်မို့ မျှော့ကြီးနှစ်ကောင် ကပ်နေတာနှင့် တူသည်ဟု ထင်က ထင်သည်။ အမေကတော့ သူ့သမီးဖြစ်သူ ထင့်ကို ရှာကြံပြီး ချီးမွမ်းသည်။

"ညိုတဲ့သူတွေရဲ့ အလှကမှ အကြည့်ခံတာမျိုး သမီးရဲ့၊ အမေ့သမီးက မည်းနက်နေတဲ့ အသားမျိုးမှ မဟုတ်တာ၊ ညိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည်နေတာ၊ အဲဒါ ပျားရည်ရောင်အသား''

အမေပြောတော့ ထင့်မှာ စိတ်ညစ်တာတစ်ဖက်၊ ရယ်ချင်တာ သပ်သပ်။ အမေတို့များ ထင် စိတ်မညစ်အောင် ပြောတတ်လိုက်တာ။ ကိုယ့်သမီး အသားမလှတာကို ပျားရည်ရောင်တဲ့။ ဒါကို မာနိုင် ကြားတော့…

''အန်တီက အမှန်ကိုပြောတာ ထင်၊ သူ့သမီး စိတ်ချမ်းသာအောင် ညာပြောတာ မဟုတ်ဘူး၊ ထင့်ကိုယ်လုံးလေးလည်း လှတာက တမင်လေ့ကျင့်ထားတဲ့အတိုင်းပဲ၊ အဲဒါကြောင့် နိုင်ပြောတာ၊ ကိုယ်လုံးပေါ်တဲ့အင်္ကျီတွေ ဝတ်ပါဆိုတာ၊ အမြဲ ဝတ်လိုက်ရင် အပေါ်က ရှပ်အင်္ကျီကြီးက တစ်ထပ်နဲ့''

''နေပါ နိုင်ရယ်၊ အဲဒီရှပ်အင်္ကျီသာ မဝတ်ရရင် ထင်ကျောမလုံဘူး''

''ဖြစ်ရလေ ထင်ရယ်၊ သူများတွေများ မရှိတဲ့အလှကို ဖော်ချင် ကြွားချင်ကြလွန်းလို့၊ ထင်ကြမှပဲ ကိုယ့်အလှ ကိုယ်ဖော်ပြရမှာ သေမတတ် ကြောက်လိုကြောက်၊ ကြီးဖန်ပြီး အားငယ်လိုငယ်နဲ့''

''ထင်ဟာ တကယ့်ဆိုက်ကိုဖြစ်နေပြီ''

မာနိုင် ဘာပြောပြော ထင်က ထုံးစံအတိုင်း စိတ်ရှုပ်တဲ့အမူအရာနဲ့ ခေါင်းငုံ့ရင်း မပွင့်တပွင့်။

''ကိုယ့်ကိုယ်ကို မလှတာကို လှတယ်လို့ ထင်တာလည်း ဆိုက်ကိုပဲ နိုင်''





ထင့်စကားကြောင့် မာနိုင်က ထင့်ကို မျက်စောင်းထရှယ်သည်။ မျက်တောင်တိုစိပ်စိပ်တွေက မျက်ဝန်းတစ်ဝိုက် ထူထဲစွာ ခြံရံထားတာမို့ အဝေးကကြည့်လျှင် ထင့်မျက်လုံး မျက်ခုံးအလှတွေက ထင်းခနဲ။ နှာတံကျတော့ စင်းနေအောင် မကော့တော့ဘဲ ထင့်ရဲ့နှုတ်ခမ်းက ထူချင်သေးသည်။ ထင့်တစ်ကိုယ်လုံး၌ စိတ်တိုင်းကျစရာ အလှအပ အသက်ဝင်ဆုံး၊ ထင့်အကြိုက်ဆုံး ရှားပါးပစ္စည်းလေးက ခါးလယ်ထိရှည်သော ထင့်ရဲ့ မည်းနက်ဖြောင့်စင်းသည့် ဆံပင်ရှည်ရှည်တွေ။ ဆံပင်ရှည်တွေကိုတော့ ထင်ကိုယ်တိုင် နှစ်သက်မြတ်နိုးသည်။

''ထင်''

''ဟင်''

''ဟိုမှာ ဆရာမဝင်နေပြီ''

''မင်္ဂလာပါ ဆရာမ''

မာနိုင်က တိုးကျိတ်ကျိတ် ထင့်ကို သတိပေးသံနှင့်အတူ ဆရာမကို ကသောကမျော ထနှုတ်ဆက်လိုက်ရသည်။ စည်းကမ်းအရာ၌ နာမည်ကြီးသော မြန်မာစာဆရာမ ဒေါ်နုနုရှိန်က ကျောင်းသားကျောင်းသူတွေကို ဖျတ်ခနဲ ဝေ့ကြည့်ပြီး…

''မင်္ဂလာပါ ကလေးတို့၊ ဒီနှစ် ထူးချွန်စာမေးပွဲအတွက် ကျင့်ထားရမယ့် စာစီစာကုံးခေါင်းစဉ်တွေထဲက အလှတရားဆိုတဲ့ ခေါင်းစဉ်နဲ့ စာစီကြမယ်၊ နာရီဝက်အတွင်းနော်၊ ကဲ စကြရအောင်''



www.burmeseclassic.com

www.burmeseclassic.com



ဆရာမ စကားအဆုံးမှာ အတန်းထဲရှိ လူတွေအားလုံး အလှတရားဆိုတဲ့ ခေါင်းစည်းအောက်မှာ ပျော်ဝင်သွားကြသည်။ ထင်က မာနိုင့်ကို အားကိုးရာလို ဖျတ်ခနဲ ငဲ့ကြည့်တော့ မာနိုင်က ထင့်ကိုကြည့်ပြီး ပြုံးသည်။

"ရေးလေ ထင်ရဲ့၊ အလှတရားအကြောင်း"

"သွား"

ထင်က စိတ်တိုတိုနှင့် မာနိုင့်လက်မောင်းကို ဆွဲလိမ်ပစ်၏။ ရေးစရာလား။ မလှတဲ့ ထင့်အကြောင်းကို။

◆ ◆ ◆

ဇိ:ဇိ:၈၇၆ပ

## အခန်း (၃)

"ဟာ…ဟေ့…ဟေ့ကောင် ခြိမ်း"

ကင်း အော်သံမဆုံးခင်မှာပဲ သူ့လက်ထဲကစာအုပ်က ခြိမ်းထံ ဖျတ်ခနဲရောက်သွားပြီ။ အတိအကျပြောရရင် ရောက်သွားတာမဟုတ်။ ခြိမ်းက လုယူသွားတာလို့ အသိဝင်သွားချိန်မှာ ခြိမ်းက သူ့လက်ထဲရောက်နေသော ကင်းစာအုပ်ကို စေ့စေ့စပ်စပ်ကြည့်ကာ

"ဝိုး…တေလာဆွစ်ရဲ့ ဘိုင်အိုဂရပ်ဖီပါလား"

"ခြိမ်း…ပြန်ပေးကွာ"

ခြိမ်းနားကို ကင်း ရောက်သွားပြီး ပြန်ယူဖို့ ကြိုးစားပေမဲ့ ခြိမ်းက ကင်းထက် လျင်မြန်စွာ သူ့လက်ထဲမှာ စာအုပ်က ဟိုဘက်ပြောင်းလိုက် ဒီဘက်ပြောင်းလိုက်နှင့်။

"ခဏလေးပါကွ မင်းကလည်း၊ ဘယ်သူမှ မင်းစာအုပ်

ဇိ:ဇိ:၈၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



ကို အပိုင်မယူပါဘူး"

ခြိမ်းက ကင်းစာအုပ်ကို အလွယ်တကူ ပြန်မပေး။ ခပ်တည်တည် ဆက်ယူထား၍ ကင်းက လှုပ်ရှားနေသော စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ရင်း…

"ခြိမ်း"

"what"

"ပြောင်ချော်ချော် မလုပ်နဲ့ကွာ၊ ငါ တေလာဆွစ်ဂ် ဘယ်လောက်ကြိုက်တယ်ဆိုတာ မင်းသိရက်နဲ့"

"အဲဒါဘာဖြစ်လဲ၊ ဒီစာအုပ်ကို ဒေါ်လာတွေ အများကြီးနဲ့ မင်း အွန်လိုင်းကနေ တကူးတက မှာဝယ်ထားတာလည်း သိတယ်"

"သိရင်ပြန်ပေး"

"ဟာ…ဟာ၊ မင်းတောင်းပုံက လွယ်လိုက်တာ တိုင်းရာ"

ခြိမ်းက သူ့ကိုယ်ကို ချာခနဲ တစ်ပတ်လှည့်ပြီး ကင်းစာအုပ်ကို လေထဲမြှောက်ပစ်သည်။ ပြန်ကျလာတာကို ကျွမ်းကျင်စွာဖမ်းရင်း ကင်းကို မေးဖျားနှင့် ပခုံးထိအောင် ငဲ့စောင်းကြည့်ပြီးမှ…

"ဒီည ငါ့ကိုဇာတ်…" 

"ဒီည ငါ့ကိုငှားလိုက်"

"မရဘူး ခြိမ်း"

"ဟ…မင်းက ညီအစ်ကိုချင်းကို"





"မင်းဖတ်ချင်ရင် ဝယ်ပေါ့၊ ပေး ငါ့စာအုပ်"

ကင်းက တောင်းလည်းတောင်း ခြိမ်းအနားသို့ တရှိန်ထိုး ပြေးသွားတာက စာအုပ်ပြန်လုရန် ရည်ရွယ်ချက်နဲ့ပါ။ ဒါပေမဲ့ ခြိမ်းက သူ့ရှေ့ရှိ ဆိုဖာကို လက်ထောက်ကာ လွှားခနဲ ခုန်ကျော်ပစ်ရင်း လှေကားထိပ်သို့ ရောက်သွား၏။

"ဒီလိုလုပ်လို့မရဘူး ကင်း"

"ခြိမ်း"

ဒေါသနှင့်အော်ရင်း ခြိမ်းနောက်ကို ကင်း ပြေးလိုက်ပေမဲ့ အချည်းနှီး။ ပေါ်လစ်ရောင်လက်နေသည့် လှေကားလက်ရန်းပေါ် ခြိမ်းက ခွထိုင်ပြီး ကင်းရှေ့က လျှောတိုက်ဆင်းသွားတာ လှေကား ဆုံးတဲ့အထိ။ လှေကားထစ်တွေကို ကျော်ဆင်းကာ ခြိမ်းနောက်ကို ကင်း ဒရောသောပါး ပြေးလိုက်သည်။

ဒီအိမ်နယ်နိမိတ်ကလွန်လျှင် စာအုပ်ပြန်ရကိန်းမရှိတာ ကင်း သိပြီးသား။ ခြိမ်းရဲ့ အကျင့်စရိုက်ကိုလည်း ကင်းက နောကျေနေပြီ။ ဝုန်းဒိုင်းကျဲပြီး ဧည့်ခန်းထဲ ကင်းတို့ရောက်တော့ ဝိုင်းဖွဲ့စကားပြောနေသည့် မိဘနှစ်စုံတွဲနှင့် မျက်နှာချင်းဆိုင်ဆုံသည်။

"ဟဲ့…ဟဲ့ ဒီညီအစ်ကို"

"ဘာတွေဖြစ်ကြတာလဲ"

ကင်းမေမေက အလိုက်တသိ လှမ်းမေးသည်။

"ခြိမ်း မေမေ၊ သားစာအုပ်ကို"

"ဟော့ကောင် အကျင့်ပါတုန်းပဲလား၊ မူလတန်းကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သားကျနေတာပဲ၊ ထစ်ခနဲရှိ မအေ အားကိုးနဲ့"

ကင်းစကားမဆုံးသေးခင် ခြိမ်းက ဝင်ပြောခြင်းဖြစ်သည်။

တံခါးဝနားက ပြုံးစစနှင့် ကင်းကို လှမ်းပြောသော ခြိမ်း စကားကြောင့် ကင်း၏ ဖြူသောမျက်နှာ ရဲခနဲ အရောင်ရင့်သွားသည်။

"ခြိမ်းဟာလေ ကိုယ့်အစ်ကိုကို ဒေါသမထွက်ထွက် အောင် စလွန်းတယ်"

အားနာပါးနာနှင့် ထွက်လာသော ခြိမ်းမာမီ အန်တီကေသီ စကားအဆုံးမှာ ခြိမ်းက ခြံထဲသို့ လှစ်ခနဲ ပြေးထွက်သွားပြီး...

"ခြိမ်း...ပျော့ကောင် မင်း"

"ဟဲ့...ကလေးတွေ"

ခြိမ်းနောက်က ကင်း အော်ကာ တရကြမ်းပြေးလိုက်သည်။ ခြိမ်းက ပန်းအိုးပုတွေ စီတန်းထားသော မြောင်းဘောင်ကို လွှားခနဲ ခုန်ကျော်သည်။ ကင်း မီလုမီခင်မှာ ခြိမ်းရဲ့ ခေါင်းစွပ်ဂျာကင်ကို လှမ်းဆွဲသည်။

ခြိမ်းက ကျောကော့ပြီး ပြေးလည်းပြေး၊ ကင်း အသည်းယားအောင် စာအုပ်ပါ မြှောက်ပြသေးသည်။ ကင်း အားသွန်ပြီး အလိုက် ခြိမ်းက ရေကူးကန်နားအထိ ပြေးလွှားသွားရင်း...

"ခြိမ်း ရပ်စမ်း"

"နိုး...မင်းဘာသာ ခြိမ်းကို မီအောင်လိုက်"

"ခြိမ်း...ရပ်ဆို"





ကင်းက စာအုပ်ကိုင်ထားသော ခြိမ်းလက်ကို လှမ်းဆွဲသည်။ ခြိမ်းက ကိုယ်ကို ယို့ရှောင်ရင်း စာအုပ်ကို မိုးပေါ် ဝိုးခနဲ မြှောက်တင်သည်။ ကင်းက စာအုပ်ကိုမိရန် ခုန်အဖမ်း ခြိမ်းက ကင်းကို အလစ်မှာ ကိုယ်လုံးချင်း ပစ်တိုက်လိုက်သည်။

"ဟာ"

"ဗွမ်း"

တေလာဆွစ်ပုံပါသော ကင်းစာအုပ်က ကြည်လင်ပြာလဲ့သော ရေကူးကန်ဆီ လွတ်လွတ်ကျွတ်ကျွတ်ကြီး ကျသွားပြီးနောက်

"မင်း တေလာဆွစ်က ရေကူးချင်နေတာကိုး"

ခြိမ်းက ပခုံးစုံတွန့်ပြီး ပြောပြီး ရှုတ်နောက်နောက်နှင့် နေရာက ချာခနဲ လှည့်သွားချိန်မှာတော့ နှမြောတသခြင်းကြီးစွာနှင့်။ ထိုကဲ့သို့ အသွင်မတူ ဒီဇိုင်းကွဲသော သူနှစ်ယောက်ရဲ့ တော်စပ်ပုံက ညီအစ်ကိုဟုဆိုလျှင်...။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ခြိမ်းရဲ့အကျင့်က ငယ်ငယ်လေးကတည်းက ဒီအတိုင်းပဲ၊ စိတ်ဓာတ်ကိုက မကောင်းတာ၊ သူများလက်ထဲက ပစ္စည်းဆိုရင် လိုချင်တယ်၊ ကိုယ်ကိုယ်တိုင် ရအောင်လည်း မကြိုးစားဘူး၊ ဖျက်လို ဖျက်ဆီးနဲ့၊ မစားရတဲ့အမဲ သဲနဲ့ပက်ဆိုတာမျိုး"

"မင်းဟာက ကလေးတွေကြားထဲမှာ ဝေရယ်"

"ကလေးတွေ ဟုတ်လား"

ခင်ပွန်းသည် စကားအဆုံးမှာ ဒေါ်ဝေဝေ ဆတ်ခနဲ ကိုယ်ကို တစောင်းလှည့်ထိုင်တာရော ဖျတ်ခနဲ ရင်ဘတ်ကို လက်ဝါးနဲ့ ပုတ်ပစ်လိုက်တာရောက တစ်ဆက်တည်း၊ တစ်ပြိုင်တည်း။

ဦးသက်ထွန်းက ဇနီးဖြစ်သူ လှုပ်ရှားမှုကို ကြည့်ရင်း





သက်ပြင်းချသည်။ ဦးသက်ထွန်း ဒီလို သက်ပြင်းတွေချခဲ့ရတာ အခုမှမဟုတ်။ ဟိုးယခင်ကတည်းက။ ဇစ်မြစ်ကို ပြန်ပြောင်းပြောလျှင် ကင်းနှင့်ခြိမ်းတို့ရဲ့ ဖြစ်တည်မှုအစထဲက ဖြစ်သည်။

"ကို စဉ်းစားလေ၊ ဒီစာအုပ်မျိုး ခြိမ်း လိုချင်ရင် မဝယ်နိုင်တာလည်းမဟုတ်၊ မဝယ်ချင်လို့ အတူတူကြည့်ဦးတော့ သားကင်းက ကန့်ကွက်မှာမဟုတ်၊ မတွန့်တိုတတ်တာလည်း အသိဆုံး၊ အခုဟာက သားကို တမင်လုပ်ပစ်တာ အသိသာကြီး"

"လူချင်းတိုက်မိပြီး ရေကူးကန်ထဲ ကျသွားတာဆိုကွ"

ဦးသက်ထွန်းက တစ်ဖက်ဆိုဖာမှာ ခေါင်းငိုက်စိုက်ချကာ ငြိမ်သက်နေသော သားဖြစ်တော်မောင် ကင်းထံ လှမ်းကြည့်ရင်း မေးသည်။

"အို...သားကို ဒီလိုစကားလမ်းကြောင်းပြီး မမေးနဲ့ ကို"

"ဟ...ဖြစ်ရပ်မှန်သိမှ ဖြစ်မှာပေါ့"

"ဒါ မဂ္ဂဇင်းထုတ်နေတာ မဟုတ်ဘူးရှင့်၊ ရှင့်တူခြိမ်း အကြောင်း ရှင်မသိဘူးလား"

"မင်းစကားကလည်း ဝေရာ"

"ဘာလဲ မှန်တာပြောတော့ ရှင် မရှင်းတတ်ဘူးမဟုတ်လား"

ဒေါ်ဝေဝေက သားနှင့်ပတ်သက်လျှင် ဆတ်ဆတ်ကြဲ။ ဒါကိုပဲ အမြဲ နှာတစ်ဖျားသာအောင် အနိုင်ယူသွားတတ်တာက ခြိမ်း။



www.burmeseclassic.com

www.burmeseclassic.com



"သွားစာအုပ်ကို ပြန်လျော်ပေးမယ်လို့ အစ်ကိုကြီးက ပြောသွားသားပဲ"

"ဟွန်း…ဒါပဲ၊ သူ့သားက ငွေသားကို တစ်ခုခုလုပ်လိုက်၊ ရှင့်အစ်ကိုက လျော်ကြေးပြန်ပေးလိုက်နဲ့ ပြီးသွားတာချည်းပဲ၊ ဝေတို့က သားလိုချင်တဲ့စာအုပ်ကို ပြန်မဝယ်ပေးနိုင်တဲ့လူတွေ မဟုတ်ဘူး ကို"

"မင်းကလည်း ကလေးဆန်လိုက်တာ ဝေရယ်၊ တကယ်ဆို"

"ရှင်ကတော့ လူကြီးဆန်လွန်းတာ လွန်ပါရဲ့၊ ကိုမျိုးချစ်ရဲ့၊ ရှင့်အစ်ကို စကားတစ်ခွန်းဆို ချိုတာခါးတာမမေးဘဲ ခေါင်းညိတ်ဖို့က အရင်၊ ဝေတို့သားဘက်က ပေးလိုက်ရတာ စိတ်ခံစားမှုရှင့်၊ အဲဒီခံစားမှုက ရွှေနဲ့ဆက်ပြီးဝယ်တာတောင် မရဘူး၊ ရှင်နားလည်ရဲ့လား ကိုမျိုးချစ်ရဲ့ ဟမ်"

ဒါက ဦးသက်ထွန်းနဲ့ ဒေါ်ဝေဝေကြားမှ ဖြစ်နေကျစကားစစ်ထိုးခြင်း။ ခြိမ်းနှင့်ကင်းတို့ တစ်ခုခု ပြဿနာဖြစ်တိုင်း ဖေဖေနဲ့မေမေ စကားများကြရသည်။ ဖေဖေက အစ်ကိုဖြစ်သူကို ကိုးကွယ်သည်။ ထိုကိုးကွယ်ခြင်းရဲ့ နောက်ဆက်တွဲတိုင်း ခြိမ်းက ကင်းကို အသာစီးရဖို့ပင် ဖြစ်ခဲ့တာတွေ အများကြီး။ ဒါကို ကင်း သိသလို မိသားစုအားလုံး သိသည်။ ကင်းနေရာက ဆတ်ခနဲ ထရပ်လိုက်တော့ မေမေ့အကြည့်က ကင်းထံ အရင်ရောက်လာပြီး…

"သား ကင်း"





"ဘဘမြတ်ကိုပဲ ပြောလိုက်ပါ ဖေဖေ၊ သား အလျော်မလိုချင်ဘူးလို့"

ဖေဖေ့အကြည့် ရောက်လာမှာကို မစောင့်တော့ဘဲ နေရာက ဦးအောင် ကျောခိုင်းထွက်လာခဲ့သူက ကင်း။ ဒီစကားဝိုင်းနားဆက်ထိုင်နေလျှင် ကင်း ကြားရမှာက ကင်း ရှုံးနိမ့်ခြင်းများအကြောင်း။ ဒီအကြောင်းတွေက ဟိုးငယ်စဉ်ကတည်းက ကင်းနှင့်ခြိမ်းကြားမှာ အမြစ်တွယ်ခဲ့သည်။

"ခြိမ်း…လုမပြေးနဲ့ကွာ၊ အဲဒါ ငါ့ကားအသစ်ကလေး ပျက်ဆီးသွားလိမ့်မယ်"

"ယော့ကောင်…ခြိမ်း"

"မလုပ်နဲ့ဆို"

"ဟာ"

"ခွမ်း"

ကင်း တဖွဖွ အော်တားနေသည့်ကြားမှ ခြိမ်းက ရီမုတ်(ခ်)ဖြင့် မောင်းရသော ကားလေးအား ယူပြေးရင်း လွှတ်ကျသွားပုံက အစိတ်စိတ်အမွှာမွှာ။

"ဆောရီး…ကင်း၊ ငါ တမင်လုပ်တာမဟုတ်ဘူး"

ခြိမ်းက ဖြေရှင်းသလို ပြောပေမယ့် ခြိမ်းစကားကို ကင်း မယုံ။

"စိတ်မကောင်းမဖြစ်ပါနဲ့ သားရယ်၊ သားကားလေးကို ဘဘမြတ် အသစ်ပြန်ဝယ်ပေးမယ် ဟုတ်လား၊ ဒီထက်ကြီး ဒီထက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ကား ကင်းအတွက် ဘဘမြတ် ဝယ်ခဲ့မယ်''

ခြိမ်းကို ဘယ်သူမှ အပြစ်မတင်။

တစ်စစီ ကွဲကြေသွားသော ကားနားမှာ ကင်း ဘာမှမပြောနိုင်ဘဲ ဝမ်းနည်းကြေကွဲစိတ်နဲ့ မျက်ရည်ဝဲနေချိန်မှာ ခြိမ်းလုပ်သမျှ အပြစ်အတွက် အလျော်အစား ပြန်ပေးမည့် ခြိမ်း၏ဖခင် ဘဘမြတ်က အလျော်ပေးရန် အဆင်သင့်။ ကင်းက သူမြတ်နိုးသော ကျိုးပဲ့နေသည့် ကားလေးကို ကောက်ယူပြီး ရင်ခွင်ထဲ ပွေ့ပိုက်လိုက်သည်။ လုယူခံရသဖြင့် ငိုကြွေးလိုက်၊ ဝမ်းနည်းကြေကွဲလိုက်နှင့် ခြိမ်းကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ခဲ့ရတာ ဟိုးထဲက အခုချိန်ထိ လည်ပတ်ခဲ့သော သံသရာက ဆယ်စုနှစ်ကျော်ခဲ့ပြီ။ ထိုဖြစ်စဉ်ကို ပြောင်းပြန် မလည်ပတ်နိုင်တောင် ကင်းက ခံစားနေရသော ဒီသံသရာကို ပြောင်းလဲပစ်ချင်၏။ ပြောင်းလဲခြင်းရဲ့ မနက်ဖြန်မှာ ကင်းနှင့်ခြိမ်းက ထိပ်တိုက်ဆုံမှာ အသေအချာ။

◆ ◆ ◆



## အခန်း (၅)

''ဟင့်အင်း…ထင် မပြိုင်တော့ဘူး နိုင်''

''မဟုတ်တာထင်ရယ်၊ ထင် စာစီစာကုံး အရေးကောင်းတာ ဆရာမလည်းသိတယ်၊ တစ်ကျောင်းလုံးလည်း သိတာပဲ''

''ဒါပေမဲ့ ထင်ပဲရှုံးမှာ''

''ကျစ်…အဲဒါကိုက အဓိပ္ပာယ်မရှိတာ''

မာနိုင်က ထင့်မျက်နှာကို စိတ်ပျက်စွာကြည့်ရင်း မျက်ခုံးကို အတွန့်ချိုးလျက် မှုန်ကုတ်ထားသည်။ ထင်ကတော့ အပြစ်ရှိတဲ့သူလို ဘာစကားမှမပြောဘဲ လက်သည်းတွေကိုက်ရင်း ထုံပေပေမျက်နှာနှင့် မာနိုင်ကို ကျောခိုင်းထား၏။

ထင့်ပုံစံကိုကြည့်ပြီး အသည်းယားနေသူက မာနိုင်။

''ထင်ရယ်…နင့်ကို နိုင် ဘယ်လိုပြောမှ သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ၊ လူတိုင်းမှာ အနိုင်အရှုံးဆိုတာ ရှိပြီးသား၊ ထင့်ကြမှ မပြိုင်ခင်ထဲက ရှုံးနေလိုက်တာ၊ စစ်မရောက်ခင် မြားကုန်ဆိုတာ ထင့်ကို ပြောတာနေမှာ၊ ဘာဖြစ်လဲ သူတော်သလို ထင်လည်းတော်တာပဲ"

"ထင် အရှုံးပေးလို့ သူတော်သွားတာမျိုး မဟုတ်သလို ထင် အနိုင်ယူလို့ သူကရှုံးသွားတာလည်း မဟုတ်ဘူး၊ ဒါက ပြိုင်ပွဲလေဟာ၊ ဟိုတစ်ခါ ကျယန်းစကားပြောပြိုင်ပွဲတုန်းကလည်း"

"တော်ပါတော့ မာနိုင်ရယ်၊ ပြီးပြီးသားတွေကို"

မာနိုင့်စကားကို တားရုံတင်မက ထင့်အသံမှာ ငိုသံနှင့် တုန်တုန်ရီရီဆိုတော့ ကြားထဲက မာနိုင်ပဲ သက်ပြင်းချလိုက်သည်။

ပြန်ပြောတိုင်း အနိုင်ရမယ်ဆို ထင့်ဘဝရဲ့ အချိန်တိုင်း အတိတ်ကို ပြန်တမ်းတမိမှာပါ။ အခုတော့ ထင့်ဘဝက ပြေးကြည့်မှ မအေနဲ့သမီး နှစ်ယောက်ကမ္ဘာ။ သူတစ်ပါးမိသားစုနှင့်ယှဉ်လျှင် ထင်တို့ဘဝက တစ်ခြမ်းပဲ့ဘဝ။ အရှုံးကို ထင် စတင်ခံစားမိတာက ဖအေမဲ့၍ မျက်နှာငယ်ခဲ့ရသည့် သိတတ်စအရွယ်မှာကတည်းက။ လှသွေးကြွယ်လာသည့်အရွယ် ရောက်ပြန်တော့လည်း...

"မိစုံဖစုံမှ မရှိ၀..း ကွမ်းတောင်ကိုင် မဖြစ်ဘူးလေ"

ရိုးရာဓလေ့ကြီးက ထင့်နှလုံးသားကို ခပ်ပြင်းပြင်းရိုက်ချပစ်လိုက်သည်။ ထင့်မျက်နှာ အဆိုးကြီးမဟုတ်မှန်း သိပါသည်။ ရှာရှာဖွေဖွေ ကြည့်တတ်လျှင် အလှတရား တစွန်းတစရှိမှန်းလည်း သိပါသည်။ သို့ပေမဲ့ ထင်ရှိရာအရပ်သို့ ယွန်း ရောက်လာသော အခါ...





"ကျောင်းဆောင်သစ်ဖွင့်ပွဲအတွက် ဗန်းကိုင်ကို ယွန်းပဲ ရွေးလိုက်လေ၊ ယွန်းက မျက်နှာပေါက်ကိုက ချစ်စရာလေး"

"အားကစားကွင်းဖွင့်ပွဲမှာ ဘင်ခရာအဖွဲ့က ယွန်းပဲရွေးထားတယ်၊ သူက မျက်နှာရော အပြုံးရော သိမ်မွေ့တယ်"

"မသိမ်မွေ့ဘဲ ခံနိုင်ရိုးလားဟယ်၊ ယွန်းဖအေက ဆရာဝန်ကြီး၊ မအေကလည်း ကျောင်းဆရာမ၊ ယွန်းကိုမွေးပြီးမှ သမီးကို အနီးကပ် အုပ်ထိန်းရအောင် ကျောင်းက ထွက်ခဲ့တာတဲ့"

"အလှူအတန်းလည်း ရက်ရောတယ်နော်၊ တို့ကျောင်းအတွက် မပြည့်စုံတာမှန်သမျှ ယွန်းတို့ပဲ ဖြည့်ပေးခဲ့တာ"

ပြည့်စုံချမ်းသာသည့် မိသားစုအသိုင်းအဝိုင်းရဲ့ တစ်ဦးတည်းသောသမီးလေး ယွန်း။ လူတိုင်းပါးစပ်ဖျားမှာ ယွန်း အကြောင်းတွေချည်း ကြားနေရ၍ နဂိုကတည်းက သိမ်ငယ်စိတ်ရှိသော ထင့်အတွက် ယွန်းက ယှဉ်၍မမီသော ပန်း။ တခြားသော သူတွေက အထင်ကြီး အားကျစိတ်နှင့် ကြည့်တတ်ပေမဲ့ ထင်က ယွန်းဆိုလျှင် မော့မကြည့်ရဲသလို ပခုံးချင်းမယှဉ်ရဲအောင် နှိမ့်ချနေမိသူ ဖြစ်မှန်းမသိ ဖြစ်လာရသူ။

"ဟေး...ထင်"

ခေါ်သံနှင့်အတူ စားပွဲအစွန်းကို လက်ထောက်ရပ်သော အရိပ်နှင့် သင်းပျံ့သော မွှေးရနံ့က ထင်ရဲ့အသိကို ခေါင်းပုတ် လှုပ်နှိုးသလို။

"ယွန်း"



www.burmeseclassic.com

www.burmeseclassic.com



ထင်က ပြုံးနေသည့် ယွန်းမျက်နှာကို မော့ကြည့်ရင်း ယွန်းအမည်ကို တိုးတိုးခေါ်သည်။ ယွန်းက နဖူးပြင်အထိ ဆံစတို တို အနီရောင် ဖဲပြားကြီးနှင့် သိမ်းတင်ထားရသော မျက်နှာဝင်းဝင်းမှာ နှုတ်ခမ်းတွေ နေပြုံးပြုံးပြုပေမဲ့ ထင့်အပေါ် လိုက်လှဲခြင်းတွေ မပါတာတော့ သိသည်။

"ယွန်းနဲ့ စာစီစာကုံးပြိုင်ပွဲ ဝင်မလို့ဆို ထင်၊ ဘယ်လိုလဲ အချက်အလက်တွေ တော်တော်စုမိပြီလား"

"ဟင်"

"အဟင်း...ဟင်း၊ ယွန်းအတွက်တော့ တကူးတက စုဆောင်းစရာမလိုအောင် ပြည့်သွားပြီဟ၊ မေးလာနိုင်တဲ့ ခေါင်းစဉ် တိုင်းအတွက် အေခန်းက ကျော်ထင်တို့ရော၊ စီခန်းက လင်းဇော် တို့ရော၊ အင်း...ဒီအခန်းက ကောင်းမြတ်တို့ကပါ ဝိုင်းရှာဖွေပေး ထားတာလေ"

"ထင့်အတွက်ရော လိုသေးလားလို့"

"ဟင့်အင်း"

လှပသောမျက်နှာကို မော့ပြီး ခပ်ပြုံးပြုံးနေပေမယ့် ယွန်း ပုံစံက ထင့်အပေါ် စေတနာမပါမှန်း သိသာသလို ထင့်ဘေးနားက မာနိုင်ထံမှ မလိုအပ်ဘဲ စာအုပ်တွေ ခါပစ်နေတာကို ထင် သိပေ မယ့် ယွန်းကို အရှုံးပေးဖို့ ထင်ကိုယ်တိုင် ဆုံးဖြတ်ခဲ့တာဆိုတော့ ယွန်းအပေါ်မှာ ဘာစိတ်မှ မထားမိပါ။

"ထင် ဝင်မပြိုင်တော့ပါဘူး ယွန်း"





"တကယ်လား၊ ဒါဆို ယွန်းတစ်ယောက်တည်း ပြိုင်ရမယ် အခွင့်ထိ တက်ရတော့မှာပေါ့၊ တစ်ခုတော့ စိတ်ချပါ၊ ယွန်းက ဒီကျောင်းဂုဏ်တက်အောင် အပြတ်ကြိုးစားမှာ သိလား"

"ကဲ...ယွန်းပြီ"

ယွန်းက ထင့်ကို ပြောချင်ရာပြောပြီး အပြုံးနဲ့ ကျောခိုင်း တော့ တမင်ပြုပြင်ထားသည့် ယွန်းဆံနွယ်တွေက ခါးနားမှာ ဇွဲဝဲ ကာ လက်လက်ခါသွား၏။

"နင်တော့ရှုံးနေပြီ ထင်"

"နိုင်"

"ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်တာခြင်းအတူတူ နင်က ဘာကိုကြောက်နေတာလဲထင်၊ တွေ့လား သူ့မှာ ကူညီတဲ့သူတွေ အများကြီးရှိတယ်ဆိုပြီး ထင့်ကို တမင်လာကြွားသွားတာ"

"ကြည့်ပါလား...လမ်းလျှောက်သွားပုံကိုက"

ခါးတို အင်္ကျီအဖြူ၊ အစိမ်းပုပ်ထဘီဟာ ယွန်း၏ သေးသောခါး၊ ကားသောတင်တို့မှာ ချပ်ရပ်စွာ ကပ်ကပ်သပ်သပ် ကို သိသာထင်ရှားသော အလှပ်အခါများစွာဆိုတော့ မာနိုင်က ကြည့်မရ။

မာနိုင်က မကျေမနပ် ဒေါမနဿတွေ ပွားနေပေမဲ့ ဘေးက ကာယကံရှင် ထင်က ငုတ်တုတ်မလှုပ်မရှား။ ဒီကိစ္စ သူနဲ့ပဲ ဘာမှ မဆိုင်သလိုလိုတာလိုလို။ မာနိုင်က နိုင်ရာကိုဖိမဲရန် ထင့်ကို ပခုံးချင်း တိုက်ကာ မျက်စောင်းပါ အဆစ်ပိတ်ထိုးရင်း...



www.burmeseclassic.com

www.burmeseclassic.com



"နင်သာ လူလိုဝတ်ပြီး လမ်းသလားပြလိုက်ရင် တစ်ကျောင်းလုံး ငိုက်ပါလာမယ်သိလား"

"နိုင်ကလည်းဟယ်"

"နိုင်ကလည်း လုပ်မနေနဲ့၊ စာမေးပွဲမှာ ယွန်း ဝင်ဖြေလို့ ထင် မဖြေတော့ဘူးဆိုပြီး မဆုံးဖြတ်နဲ့နော်"

"ထင် တက္ကသိုလ်ကျောင်းသူဖြစ်ဖို့ ဒေါ်လေး ဘယ်လောက် မျှော်လင့်သလဲဆိုတာ သတိရ"

မာနိုင်ပြောတော့ ထင်က မျက်နှာငယ်လေးနဲ့…

"အေးပါဟယ်…နိုင်နဲ့မေမေ့စေတနာကို ထင် သိပါတယ်"

နူးညံ့သလောက် အရှုံးပေးရန် ဝန်မလေးသော ထင့်ကို မာနိုင်က စက်ရုပ်တွေလို တစ်စချင်းဖြုတ် အသစ်ပြန်ပြင်ဆင်ပြီး လဲလှယ်ပစ်လို့ရရင်လည်း အကောင်းသား။

မာနိုင် ဒီလိုပြောကြည့် ထင်က ရယ်သည်။

"နိုင်က မာနိုင်ကိုး၊ မာနိုင်မှာပေါ့"

"မာလည်းမာ နိုင်လည်းနိုင်တဲ့လူဆိုတော့"

စိတ်ထားနူးညံ့လွန်းခြင်းက တစ်ခါတစ်ရံ လောကကြီးနဲ့ အံမဝင်ကတ်တာ လက်တွေ့ဖြစ်နေတော့ ခက်သည်။

◆ ◆ ◆



## အခန်း (၆)

"မင်းဟာက မဟုတ်သေးဘူး ခြိမ်း၊ အရင်ရထားတဲ့ ဒဏ်ရာက မကျက်သေးဘူး၊ နောက်ဒဏ်ရာအသစ် ထပ်ပေါ်လာတာ"

"သားကိုမဆူပါနဲ့ အစ်ကိုရယ်"

"မင်း ဘာမှ ကာဆီးကာဆီးလုပ်ဖို့ မစဉ်းစားနဲ့ ကေသီ"

ဒက်ဒီ ဒါပဲပြောလိုက်ရသည်။ မာမီ့နှုတ်ခမ်းတွေ နေ့ပိတ်သွားတာ အလိုမကျခြင်းများစွာနဲ့ပေမဲ့ ခြိမ်းထံ အကြည့်ရောက်လာတော့ ကြင်နာခြင်းများစွာဖြင့်။ ဂွမ်းတံလေးကို ရေနွေးထဲနှစ်ရင်း ခြိမ်း နှုတ်ခမ်းထောင့်စွန်း ဒဏ်ရာက သွေးခြောက်တွေကို ဖွဖွဖယ်ရှားပေးရင်း မာမီ့နှုတ်များကလည်း စုတ်တသပ်သပ်။ ဒက်ဒီကတော့ ညှော်ခန်းကို ဟိုမှဒီ လူးလာခေါက်ပြန်လျှောက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ဒီမြို့နယ်စခန်းမှာ ခံဝန်မပြည့်သေးလို့ တခြားမြို့နယ်မှာ ခံဝန်သွားထိုးတာပေါ့ ဟုတ်လား ခြိမ်း"

"ရန်ဖြစ်ပါတယ်ဆိုမှ နေရာတွေ၊ မြို့နယ်တွေ ရွေးမနေနိုင်ဘူး ဒက်ဒီ၊ ကြုံတဲ့နေရာမှာ လက်ဦးမှုယူတဲ့ သဘောလောက်ပါ"

"ဟော့ကောင်…မင်း"

ဒေါသနှင့် ဦးမြတ်ထွန်း ချာခနဲ လှည့်ရပ်တာ ခြိမ်းနှင့် မျက်နှာချင်းဆိုင်။ သားအဖနှစ်ယောက် ပြဿနာတက်ရန် အစပျိုးပြီဆိုရင် ထိတ်လန့်ရသူက ဒေါ်ကေသီပါ။ ဒီဖအေနဲ့သားကြားမှာ ဒေါ်ကေသီက လင်ကိုဘုရား သားကိုသခင်လို ကိုးကွယ်သူ။ ဒေါ်ကေသီက ဦးမြတ်ထွန်းခယ်မ ဝေဝေနဲ့တော့ ဆီနဲ့ရေလို ကွာခြားသည်။

"ဝေတို့က ဒီဘက်ခေတ်ကြီးမှာ လူဖြစ်လာရတဲ့သူတွေလေ ကေရဲ့၊ အဟွန်း…ရှေးထုံးမပယ်နဲ့ဆိုပေမဲ့ အရာရာတိုင်းက ရှေးနည်းကြီးအတိုင်း လိုက်လို့မှ မဖြစ်တော့တာ၊ ဝေက ကိုသက်ထွန်းကို ချစ်လို့ယူထားတာ၊ ကျန်တဲ့အခွင့်အရေးက အကုန် သာတူညီမျှပဲ၊ အဖိနှိပ်ခံဘဝမျိုးတော့ ဝေက မကြိုက်ပေါင်"

ပြောတဲ့အတိုင်း ဝေဝေက ခင်ပွန်းကို အိတ်ထဲထည့်ထားနိုင်တဲ့သူပါ။ ဒေါ်ကေသီကတော့ လင်သားပြောသမျှ ခေါင်းညိတ်သည်။ ဒါ အဖိနှိပ်ခံတာ မဟုတ်။ ယုံကြည်လွန်း၍ ကိုးကွယ်တာမျိုး။ ခင်ပွန်းသည်ရဲ့ ဆုံးဖြတ်ချက်၊ သူ့အစီအမံက ဒီအိမ်အတွက်





အကျိုးယုတ်ဖွယ်ရာ မရှိလို့ ယူဆသည်။ ဦးမြတ်ထွန်းကတော့ ညီဖြစ်သူအား ကွယ်ရာရော ရှေ့တင်ရော ဝေဖန်တာက…

"မင်းက မယားကြောက်၊ မိန်းမဖျက်လို့ ပြည်ပျက်တာတွေ ရှေ့မှာ သာဓကရှိပြီးသားကို၊ ယောကျ်ားပဲကွ၊ ဦးဆောင်ရမယ်၊ အမိန့်ပေးရမယ်၊ ဒါ သူတို့ကို နှိမ်တာမဟုတ်ဘူး၊ သဘာဝတရားကြီးကိုက ငါတို့အတွက် သတ်မှတ်ထားတဲ့တာဝန်"

ထို့ကြောင့် သား ဒီသို့ဒီပုံ ဖြစ်လာတိုင်း ဒေါ်ကေသီက အနားမှာ ဆေးထည့်ပေးရုံကလွဲ၍ သားကို ဖအေဆူပူသမျှ ကိုယ်ပါ ရောပြီး ခေါင်းငုံ့ဝေယူသည်။ သား အားရှိအောင်ပါ။ ဦးမြတ်ထွန်းကလည်း သားမွေးလာကတည်းက ချမှတ်သော ဩဝါဒတွေထဲမှာ…

"သားယောကျ်ားလေးဆိုတာ ဖအေကိုပဲ ရှိန်တာကြောက်တာမျိုး၊ ကိုယ်လည်း ဒီအတိုင်းပဲ၊ မအေဆူရင် ရင်ခွင်ထဲ ခေါင်းတွေ့တာနဲ့ ပြီးတယ်လို့ ယူဆထားပြီးသား၊ မအေဆိုတဲ့ ဝါသနာရှိလို့သာ ဆုံးမတာ ခေါင်းညိတ်ချင်ညိတ်မယ်၊ လိုက်နာဖို့တော့ မဖြစ်နိုင်ဘူး၊ ဒါကြောင့် မင်းသားကို လိမ္မာစေချင်ရင် တကယ်ချစ်ရင် ကိုယ်ဆုံးမနေတဲ့အခါ ဝင်မပါနဲ့၊ ဘယ်ဖအေမှ ကိုယ့်သားသမီးကို မသတ်ဘူး"

ထိုသို့ သဘောတူညီချက်တွေကြားမှာ ဒေါ်ကေသီက မလှုးသာမလွန့်သာ။ ခြိမ်းက ဖအေသွေးအပြည့်ပါသည်ဖြစ်ရာ…

"ဒက်ဒီစွပ်စွဲ… နည်းလမ်းမကျလို့ ပြောပြတာ၊ အဟွန်း



www.burmeseclassic.com

www.burmeseclassic.com



အထင်လွဲနေမှာစိုးလို့”

“ခြိမ်း”

“အဟုတ်ပြောတာ၊ မနက်ဖြန်ဆို ဒီခြံရှေ့မှာတောင် ဖြစ်ချင်ဖြစ်သွားနိုင်တယ်”

“သြော်…မင်းက မနက်ဖြန်အထိ ရန်ဖြစ်ဖို့ စိတ်ကူးထားတယ်ပေါ့”

“သူတို့ရန်စရင် ပြောတာပါ၊ ဒက်ဒီပဲ ရန်စရင်မခံနဲ့ဆို၊ ပြန်ချဆို၊ မင်းပြန်မချရင် မင်းကို ငါကရိုက်မှာဆို၊ ခံလာရတာ မကြိုက်ဘူးဆို”

ပြောနေတဲ့ ခြိမ်းက ဆိုဖာကျောမှီပေါ် ခေါင်းတင်ပြီး သက်တောင့်သက်သာရှိသလောက် ဦးမြတ်ထွန်းက မျက်နှာကြီး မဲခနဲ ရဲခနဲ။ မှန်တာတွေ ပြောနေသဖြင့် မဟုတ်ပါဘူးလို့ ထပြောက်ရန် မသင့်တော်။ ဒီကြားထဲ ဒေါ်ကေသီရဲ့ ပြုံးစိစိမျက်နှာကို မြင်ရတော့ ခံစားချက်က ပိုအီလည်လည်ဖြစ်လာသည်။ ခြိမ်းကို မူကြိုစထားသည့်အရွယ်ကတည်းက ကိုယ်က သင်ပေးခဲ့တာကိုး။ ထိုစဉ်တုန်းကတော့ ကလေးချင်း ကိုယ့်သားသူများကို ထိုးသည်၊ ရိုက်သည် ကြားသော်လည်းရှိ၊ အတိုင်ခံရသော်လည်းရှိ။ ဘယ်လိုဖြစ်စေ…

“ဟုတ်ကဲ့…ကျွန်တော်ဆုံးမပါ့မယ်”

ကွယ်ရာမှာတော့ ‘ဒါမှငါ့သား’ဟု ဆိုခဲ့သူ။ အားပေးအားမြှောက် လုပ်ရုံမက သားကို မုန့်တွေ အရုပ်တွေ ဆုချဖူးသည်။





အခုတော့ ကိုယ်တင်သည့်စစ်ကဲ ကိုယ်ပြန်မချနိုင်တော့တဲ့အဖြစ်။ ဒါပေမဲ့ သူမှ ဖအေဆိုသော ဗီတိုအာဏာ ရှိနေခဲ့တာမို့…

“အဲဒါ မင်း သူများအနိုင်ကျင့်ခံရမှာစိုးလို့ ဦးကျိုးသွားမှာစိုးလို့၊ အခုက မင်းမှာ အသိဉာဏ်ရှိနေပြီ၊ ထိန်းမှပေါ့ကွ၊ မင်းရန်ဖြစ်လာတာ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း တောက်လျှောက်၊ အိမ်မှာ အရက်ပုံးပုလင်းနဲ့ ဓွမ်းထုပ်ဆိုတာ ပလူကိုပုံနေတာပဲ၊ အခု ဆယ်တန်းပြီးပြီ၊ တစ်ခုခုလုပ်ဖို့စဉ်းစား”

“ကင်းဆို စီးရီးထုတ်ချင်လို့ အဆိုသင်တန်းတွေ ဘာတွေတောင် တက်နေပြီ၊ မင်းကျမှ”

“အလကားပါ ဒက်ဒီရာ၊ ဒီကောင်က ထစ်ခနဲရှိ သင်တန်းတွေတက်နေပြီး ဘာမှဖြစ်မြောက်လာတာမဟုတ်ဘူး”

“အေး…မင်းက ရေကူးဆိုလည်း သင်တန်းမတက်ရပါဘူး၊ ချန်ပီယံဖြစ်တာပဲ၊ ဘောလုံးဆိုလည်း တောင်ကန်မြောက်ကန်နဲ့ ကျောင်းပေါင်းစုံပွဲမှာပါ အကောင်းဆုံး ဘောလုံးသမားဆု ရတာပဲ၊ တော်ပါပေတယ်၊ ရန်ဖြစ်တာကလွဲရင်”

ဦးမြတ်ထွန်းက ချီးမွမ်းတစ်ဖက်၊ ကဲ့ရဲ့တစ်ဖက်နှင့် ဆိုသည်။ ခြိမ်းကတော့ ဘာကိုမှမမှုသလို မတ်တပ်ထရပ်တော့ အရပ်မြင့်မြင့်ကြီးမှာ ဘောင်းဘီဒွေချိတ်ထားသော ကြိုးတွေရော၊ လက်မှာပတ်ထားသော ကြိုးပေါင်းများစွာက သံစုံတီးဝိုင်းလို။ ခြိမ်းက တမင်တိုကပ်နေအောင် ညှပ်ကာ ဂျဲ(လ်)အကူအညီနှင့် ထောင်ထားသော ဆံပင်တွေကို လက်နဲ့သပ်တင်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ထပ်ဖြစ်ဖို့တွေ ရှိသေးတယ် ဒက်ဒီ"

"ဘာကွ"

"ကျွန်တော် Dancer အဖွဲ့ ဖွဲ့မလို့"

"Dancer"

ဒေါ်ကေသီက ရေရွတ်ရင်း ခင်ပွန်းသည်ထံ ဒိုင်းခနဲ အကြည့်ရောက်သည်။ ခြိမ်းက ဝန့်ခံတာလား၊ အတည်ပြုတာလား မသေချာဘဲ သူ့ဟာသူ ခေါင်းတစ်ချက်ညိတ်ရင်း...

"ပြိုင်ရင်နိုင်ရမှဆိုတဲ့ အတ္တတွေရှိနေသ၍ ရန်ပွဲက တောက်လျှောက်ပဲ ဒက်ဒီ၊ ကျွန်တော် ငယ်ငယ်တုန်းကစိတ်မျိုး ဒက်ဒီ ပြန်မွေးပေါ့၊ ငါ့သားနိုင်ရင် ကျေနပ်တယ်ဆိုတာမျိုး၊ အဲဟွန်း ဒါမှ ဒက်ဒီ စိတ်ချမ်းသာနိုင်မှာ"

ကြည့်စမ်း...ပြောပြီး ရယ်သံသဲ့သဲ့က စကားနောက်မှာ ကပ်ပါသွားတာ ဧည့်ခန်းထဲက ခြိမ်း ထွက်သွားတဲ့အထိ ပျောက်မသွား။ ဦးမြတ်ထွန်းက ဇနီးသည်ကို လှမ်းကြည့်တော့ "ရှင့်ဇာတ်ရှင်က"ဆိုတဲ့အကြည့်နှင့် ဒေါ်ကေသီက ပြုံးတုံ့တုံ့။ ဦးမြတ်ထွန်းက ဆိုဖာမှာ ထိုင်ချရင်း တစ်မိပေါက်တစ်ယောက်ထွန်းမှာ ဒီကောင်က တကယ့်မလွယ်ကြော။

◆ ◆ ◆



# အခန်း (၇)

"အမေကတော့ အခုချိန်ထိ သမီးသွားမှာကို စိတ်လည်း မချဘူး၊ သဘောလည်း မတူချင်ဘူးကွယ်၊ တားလို့ရရင်"

"အမေရယ် ထင် စိတ်မကောင်းအောင်"

ထင်က အမေ့ကို ကျုံ့ကျုံ့လေး ထိုင်ကန်တော့နေရာမှ အမေ့ရဲ့ အကြောပြိုင်းပြိုင်းထနေသော လက်ဖမိုးကို လှမ်းဆုပ်ထားမိသည်။ ထင်လည်း ခွဲသွားရမှာ ပျော်တဲ့သူမှမဟုတ်တာ။ မွေးကတည်းက ဒီမအေ ဒီသမီး ဘာမဆို ကျောချင်းကပ် ရင်ဆိုင်တဲ့အခါလည်းရှိသည်။ ရင်ချင်းအပ်၍ ဝမ်းပန်းတနည်း ရင်ဖွင့်ငိုကြွေးတာမျိုးလည်း ရှိသည်။ တစ်ခါတစ်ရံ လက်ချင်းမြဲမြဲဆုပ်ပြီး အားပေးတာမျိုးလည်း ရှိခဲ့ဖူးပါသည်။ အခုလို ခွဲခွာရန် အကြောင်းဖန်လာသည့်အခါမှာတော့ ထင်လည်း မတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းရင်လည်း မသွားပါနဲ့တော့လား သမီးရယ်၊ အမေ့သမီးတစ်ယောက်ကို ဘွဲ့ရပညာတတ်ကြီး ဖြစ်အောင် အမေသင်ပေးနိုင်ပါသေးတယ်၊ သမီးအလုပ် လုပ်ပြီး ကျောင်းစရိတ် ရှာစရာ မလိုပါဘူးကွယ်"

ဒေါ်ယုမွန်က သမီးပါးလေးတစ်ဖက်ကို ဖွဖွပွတ်ရင်း ပြောပုံက မချိတင်ကဲ။ ဒီကလေးဟာ မွေးကတည်းက ကံဆိုးခြင်းတွေနှင့်အတူ ယှဉ်တွဲခဲ့သလောက် မိဘအပေါ်ကျတော့ သိတတ်လိမ္မာလွန်းလှသည်။ မအေ စီးပွားရှာနေမှန်းသိတော့ အရွယ်နှင့်မလိုက်အောင် မီးဖိုချောင်ကို လုံအောင်ထိန်းသည်။ ပညာကြိုးစားသည်။ မကြွားဝါ မပလွှားဘဲ လိုတာထက်ပိုနှိမ့်ချလွန်းတဲ့ကလေး။ ဒီကလေးမျိုးကို မိခင်ရင်ငွေ့အောက်က လွတ်ထွက်သွားဖို့ဆိုတာ ဘယ်အခါမှမဖြစ်ဟု ဒေါ်ယုမွန် ဆုံးဖြတ်ထားခဲ့သည်။

"အမေ ကျောင်းထားနိုင်တာ ထင် သိပါတယ်၊ ဒါပေမဲ့ ထင်က ကိုယ်တိုင်ပိုက်ဆံရှာပြီး အမေ့ကို ပြန်သိတတ်ချင်တာလေ၊ အမေ ပင်ပန်းလှပါပြီ၊ ထင့်တစ်သက် အမေပဲ ရုန်းကန်လာရတာ၊ ဒီတစ်ကြိမ်တော့ ထင့်ကိုခွင့်ပြုပါ အမေရယ်"

"ခွင့်ပြုပေမဲ့ စိတ်မချဘူး၊ အမေ့သမီးလေးနဲ့ ရပ်ဝေးမြေခြား"

"အမေရယ်…ဘေးကကြားရင် အထင်တွေကြီးနေပါဦးမယ်၊ ကင်းက ရန်ကုန်တင် သွားမှာလေ၊ အမေ ဆန္ဒရှိရင် မနက်ကားစီး ညနေရောက်တာကိုများ"





တမင် အမေစိတ်ပေါ့အောင် ထင်က ရယ်သံလေးစွက်ပြောရပေမဲ့ ထင်လည်း အမေ့အရိပ်က ခွာရမှာ ခပ်ကြောက်ကြောက်ပါ။

"ဒါပေမဲ့ ဆယ်တန်းအောင်ပြီးတာနဲ့ အလုပ်တန်းဝင်တာမျိုးကျတော့"

"ဒီအလုပ်က ထင်လည်း ဝါသနာပါလို့ပါ အမေရဲ့၊ သူက ပညာလည်းသင်၊ လခလည်းပေး၊ နေစရာ စားစရိတ်ငြိမ်းပါဆို၊ ဒါ ထင် ကုသိုလ်ကံကောင်းတာလေ၊ ပြီးတော့ မာနိုင့်ကျေးဇူးလည်းပါတာကို၊ မာနိုင်ပြောပေးလို့ သူ့အဒေါ်ကလည်း ထင့်ကိုပါခေါ်တာ အမေရဲ့"

မာနိုင့်အဒေါ်က ရန်ကုန်မြို့ရဲ့ နာမည်ကြီး ဖြူတီစပါးမှာ သူဌေးစိတ်ချရတဲ့ လူယုံတောင်ဖြစ်နေပါပြီ။ မာနိုင် ပြောပုံအရတော့…

"ငါ့အဒေါ်လည်း အလုပ်ဝင်၊ အဲဒီ ဖြူတီစပါးကလည်း ဖွင့်ကာစလေ၊ အခုဆို အောင်မြင်လွန်းလို့ ဆိုင်ခွဲတွေ အများကြီး ထပ်ချဲ့ထားရတယ်တဲ့၊ ပြီးတော့ နာမည်ကြီး မင်းသားမင်းသမီးတွေလည်း အများကြီးလာကြတာတဲ့၊ အခု ဒေါ်လေးမျက်နှာကြောင့် သင်တန်းသူအနေနဲ့ရော အကူဝန်ထမ်းအနေနဲ့ပါ ငါတို့ကိုခန့်မှာဟ"

မာနိုင်က တကယ့်ဝမ်းသာအားရ။ ထင်လည်း ဝမ်းသာပါသည်။ နေစရိတ် စားစရိတ် အပြီးအစီးအပြင် ပညာလည်းသင်ခွင့်ရမည်။ လစာလည်း ရမည်ဆိုတော့ ဟိုသီချင်းထဲကလို ဘာလို



www.burmeseclassic.com

www.burmeseclassic.com



သေးလဲ အချစ်ရယ်ပေါ့။

"အေးလေ…မာနိုင်ပါတော့ စိတ်တော့ချရမှာပါ"

"စိတ်ချ ဒေါ်လေးရေ၊ ဒေါ်လေးသမီးကို သွားလေရာ ခေါ်သွားမယ်၊ အိပ်ရင် ကြိုးချည်ထားမယ်၊ ထမင်းစားရင်တောင် ဒီက မာနိုင် အရင်မြည်းစမ်းပြီးမှ ကျွေးပါ့မယ်၊ အဆိပ်တွေ ဘာတွေ မိသွားမှာစိုးလို့၊ အို မထူးပါဘူး၊ တစ်ခါတည်း ဝါးကျွေးလိုက်မယ်၊ အဟွန်း အရိုးစူးမှာပူနေရလို့"

အိမ်ပေါ်လှမ်းတက်လာရင်း မာနိုင်က ရွတ်နောက်နောက်နှင့် ပြောသည်။ မာနိုင့်နောက်မှာ ခရီးဆောင်အိတ်ကြီး ဆွဲထားသည့် မာနိုင့်အမေ ဒေါ်လေးကြည်။ အမေကတော့ မာနိုင့်အပြောကြောင့် မျက်ရည်တွေ ဝဲနေသည့်ကြားမှ ပြုံးရင်း…

"အေးပါဟယ်…မာနိုင်ပြောတာနဲ့ အန်တို့သမီးလည်း ဘာသတ္တဝါဖြစ်သွားမှန်းကို မသိတော့ဘူး"

"ဒေါ်လေးသမီးကို နဂိုကတည်းက မာနိုင်က အသွင်ပြောင်းချင်နေတာ"

မာနိုင်က ရယ်ကျဲကျဲနှင့်ပြောရင်း ထင့်ကို မျက်စပစ်ပြသည်။ ထင်က အမေ့ကို ဒုတိယအကြိမ် ဦးချကန်တော့ရင်း…

"ကျန်းမာရေးဂရုစိုက် အမေ၊ ထင် တစ်လတစ်ခါပြန်ခဲ့မယ်၊ အမေ့ကို ထင့်လုပ်အားခနဲ့ ကန်တော့ရအောင်"

"သာဓုပါတော်…သာဓု…သာဓု၊ အမေ့သမီးလေး သွားလေရာလာလေရာ ဘေးအန္တရာယ်ကင်းပါစေ၊ မိဘကိုသိတတ်တဲ့





သားသမီးက အချင်းရောအဆင်းပါ တစ်နေ့ထက်တစ်နေ့ ပိုပြည့်စုံ ပိုလှလာနိုင်ပါစေ"

အမေက ထင့်ကို ဆုတွေ ဆန်းဆန်းပြားပြား ပေးတော့ မာနိုင်က ရယ်ကျဲကျဲနှင့်…

"အခုတောင် အရင်ကထက် ပိုလှလာသလားလို့"

ထင် နေရာကထအရပ် မာနိုင်က ရှေ့နောက်သေးဘီ ဝဲယာ လှည့်ပတ်ကြည့်ရင်း ပြောသည်။ ထိုအခါမှ ခါးတင်အင်္ကျီနှင့်ထဘီကို ချပ်ချပ်ကပ်ကပ် ဝတ်ထားသော ကိုယ့်အဖြစ်ကိုယ် ထင်က သတိထားမိကာ မျက်နှာလေး ဖြန်းခနဲ ပူနွေးသွားသည်။

"မာနိုင်နော်…နောက်ကျောမလုံအောင် ပြောပြန်ပြီလား"

"ဆောရီးပါ မမရယ်၊ ဆောရီး"

ထင်က နောက်ကျောမလုံသလို နံရံဆီ ကျောမှီပြေးကပ်တော့ အမေရော မာနိုင်နှင့် ဒေါ်လေးကြည်ကပါ သဘောတကျ ရယ်ကြသည်။ မြို့သွားမှာမို့ အမေက ဒီလိုဗမာဝတ်စုံငါးစုံကို စိတ်တိုင်းကျ လက်စွမ်းပြ၍ ထင့်အတွက် ထည့်ပေးခြင်းပါ။ လိမ္မော်ရင့်ပေါ် အဝါခွေနှယ်လေးများနှင့် ဝတ်စုံကို ကော်လံလေးနှင့် လက်မောင်းကျတော့ ခပ်ဖောင်းဖောင်းလေးဖြစ်အောင် ချုပ်ပေးထားတာမို့ လူကြီးမဆန်လွန်းတဲ့အပြင် ထင်ရဲ့အလှတရားတွေက အရှိအရှိ အတိုင်း မြင်တွေ့နေနိုင်တာကို ထင် သဘောမကျပေမယ့် မတတ်နိုင်။

"ဟုတ်ပဲ့…ယုမွန်တို့များ ငါတို့အပ်ရင် ဒီပုံမထွက်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါလာ အဘွားကြီးပုံ၊ တစ်ခါလာ တောဝိုက်နဲ့"

ဒေါ်လေးကြည်က မဲ့ရွဲ့ပြီး စကားနာထိုးတော့ အမေက

"အဘွားကြီးပဲ အဘွားကြီးပုံပဲ ရမှာပေါ့"

အားလုံးရယ်မိကြသည်။ ဘူတာဆင်းကာနီးမှာ အမေ့ရဲ့ အပြုံးအရယ်ကို တွေ့ရတော့ ထင် ရင်မောသမျှ ပင့်သက်ရှိုက်ရင်း ဖြေရသည်။ လောကမှာ ပြေးကြည့်စရာ ဒီအမေတစ်ယောက်တည်း ရှိတာမို့ အမေ စိတ်ချမ်းသာတာပဲ မြင်ချင်တာ တကယ်ပါ။

◆ ◆ ◆



## အခန်း (၈)

"နင်…ဒီမှာ ခဏစောင့်ဦး ထင်"

"ဟင်…နင်က ဘယ်ကိုသွားမလို့လဲ နိုင်"

ထင်က ဂာပိုကရို စည်းထားသော ဆံပင်တွေ ဝဲခနဲဖြစ်သွားတဲ့အထိ မာနိုင့်မျက်နှာကို အမောတကော လိုက်ကြည့်ရင်း မေးမိသည်။ ကိုယ်က အစစအရာရာ နိုင့်ကိုပဲ အားကိုးပါသည်ဆိုမှ။ မာနိုင်ကတော့ ရှုပ်ယှက်ခတ် များပြားနေသော ဘူတာရုံကြီး အတွင်း လူတွေကိုကြည့်လိုက်၊ ဘူတာရုံရှေ့က တန်းစီရပ်ထားသော အငှားကားတွေဆီ အကြည့်ရောက်လိုက်နှင့် အတော်ကြီး ဂနာမငြိမ် ဖြစ်နေပြီးမှ…

"နိုင် အိမ်သာတက်ချင်လို့ဟ"

"ဖြစ်ရမယ် နိုင်ကတော့"



www.burmeseclassic.com

www.burmeseclassic.com



"မရတော့ဘူးဟ၊ အား…ဗိုက်က တအားထိုးအောင့်လာပြီ"

"အောင့်မှာပေါ့၊ လမ်းမှာ ဘာခဲ့တာတွေက မနည်းမနောကို၊ အစားစုံတော့ ဖြစ်ပြီပေါ့၊ အခု အရမ်းအောင့်နေလား၊ ဆေးသောက်မလားဟင်၊ မုန့်ရောင်းတဲ့ဆိုင်တွေမှာ ဆေးပါရမယ်ထင်တာပဲ၊ ထင် သွားဝယ်ပေးမယ်လေ"

ချွေးသီးချွေးပေါက်တွေကျကာ မျက်နှာတစ်ပြင်လုံး ရှုံ့တွတွန့်လိမ်နေတဲ့ မာနိုင့်ကိုကြည့်ပြီး ထင်မှာ အပြစ်တင်ခြင်းထက် ကရုဏာချင်စိတ်က ပိုများသွား၏။ မာနိုင်ကတော့ ခေါင်းသာခါပြရင်း…

"ဆေးသောက်လို့မရဘူး၊ အိမ်သာတက်ချင်လာပြီ၊ ထင်ဒီမှာပဲစောင့်နော်၊ ဘယ်ကိုမှမသွားနဲ့၊ ပစ္စည်းတွေ ဘယ်သူလာတောင်းတောင်းမပေးနဲ့"

"အေး…အေးပါ"

"ဒါဆို နိုင် လစ်လိုက်ဦးမယ်"

ဘယ်ကိုလဲလို့ ထင် မမေးတော့ပါ။ နိုင် ထွက်သွားရာသို့ ခေါင်းကျိုးမတတ် မျှော်ကြည့်ရင်း ကျန်ခဲ့သည်။ မာနိုင်ကတော့ ဗိုက်ကိုနှိပ်ပြီး ပြေးတာ နောက်ကိုပင် လှည့်မကြည့်။

တစ်ညလုံး ရထားစီးလာရတော့ လူကနုံးချိနေရသည့်အထဲ ဆံပင်ရှည်ကြီးကို မဖြီးသင်ရသဖြင့် လူက ပွတိပွယောင်း။ ထင်က အကျီကို ခါးစပ်ဆီမှဆွဲချ၊ ရှေ့နောက်တစ်တိုင်းတည်းရှည်





သော ဆံပင်တွေကို အကုန်စုပြီး လက်ကိုင်ပဝါနှင့် တင်းနေအောင်ဆွဲစည်းသည်။ ခရီးဆောင်အိတ်နှစ်လုံးစလုံးကို ကိုယ့်ခြေထောက်ရှေ့တည့်တည့်မှာ တစုတစည်းတည်း ချထားရင်း ပျားပန်းခတ်လှုပ်ရှားနေသော လူတွေကို ဘိုဒီငေးမောနေဆဲမှာပင် ထင့်မျက်စိရှေ့ဝင်လာတာက တစ်ကိုယ်လုံး နက်ချွေးနေသည့် အပြင်အဆင်များနှင့်လူ။ အနက်ရောင် ဝတ်ထားတာမို့ မျက်နှာက လိုတာထက်ပိုဖြူဝင်းနေ၏။ ထိုလူက ထင်ရှိရာဆီ လှေကားထစ်တွေကို အမောတကော ပြေးတက်လာသည်။

"ဟော့ကောင် မပြေးနဲ့"

နောက်ကတစ်ယောက်က လှမ်းအော်သည်။ အော်တဲ့လူကို ထင် အံ့ဩစိတ်နှင့် မျက်လုံးဝိုင်းပြီး ကြည့်တုန်းမှာပဲ သူက ထင့်နားသို့ ရုတ်တရက် ရောက်လာကာ…

"အမေ့"

လူက ချာခနဲ လည်ထွက်သွားတာပဲ သိသည်။ ဒီဘက်လှည့်ရပ်လျက်သားနှင့် ကြည့်မိသော အနက်ရောင်လူနှင့် ထင်က မျက်နှာချင်းဆိုင်ပြီးသား။

"အို…ရှင်"

"ဖြောင်း"

ထင့်ပခုံးကို ကိုင်ထားရင်းက ဘေးနားမှ ခြေထောက်တစ်ဖက် ရိုပ်ခနဲ မြောက်တက်သွားသည်။ ကြောက်လန့်တကြား ထင်က ပခုံးကျုံ့ကာ မျက်လုံးကို မှိတ်ချပေမဲ့ ပိတ်မရသော နားက



www.burmeseclassic.com

www.burmeseclassic.com



အသံတွေ ကြားနေရသည်သာ။

"ခွပ်"

"အင့်"

"စိုင်းကို ထိသွားပြီ"

"လိုက်ကွာ ဒီကောင့်ကို"

အော်သံတွေ ကြားရသည်။ သူက ထင့်လက်မောင်းရင်းကို ဆွဲကိုင်ရင်း ရုတ်တရက်ပြေးတော့ ထင်ပါ သူ့နောက်မှာ ဖရိုဖရဲ အပြေးပါသွားရ၏။

"ဒီ…ဒီမှာရှင့်"

"ပါးစပ်ပိတ်ထား"

လှည့်အော်သော နှုတ်ခမ်းတွေက ထောင့်ချိုးညီပြီး နီမြန်းတော့တာ တွေ့ရသည်။ သူက ကြီးမားသော အုတ်တိုင်ကြီးမှာ ထင့်ကို ကျောမှီရပ်စေရင်း သူ့ကိုယ်ပေါ်က ဂျာကင်အနက်ကိုချွတ်တော့ လက်ဖျံ၌ သွေးထွက်ဒဏ်ရာကြီးက နီနီရဲရဲ လတ်လတ်ဆတ်ဆတ်။

"တောက်…မျိုးမစစ်ကောင်တွေ"

သေရေးရှင်ရေးတမျှ ပြေးနေရသည့်ကြားထဲမှ သူ့ဒဏ်ရာကိုကြည့်ပြီး ဒေါသတွေ ထွက်နေသေးသည်။ ထင်ကလည်း အဝိုက်မိသွားသလို မျက်နှာချင်းဆိုင်တွေ့နေရသော သူ့မျက်နှာချောချောအား ငေးနေမိတာ အသက်ကင်းမဲ့သူလို။

"ရှော့…မင်း ဒါဝတ်"





"ရှင်"

"ကျစ်…ဝတ်စမ်းပါ၊ အချိန်မရှိဘူး"

ခြိမ်းက အခုထိ ပြူးတိပြူးကြောင် ကောင်မလေးက ပခုံးနောက်နားမှကျော်၍ ဂျာကင်ဝတ်ပေးလိုက်သည်။ မဲမဲမြင်တာနှင့် သူ့လို့ထင်ပြီး လိုက်မည့် ဟိုကောင်တွေကို လှည့်စားစရာ ဒီတစ်နည်းပဲရှိသည်။ သူ့ရှေ့က တစ်ယောက်ကတော့ ညို့ချက်မိသူအလား။ သူခိုင်းတဲ့အတိုင်း ဝတ်ရှာသည်။ ခြိမ်းက ဆံပင်တွေပါ အကျီအောက် ထည့်ဝတ်ပေးရင်း သူ့မဆံပင်၌ စည်းထားသော လက်ကိုင်ပဝါပါ ဖြုတ်ယူကာ…

"ငါ ဒါကိုယူသွားမယ်၊ ဒဏ်ရာစည်းမလို့"

"ဟုတ်"

"ကျေးဇူး…ရပြီ၊ မင်းနေရာ မင်းသွားတော့"

"ရှင်"

"သွားတော့လို့ ပြောနေတာကွ"

"အို"

ခြိမ်းက ပြောပြီး ထင့်ကို လက်ဆွဲကာ လူအုပ်ကြားထဲ တွန်းလွှတ်သည်။ ဘေးနားမှ ဖြတ်သွားသော လူတွေ လေကားထစ်တွေကိုငေးရင်း ထင် ခေါင်းတွေ ချာချာလည်လာပြီ။

"ဒီမှာ နေပါဦး"

"ထင် မသွားတတ်"

လှည့်ပြောမှတော့ အစောကနေရာမှာ သူမရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ထင့်ထံမှ တအံ့တသြအသံလေး ထွက်သွားသည်။ ခေါင်းကို ချာလပတ်ယမ်းနေအောင် အရပ်ရှစ်မျက်နှာမှာရှာပေမဲ့ သူနဲ့တူသူ အရိပ်အယောင်တောင် မတွေ့တော့။

"ဟော့…တွေ့ပြီ"

"ဒီမှာ"

ရုတ်တရက် ပခုံးတစ်ဖက်ကို ကြမ်းတမ်းစွာ ဆွဲလှည့်ခံရပြီး…

"အမလေး"

မျက်နှာဆီရွယ်လာသော လက်သီးချက်ကြောင့် ထင့်အသံကုန်အော်သည်။

"ဟော့ကောင် မှားမယ်၊ အဲဒါ ကောင်မလေးကွ"

"ဟ…ဒါ ဟိုကောင့်အကျႌ"

"ကျစ်…ဒီကောင် ငါတို့ကို တစ်ပတ်ရိုက်သွားပြီ၊ ဟဲ့ ဒီမှာကောင်မလေး၊ အဲဒီကောင် ဘယ်ရောက်သွားလဲ"

"ထင် မသိဘူး"

"မေးနေတာကြာတယ် ကျော်ကြီး၊ ဒီကောင်မလေးကို ဆွဲထားလိုက်"

"ဖြစ်ပါ့မလား၊ ဒါ ရာဇဝတ်မှု"

"မှုပလေ့စေ၊ ဒီကောင်ကျော့သွားတာ မခံနိုင်ဘူး"

"အေးလေ…သူက ဒီကောင့်ပါတနာဆိုရင်ရော"





တစ်ယောက်တစ်ပေါက် ပြောစကားတွေကြားမှာ ထင့်အတွက် ထွက်ပေါက်က မရေမရာ။ ထင် ကြောက်လည်းကြောက် အားလည်းငယ်ပြီး ငိုမဲ့မဲ့နှင့် ဘာဆက်လုပ်ရမှန်းမသိခင်ဘဲ…

"ဒီမှာ…ဒီမှာ တွေ့ပါပြီရှင်၊ သူတို့တွေကို ဖမ်းပေးပါ၊ ဒါ ပြန်ပေးဆွဲတာရှင့်"

"မာနိုင်"

လုံခြုံရေးဝန်ထမ်းတွေနှင့် အနားရောက်လာသော မာနိုင်။ ထင် လူတွေကြားမှ ပြေးထွက်ကာ မာနိုင့်ဆီသွားမိတာ ဝမ်းသာအားရ။

"ဟုတ်တယ် ဟုတ်တယ်၊ ဒီကလေးမက သူ့ဟာသူရပ်နေတာ"

ခရီးသည်တွေ ဘေးနားကလူတွေက တစ်ယောက်တစ်ခွန်း ဝိုင်းလက်ညှိုးထိုးကြသည်။

"အာ…ကျွန်တော် ဆွဲတာမဟုတ်ဘူး"

"ခေါ်သွားတာ တစ်ယောက်ဗျ၊ ခင်ဗျားတို့က မသိဘဲနဲ့"

"ဟဲ့…နင်တို့ တစ်ဖွဲ့တည်းနေမှာပေါ့၊ လူဆိုးကောင်တွေရဲ့"

အဒေါ်ကြီးက မာနိုင်နှင့် ထင့်ကိုယ်စား ရန်တွေ့ပေးသည်။

"ကဲ…ခင်ဗျားတို့ ငြင်းမနေနဲ့၊ စခန်းရောက်မှပဲ ရှင်းကြတာပေါ့၊ ဒီက ညီမငယ့်ရဲ့လိပ်စာတော့ ပေးသွား၊ လိုအပ်ရင် အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တို့ ဆက်သွယ်ရအောင်”

လုံခြုံရေးဝန်ထမ်းတွေရော ရဲဝန်ထမ်းတွေကိုပါ မာနိုင်က လက်ရှိသွားမည့်လိပ်စာတွေရွတ်ပြ၊ ထင်တို့နာမည်နှင့် မှတ်ပုံတင်နံပါတ်တွေ ဘာတွေပေးနေခြင်းကို ထင်က ခရီးဆောင်အိတ်တွေ ချထားရာနေရာမှ ငုတ်တုတ်လေး ထိုင်ပြီးကြည့်သည်။ ထင့်မျက်လုံးထဲ မြင်နေတာက ဖြူဝင်းစိုအိသော မျက်နှာနှင့် တွန့်ကွေးထားသည့် မျက်ခုံးထူထူတွေ။ မျက်အိမ်ကျယ်သလောက် တစ်ပင်ချင်းစီ ကော့ညွှတ်ရှည်လျားသော မျက်တောင်တွေနှင့်။ နီမြန်းပါးလှပ်သော နှုတ်ခမ်းတစ်စုံ။ ထိုနှုတ်ခမ်းတွေ ကွေးညွှတ်သွားအောင် သူပြုံးသော အခါ။ ကျေးဇူးတင်စကားပြောပုံကလည်း…

“ကျေးဇူး”

တိုပြတ်သေမဲ့ ရှားပါးသော ထိုအပြုံး ဖြည့်စွက်သောကြောင့် ဘာကြောင့်မှန်းမသိ ထင့်ရင်တွေ တဒိုင်းဒိုင်း ဆောင့်ခုန်လာသော အရှိန်းအစိုင်း ရင်ခုန်သံတွေကြောင့် ရင်ဘတ်ကို လက်နှင့်ဖိထားရသည်။ တဒင်္ဂအတွင်း ထင့်နှလုံးသားတွေ မူမမှန်တော့ဘူးလား။ ခုမြင်ခုတွေ့သောလူနှင့် အပြုံးတစ်ချက်ကြောင့် ဒီလောက်လှုပ်ရှားသွားရသလားလို့ အပြစ်တင်နေလည်း အလကားပင်။ ဒီရင်ခုန်သံက သူ့အပြုံးကို ဖျောက်ဖျက်မရမချင်း ထင့်ရင်ဘတ်ထဲ ထိန်းမရသိမ်းမရ။ ရင်ခုန်သံဟာလည်း…

“ထင်…ဟဲ့…ခေါ်နေတာ မကြားဘူးလား”

“ဟင်…နိုင်”





ငုတ်တုတ်ထိုင်ရင်း ခေါင်းကြီးပါ ငုံ့ချထားသော ထင် ရင်ဘတ်ကို လက်ဝါးနှင့်ဖိထားပြီး မာနိုင့်ခေါ်သံကို မကြား။ ထင် ကြောက်ရွံ့နေပုံကို မာနိုင်မှာ ကရုဏာသက်မဆုံး ဖြစ်သွားသည်။

“ထင်”

ခါးကိုင်းကာ ပခုံးကို ဖွဖွပုတ်လိုက်မှ…

“ဟင်…မာနိုင်”

သတိလက်လွတ် ပင့်တက်လာသော ထင့်မျက်ဝန်းတွေထဲမှာ မာနိုင် ဘာသာမပြန်တတ်သော အရိပ်တွေ ပြည့်နှက်လျက်။

“အရမ်းကြောက်သွားသလား ထင်၊ နိုင့်အပြစ်ပါ၊ နိုင် ထင့်ကို ထားသွားတာ”

“အဲဒီလိုလည်း မဟုတ်ပါဘူး နိုင်ရယ်၊ ပြီးသွားပြီပဲ၊ ထားလိုက်ပါ၊ ထင်တို့သွားရအောင်”

နိုင် စိတ်သက်သာရာရအောင် ထင် ပြုံးပြုံးလေးပြောပြီး အရင်ထရပ်တော့ မာနိုင်က ဇဝေဇဝါ။ ထင်တို့ ခရီးဆောင်အိတ်တွေ ကိုယ်စီဆွဲပြီး ထွက်လာတဲ့အထိ မာနိုင့်ရင်ထဲက သံသယ ရှင်းမသွားသေး။

“ထင်”

“အင်း”

“နင့်ကိုခွဲသွားတဲ့လူက အဖမ်းခံရတဲ့အုပ်စုက မဟုတ်ဘူးဆို”

“အင်း”



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ထင်က မပွင့်တပွင့်။

"ဟဲ့…ဒါဖြင့် ဘယ်သူတုန်း၊ ထင်ဝတ်ထားတဲ့ အဲဒီလူ အင်္ကျီကြောင့် သူတို့က လူမှားတာဆို"

မာနိုင်က မေးရင်းနှင့် အခုမှ သတိထားမိသွားသလို ထင့်ကို စေ့စေ့စပ်စပ်ကြည့်ရင်း…

"အင်္ကျီ ဟုတ်သားပဲ၊ ထင့်ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ ဟိုအင်္ကျီမဲမဲကြီးရော၊ ထင် အပေါ်က ထပ်ဝတ်ထားတဲ့ဟာလေ"

မာနိုင်က အမောတကော ဖြစ်နေသလောက် ထင်က အေးစက်စက်။

"ထင် ချွတ်ပြီး လွှင့်ပစ်ခဲ့ပြီ"

ထင် ပြောပုံက စိတ်မဝင်စားသလိုလို ဘာလိုလို။ ဒါပေမဲ့ ထင် ထူးခြားနေတာကို မာနိုင် အရိပ်တကြည့်ကြည့်နှင့် အကဲခတ်ရင်း…

"အလကားကောင်၊ နိုင့်သူငယ်ချင်းကို ဆွဲပြေးပြီး အမှုပတ်အောင် လုပ်သွားတာ၊ လူကိုမောသွားတာပဲ၊ ဗိုက်နာတာတောင် ဘယ်ရောက်သွားမှန်းမသိဘူး၊ ထင့်ကို ဒုက္ခပေးတဲ့လူ သွားလေရာမှာ ရန်တွေဖြစ်ပြီး ခေါင်းကွဲထိပ်ပေါက် ဖြစ်ပါစေတော်"

"နိုင်ကလည်းဟယ်"

စိတ်ပေါက်ပေါက်နှင့် မာနိုင်က ကျိန်တော့ ထင်က အသည်းအသန်။

"ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ၊ မာနိုင်နော် လူတစ်ဖက်သား





ဒုက္ခရောက်အောင် မဦးမချွတ်"

ဟွန်း…မယ်မင်းကြီးမက စိတ်ကောင်းဝင်နေတာများ ကိုယ့်ကို ဓာတ်ရှပ်အောင် လုပ်သွားသူကိုတောင် ထင်က မေတ္တာထားနေတာမို့ မောင်မင်းကြီးသား ဘုန်းကြီးပါပေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"နိုး…နိုး အဲဒါတော့ လုံးဝမဖြစ်ဘူး ကင်း"

ခြိမ်းက စပျစ်သီးတစ်လုံးကို မိုးပေါ်မြှောက်တင်ကာ ပါးစပ်ဟာဖမ်းရင်းက ရအောင်ငြင်းသည်။ ဒေါ်ဝေဝေက ထမင်းဝိုင်း ပြင်ရင်းမှ သားဖြစ်သူကိုရော တူတော်မောင်ကိုပါ အကြည့်ဇွေပြီး အကဲခတ်သည်။

"မင်း အဲဒီလိုတော့ ယတိပြတ်မငြင်းနဲ့ ခြိမ်း"

"နှစ်လမ်းပဲရှိတာ ကင်း၊ မငြင်းရင် ခေါင်းညိတ်ရမှာ၊ ယောကျ်ားတွေ အလုပ်လုပ်တာကွ၊ ငါက ပြတ်ပြတ်သားသားပဲ နိုး"

"မင်း ဇွတ်နိုးမနေနဲ့၊ ဒီအခွင့်အရေးက ငါတို့လိုလူသစ်တန်းတွေအတွက် ရတောင့်ရခဲ"





"ရခဲတယ်ထင်ရင် မင်းလုပ်ပေါ့"

"ဒါပေမဲ့ ပရိုဂျူဆာက မင်းနဲ့ငါ့ကို ညီအစ်ကိုတော်မှန်း သိတယ်၊ ဒါကြောင့် ငါ့ကိုပြောလာတာပေါ့၊ ငါက သီချင်းဆို၊ မင်းက နောက်ခံ Dancer ကပေးဖို့"

"နိုးပါဆို"

ကင်းက မျက်ခုံးရှုံ့ရှုံ့နှင့် မအေကို လှမ်းကြည့်သည့် အကြည့်ထဲမှာ စစ်ကူတောင်းခြင်းတွေက အထင်အရှား။ ဒေါ်ဝေဝေ သက်ပြင်းတစ်ချက် ရှိုက်ရင်း ခုံမှာဝင်ထိုင်သည်။ ခြိမ်း ဒီလိုပဲ ငြင်းမယ်ဆိုတာ သိသိကြီးမို့ ပရိုဂျူဆာ လာပြောတုန်းက သား ကင်းရော ဒေါ်ဝေဝေပါ လက်မခံခဲ့။

"ကူညီပါ အစ်မကြီးရယ်၊ ခွေမျိုးတော်ကြတော့ သူစိမ်းပြောတာထက် ပိုလွယ်မှာပါ"

အကြောင်းမသိလေခြင်းလို့ ရင်ဘတ်ထုကာ ဒေါ်ဝေဝေ ငိုချင်းချပစ်ချင်သည်။ ခြိမ်းတို့က တယူသန်ခေါင်းမာတယ်ဆိုတာ ဘယ်လောက် ပြင်းထန်သလဲဆိုတာ ဒေါ်ဝေဝေအသိဆုံး။ စိတ်မဝင်စား၍ ကျောခိုင်းထားလျှင် နောက်က သေနတ်နှင့် ထောက်လှည့်နိုင်းတောင် အသေခံမဲ့လူစားမျိုး။ ဒင်း စိတ်ဝင်စားသော အရာဆိုပါကလည်း တစ်တိုင်းပြည်လုံး ဓိန်ခေါ်ရတဲ့အထိ တဇွတ်ထိုးသမား။ ဒီလိုလူမျိုးကို မကင်းရာမကင်းကြောင်း တော်စပ်မှုကြောင့်သာ ကိုယ့်တူရယ်လို့ သဘောထားရပေမဲ့ ဒေါ်ဝေဝေ ပတ်လည်းမပတ်သက်ချင်။ သား ကင်းနှင့် လေတင်လေအောက်တောင် မထိုင်စေ



www.burmeseclassic.com

www.burmeseclassic.com



ချင်။ ကိုယ့်သားက ရုပ်ရည်အရာ၊ ပညာအရာမှာ သင်းထက် ဆယ်ဆလောက် ဂုဏ်မြင့်နေပါစေဦး သင်းနဲ့ ရင်ဆိုင်တွေ့တိုင်းသာ ကင်းချည်း ရှုံးနိမ့်ခဲ့ရတာချည်း။ ဒီသို့သော အကြောင်းတွေ ရှိရှိနှင့်ပင် အခု ပရိဂျူဆာ ပေးလာသော အခွင့်အရေးက လက်မလွှတ်ကောင်းတာမို့…

"ဒီလိုရှိတယ် ခြိမ်းရဲ့"

ဒေါ်ဝေဝေ စကားစတာတောင် ခြိမ်းမျက်နှာက ဒီဘက် လှည့်မလာ။ စပျစ်ခိုင်က အသီးတွေ တစ်လုံးချင်းဖြုတ်ပြီး ပစ်တင်လိုက်၊ ပါးစပ်ဟာဖမ်းလိုက်နှင့် အလုပ်ရှုပ်နေပုံက လူကြီးသူမမှန်း အလေးမထားတာ အသိသာကြီး။ ထစ်ခနဲရှိ ခေါင်းပြူထွက်ချင်သော ဒေါသကို ဒေါ်ဝေဝေ ဦးချိုးနှိမ်ထားရကာ…

"အဲဒီအခွေမှာပါမှာက တကယ့်နာမည်ကြီး အဆိုတော်တွေချည်းပဲ၊ သူက တစ်နှစ်တစ်ခါထုတ်တာ ကိုးနှစ်တောင် ပြည့်ပြီဆိုတော့ ပရိသတ်အားပေးမှုကို ရပြီးသား၊ သားကင်းကလည်း ဒီနှစ်ကုန်ရင် စီးရီးထွက်တော့မှာဆိုတော့ ကြော်ငြာပြီးသားလည်း ဖြစ်အောင် လူသစ်တစ်ယောက်အနေနဲ့ ပေးလာတဲ့ အခွင့်အရေးလည်း လက်မလွှတ်ရအောင်"

"အဟွန်း"

စကားမဆုံးခင် ဖြတ်ရယ်ကာ ပခုံးတွန့်ပြီး ဒီဘက်လှည့်လာသော ခြိမ်းမျက်နှာက မချိုမချဉ်။ လူကို လှောင်သလို ပြောင်သလိုမို့ ဒေါ်ဝေဝေ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ ခြိမ်း

ဝိုး၊ဝိုး၊၈၁၆၀



က အညှာချည်းကျန်တော့သော စပျစ်ခိုင်ကို အမှိုက်ပုံးဆီ လှမ်းပစ်ထည့်ပြီးမှ…

"ကျွန်တော့်ရဲ့ Dancer အဖွဲ့က ဒီလောကထဲဝင်တာ အခွင့်အရေးရဖို့အတွက် မဟုတ်ဘူး အန်တီဝေ၊ ဝါသနာကြောင့် စိတ်ထဲရှိတာ ချပြမယ်၊ ကြိုက်တဲ့သူ လက်ခံလိမ့်မယ်၊ ဒါပေမယ့် သူများအကြိုက်အတိုင်း လိုက်လုပ်ဖို့တော့ ဒီနေ့အထိ စိတ်ကူးလို့တောင် မရသေးဘူး"

"ဒါဆို မင်းက ပရိဂျူဆာ ကမ်းလှမ်းတာကို"

"နိုး…ပါဆို အန်တီဝေရယ်"

ဒေါ်ဝေဝေက အရုပ်ကြိုးပြတ် ပျော့ခွေသွားတာ စိတ်ပျက်အားလျော့၍ မဟုတ်။ ဒေါသက ငယ်ထိပ်တက်ဆောင့်ပြီး လူကို အနိုင်ယူသွားခြင်းကြောင့်သာ။ ကိုယ်တော်ချောက ငြင်းချင်တာငြင်းပြီး သူ့တာဝန် ပြီးသွားသလို ထမင်းတွေဘာတွေ ခူးခပ်ပြီး စားနေပုံက သက်သောင့်သက်သာ။ ဒေါ်ဝေဝေတို့ သားအမိက မျက်လုံးချင်းဆုံကာ မသက်မသာ သက်ပြင်းရှိုက်ရင်း…

စိတ်တို့က အတိတ်ဆီ တစ်ပတ်ပြေးထွက်သွား၏။

"သားကင်းက ဖိုက်ဒီ ကေရေ၊ ဆေးကျောင်းဝင်တယ်၊ ခြိမ်းရော အခြေအနေ"

ဆယ်တန်းအောင်စာရင်းထွက်တုန်းက ဂုဏ်ယူဝင့်ကြွားချင်စိတ်နဲ့ ဒေါ်ဝေဝေ မေးမိတာပါ။

"ကြည့်စမ်း…တော်လိုက်တာ၊ သားကင်းက ဒီထွက်

ဝိုး၊ဝိုး၊၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



မှာပဲလို့၊ ဒီလောက်ကြိုးစားတာပဲ ရတာပေါ့ဝေရယ်''

''ခြိမ်းလည်းအောင်တယ်၊ ရိုးရိုးပါပဲ ဝေရယ်၊ ဒါပေမဲ့ တို့ကပျော်နေရတာ၊ အောင်တောင် အောင်ပါ့မလားလို့ ထင်ထားတာဝေရဲ့၊ တို့နဲ့ သူ့အဖေက စီစဉ်ထားတာ၊ ခြိမ်း ဒီနှစ်မအောင်ရင် ဘော်ဒါဆောင်ပို့မလို့၊ အခုအောင်တော့ ရင်ထဲမှာ အလုံးကြီးကျသွားတာပဲ၊ တစ်နှစ်လုံး ရန်ဖြစ်လိုက် ရဲစခန်းရောက်လိုက်နဲ့ ဖြစ်နေတဲ့ကြားက အောင်သွားတော့လေ''

ဒေါ်ကေသီစကားက မှတ်သားလောက်ပါပေရဲ့လို့ ချီးကျူးရမလိုလို။ ကိုယ့်သားအလိမ္မာအိမ်ပါလေးက ဂုဏ်ထူးပါတာ မထူးဆန်းဘဲ တကယ့်လူဆိုးက ရိုးရိုးအောင်သွားပုံမှာ ကျောက်စာပါထူပေးရမလိုလို။ အမှတ်စာရင်းတွေ ထွက်လာတော့ သားကင်းက ဂုဏ်ထူးမှတ်ပြည့်ရုံဖြစ်ပြီး ခြိမ်းကတော့ ဂုဏ်ထူးမှတ်မီရန် နည်းနည်းသာလိုသည်။ ဒေါ်ကေသီကတော့ သားဖြစ်သူ အမှတ်စာရင်းတွေ ကြည့်ပြီး…

''ခြိမ်းရယ်…ဂုဏ်ထူးရဖို့ နှစ်မှတ်သုံးမှတ်လေးပဲ ကပ်လိုတာကို မင်းက''

ဒေါ်ကေသီအသံက မချိတင်ကဲ။

''ဂုဏ်ထူးထွက်ရင် မလိုချင်တဲ့လိုင်း ယူနေရမှာစိုးလို့ ခြိမ်းက တမင်လျှော့ခဲ့တာ''

ကင်းက ဆေးဝင်ပြီး ခြိမ်းက…

''အီးမေရျာယူမယ်၊ ဒါတောင် ဒေးမတက်ဘူးနော်၊





ဒစ်စတန့်ပဲ၊ ကျောင်းသားလုပ်ရမှာ ပျင်းလို့''

သားကင်းက အဆိုဝါသနာပါ၍ မိဘနှစ်ပါးပါ အင်အားဖြည့်ကာ စီးရီးထုတ်ရန် ကြိုးပမ်းချိန်မှာ ခြိမ်းက အစဲန်(ဒ်)ရှဲ(လ်)ဆိုသော အကအဖွဲ့ကို ထူထောင်တာ အောင်အောင်မြင်မြင်နှင့်။

''အား…စားလို့လည်းဝပြီ အန်တီဝေ၊ ထမင်းတော့ စားသွားပြီ၊ အကူအညီ မပေးနိုင်တာ စိတ်မဆိုးနဲ့နော်၊ ကဲ ငါလစ်ပြီ ကင်း၊ ဂျင်တို့နဲ့ ဘီလီယက်ထိုးဖို့ ချိန်းထားလို့''

တစ်ရှူးစနဲ့ နှုတ်ခမ်းသားတွေ ဖိပွတ်ရင်း ခြိမ်းက ထိုင်ရာမှထသည်။ ကင်းက ခေါင်းညိတ်ပြရင်း…

''ငါလည်းထွက်မှာ''

''ဘယ်ကိုလဲ''

''ဂေါ့(ဖ်)ကွင်းလေ''

ဒေါ်ဝေဝေက သားကင်းထက် ဦးအောင်ဖြေပေးရင်း…

''သားက ပြိုင်ပွဲမှာအနိုင်ရလို့ ဒီနေ့ဆုယူရမှာ''

သားဘက်က ခပ်ကြွားကြွားလေး ဝင်ပြောသည်။ ကင်းက ထိုင်ရာမှ ထရပ်ရင်း…

''မဆိုးဘူးကွ၊ ဒီအားကစားနည်းက ဂျန်းတဲ(လ်)မန်းဆန်တယ်၊ အညောင်းလည်းပြေတယ်၊ စိတ်တည်ငြိမ်တယ်လို့ ငါက ခံစားရတယ်၊ မင်းရော ကစားကြည့်ပါလား''

''ညီအစ်ကိုနှစ်ယောက်ဆိုတော့ အဖော်ရတာပေါ့၊ သားကင်းက ခြိမ်းကို သင်ပေးလိုက်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းက လက်အိတ်အမည်းကို လက်ချောင်းတွေသာ ဖော်ထားစေလျက် လက်ဖဝါးနှင့် လက်ခုံတွေအပြည့် နေရာယူစွပ်ရင်း ပခုံးစုံတွန့်သည်။

"နေပါစေ၊ ဘောလုံးတစ်လုံးတည်းကို ကျင်းထဲဝင်အောင်ရိုက်ပြီး ကွင်းတစ်ပတ် လမ်းလျှောက်နေရတာ ပျင်းစရာ"

"သွားပြီ အန်တီဝေ"

ကင်းရဲ့ ကစားနည်းကို ခြိမ်း ဝေဖန်ပုံက ပြင်းပြင်းထန်ထန်။ ပြောချင်ရာပြောပြီး ထွက်သွားတတ်တာက ခြိမ်းရဲ့စတိုင်(လ်)ပေမဲ့ နားမထောင်ချင်ဘဲ ကြားရသူအဖို့ မခံချိမခံသာ။

ကင်း တန်ဖိုးထားသမျှ ခြိမ်းဆိုတဲ့ကောင်အတွက်တော့ မက်လောက်စရာမရှိတာ တကယ်လား။

◆ ◆ ◆



## အခန်း (၁၀)

"ဝေး...မေကြူး"

မှန်တံခါးတွန်းဖွင့်ပြီး ဆိုင်ထဲ လှမ်းဝင်လာတာနှင့် သံစုံမြည်သော ခေါင်းလောင်းလေးက ချစ်စရာအသံပေးတာနှင့်အတူ ခေါ်သံကျယ်ကြီးက ဆိုင်အတွင်းခန်းအထိ ပျံ့လွင့်လာ၏။

"ဟော...ဒါ ကောင်လေးအသံ မဟုတ်လား၊ ငါ့နှယ်နော် လူကျပြီဆိုရင် ဒီကောင်လေးက ဘာလာလုပ်ပြန်သလဲမသိဘူး"

"ထင်ရေ"

"ရှင့် မေကြူး"

"လာစမ်းပါဟယ် ဒီမှာ မမအတွက် ဒစ်စကောင့်ကဒ်ထဲ ဖြည့်ပေးလိုက်၊ ဟိုဘက်က ညီမလေးအတွက် ဒိုင်းမွန်းကဒ်ကို လဲပေးလိုက်နော်၊ ညီမလေးက စပါယ်ရှယ်မန်ဘာဝင် ဖြစ်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



သိလား ညီမ''

''ကဲ…ကျန်တာ ထင်ကပဲ ဆက်လုပ်ပေးလိုက်''

''ဟုတ်''

မေကြူးမှာ ကပ်စတန်မာတွေကို အပြုံးတွေနဲ့ ရှင်းပြရင်း ညှိခန်းဆောင်ဆီ အပြေးအလွှား ထွက်သွားပုံက ခပ်သွက်သွက်။ ထင် ကောင်တာနောက်ဝင်ရပ်ရင်း မေကြူးမှာသမျှ မမှားမယွင်း အောင် ဂရုစိုက်လုပ်ပေးနေသည်။

ဒီမှာအလုပ်ဝင်တာ နှစ်လနီးပါးရှိပြီမို့ ခေါင်းလျှော်ပေးတာမျိုး၊ ငွေစာရင်းဘောက်ချာ ဖြတ်ပေးတာမျိုးနှင့် ဆံပင်အခြောခံညှပ်တာ၊ ဆေးဆိုးပေးတာလောက်တော့ ထင်နှင့် လက်လွှဲရနေပြီဖြစ်သည်။ ဖြောင့်တာကောက်တာတွေက အခုမှ သင်ယူတုန်း။ ဒီဗျူတီစပါးကြီးရဲ့ ပိုင်ရှင်က ဒီမှာလုပ်သော မိန်းကလေးတွေအတွက် နေစရာကို ဆိုင်နောက်ဘက်မှာ တစ်ထပ်တိုက် တစ်တိုက်လုံး ပေးထားသည်။ တခြားဆိုင်ခွဲတွေကျလျှင်လည်း ဖယ်ရီနှင့် ကြိုပို့ပေးတာ ထင် စိုးရိမ်ထားသလို သွားရေးလာရေးက အခက်အခဲ မရှိခဲ့။

နယ်က သင်တန်းသူတွေကတော့ ပေးထားတဲ့အဆောင်မှာ နေပေမဲ့ ရန်ကုန်မြို့တွင်းရှိ နေသူတွေကတော့ ကိုယ့်အိမ်ကိုယ် ပြန်ကြသည်။ ဘာပဲဖြစ်ဖြစ် ညီအစ်မသူငယ်ချင်းတွေလို ညီညွတ်သော စိတ်ဓာတ်တွေကြောင့် ထင်တို့ K.7 ဗျူတီစပါးက အလုပ်ချိန်ရော တာဝန်ချိန်အပြီးမှာပါ ပျော်စရာ။ ထင်တို့ကို အစစအရာ





ရာ သင်ပေးသော သင်တန်းဆရာမက ပျော်တတ်သူမို့ မမ မမနှင့် ထင်တို့နှုတ်ဖျားမှ မချ။

မမက ဒီဆိုင်မှာ ဝါရင့်သမ္မာရင့်မို့ အရေးကြီးကပ်စတန် မာတွေကိုသာ အလှဖန်တီးပေးရပြီး ကျန်အချိန်တွေက လက်ထောက်တွေ သင်တန်းသူတွေနှင့် လွှတ်ထားကာ မမက လိုက်လံစစ်ဆေးရရုံသာ။ ဒီမနက်တော့ ဆိုင်ကိုရောက်လာတာက တကယ့် VIP ပါ။ အခုတလော နာမည်ကြီးလာတဲ့ တက်သစ်စ မော်ဒယ်မင်းသမီးက ဆံပင်လာဆက်တာမို့ မမရော မာနိုင်အပါ အဝင် ဒီက သင်တန်းသူ သုံးလေးယောက်ပါ ထိုအခန်းထဲ ပြုနေရတာ။ ထင်က ကိုယ့်ကို ပေးထားတဲ့တာဝန် ကျေသွားပြီမို့ ညှိခန်းဆောင်ဆီ ထွက်ရန် ခြေလှမ်းအပြင်မှာပဲ…

''ကဲ…မေကြူး၊ အစီရင်ခံလေဗျာ၊ လူကို ဒီလောက် အထိ ကသိုင်းရှူးစရာမှ မလိုတာ''

''ငါက ဘာအစီရင်ခံရမှာတုန်း ကောင်လေးရဲ့၊ တကယ် ပဲ လူကို စစ်လားဆေးလားနဲ့''

ထင် ကြားနေရသောအသံမှာ စိတ်မရှည်ခြင်းတွေ၊ ဒေါသတွေ ဘာဆိုဘာမှမပါသည့်အပြင် ချစ်စနိုးဖြစ်ဟန်အပြည့်နှင့်။ တစ်ဖက်လူရဲ့အသံကတော့ မေကြူးနှင့် ဆန့်ကျင်ဘက်။ စိုးပိုးခြင်း၊ ရင့်သီးခြင်းတွေထဲမှာ အမိန့်ပေးသံက ပါနေသေးတာမျိုး။

''စစ်ဆေးရမှာပေါ့၊ ပြောပါ ရောက်နေတဲ့လူသစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း"

"အမလေး မသစ်တော့ပါဘူး၊ ရောက်တာဖြင့် နှစ်လ နီးပါးရှိနေပြီ"

နဂိုကတည်းက စပ်စုချင်သောစိတ်က ကိုယ့်အကြောင်း ပါ ပါလာတော့ ထင် နေရာမှ ခြေထောက်ရွှေ့မရတော့တာ သံမှိုအစွဲခံထားရသလို။ ပြီးတော့ မမြင်ကွယ်ရာ၌ ရှိနေသောလူ ကို မြင်ဖူးချင်တာလည်း ပါသည်။

"ဒါပေမဲ့ ကျွန်တော်မှ မတွေ့ရသေးတာ၊ ပညာစမ်းရ မယ်၊ ခေါ်လိုက် မေကြူး၊ ကျွန်တော် ခေါင်းလျှော်မလို့"

"ဘုရားရေ"

နံရံအကွယ်မှ ထင် အလန့်တကြား ရင်ဘတ်ဖိရင်း နှုတ်မှ ဘုရားတမိတဲ့အထိ။ ဒီဆိုင်က မိန်းကလေးသီးသန့်ဆိုတာ ဒီလူ မသိလေရော့လား။ မေကြူးကတော့ ထင့်လို အထိတ်တလန့် ဖြစ်မနေပေ။ တဟက်ဟက်နှင့် ရယ်လိုက်ရင်း...

"ကောင်လေးရယ်...ခေါင်းလျှော်ချင်တာများ အသစ် အဟောင်း ရွေးနေရသေးတယ်၊ အခါတိုင်း မင်းလျှော်နေကျ နီလာ တို့ သီဂီတို့ရှိတာပဲကို၊ သူတို့ကိုပဲ"

"မရဘူးဗျာ၊ အသစ်နှစ်ယောက်တည်းက တစ်ယောက်၊ ဒါပေမဲ့ မေကြူးတူမတော့ မဖြစ်စေနဲ့၊ ရှာကြီရစ်ဖို့ကို မေကြူး မျက်နှာ ထောက်နေရရင် အလုပ်တွင်မှာမဟုတ်ဘူး"

ရှာကြီရစ်ဖို့ဆိုပါလား။ ဘုရား...ဘုရား။ ဒီလူက





ဘယ်လိုစိတ်ထားမျိုးနဲ့ ယောကျ်ားလဲ။ ယတိပြတ်အမိန့်တွေချကာ လူရွေးသွားတော့လည်း ထင့်ကိုဆိုတော့။

"နင်တော့ ကံဆိုးပြီ ထင်"

ပခုံးကိုကျော်၍ ထွက်လာသော လေသံသဲ့သဲ့ကြောင့် ထင်က ဖျတ်ခနဲ နောက်လှည့်ကြည့်တော့ နီလာနှင့် သီဂီ။

"ဒါပေမဲ့ ကံကောင်းခြင်းလို့ သတ်မှတ်လို့လည်း ရတယ်"

သီဂီက နီလာ့ကို ပခုံးချင်းတိုက်ပြောရင်း...

"သူက ချောတယ်၊ မိုက်တယ်၊ စတိုင်ကျတယ်၊ ပြီးတော့ ဒီဆိုင်ပိုင်ရှင်ရဲ့ တစ်ဦးတည်းသောသား"

"ဆိုင်ပိုင်ရှင်ပဲပေါ့"

မျက်လုံးလေးဝိုင်းပြီး ထင်ကမေးတော့ သီဂီက ခေါင်းညိတ်ထောက်ခံသည်။

"ဒါပေမဲ့ အရမ်းကြမ်းတယ်ဆိုတာလည်း ထည့်ပြော သီဂီ၊ သူက ဘယ်လောက်ပဲ တာဝန်ကျေအောင်လုပ်ပေး လုပ်ပေး စိတ်တိုင်းတော့ မကျတတ်ဘူး၊ ဆူပူမာန်မဲတာမျိုး လုပ်တတ် တယ်"

"သူ့ လက်ပါတဲ့အထိတော့ အခြေအနေ မဆိုးပါဘူး နော်"

ပခုံးနှစ်ဖက်ကြား ဇက်ကလေးပုဝင်ပြီး မျက်လုံးလေး ကလယ်ကလယ်ဖြစ်နေ့ကဲ့ ထင့်ကိုကြည့်ပြီး နီလာရော သီဂီက



www.burmeseclassic.com

www.burmeseclassic.com



သနားသွားသည်။ ဒီကိစ္စတွေက မပြောမပြီး မတီးမမြည်ဆိုသလို K.7 ရဲ့ ရာဇဝင်အစချီကတည်းက သူက သမိုင်းတွင်ပြီးသား လူမို့…

"သိပ်လည်းမကြောက်နဲ့ ထင်၊ ငါတို့ မေကြိုးတို့လည်း ရှိတာပဲ၊ သူ့အကြောင်းပြောပြတာ နင်ကြောက်ဖို့မဟုတ်ဘူး၊ ခံနိုင်ရည်ရှိအောင်လို့၊ ငါတို့က ဒီဆိုင်မှာ မိန်းကလေးတွေနဲ့ပဲ ထိတွေ့ဖူးရာကနေ မြန်းစားကြီး ယောကျ်ားလေးကို ခေါင်းလျှော်ပေးရတဲ့အထဲ သူက ဟိန်းဟောက်နေရင် နင် အယောင်ယောင် အမှားမှားဖြစ်မှာစိုးလို့ပါ"

သီဂီက ထင့်လက်ကို ဆွဲရင်း အားပေးသည်။ K.7 မှာ ထင်ဟာ တခြားသူတွေနဲ့ မတူတာ စရောက်ကတည်းက သူမတို့ သိပြီးသား။ K.7 ရဲ့ ယူနီဖောင်းက အစိမ်းရင့်ကုတ်ခါးတို နှင့် ဒူးဖုံးစကဒ်ဆင်တူကို အနီရောင် ရင်ပြတ်အင်္ကျီတစ်ထည်နှင့် တွဲဝတ်ရသည်။ ရင်ပြတ်ပေမဲ့ ကုတ်တစ်ထပ်မို့ အရေးမကြီးလှ။ ဒူးဖုံးစကဒ်ကျတော့ ထင့်ခမျာ မဝတ်ရဲရှာ။ တငိုငိုတရယ်ရယ်နှင့်။ သူမတို့တစ်ဆောင်လုံး ထိုင်ချော့ အမျိုးမျိုးဖျောင်းဖျနှင့် ညသန်းခေါင်တိုင်၍ နောက်မှ အားလုံးထဲ၌ အသက်အကြီးဆုံး မမစောက…

"ဒါဖြင့်လည်း ဒီလိုလုပ်ဟယ်၊ စတော့ကင် အသားရောင်နဲ့ တွဲဝတ်ဟယ်၊ အဲဒါဆို ခြေသလုံးပေါ်တာ မှန်ပေမယ့် တစ်ထပ်ထပ်ဝတ်ထားတော့ နင်နေတတ်မှာပါ"





မမစော အကြံပေးချက်ရမှ အဆင်ပြေသွားခဲ့တာဆိုတော့

"ထင်ရေ"

VIP တွေရဲ့ သီးသန့်ခန်းနားမှ ပွင့်လွှင့်လာသော မေကြိုးခေါ်သံကြောင့် ထင် ဆတ်ခနဲ တုန်သည်။ နီလာနဲ့ သီဂီက ထင့်ယူနီဖောင်းတွေ ဆွဲဆန့်ပေး၊ ပခုံးကျော်ချထားတဲ့ ကျစ်ဆံမြီးကို နေရာချပေးရင်း…

"ထင်…နင် အဆင်ပြေသွားမှာ"

ခပ်တိုးတိုး အားပေးပေမဲ့ ထင်ကတော့ ကြောက်တုန်း။ သူ့ဆန်စားရဲရမည် သိသိကြီးနှင့် မရဲရင့်တတ်တာ ထင် သတ္တိနည်း၍လား။ ကြားရသော သူ့သတင်းက ကြောက်စရာကောင်းလို့လား။ မခွဲခြား မကွဲပြားသော ခြေလှမ်းများနှင့် ထင်မှာ…။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ခြိမ်းရှေ့တည့်တည့်မှာ လူလာရပ်တာကို သိသည်။ ယူနီဖောင်းနှင့် ကာလာက မြင်နေကျမို့ မထူးဆန်းပေမဲ့ အသားကပ်ခြေအိတ်စွပ်ထားသော ခြေထောက်တွေက ထူးဆန်း၏။ K.7 မှာ ဘယ်ဝန်ထမ်းကောင်မလေးမှ အသားကပ်ခြေအိတ်စွပ်ထားတာ မတွေ့ဖူးဘဲနဲ့။ ပိုဆိုးတာက အသားကပ်ခြေအိတ် စွပ်ထားသော ခြေထောက်က ညှပ်ဖိနပ်စီးထားခြင်းပင်။

"ဟ…ဒါက ဘာစတိုင်လဲ"

နှုတ်ခမ်းလှုပ်ရုံ ရေရွတ်သည်ဆိုပေမဲ့ ရှေ့က မယ်မင်းကြီးမက ကြားမှာပါပဲ။ ခြိမ်းရှေ့ လာရပ်ကတည်းက လူက တစ်စက်ကလေးတောင် ကုပ်တုပ်မလှုပ်။

ခြိမ်းကလည်း အမြင်ကတ်ကတ်နှင့် တစ်ဆင့်ချင်း





မျက်လွှာပင့်ကြည့်သည်။ ခါးနားဆီမှာ လက်နှစ်ဖက်နှင့် ကိုင်ထားသော ခြိမ်း လျှော်နေကျ For Men Shampoo ဗူးကို တွေ့ရသည်။ ရင်ညွှန့်အောက်နားကျကျမှာက ဆင်တူဖန်ကြည်ရုပ်ကလေးတွေပါသော ခေါင်းစည်းကြိုးနှင့်စည်း၍ ချထားသည့် ကျစ်ဆံမြီးနှစ်ဖက်။ ခြိမ်းက သိသာစွာ မျက်ခုံးကို အတွန့်ချိုးသည်။

"ကျစ်…တိုက်ဂေါ်ပဲ"

အပြင်အဆင် ဘာတစ်ခုမှ သဘောကျစရာ မတွေ့၍ သဘောမကျစွာ ရေရွတ်ရင်း ခြိမ်း ခေါင်းခါပုံက စိတ်ပျက်တာပေါ်လွင်တာမို့ ထင်မှာ ရပ်နေရင်း နေရာက အငွေ့အဖြစ် ပျံထွက်သွားချင်သည်။ ခြိမ်းက ဆိုဖာမှာ ထိုင်နေသူမို့ ဆံပင်တိုထောင်ထောင်ရယ်၊ ဖြူဝင်းသည့် လည်ကုတ်သားတွေရယ်မှအပ တခြားဘာကိုမှ အထင်အရှား မတွေ့ရသေး။ သို့ပေမဲ့ နိုလာတို့ ညွှန်းသည့်အတိုင်းပင်။ ချောသော၊ စတိုင်ကျသော၊ မာနကြီးသော ယောကျ်ားဆိုတာတော့ သူ့ဝတ်စားပုံကြည့်တာနှင့် သိသာလှပြီ။

မီးခိုးရောင် လည်ကပ်ဆွယ်တာကို တံတောင်ဆစ်အထိ ခွဲတင်ဝတ်ထားသဖြင့် လက်ကောက်ဝတ်၌ အနက်ရောင် သားရေပတ်ပြားပေါ်က အချွန်အတက်တွေက မယဉ်ကျေးခြင်းကို ဖော်ပြနေသယောင်။ လက်နှစ်ဖက်စလုံးက ကွင်းတွေ ကြိုးတွေ ရှုပ်ယှက်ခတ်နေပြီး လက်သည်းမှာက အနက်ရောင် လက်သည်းဆိုးဆေးနှင့်။ ဘောင်းဘီလည်း အနက်၊ ဖိနပ်ကလည်း ထိပ်ချွန်ကော့ကော့ကြီးနှင့် အနက်။ သူက ငေါင့်ကိုကြည့်ပြီး ဟွန်း ဟင့်အသံတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးနေသလို ဒီကလည်း နှာခေါင်းရှုံ့ချင်စရာ အသွင်အဆန်းတွေနဲ့ လူက။

"ဟော့...ဒီမှာ"

"ဖြန်း"

"အမလေး"

ခေါ်လည်းခေါ် အော်လည်းအော် ရှေ့ကစားပွဲကို လက်ဝါးနဲ့ ဖြန်းခနဲပုတ်တော့ ထင်မှာ ဆတ်ခနဲလည်းတုန်ကာ ယောင်ယမ်းအော်သံထွက်တဲ့အထိ။

"မင်းခေါင်းလျှော်ဖို့ ငါက ဒီမှာ ညပါအိပ်ပေးရမှာလား"

"မဟုတ်"

အငြင်းဝါကျက ထင့်အတွက် ဆုံးခန်းမတိုင်ခဲ့။ ဖျတ်ခနဲမော့လာသော မျက်နှာတစ်ခုကြောင့် ထင့်ထံမှ တဒင်္ဂ အသက်ဝိညာဉ် ပျောက်ဆုံးသွားသည်။ ခပ်ဖျော့ဖျော့မျက်ခုံးဟာ အလိုမကျသလို ကွေးကုတ်လျက်။ ရီဝေသော မျက်ဝန်းတွေက သိမ်မွေ့ခြင်းတွေ မဆောင်ပေမဲ့ ထင် သဘောကျဖူးသော ဒီအကြည့်တွေကို ထင် မမေ့။

"ဟော့"

"ရှင်"

တစ်ဖက်က ထပ်အော်တာ အလန့်တကြားမို့ ထင် လက်ထဲကိုင်ထားသော ရှန်ပူဗူးက ကစုန်ဆိုင်းပြီး ကြမ်းပြင်ပေါ်





ပြေးဆင်းသွားသည်။

"ဟာ...ကွိုင်ပဲ၊ ကျစ် မေကြူးတို့က ဘယ်လိုဟာကို ဆွဲခန့်ထားလည်းမသိဘူး၊ မြန်မြန်ကောက်၊ ပြီးရင် ခေါင်းလာလျှော်"

"ဟုတ်...ဟုတ်ကဲ့"

ထင်က ပြုံးချင်ချင်ဖြစ်နေသော အောက်နှုတ်ခမ်းကို သွားဖြင့် ဖွဖွကိုက်ရင်း ရှန်ပူဗူးကို ကုန်းကောက်သည်။ ရင်ထဲမှာ အပျော်စိတ်က လှိုင်းထန်နေ၏။ မမစော ပြောဖူးသော စကားတစ်ခွန်းကို အမှတ်ပြန်ရသည်။

"ကြောက်စရာမရှိ ကြီးဖုန်ကြောက်နေတာ အဲဒီကားတွေ လူတွေကြောင့်ဟ၊ တကယ်တော့ ရန်ကုန်မြို့ဆိုတာ ကျဉ်းကျဉ်းလေး၊ ကျယ်ကြည့်ပါလား ကားတွေလူတွေက တစ်နေရာတည်းမှာ ဒီလောက်များပါ့မလား"

မမစောပြောတာ မှန်သည်။ မြို့လေးကျဉ်းလို့ ထင်နဲ့သူ ပြန်တွေ့တာပေါ့။ ထင့်ဆီမှာ သူ့ရဲ့ဂျာကင်ကြီး ရှိနေတာကိုရော သူသိပါ့မလား။ အို...သူမပြောနဲ့ တစ်ခင်ဂူည်းအတူနေတဲ့ မာနိုင်တောင် မသိတာ။ ပြီးတော့ သူ့ကို ထင် တိတ်တခိုးပေးထားတဲ့ နာမ်စားအကြောင်းရော။ ထင် ဖွင့်ဟမိတ်ဆက်ရင်ရော သူ သတိပြန်ရပါ့မလား။ ထင့်ကို သူ မမှတ်မိတာလား။ ထင့်အတွေးတွေ ရင်ထဲ ပလုံစီရင်း ခေါင်းလျှော်ခုတင်ပေါ် စန့်စန့်လှဲနေပြီဖြစ်သော သူ့အနားသို့ ပြန်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အင်္ကျီတွေ ရေမစိုစေနဲ့နော်"

"ဟုတ်ကဲ့ရှင့်"

"ပြီးတော့ နားရွက်ထဲ ရေမဝင်စေနဲ့၊ နားလည်လား"

"ဟုတ်ကဲ့ရှင့်"

"ရှန်ပူတွေ အများကြီးမသုံးနဲ့ ကြားလား"

"ဟုတ်ကဲ့ရှင့်"

သူဖြစ်ချင်တာတွေ တစ်ခုပြီးတစ်ခု ထင့်ကို အမိန့်ပေးပြီး မျက်ဝန်းတို့ မှိတ်ချထားသောအခါ သူ့မျက်တောင် တိုစိပ်စိပ်တွေ၊ နှာတံရိုးမြင့်မြင့်နဲ့ နှုတ်ခမ်းပါးတွေဆီ ထင့်အကြည့်က တဝဲဝဲဝေ့လည်လျက်။

လက်ကတော့ ပြုမူနေကျအတိုင်း သားရေပြားကို လည်ကုပ်အောက်မှစပတ်၍ မေးဖျားအောက်နားမှာ ကပ်ခွာနှင့် ထိန်းပေးထားသည်။ သူနှင့် အနီးကပ် ရှိနေတာရော သူ့ထံမှရသည့် ကိုယ်သင်းရနံ့ဖျော့ဖျော့လေးရော ထင့်ကို ရင်ခုန်စေသည်။ စိတ်လှုပ်ရှားစေသည်။ ပြီးတော့ ပျော်ရွှင်မြူးထူးစေ၏။ ထင်က ရေပိုက်ကိုဆွဲယူရင်း...

"ဆံပင်ကို ရေစွတ်တော့မယ်နော်"

"ဟ...စွတ်ပေါ့၊ ခေါင်းလျှော်တာကိုပဲ"

"ကိုကြီး လန့်သွားမှာစိုးလို့ပါ"

"ဘာပြောတယ်"

ရုတ်တရက် မျက်လုံးကြီးဖွင့်ပြီး မေးတာကြောင့် ထင့်မှာ

ဝိုး ၊ မိုး ၊ ၈ ၁ ၉ ၆



ကိုယ့်စကား မှားသွားမှန်း သိရတာ ချက်ချင်းကြီး။ စိတ်ထဲက ကျိတ်ခေါ်သော နာမ်စားက ဘာကြောင့် ဒီနှုတ်ဖျားက ထွက်သွားရသလဲ။ ထင့်ကို သူက စိမ်းစိမ်းကြီးစိုက်ကြည့်နေ၍ ထင် အသက်ရှူမှားသွားသည်။

"ဟို...ရေလောင်းရင် ဒီကလန့်သွားမှာစိုး"

"လန့်ရအောင် ငါက ကလေးလား၊ စကားမရှည်နဲ့၊ မြန်မြန်လျှော်"

"ဟုတ်ကဲ့"

စိတ်လှုပ်ရှားတာရော ရင်ခုန်တာရောပေါင်းပြီး ထင့်စိတ်တွေက မငြိမ်။ ရေဖွင့်တော့ သူ့နဖူးစပ်ဆီပါ ရေစက်တွေက လာစင်သည်။ ခြိမ်းက ဒေါသဖြစ်ဖြစ်နှင့် တောက်ခေါက်ရင်း...

"မင်းကို ဆံပင်ပဲ လျှော်ခိုင်းတာနော်၊ ငါ မျက်နှာပါ မသစ်ခိုင်းဘူး"

"ကန်တော့ပါ ကိုကြီး...အဲ"

အချိန်မီ ဘရိတ်ပြန်အုပ်ရင်း...

"ရေအရှိန်များသွားလို့၊ ထင် ပြန်သုတ်ပေးပါ့မယ်"

သူ့ဟာသူ ဖြေရှင်းရင်း တကယ်ပဲ မျက်နှာသုတ်ပဝါအနားစနှင့် ရေတွေသုတ်နေတာ မပြီးနိုင်မစီးနိုင်။ ခြိမ်းမှာ အောင့်သက်သက်နှင့် သက်ပြင်းတွေ လိုမ့်ချပြီး မျက်ဝန်းတွေကို မှိတ်ချထားသည့်အဖြစ်သို့ ရောက်၏။

စိတ်ထဲကတော့ ထင်ဆိုတဲ့ ကောင်မလေးကို ဝေဖန်ချက်

ဝိုး ၊ မိုး ၊ ၈ ၁ ၉ ၆

www.burmeseclassic.com

www.burmeseclassic.com



ပေးနေတာ တစ်ခုမှ အကောင်းမပါ။ ဘယ့်နှယ် ရစ်လို့ရစ်မှန်းလည်း မသိ။ တမင် ပြောလို့ပြောမှန်း မသိသည့် ဒီအကြောင်းကျွားအား ခြိမ်း စိတ်ထဲကပဲ ဆလံသလိုက်သည်။ ကိုယ် မကျွယ်ရဘဲ သူ့ဟာ သူချောင်နေသည့် ဒီတစ်ယောက်ကို တော်ပါပြီ ဒီတစ်ခါနဲ့ပဲ။

◆ ◆ ◆



## အခန်း (၁၂)

"မင်းရစ်လို့ မတွင်ကျယ်တဲ့ ဒီတစ်ယောက်ပဲ ရှိဖူးသေးတာပေါ့ခြိမ်း ဟုတ်လား"

"ကောင်းတာပဲ၊ ရာဇဝင်စာတင်သွားတာပေါ့၊ မအူမလည်တွေက စလို့စမှန်းမသိ၊ နောက်လို့နောက်မှန်းမသိတွေလေ၊ ဟိုက သူ့ကို ပြန်မတောင်းပန်လိုက်တာပဲ မင်းကံကောင်းသွားတာ"

"ဒီကောင် ဖြစ်စေချင်တဲ့ပုံစံကို ငါတို့သိပါတယ်ကွ၊ သူက ရစ်မယ်၊ ဟိုကကြောက်ပြီး မျက်ရည်တွေဘာတွေ ဝဲသွားတဲ့အထိ လုပ်ချင်တာမျိုး"

ဂျင်က ထိုင်ရာမှထရပ်ပြီး သူ့အနားအထိ လျှောက်လာတာကို ခြိမ်း မြင်နေရပေမဲ့ လှုပ်ရှားမှုကို မရပ်တန့်နိုင်။ နှုတ်များက တိုင်မင် ခပ်တိုးတိုးခေါ်ရင်း ခေါင်းအငုံ့ လက်အလှုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တွေရဲ့ ကွေးညွတ်ခြင်းကို တပြိုင်နက်တည်းဖြစ်အောင် ကြိုးစားရတာ ဟန်ချက်ညီညီ။

"မင်းမှာ အဲဒီစိတ်ကြီး ရှိနေတာမကောင်းဘူး ခြိမ်း"

အနားမှာ လာရပ်ရင်း ဂျင်ကပြောတော့ ဇေက 'အေး'ဟု သံပြတ်ထောက်ခံသည်။ အားလုံးသောနာမည်တွေက သူရဂျင်၊ ညီညီဇေနှင့် မိုးခြိမ်းညံ့ရယ်ဆိုပေမဲ့ ခေါ်ဖြစ်ကြတာက အဖျားစွတ် ဂျင်၊ ဇေနှင့် ခြိမ်းရယ်ဖြစ်သွားသည်။ အကအဖွဲ့ ထူထောင်ကြတော့ လည်း ဒီနာမည်တွေကိုပဲ လူသိများတာမို့ တစ်ခါတလေ ကိုယ့်နာမည်အရင်းတောင် မေ့တော့တော့။

ဒီမနက်တော့ နှစ်ယောက်သား ခြိမ်းထံ ရောက်လာတာ မနက်အစောကြီးကတည်းက။ လာတုန်းက လုပ်ငန်းကိစ္စဆွေးနွေး ရန်ဖြစ်ပြီး ပြောဖြစ်သွားတော့ မနေ့က အုကြောင်ကျားမလေးရဲ့ ကိစ္စ။

"ငါလည်း အဲဒါပဲပြောမလို့ကွ၊ မိန်းမဆိုတာ ကမ္ဘာဦး အစမှာကတည်းက ငါတို့နံရိုးနဲ့ ဖန်ဆင်းထားတဲ့ အရာပါကွ၊ မျက်ရည်ကျအောင် မလုပ်သင့်ဘူး၊ ဖြစ်ချင်းဖြစ် ချစ်တမ်းကြိုက် တမ်း ကစားကြတာဆို ဟုတ်တုတ်တုတ်"

"အရေးထဲ…နှာဘူးက တမျောင့်"

ဂျင်ကလှည့်ပြီး နှိပ်ကွပ်သည်။

"ဟောကောင်…ဒါ ဘူးတာမဟုတ်ဘူး၊ ဖြစ်နေတာကို ပြောပြတာ၊ ဒီကမ္ဘာမှာ လူတိုင်း ဘယ်သူက အချစ်နဲ့ကင်းလို့လဲ၊

ဝိုး ဝိုး ၁၀၇၆၀



အဘိုးအဘွားတွေကအစ ကလေးအလယ် ခွေးအဆုံး"

"ညစ်ပတ်တာတွေ ပါမလာနဲ့ ဇေ၊ မင်းရှေ့မှာ ကိုယ်ထင် ပြနေတဲ့ ကောင်ကြီး ရှိနေတာတောင် မင်းက အချစ်အကြောင်း လေတွေတိုက်နေသေးတယ်"

ခြိမ်းက ခြေထောက်နှစ်ဖက်ကို ပူးပြီး ကိုယ်ကို တစ်ပတ် လှည့်ပစ်သည်။ ပြီးမှ လက်နှစ်ဖက် မိုးပေါ်မြှောက်ပြီး ကကွက်ကို အဆုံးသတ်၏။ ဂျင်နဲ့ဇေကတော့ သူ့ကိုရှေ့ထားပြီး သူ့အတင်း ပြောမဆုံးသေး။

"ငါက လေတိုက်တာ မဟုတ်ဘူး၊ ဒီကောင့်ကို ထူးဆန်း လို့ပြောနေတာ၊ နှလုံးတော့ ခုန်နေပြီ၊ အဲဒီနှလုံးသားက ရန်ဖြစ်ဖို့ လောက်ပဲ အသုံးဝင်သလားမသိဘူးလို့"

"ခေါက်…ခေါက် သားရေ"

ဖွင့်ထားသော တံခါးရွက်ကို ခေါက်ပြီး ခေါ်သံပါကြား တာမို့ ခြိမ်းက ခန်းလုံးပြည့်တပ်ထားသော မှန်ချပ်တွေထံမှ လှမ်းကြည့်သည်။ ဒေါ်ကေသီက လိမ္မော်ရည်ဖန်ခွက်တွေ ထည့်ထားသော ဗန်းကိုသယ်ရင်း အခန်းထဲထိ ဝင်လာကာ အကကျင့်ပြီးစ ချွေးတရွဲရွဲနှင့် ခြိမ်းကိုကြည့်ပြီး…

"ဒီနေ့ပွဲရှိလို့လား သား"

"ညနေမှ မာမီ"

ခြိမ်းက လိမ္မော်ရည်တစ်ခွက် လှမ်းယူရင်း တစ်လက်စ တည်း နဖူး၌စည်းထားသော အနက်ရောင်နဖူးစည်းကို ဆွဲချွတ်

ဝိုး ဝိုး ၁၀၇၆၀

www.burmeseclassic.com

www.burmeseclassic.com



သည်။ အနီရောင် ချိုင်းပြတ်အင်္ကျီ၊ ဘေးစင်းအဖြူကျားပါသော အနီရောင်ဘောင်းဘီနှင့် ခြိမ်းဂ၁ သူ့အားလပ်ချိန်တိုင်း ဒီအကခန်းထဲမှာပဲ အချိန်ဖြုန်းတတ်သည်။ ေ ၢးသီချင်း နားထောင်ရင်းပဲဖြစ်ဖြစ် တီးလုံးမြူးကြွကြွဖွင့်ရင်း ကကွက်တွေရှာရင်းဖြစ်ဖြစ် ဒီအခန်းက သူ့ရဲ့သီးသန့်ကမ္ဘာတစ်ခုလို။

ဒေါ်ကေသီက ဖေတို့ထံ လီမွော်ရည် ကမ်းပေးရင်း…

"သားတို့ရော ဒီနေ့သင်တန်းပေးစရာ မရှိဘူးလား"

"နေ့ခင်းမှ အန်တီ၊ kid show အတွက် ကလေးတွေကို ကျင့်ပေးရမှာ"

"ဒီကောင့်ကို ကလေးတွေပဲ လက်ခံတာ အန်တီကေရ"

ဖေက ဂျင့်ပခုံးကို ပုတ်ပြီး ဝင်ပြောတော့…

"မင်းကျတော့ ဖော်တီအိုဗာတွေပဲ လက်ခံတာလေ၊ ဝိတ်လွန် ဒိတ်လွန်တွေ"

ဂျင်က အားကျမခံ ပြန်နှက်သည်။ သူတို့ အစဲင်(န်)ရှယ်(လ်)ဒန်ဆာဂရု(ပ်)ရဲ့ သင်တန်းခန်းမမှာ အရွယ်စုံ လူစုံအတွက် ကကွက်အစုံရှိပါသည်။ တချို့က အဆီချချင်လို့ ကျန်းမာရေးအတွက် သက်လုံကောင်းချင်လို့နှင့် ဒန်ဆာသင်တန်းတက်ကြသူတွေ အများအပြား။ ဒေါ်ကေသီက သားသူငယ်ချင်းတွေရဲ့ အငြင်းပွားမှုကို ခပ်ပြုံးပြုံး နားထောင်ပြီးမှ…

"ဒါဆိုလည်း ထမင်းစားပြီးမှ သွားကြလေ၊ အန်တီအိမ်မှာ ဝက်သားပေါင်းတယ်"





"အို…ဗဲရီးဂွတ်၊ ဝက်သားဆို အသံကြားတာနဲ့ သွားရည်ယိုပြီ"

"မင်းငတ်ကြောင်း လူတကာသိတယ်၊ ကြော်ငြာမနေနဲ့ ဂျင်"

"မာမီ"

အခန်းထဲမှ ထွက်ဟန်ပြင်နေသော ဒေါ်ကေသီခြေလှမ်း တုံ့သွား၏။ ခေါင်းငဲ့ကာ လှည့်ကြည့်ရင်း…

"သားကရော ဆာပြီလား၊ မာမီက စောသေးတယ်ထင်လို့"

ခြိမ်းက မအေ့ကိုလည်း မော့မကြည့်။ လက်အိတ်ကို ဆွဲချွတ်ပြီးမှ ခေါင်းမော့လာကာ…

"K.7 ကို ရောက်သေးလား"

ကိုယ့်ဆိုင်နဲ့ပတ်သက်လာပြီမို့ ဒေါ်ကေသီက ခြိမ်းနှင့် မျက်နှာချင်းဆိုင် လှည့်ရပ်သည်။

"ဘာဖြစ်လို့လဲ သား"

"သွားကြည့်ပါဦး၊ ဆိုင်မှာ ဆိုးဆိုးရွားရွားမဖြစ်ခင် တားသင့်တာတားရအောင်"

"လူသစ်မိန်းကလေးအကြောင်းလား သား"

ခြိမ်းက လက်အိတ်ကို လက်တစ်ဖက်က စုကိုင်ကာ တစ်ဖက်လက်ဖဝါးကို တဖျတ်ဖျတ်ရိုက်ရင်း ခေါင်းညိတ်ပြ၏။ ဒေါ်ကေသီက အလို ေ ျခွာ ပုပ်သိုးသိုးဖြစ်နေသော သားမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ချောချောကို စိုက်ကြည့်ရင်း…

"မေကြျုး ပြောပြီးပါပြီသားရယ်၊ မိန်းကလေးက တော်ပါတယ်"

"မတော်ပါဘူး သူက"

"အလကား အန်တီကေ၊ သူ စတာ၊ ဟိုက ငိုပွဲမဆင်လို့ ပေါက်ကွဲနေတာ၊ ဝေဖန်တာလည်း ကြည့်ဦး၊ ငိုစရာတောင် မျက်ရည်မကျတတ်တဲ့ အူကြောင်ကျားတဲ့"

"သူက သူများမျက်ရည်ကျမှ စားဝင်အိပ်ပျော်တတ်တာလေ"

ဒါမျိုးကျတော့ နှစ်ယောက်သား အတိုင်အဖောက်ညီသည်။ ခြိမ်းကို ဝိုင်းတို့ထောင်နေကြတာ တက်ညီလက်ညီ။ သူက ဖေတို့နှစ်ယောက်အား မျက်တောင်စင်းချကာ ခပ်ဖွေဖွေလှမ်းကြည့်တော့လည်း ပါးစပ်ပိတ်သွားကြတာ အတူတူ။ ဒေါ်ကေသီက ဒီသုံးယောက်ဖြစ်နေပုံကို ကြည့်ပြီး…

"မိန်းကလေးက တော်ရှာပါတယ်သားရဲ့၊ ဝတ်ပုံစားပုံကလည်း သိမ်သိမ်မွေ့မွေ့လေး"

"မာမီ တွေ့ပြီးပြီပေါ့"

"အင်း…အဝေးကပါပဲ၊ ဟိုတစ်နေ့က ဆိုင်မှာ လိုတဲ့ ပစ္စည်းတွေအတွက် သွားကြည့်ရင်း လှမ်းတွေ့တာပါ၊ မာမီတော့ သဘောကျတယ်၊ ချစ်စရာလေး သားရဲ့"

မာမီက ချစ်စရာလေးဆိုတော့ ခြိမ်းက သိသာအောင်

ဝိုး၊ မိုး၊ ၈၁၆ပ



နှာခေါင်းရှုံ့ကာ မျက်နှာလွှဲပုံက သားအမိချင်းမို့ အားနာခြင်းလုံးလုံး မရှိတဲ့အတိုင်း။ အသားညိုညိုမှာ ဆံပင်ရှည်ကြီးတွေနဲ့။ ဒီကြားထဲ အသားကပ်ခြေအိတ်တွေ စွပ်ထားသော ခြေချောင်းတွေ မြင်ယောင်တော့ ဟွန့်ခနဲ အသံပါထွက်သွားရသေးသည်။ ဒေါ်ကေသီကတော့ သားအကြောင်းသိသူပီပီ…

"သွက်သွက်လက်လက်လေးပါ၊ သားကိုတော့ ခြင်းချက်ပေါ့၊ ခြိမ်းဆိုတဲ့အတိုင်း ခြိမ်းလိုက်ခြောက်လိုက်သွားလုပ်တော့ ကြောက်သွားတာနေမှာပေါ့"

"ကျစ်…မကြောက်ပါဘူး မာမီရာ"

ခြိမ်းက ငြီးငြီးငြူငြူပြောတော့ ဘေးကနှစ်ကောင်က ပခုံးတွန့်သူနှင့် စပ်ဖြီးဖြီးလုပ်သူနှင့်။ ကိုယ်ပြောသမျှ နှုတ်ခမ်းတွေစေ့ကာ ပြုံးချင်စိတ်ထိန်းရင်း ဟုတ်ကဲ့ချင်းထပ်အောင် ကိုကြီးချင်းထပ်အောင် လုပ်နေသူက ကြောက်သတဲ့လား။

ဟွန်း…ပြောပြန်ရင် ဒီကလူကြမ်းကြီး ဖြစ်ဦးမည်။ အဲဒီ တစ်ယောက်က အထာမကျတာ တကယ်။

◆ ◆ ◆

ဝိုး၊ မိုး၊ ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ရှင်...တကယ်"

"လုပ်ပြီ...မျက်လုံးပြူး မျက်ဆန်ပြူးနဲ့"

နီလာက လိုအပ်တာတွေ ပြင်ဆင်ရင်း လှမ်းပြောတော့

"အဲဒါကြောင့် ဟိုတစ်ယောက်က ခြိမ်းခြောက်သွားတာနေမှာ"

မာနိုင်က ထောက်ခံတာ တက်ညီလက်ညီ။

"အံမယ်...ဒါပေမဲ့ မယ်မင်းကြီးမလေးက အပြုံးမပျက်ပါပဲတော်"

အပြီးသတ် ဖျာလိပ်ကို လုံချည်ကွင်းစည်းပေးရင်း မမစောက လှမ်းပြောသည်။ ထင်က ရေမခြောက်တခြောက်ဆံပင်တွေကို ပခုံးတစ်ဖက် ဆွဲသိမ်းရင်း ခြိမ်းမျက်နှာကို မြင်ယောင်တော့





နှုတ်ခမ်းဖျားမှာ အလိုလို အပြုံးတို့ကို ဖြစ်တည်၏။ မျက်ခုံးကြီးအတွန့်ချိုးပြီး ခြိမ်းဆိုတဲ့ ကိုကြီးက ယောက်ပေမဲ့ ထင်က ကြောက်မှမကြောက်တာ။

"ဟော...ပြောရင်း ပြုံးပြန်ပြီ"

မမစောက ထအော်သဖြင့် အားလုံးရဲ့အကြည့်က ထင့်ထံ ဦးခဲ့ ပစ်စောင့်၏။ ဒီနေ့က ထင်တို့ K.7ကြီးရဲ့ အားလပ်ရက်ဖြစ်သဖြင့် ရှိရှိသမျှ အားလုံးသော ဝန်ထမ်းတွေက အဆောင်မှာ စုရုံးနေမိသောအချိန်။ ထင်က ကိုယ့်ထံ စုပြုံလာသော အကြည့်တွေမှ လွတ်မြောက်ရန် အခန်းထဲမှ ထွက်ခွာဟန်အပြင်...

"ဘယ်ပြေးမလဲ မိရွှေသဲ"

မာနိုင်က သနပ်ခါးသွေးပြီးသား ကျောက်ပျဉ်ကြီးကို ကိုင်ပြီး ထင့်ရှေ့မှ ပိတ်ရပ်ကာ အော်သည်။ သီဂီက ထင့်လက်တစ်ဖက်ကို လာဆွဲခေါ်ရင်း...

"ဖျာလိပ်နတ် မေးမလို့ပါဆို"

"ထင် မပါ"

"မရဘူး၊ အားလုံး လူစုံတုန်းလေး မေးရတာ၊ အမေမအောင်ဖြူက လျှို့ဝှက်ထားသမျှတွေ ဖော်မှာစိုးလို့လားပြော"

"မမစောကလည်း မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ၊ ညည်းလေးရဲ့ သမင်ဆွဲတဲ့ ရထားတို့၊ သရဖူဆောင်းရတဲ့ကိစ္စတို့ ပေါ်ကုန်မှာစိုးလို့ မဟုတ်လား"

အားလုံးထဲမှာ ထင်က အသက်အငယ်ဆုံး။ ရွယ်တူ မာနိုင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့တောင် လပိုင်းလောက် ငယ်တာမို့ မမစောက ထင့်ကိုဆက်ဆံတာ တကယ့်ညီမလေးလေးလို။ အခုလည်း ချစ်စနိုးနှင့် လှမ်းပြောတာပေမဲ့ သနပ်ခါးပါးကွက်ကျားထားသော ပါးပြင်တွေက ရဲခနဲ အရောင်ရင့်သွားကာ…

"ကြည့်စမ်း…မာနိုင်၊ နင်က"

"မာနိုင့်ကို အပြစ်မတင်နဲ့၊ မမစောက အိပ်မက်စာအုပ်ဖတ်နေတာတွေ့လို့"

"နိုင်က နင့်အတွက် စုံစမ်းပေးတာပါ ထင်ရဲ့"

မမစော ဖြေရှင်းချက်မဆုံးခင် မာနိုင်က ထင့်ပခုံးကိုပြေးဖက်ပြီး ချော့သည်။ ထင် စိတ်မဆိုးတတ်မှန်း သိပေမယ့် သူငယ်ချင်းမလေး စိတ်မကောင်းဖြစ်သွားမှာ စိုးရိမ်လို့ပါ။ ထင်က ထုံးစံအတိုင်း မျက်လွှာချရင်း မပွင့်တပွင့်နှင့်…

"နိုင်ကလဲ"

"အမလေး ညီအစ်မတွေလို နေကြတာကိုပဲ ရှက်နေလိုက်တာ ချစ်စရာလေး"

"နီလာတို့ပါ သိတယ်"

မျက်လွှာအပင့်မှာ ထင့်ရဲ့မျက်တောင်တွေက မျက်ခုံးရိုးအစပ်နားဆီ အလန့်တကြား ပြေးကပ်သွားတာကို ကြည့်ရင်း နီလာက ဟက်ဟက်ပက်ပက် ရယ်သည်။

"ဘာဖြစ်လဲ သီတော့"

"ဟုတ်ပ၊ ဟို့တွေ ညဘက် အိပ်မက်မက်ပြီးရင် မနက်

ဦး:ဦး:၈၇၆ပ



ကျ မမစောကြီးရဲ့ အိပ်မက်ကျမ်းကို အရင်ပြေးလှန်တာပဲ"

"ထင် မက်တာတွေက အတိတ်နိမိတ်ကောင်းတယ်ကွ"

နီလာနဲ့ သီဂီရဲ့ ပြောစကားတွေကြားတော့ ထင် မျက်လုံးက ကလယ်ကလယ်နှင့် ဟိုဘက်ငဲ့ကြည့်လိုက်၊ ဒီဘက်ငဲ့ကြည့်လိုက်။

"ကဲ…အတိတ်နိမိတ်ကောင်း မကောင်း အမေ့ကိုမေးကြမယ်၊ လာကြတော့၊ ဒီမှာ အဆင်သင့်ဖြစ်နေပြီ"

မမစောက လှမ်းခေါ်သည်။ ဖျာလိပ်မှာ ထဘီစည်းပေးထားပြီး သနပ်ခါးပါးကွက်ကျားနှင့် အမေက ထင့်ကို စိုက်ကြည့်နေသယောင်။ ရင်ထဲ ဒိတ်ခနဲဖြစ်သွားပြီး ထင့်တစ်ကိုယ်လုံးကြက်သီးတွေ ဘာတွေ ထသွားသည်။ ကြောက်စရာမဟုတ်မှန်းသိသိကြီးနဲ့ ထင့်ရင်ထဲ လန့်နေတဲ့အဖြစ်ကိုလည်း မကျေနပ်။

"ဟင့်အင်း…ထင်က"

"လာစမ်းပါ ထင်ရယ်"

ငြင်းဆန်ခွင့်မရဘဲ အားလုံးရဲ့ ဆွဲခေါ်မှုမှာ ထင်က ဖျာလိပ်နတ်ရှေ့ ဒူးထောက်လိုက်ရ၏။

"ငါတို့လို ကိုင်ထားလေ ထင်"

သီဂီကပြော၍ ထင်က သူမလက်နှစ်ဖက်နှင့် ဖျာလိပ်ကိုထိန်းထားရသည်။ အိမ်နေရင်းမို့ နီညိုရောင်ခါးတိုအင်္ကျီလက်ပြတ်နှင့် အနီအကွက်တုံးလေးတွေပါသော ထဘီကြောင့် ထင့်မျက်နှာက အနီရင့်ရောင်ဟပ်လေသလား။ ကြောက်စိတ်ကြောင့် အရောင်ရင့်

ဦး:ဦး:၈၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



လေသလား။ မသေချာဘဲ နီလာက စချင်သောစိတ်ကြောင့်…

"အမေ့ကို ခေါ်တော့မှာနော် ထင်၊ နင်က ကြောက်ပြ မနေနဲ့၊ အမေ စိတ်ဆိုးသွားဦးမယ်"

"ကဲပါ…နီလာရယ် မစ,စမ်းနဲ့၊ ထွက်ပြေးသွားမှ ငါတို့ ပွဲလေး ပျက်သွားမှာစိုးရတယ်၊ ကဲ အမေ ကြွတော်မူပါ၊ သမီးတို့ ထံ အလည်လာပြီး လမ်းမှားရှိက ပြင်ပေးပါ၊ လမ်းကောင်းညွှန် ပေးပါ၊ အမေ့သမီးတွေကို စောင့်ရှောက်ပေးပါ"

မမစောရဲ့ စကားအဆုံးမှာ အားလုံး ကိုင်ထားသော ဖျာလိပ်ကြီးက တဒီဒီနှင့် စတင်လှုပ်ရှားလာပြီ။ ထင်က ဘေးရှိ မာနိုင်ကို လှည့်ကြည့်တော့ မာနိုင်က မျက်စပစ်ပြ၏။ ဒီဘက်ရှိ သီဂီက ပခုံးစုံတွန့်ပြသည်။ မမစောက သဘောတကျနှင့်…

"အမေရောက်ပြီဆိုရင် သိသာထင်ရှားစွာ အချက်ပြပေး ပါ"

ပြောလည်းပြောတတ်တဲ့ မမစော။ ဖျာလိပ်ကြီးကလည်း မမစောခေါင်းဘက်ကို ဖုန်းခနဲနေအောင် ရိုက်ပြတော့ ထင့်မှာ ကြောက်စိတ်ကြောင့် မျက်လုံးတွေ ပြူးထွက်သွားရတဲ့အထိ။ ကျန်လူတွေကတော့ အားလုံးပြုံးစေ့စေ့။

"ကဲ…အမေ သမီးရဲ့ချစ်သူက ရေခြားမြေခြားရောက်နေ ပါတယ်၊ အဲဒါ ဘယ်အခါမှ နီးစပ်ရမလဲဆိုတာ"

ဒုတိယ ဖျာလိပ်က ဖုန်းခနဲမြည်သံပေးပြီး ရိုက်သည်။

"ဒါဆို နီးရမှာလား အမေ"





ဖျာလိပ်က တယမ်းယမ်းတခါခါနှင့် တတိယအကြိမ် ထပ်ရိုက်တော့ မမစောမျက်နှာက ငယ်ကျသွားကာ…

"ကြာဦးမယ်ပေါ့ ဟုတ်လား အမေ"

ဖျာလိပ်က အဖြေကို ကျေနပ်သွားသလို ငြိမ်သွားတော့ လည်း ချက်ချင်း။ ထိုအခါ နီလာက တစ်စခန်းထပြန်သည်။

"သမီးတို့အထဲမှာ ဘယ်သူ ရည်းစားရကိန်းရှိလဲ အမေ"

သီဂီခေါင်းပေါ် ဖျာလိပ်က ဝုန်းခနဲ ပစ်ချသည်။

"ဟွန်း…မေးရတော့ ငါ၊ ရတော့ သူ"

နီလာက မကြားတကြားရွတ်တော့ သီဂီက အူပြုံး၍ ထရပ်ကာ…

"ငါ့ကို ကိုသက်ထွဋ်ကြီး ပရိုပို့(စ်)လုပ်တော့မှာပေါ့၊ လုပ်လို့ကတော့ တစ်ခါတည်း အဖြေပေးပစ်မယ်"

"ဩော်…ဩော် နင် တော်တော်မူတာပဲနော် သီဂီ"

မာနိုင်က ငေါ့တော့တော့ ပြောသည်။

"ဒီခေတ်က ဒူးအော်ဗိုင်းပဲ၊ Yes ပါဆိုတာ အချိန်ဆွဲရင် အပျိုကြီးဖြစ်သွားကိန်းရှိတယ်"

"တော်ကြစမ်းပါဟယ်…အမေ့ရှေ့ထားပြီး ပြောချင်ရာ ပြောနေ၊ အမေ စိတ်ဆိုးသွားလိမ့်မယ်ဟဲ့"

မမစောက ဝင်ဟန့်ပြီး…

"အမေ…အချစ်ဦး၊ ရည်းစားဦးနဲ့ရော လွဲမဲ့သူရှိရင်"

"ဖုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…ထင့်ကိုတော့"

ဖျာလိပ်က ရိုက်ပြီး ထင့်နာမည် ဝိုင်းအော်ကြတော့လည်း အကုန်သံပြိုင်။

"အမေ…သေချာအောင် ပြောပါ၊ ထင်က ရည်းစားဦးနဲ့ လွဲမဲ့သူ"

"ဖုန်း"

"ဟယ်"

ဒီရိုက်ချက်က ထိထိမိမိ။ ထင့်အာရုံထဲမှာ ဂျစ်တိဂျစ်ကန် ခြိမ်းရပ်သွင်က ဖျတ်ခနဲပေါ်လာသည်။ သတိရတိုင်း တွေးမိသည်။ တွေးတိုင်းမြင်ယောင်ပြီး မြင်ယောင်တိုင်း ရင်ခုန်ရသော ခြိမ်းနှင့် ထင်က လွဲရမယ့်သူတွေလား။ ထင့်ရင်ထဲ တွေးရုံနှင့် ဆွေးသော နှလုံးသားသည် အဖတ်ဆည်မရအောင် နွမ်းယိခွေယိုင်စွာ။ တကယ် ဆို ထင့်ကို ခြိမ်းဆိုတဲ့သူကတောင် မမှတ်မိဘဲနဲ့ကွယ်။

"ဘာမှခံစားမနေနဲ့ ထင်၊ ဒါ အပျော်စတာ"

"အပျော်ဆိုပေမယ့် စတာတော့မဟုတ်ဘူး မာနိုင်၊ အမေ့ ကို ငါယုံတယ်၊ အမေ့ဟောကိန်းအတိုင်း မှန်သွားတာချည်းပဲ၊ ဒါ ငါ့ကိုယ်တွေ့"

မမစောအပြောကြောင့် ထင် ခေါင်းလေးငုံ့သွားသည်။

အမေ မအောင်ဖြူ ဘယ်လိုပြန်ထွက်သွားလဲမသိ။ ထင့်မှာတော့ ယူကြုံးမရ နုံးချည့်သောစိတ်နှင့် နွမ်းလျစွာ ကျန်ခဲ့ သည်။ ဖျာလိပ်နတ်ကိုယုံသော မမစောကတော့ အကြံပေးသား။





"သိပ်မခံစားရတဲ့လူကို ရည်းစားထား၊ ပြီးရင် ဖြတ်ပေါ့၊ အဲဒါ ယကြာ"

မခံစားရတဲ့လူကို ဖြတ်ဖို့ပြောနေ ဒီမှာခံစားရတဲ့လူနဲ့ လွဲမယ်ဆိုတာနဲ့ အသည်းကွဲချင်နေတဲ့အကြောင်း ဘယ်သူ့ကို ရင်ဖွင့် ရမှန်းမသိ။ တစ်ယောက်တည်း ဟစ်၍သာ ငိုချင်းချချင်သည်က ထင်။

အချစ်က ချစ်နိုင်းတိုင်း ချစ်၍ ပစ်နိုင်းတိုင်း ပစ်၍ ရပါသလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"နင့်အခန်းကို မှတ်မိတယ်နော် ထင်"

"မှတ်တော့ မှတ်မိပါတယ်၊ ဒါပေမဲ့ အခန်းတွေက အားလုံးအတူတူဆိုတော့"

"ဩော်…စာသင်ခန်းတွေပါဆိုမှ အကုန်အတူတူပေါ့ ထင်ရယ်၊ တကတည်း ထားသွားမဲ့သူကို စိတ်မဖြောင့်အောင်"

မာနိုင်က ဒိုင်ယာနာပုံညှပ်ထားသော ဆံပင်တိုကပ်ကပ်ကို လက်နဲ့ခွဲဖွပြီး ထင့်ဘေးနားမှာ စိတ်ပျက်စွာ ဝင်ထိုင်သည်။ ဒီတော့မှ ထင်က မာနိုင့်ကို အားနာဖို့ သတိရသွားသည်။ ဟုတ်သားပဲ။ ကျောင်းမတက်ခင်ကတည်းက အဝေးသင်ဆယ်ရက်မှာ ထင်ဝတ်ရန် အဝတ်အစားကိုလည်း မာနိုင်နှင့် ဆိုင်ကလူတွေပဲ ခေါင်းချင်းရိုက် စီစဉ်ပေးခဲ့သည်။ နီလာကဆို…





"ထင့်ရဲ့ ဒီဇိုင်နာတွေက တခြားလူတွေလို တစ်ယောက်တည်းမဟုတ်ဘူး၊ ဆယ်လီဘရစ်တီတွေထက်သာတယ်၊ ပေါင်း လေးယောက်"

နီလာပြောတဲ့အတိုင်း တကယ်လည်း ထင့်ကို ဝိုင်း၍ စီစဉ်ပေးကြပေမယ့် ထင့်စိတ်ကြိုက် တစ်ခုမှမပါ။

"ဒီနှစ်ရဲ့ ကိုယ်စားပြုအရောင်က လိမ္မော်တဲ့"

"ဟင့်အင်း…ထင် အရောင်တောက်တာတွေဆို မကြိုက်"

စကားက ဒါပဲ စရသေးသည်။

"မကြိုက်လည်း ဝတ်၊ လျှာမရှည်နဲ့၊ အခု သွားမှာ တက္ကသိုလ်နော်"

"သိပါတယ် သီဂီရယ်"

"ရိုပ်သာနဲ့ မှားနေမှာစိုးလို့"

ထင့်ကို အပြောခံရတာ တစ်စက်မှ သက်သာစရာမရှိ။

"အပေါ်အင်္ကျီက ဖြောင်လေးကို ထဘီကျ အဖြူခံပေါ် အရောင်ဖောက်တာတွေ ရွေးဝယ်ဟော့၊ အပေါ်က ခရမ်းရင့်ဆို အဖြူခံပေါ် ခရမ်းရင့်ဖောက်တာမျိုး"

"အဲဒီလိုဒီဇိုင်းတွေချည်း ဝယ်မလား မမစော"

"ဒါပေါ့…အင်္ကျီကိုပဲ ပုံစံအမျိုးမျိုး ပြောင်းချုပ်မယ်၊ ခါးတိုရင်စေ့တွေ မချုပ်နဲ့"

"မမစော ထင်က မြန်မာဝတ်စုံပဲ ဝတ်တတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပြော၍မရမှန်း သိသိကြီးနှင့် ထင်က ဝင်စောဒကတက်မိသေးသည်။

"ငါသိပါတယ်၊ ညည်း လျှာမရှည်နဲ့၊ မြန်မာဝတ်စုံ ဘောင်ထဲမှာပဲ ခေတ်လည်းမှီ၊ ကိုယ်လုံးအလှလည်းပေါ်အောင်"

တစ်ယောက်နဲ့တစ်ယောက် မျက်စပစ် စီစဉ်ပြီး ထင် ကိုယ်တိုင်းပေးရသော။ ထွက်လာတော့လည်း အရောင်အသွေးရော ဒီဇိုင်းရောက အင်မတန် လှသည်။ လည်ထောင်လက်ဖောင်းလေး တွေကို ခါးအောက်နားဆီ ကျပ်ကျပ်လေးသိမ်ဆင်းသွားကာ တင်ပါးအထက်နားမှာ ဝိုက်ဝိုက်လေးသိမ်သွားတော့ ထင်ရဲ့ ရှိရင်း ဖွဲ့အလှလည်း ပေါ်လွင်သည်။ ယဉ်ကျေးသိမ်မွေ့သော မြန်မာ မိန်းကလေးအသွင်အပြင်က တခမ်းတနား။

"အဝတ်အစားပြီးရင် ဆံပင်နဲ့မျက်နှာပိုင်း၊ ငါတာဝန်ယူ တယ်"

နီလာက ဘယ်သူမှ တာဝန်မပေးဘဲ ထင့်ကို သူလိုချင် သည့်ပုံစံ ပြောင်းပစ်ရန် ကြိုးပမ်း၏။ ထုံးစံအတိုင်း ထင်က ခြေကာ လက်ကာနှင့် ငြင်းဆန်ပေမယ့် မရ။

"K.7 ရဲ့ ဝန်ထမ်းဆိုပြီး ပြောရင် ငါတို့ဆိုင်တောင် နာမည်ပျက်မှာ ထင်၊ နင်က ပုံတုံးကြီး"

"တုံးပါစေဟာ၊ ထင် ဖြောင့်တာကောက်တာတွေ မလုပ် ရဲဘူး တကယ်"

"ထင့်ကို ဘယ်သူက ကောက်မယ်၊ ဖြောင့်မယ်ပြောလို့





လဲ၊ ထင့်ဆံပင်က ဒီလောက်အိစ္စေးပြီး အရောင်တောက်နေတာကိုး၊ စင်းသွားအောင် ဖယောင်းသွင်းမယ်၊ ပြီးရင် ချောကလက်ရောင် ပါးပါးလေး တင်ပေးမယ်"

ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်တတ်သော ထိုအုပ်စုလက် ထဲမှာ ထင်က တကယ့်အရုပ်။ ဒါနဲ့တင် အားမရသေးဘဲ အမိန့် တစ်ရပ် ထုတ်ပြန်ထားသေးတာက…

"ဒီအဝေးသင်ဆယ်ရက်အတွင်း သနပ်ခါးမလိမ်းရ"

"ဆံပင်မစည်းရ"

"မျက်တောင်ကော့ရမည်"

"ဖိနပ်နည်းနည်းမြင့်တာ စီးရမည်"

တစ်ယောက်တစ်ခွန်းစီ ထုတ်ထားသော စည်းကမ်းချက် တွေထဲမှာ ထင် မလှုးသာမလွန့်သာနှင့်။

"ကဲ…အမိ"

စားပွဲခုံကို ဖြန်းခနဲရိုက်ပြီး ခေါ်သော မာနိုင့်အသံကြောင့် ထင်က ဖျတ်ခနဲ တုန်သွားသည်။

"နိုင့်ကို ဒီမှာ ဘယ်လောက်ကြာအောင် ထိုင်စေချင်လဲ"

"ထင်က"

"လုပ်မနေနဲ့၊ နေခဲ့တော့ ထင်၊ နင်နဲ့ငါ မေဂျာလည်း တူတာမဟုတ်ဘူး၊ ငါ့အတန်း သွားရှာရဦးမှာ"

"နေ…နေပါဦး မာနိုင်ရဲ့"

ထရပ်သော မာနိုင့်လက်ကို ထင်က မရမကလှမ်းဆွဲရင်း



www.burmeseclassic.com

www.burmeseclassic.com



"ထင့်ကို တွိုင်းလက်ထဲ ပို့ပေးဦး"

"ထင်…နင်ဟာလေ"

"လာပါ နိုင်ရယ်"

"နင် ခုနကပဲ တစ်ခါဝင်ပြီးပြီလေ"

"တိုးတိုးပြောပါ နိုင်ကလဲ၊ ထင် ဒါကြီးတွေနဲ့ အသား မကျဘူးဆိုတာ သိသားနဲ့"

ကော့ညွတ်ပြီးသား ထင့်ရဲ့မျက်တောင်ကို တမင်အရောင်တင်ပေးထားတာကိုပဲ ရည်ရွယ်သလား။ Gloss ပါးပါးလေးတင်ထားသော ထင့်ရဲ့နှုတ်ခမ်းကိုပဲ ပြောလေသလား မသိတော့။ သူများတွေများ လှချင်လွန်းလို့ ဒုက္ခခံကြတာကို။ ဒင်းကျမှ မာနိုင်ပြောချင်သောစကားတွေကို မျက်လုံးထဲ ဖော်ပြရင်း အတန်းထဲရောက်နေသော ကျောင်းသူတချို့ကြောင့် နှုတ်ပိတ်နေလိုက်ရသည်။

"လာ"

မာနိုင် တစ်ခွန်းတည်းဆိုမိပြီး ထင့်အပေါ်မှာလည်း စိတ်က သိပ်မရှည်ချင်တော့။

"အတန်းကထွက်ရင် ဘယ်ဘက်မှာ အိမ်သာ၊ ညာဘက်က လှေကား၊ လှေကားအတိုင်း တည့်တည့်ဆင်းပြီး ပေါ်တီကိုရှေ့က ကင်(န်)တင်း၊ ဟုတ်တယ်မလား မာနိုင်၊ ထမင်းစားချိန်ကျ ငါလာရမှာ အဲဒီကင်(န်)တင်းမဟုတ်လား"

ကိုယ်ကသာ စိတ်မရှည်တာ။ ထင်ကတော့ လွယ်အိတ်ရင်ဝယ်ပိုက်ပြီး လမ်းကြောင်းကို ရွတ်နေပုံက အာဂုံဆောင်နေတဲ့





အတိုင်း။ မာနိုင်က သနားလည်းသနား၊ စိတ်လည်းပျက်ပျက်နှင့်

"မယ်မင်းကြီးမ…ဘာမှ ဝါရှီးသွားမနေနဲ့၊ ငါလာခေါ်မယ်၊ နင့်အတန်းထဲကသာ ထိုင်စောင့်"

"အဲဒါများ နိုင်ရယ်၊ စောစောကတည်းက ပြောလည်းပြီးတာကို"

ထင့်ရုပ်က ချက်ချင်း မြူးကြွသွားတာမြင်တော့လည်း မာနိုင်မှာ စိတ်တိုရသမျှ အငွေ့ပျံချင်ချင်။

"အေးပါ..နိုင်မှားပါတယ်၊ ကဲ ထင် နင့်ကိစ္စပြီးရင် အတန်းထဲပြန်သွားတော့၊ နိုင်လည်း နောက်ကျနေပြီ"

"ပြီးပါပြီ နိုင်ရဲ့၊ အိမ်သာဝင်ပြီး နှုတ်ခမ်းနီတွေ ဖျက်ပစ်တာ သိလား မာနိုင်၊ အဲဒီနှုတ်ခမ်းမှာ စိုစိစိကို ငါမနေတတ်လို့ မမစောတို့ကို ပြန်မတိုင်နဲ့နော် နိုင်"

"ပြန်မတိုင်စေချင်ရင် လာမပြောနဲ့ပေါ့"

"နိုင်ကလည်း ထင်က နိုင့်ကို ယုံကြည်လို့ ပြောပြတာပေါ့"

ရှုပုပ်ကာ မျက်စောင်းကြီးတရွယ်ရွယ်နှင့် မာနိုင့်အား မျက်နှာကြည့်ချော့ရင်း အတန်းထဲ ထင် လှမ်းအဝင်…

"အင့်"

"အမေ့"

မြည်သံက အတော်ကျယ်သည်။ ဝင်တိုက်သောအရှိန်က ပြင်း၍ ထင် နောက်ဘက်သို့ ယိုင်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အို..ဒါဘာဖြစ်တာလဲ၊ လူတစ်ယောက်လုံးတောင် မမြင်ဘူးလား၊ မျက်စိက ဘယ်ရောက်နေတာလဲ"

ယိုင်သွားတဲ့အရှိန်ရော လက်ထဲက ဗိုင်တွဲတွေပါ ပြုတ်ကျသွားသော အသံတွေကြောင့် ထင်မှာ ပတ်ဝန်းကျင်ကို ထူပူရှက်ရွံ့သည့်ကြားထဲ တစ်ဖက်က အသံကျယ်ကျယ်နှင့် ရန်တွေ့တာခံလိုက်ရတော့ ပိုဆိုးသည်။

"ဟို...ဆောရီးပါ အစ်မရယ်၊ ထင်က ဒီဘက်လှည့်ပြီး စကားပြောနေတော့ မမြင်လိုက်တာ၊ အစ်မပစ္စည်းတွေ ထင် ပြန်ကောက်ပေး"

"မလိုဘူး ထင်"

ကိုယ့်ပစ္စည်းတွေ ကောက်ပြီးတာတောင် သူများပစ္စည်းတွေ လိုက်ကောက်ပေးဖို့ ဟန်ပြင်နေတဲ့ ထင့်လက်ကို မာနိုင်က ဆောင့်ဆွဲရင်း...

"မတော်တဆဖြစ်တာပဲ၊ သူမမြင်သလို နင်လည်းမမြင်လို့ပေါ့၊ ပြီးတော့ သူ့စိမ်းတွေမှ မဟုတ်တာ၊ တစ်မြို့တည်းသားချင်းပဲ၊ သည်းခံမှပေါ့ ယွန်း"

"ဟင်"

ယွန်းဆိုတဲ့ နာမည်ကြားမှပဲ ထင် ပစ္စည်းတွေကောက်ပေးနေရာမှ ကမန်းကတန်း မော့ကြည့်မိသည်။ ကိုယ့်ကို အပေါ်စီးမှ မိုးကြည့်နေသည့် ယွန်းမျက်ဝန်းများနှင့် တည့်တည့်တိုးမိသည်။

"ယွန်း"





"ဪ...ဘယ်သူများလဲလို့ ထင်ကိုး"

"ပုံစံတွေဘာတွေ ပြောင်းလို့ပါလား၊ ထင်တောင်မထားဘူး"

"ဘာကိုလဲ"

အပြောခံရတာ ထင်။ ဒါပေမဲ့ ဝင်မေးတာက မာနိုင်။

"တက္ကသိုလ်အထိ ရောက်လာမှာကိုလေ၊ ထင်ဆိုတဲ့နင်က လူတောမှမတိုးတာ"

"ဘာ"

"နင် ဘာစကားပြောတာလဲ ယွန်း"

"ကြားတဲ့အတိုင်းပဲ"

ယွန်းက မာနိုင့်ကိုလည်း ရှိတယ်မထင်။ တံခါးဘောင်ကို ကိုယ်တစောင်းမှီရင်း ခပ်နွဲ့နွဲ့ရပ်နေပေမဲ့ အကြည့်တွေက ထင့်ကိုယ်ပေါ်မှ ထက်အောက်စုန်ချီဆန်ချီ။ ခရမ်းရင့်ရောင်လည်ထောင်လက်ဖောင်းအင်္ကျီက ရင်ဘတ်နားမှာ ခေါက်ရာလေးတွေနှင့် ချုပ်ထားကာ ခါးတင်မို့ လှသော ထင့်ကိုယ်ခန္ဓာကို ဆောင်ကွပ်ပေးထားသလိုရှိသည်။ အဖြူခံပေါ် ခရမ်းရောင်ပန်းခက်ကြီးက ဒူးအထက်နားမှာပဲရှိကာ အောက်ဖျား၌ ခရမ်းပွင့်ကြဲလေးတွေနဲ့မို့ အဝေးကကြည့်လျှင် ထင့်အလှက ထင်းခနဲ ပေါ်လွင်၏။ ခါးနားအထိ ပျော့အိသော ထင့်ဆံပင်ရှည်တွေက ဟိုးအရင်ကလိုမဟုတ်တဲ့ အရောင်တစ်မျိုးကြောင့် စိုလက်နေ၏။ ရှေ့နောက် တတိုင်းတည်း ဆံပင်ကို အလယ်ခွဲပြီး ဖြန့်ချထားတာမို့ ထင့်ပုံစံက တစ်မျိုးတော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကောင်းသွားတာအမှန်။

"ယွန်းက ဒီအတန်းမှာလားဟင်"

ထင်က အမှတ်မရှိသလို မေးတော့ နိုင်က မျက်နှာထား တင်းတင်းနှင့် ထင့်ကို လှမ်းကြည့်သည်။

"ထင်"

"ဘာလဲ နင်က ယွန်းကို နင့်အဖော် ဖြစ်စေချင်သေးလို့ လား၊ ဒီမှာ ဒီအခန်းမှာ နင်ရှိနေတော့ ယွန်း ဆက်နေသင့်မနေသင့် စဉ်းစားဦးမယ်"

"ကြည့်စမ်း…စကားပြောပုံက လူပါးဝလိုက်တာ"

ပြောပြီး နေရာကလှည့်ထွက်သွားသည့် ယွန်းကြောင့် ထင့် မျက်နှာလေး ချက်ချင်းမှိုင်းကျသွားသလို မာနိုင်က ယွန်းကို မကျေ မနပ် တောက်ခေါက်သည်။

"ဝင်မယ်…ထင်…လာ"

မာနိုင်က ထင့်လက်ကို ဆောင့်ဆွဲပြီး စာသင်ခန်းထဲဝင် တော့ လက်ထဲက စာအုပ်တွေကို တင်းကြပ်စွာပိုက်ပြီး နိုင့်နောက် က နှုတ်ပိတ်၍ ပါလာရသည်။ စိတ်ကတော့ ထင့်အပေါ်မှာ သဘောထားတင်းမာသော ယွန်းအကြောင်း တွေးလာ၏။

"ယွန်းက တစ်မျိုးပဲနော်၊ တစ်မြို့တည်းသားချင်းတွေ ကျောင်းမှာ ပြန်တွေ့တာကိုပဲ တစ်တန်းတည်းကျတော့ ကောင်းတာ ပေါ့"

"ထင် နင်ကသာကောင်းနေ ဟိုကပြောသွားတာကြား





လား၊ ထင့်မြင်တာနဲ့ အတန်းပြောင်းမှာ ဘာညာနဲ့"

"ဒါကတော့"

"ယွန်းအကြောင်း ထင်လည်းသိတာပဲ၊ ဘာမှပြောမနေ နဲ့၊ ကိုယ့်စာကိုယ်လုပ်၊ ထမင်းစားချိန် နိုင် လာခေါ်မယ်၊ ယွန်းကို သွားခေါ်မနေနဲ့၊ ခပ်တည်တည်နေ ကြားလား"

"ကြားပါတယ် နိုင်ရယ်"

"ကဲ…ငါ သွားပြီ၊ စိတ်ချမယ်နော် ထင်"

"အင်းပါ…ဟင်"

ဒီတစ်ကြိမ် နိုင် စိတ်ချစေရန် ထင်မှာ ခေါင်းတောင် ဖြောင့်ဖြောင့်တန်းတန်း မညိတ်နိုင်။ ထင့်မျက်ဝန်းတွေက တံခါးဝ မှ ဝင်လာသော အရိပ်မှာသာ အာရုံကပ်ငြိလျက်။ ခရမ်းပုပ်ရောင် လည်ကပ်တီရှပ်ပေါ်မှာ အညိုရင့်ရောင် ချိုင်းပြတ်ခါးတိုအပေါ်ထပ် တစ်ထည် ဝတ်ထားသည့် ခြိမ်းပုံစံက လင်းလက်တောက်ပသော အရောင်တို့ဖြင့် တင့်တယ်စွာ။ ဂျင်းက အနက်ရင့်ရင့်နှင့်။ ဘေးလွယ် အိတ်ကို ကြိုးကနေ စုလုံးကိုင်ထားပုံက လွယ်အိတ်ကို စိတ်မရှည် ဟန်အပြည့်။ ဆံပင်အတိုအထောင်နှင့် နားဖျားမှာ စိန်ပွင့်ကြီးကြီး နားကပ်က တစ်ဖက်တည်း။

"ကိုကြီး"

"Wo....ဟိုမှာလာနေတာ ခြိမ်းမဟုတ်လား"

"စတိုင်လ်က မိတယ်၊ မိုက်တယ်တော်"

"သူက တို့အခန်းမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခြိမ်းရှိရင် အဝေးသင်ဆယ်ရက် ပျင်းဖို့မကောင်းတော့ဘူး၊ တကယ်"

"ခစ်...ခစ်...ခစ်"

ခြိမ်းကိုမြင်တာနှင့် တစီစီဝေနေသော အသံတွေကြားမှာ တအံ့တသြဖြစ်နေသည့် ထင့်ရဲ့ ပွင့်ဟသွားသော နှုတ်ခမ်းတွေ တော်တော်နှင့်မစေ့နိုင်။ မာနိုင်ကတော့ ဖြစ်ပျက်အလုံးစုံကို စိတ်လက်မချမ်းသာစွာကြည့်ရင်း ထင့်ကို ကြည့်သည်။

ရန်လိုတိုက်ခိုက်ချင်သူနှင့် အနိုင်လိုချင်သူတွေကြားမှာ ထင့်ကို ထားခဲ့ရမှာ မာနိုင် ရင်မောသွား၏။

"နိုင် သွားတော့မယ် ထင်၊ မှာတာတွေ မမေ့နဲ့ဟုတ်လား"

မာနိုင်က ထင့်ကို ပခုံးတို့သတိပေး၍ ထင် ခေါင်းညိတ်လိုက်ပေမယ့် ထင့်အကြည့်က မာနိုင့်ထံ ရောက်မလာ။

ခြိမ်းဆိုသည့်လူ၏ မျက်နှာမှာသာ အာရုံစူးစိုက်လျက် ရင်ခုန်လှုပ်ရှားစိတ်နှင့် တိုးတိတ်စွာ ထင် ပြောမိတာက...

"ကိုကြီးက အရမ်းချောတယ် တကယ်"

◆ ◆ ◆

နို:ဖို:၈၁၆ပ

## အခန်း (၁၅)

"တစ်မျိုးတော့ တစ်မျိုးပဲကွ"

"ဘာတစ်မျိုးလဲ"

ဂျင်နဲ့ဇွေထံမှ တိုးတိုးကျိတ်ကျိတ် ဝေဖန်သံ ထွက်လာကြပေမယ့် ခြိမ်းက ဂရုမစိုက်။

"တခြားကောင်မလေးတွေနဲ့ မတူတဲ့တစ်မျိုးကွ၊ ခြိမ်းကို ဇတ်လမ်းလုပ်တာမျိုးလည်း မဟုတ်ဘူး၊ ဒါပေမဲ့ မသိဟန်ဆောင်ပြီး စိတ်ဝင်စားမှုယူတာလည်း မဟုတ်ပြန်ဘူး"

"အေးကွ...သူ့ပစ်မှတ်က ခြိမ်းတစ်ယောက်တည်း မဟုတ်ဘူးလား မသိဘူး ဟီး...ဟီး"

နောက်ဆက်တွဲစကားကို ရယ်သံနှင့် အဆုံးသတ်သော ဂျင့်ကို ခြိမ်းက ခပ်ဇွေဇွေ လှည့်ကြည့်သည်။

နို:ဖို:၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေကွာ၊ မင်းကသိ၊ သူက ဂျင်တွေ့လည်း ပြုံးပြ၊ ငါ့တွေ့လည်း ရယ်ပြနဲ့၊ ဒါပေမဲ့ အဲဒီအရယ်အပြုံးက လုံးဝ အဖြူစား"

"ဘာလဲ…အိုကီနဲ့ လျှော်ထားလို့လား"

ဇွဲ့အပြောကို ခြိမ်း ခပ်ထွေထွေမေးတော့ နှစ်ယောက်က တိုးတိုးကျိတ်ကျိတ် ရယ်ကြသည်။ ခြိမ်းလည်း သတိထားမိသည်။ အဝေးသင်တက်တာ ဒီနေ့ဆို သုံးရက်မြောက်နေ့။ နေ့တိုင်းနေ့တိုင်း ခြိမ်းနှင့် မျက်လုံးချင်းဆုံတိုင်း ပြုံးပြသော မိန်းမလှလေးအကြောင်း။

ဝတ်သမျှက တမင် ဖက်ရှင်ထွင်ထားသည့် ထင်ရအောင် မြန်မာဝတ်စုံတွေကို အရောင်က ဆန်းဆန်းပြားပြား လှလှပပ။ ဒါပေမဲ့ ထင့်ပုံစံက အများတကာလို အလှပြလိုခြင်းလည်း မတွေ့ရ။ ကျောင်းစည်းကမ်းထက် ခေတ်လွန်ဝတ်စားထားသော ခြိမ်းတို့ သုံးယောက်ထက်ပင် ချောင်ကျသောနေရာ၌ ရွေးထိုင်တတ်သည်။ ခြိမ်း သတိထားမိသလောက် အပေါင်းအသင်းလည်း မတွေ့ရ။

"ခြိမ်း"

"ဟင်"

"ကြည့်နေပြန်ပြီကွ"

ဂျင့်စကားကြောင့် ခေါင်းငဲ့ပြီး ခြိမ်းကကြည့်တော့ ထင်က ရှိသမျှသွားတွေပေါ်အောင် ရယ်ပြတာနှင့် တန်းတိုးသည်။

"အပွန်း…သွားတိုက်ဆေး ကြော်ငြာနေတာ ကျနေ တာပဲ"





ခြိမ်းအသံက မကျေနပ်ခြင်းတွေ လျှံနေ၏။

"ငါ သူ့ကိုသိတယ်ကွ"

"ဘယ်လို ခြိမ်း၊ မင်းနဲ့သူက ဇာတ်လမ်းရှိပြီးသား ဟုတ်လား"

"ခြိမ်းမှာ ဘာဇာတ်လမ်းမှ မရှိဘူး"

"မင်းပြောတော့ သိတယ်ဆို"

"ဟုတ်တယ်လေ"

"ဟ…ဒါ ဘာစတိုင်လဲ"

"အစတုန်းကတော့ မသိသလိုလို ဘာလိုလို အိုက်ဟင် ခံနေပြီး မင်းက အခုမှ"

"အခုမှပြောတော့ ဘာဖြစ်လဲ"

"ရိုးရိုးသားသားမှ ဟုတ်ပါ့မလားပဲ"

"ဘာမှမဆိုင်ဘူး"

ဝေဖန်ချက်နောက်မှ ခြိမ်းစကားကြောင့် နှစ်ယောက်သား ထံမှ အာမေဍိတ်က ပြိုင်တူ။

"မင်းက ဒိုင်လျှိုထားတယ်ပေါ့"

ဇေက မကျေမနပ်နှင့် ပြောသည်။

"မလျှိုပါဘူး၊ သိခဲ့ကြတာက တခမ်းတနားမှ မဟုတ် တာ"

ခြိမ်းလက်ထဲက ဘောပင်ကို ချပြီး ခုံမှာ ကျောမှီသည်။ ဘာမှကိုင်ဆောင်ထားခြင်းမရှိသော လက်အိတ်စွပ်ထားသည့် ခြိမ်း



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းတွေက စားပွဲပေါ်တဒေါက်ဒေါက်ခေါက်တာ စည်းချက်လိုက်နေတဲ့အတိုင်း။

"မခမ်းနားတဲ့ တွေ့ဆုံပုံလေးအကြောင်း ရှင်းစမ်းပါဦး ခြိမ်း"

ဂျင်က ခပ်ငေါ့ငေါ့မေးသည်။

"K.7 က ဝန်ထမ်းလေ၊ ငါပညာပေးတာကို မယူတတ်တဲ့ တစ်ယောက်ပေါ့"

"အကြောင်းကျားဆိုတာလား"

အတိတ်ကို အမှတ်ရရင်း ဇေက ခြိမ်းထံ တစ်ခေါက်ပြန်ငဲ့ကြည့်ကာ...

"မင်းပြောတာနဲ့ မတူဘူးကွ၊ အခုက လုံးဝအလန်းစားယား"

"ဇေပြောတာမှန်တယ် ခြိမ်း"

ဂျင်က ခပ်တိုးတိုး မှတ်ချက်ချ၏။

"ဘာတွေ အလန်းဇယား ဖြစ်နေကြတာလဲ"

သုံးယောက်စလုံးရဲ့ ဘေးနားကပ်ကပ်လေးက အသံထွက်လာတာမို့ ဖျတ်ခနဲ ခေါင်းငဲ့ကြည့်မိတော့...

"ယွန်း"

ခြိမ်းထံမှ ထွက်လာသောအသံ မဟုတ်ပါ။ ဂျင်နဲ့ဇေတို့နှစ်ကောင်က ဝမ်းသာအားရ အော်သောအသံ။ တစ်ခန်းလုံးမှာ သူတို့တစ်တန်းတည်းပဲ လှုပ်ရှားနေတာမို့ ရှေ့ဆြာသင်နေသော





ဆရာက တစ်ချက်လှမ်းကြည့်သည်။

"ယူတို့က တကယ်စိမ်းကားတယ်၊ ယွန်း လိုက်ရှာနေတာ သုံးရက်ရှိပြီသိလား၊ တခြားအခန်းမှာ မတွေ့တာနဲ့"

"ငါတို့ ဒီမှာပဲစတက်တာ ယွန်း"

"ယွန်း အဲဒီအခန်းထဲ လာခဲ့မယ်"

အနီရင့်ရင့် ထက်အောက်ဆင်တူ ဝတ်ထားပြီး နားဆွဲကလည်း စတော်ဘယ်ရီသီး တရမ်းရမ်းနှင့် ယွန်းက အခန်းဝကနေပြီး...

"အိတ်စကျူမီ ဆရာ"

ဆရာဆီ ခပ်တည်တည် ခွင့်တောင်းကာ ခြိမ်းတို့အတန်းဆီ လျှောက်လာတာ လှုပ်လီလှုပ်လဲ့။ ခြိမ်းက စိတ်အိုက်သလိုလက်အိတ်ကို ဆွဲချွတ်ရင်း မျက်ခုံးထူတွေကို တွန့်ကုတ်ပစ်သည်။

"မင်းတို့က ဘာလို့ သူ့ကိုသွားခေါ်ရတာလဲ"

"ခြိမ်းကလည်းကွာ ယွန်းက ငါတို့အတွက် သင်တန်းမှာ အကူအညီရနေတာကို"

ယွန်းအခန်းထဲ ဝင်လာပြီမို့ မ ဘင်းတတ်သလို ဇေက ခြိမ်းနားကပ်ကာ တိုးတိုးပြောသည်။ အက်စင်(န်)ရှယ်(လ်)မှာ ယွန်းက မိန်းကလေးတွေရဲ့ သီးသန့်အကဆရာမ။ ခြိမ်းတို့ သင်လို့ရပေမယ့် သင်တန်းသူတွေရဲ့ လက်အချိုး ခါးအလှည့်တွေမှာ သူတို့ကကိုယ်ဖိရင်ဖိ သင်လို့မကောင်းတာတွေရှိသည်။ ထို့ကြောင့် လာတက်သော သင်တန်းသူတွေထဲမှာ ဇကာစစ်ချသောအခါ ယွန်းက



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတင်ကျန်ခဲ့သူ။ လှသလောက် ဖော်ရွေပျူငှာသော ယွန်းကြောင့် မီဒီယာလောကမှာ ခြိမ်းနှင့်ယွန်းက ရင်ခုန်စရာ စာမျက်နှာတွေအဖြစ် ပလူပျံခဲ့ဖူးသည်။ ခြိမ်းကတော့ နဂိုကတည်းက ထင်ရာမြင်ရာကို စွတ်ရွတ်ပြောဆိုတတ်သော အကျင့်ကြောင့် အင်တာဗျူးတွေမှာ ခြိမ်းအဖြေက ခပ်ရင့်ရင့်။

"ဆောရီး…ကျွန်တော် ယွန်းကို အကာနည်းပြဲဆိုတာထက် တခြားဘာဘာညာညာတွေနဲ့ ချည်နှောင်ဖို့ လုံးဝစိတ်ကူးမရှိဘူး၊ ပြီးတော့ ရင်ခုန်တာတွေ ချစ်တာမေတ္တာတွေ ရှေ့ရှုတ်ရအောင်လည်း ကျွန်တော်က အဲဒါတွေကို လေ့လာနေတာမဟုတ်ဘူးဗျာ"

"အများထင်တာကို ငြိမ်နေရင် ထင်သမျှ အမှန်ဖြစ်တယ်လို့ ယူဆတဲ့သူတွေအတွက် ကျွန်တော်က ပြောတာပါ"

"အချစ်ဆိုတာ ဒီနေ့အထိ ကျွန်တော့်ကို ကျောခိုင်းထားပုံပဲဗျာ"

ခြိမ်းအဖြေထဲမှာ တစ်ဖက်သား မိန်းကလေးကို ငဲ့ညှာထောက်ထားခြင်းမရှိ။ အားလုံးက ဝေဖန်ကြသည်။ ယွန်းက ခြိမ်းကို တစ်ဖက်သတ် မေတ္တာ ို့နေမှန်း သိသိနှင့်ဆိုတော့…

"မင်းပြောပုံက ယွန်းအပေါ်မှာ ရင့်သီးရက်စက်လွန်းတယ် ခြိမ်း"

ဂျင်နှင့်ဇေက ဝေဖန်တော့ ခြိမ်းက ပခုံးတွန့်သည်။

"ဒါက မင်းတို့အထင်ပဲ၊ ငါက ရက်စက်တာမဟုတ်ဘူး ပွင့်လင်းတာ၊ ပွင့်လင်းတဲ့သူက ဘယ်တော့မှ မုသားမသုံးဘူး၊





ငါ ကံငါးပါး မထိန်းနိုင်ရင်တောင် သုံးပါးလောက်တော့ အဖတ်တင်အောင်နေမယ်"

"မင်းပဲအပြောကောင်း"

"ဘုရားဖြစ်မယ့် ဂဝံခဲဆိုတာ ဒါနေမှာပေါ့"

ဇေတို့က ခြိမ်းကို ရိကြဲ့တော့ကြပေမယ့် ခြိမ်းက ဂရုမစိုက်။ ယွန်းကိုယ်တိုင် ခြိမ်း ဘာပြောပြော အပြုံးမပျက်။ ခြိမ်းနှင့် ယွန်းကြားမှာ ဘာမှမခံစားရသည့် ပုံစံအချိုးနှင့် ခြိမ်းတို့အတန်းရှေ့ ယွန်းရောက်နေပုံက တကယ့်ကို မယုံချင်စရာ။ ယွန်းနေရာမှာ တခြားတစ်ယောက်ဆို ပွဲကပြီးနေတာ ကြာလှပြီ။ အခုတော့ ယွန်းပုံစံက ဘာမှမဖြစ်သလို အရယ့်အမောမပျက်။ အခင်အမင်မပျက်။

"ဘယ်လိုလဲ ခြိမ်း၊ လူတစ်ယောက်လုံး အနားရောက်နေတာကို မခေါ်တော့ဘူးလား"

"ယွန်းမှာတော့ သင်တန်းတာဝန်တွေရော၊ ကျောင်းပျက်တာတွေရော တာဝန်ယူထားရတာနော်"

ယွန်းက ခြိမ်းဘေးနား ဝင်ထိုင်ပြီး တရင်းတနှီး ကန္တကလျပြောနေပုံက ပခုံးချင်းထပ်ထားသလိုဖြစ်လျက် အများစိတ်ဝင်စားခြင်းခံရသူနှစ်ယောက်မို့ တစ်တန်းလုံး အကြည့်တွေက ခြိမ်းတို့ထံရောက်လာသည်။ တိုင်ပင်ထားခြင်းမရှိပါဘဲ ဇေနဲ့ဂျင်က စာအုပ်တွေဆီ အကြည့်လွှဲ၏။ အခုမှ မသိဟန်ဆောင်နေသော ငနှာနှစ်ကောင်ကို ခြိမ်းက နှုတ်ခမ်းလှုပ်ရုံ တိုးတိုးဆဲသည်။

"ဟင်…လို့ ခြိမ်း၊ ဒီညဒင်နာ ယွန်းကိုလိုက်ကျွေး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီညနေ မအားဘူး"

"မနက်ဖြန်ရော"

"မနက်ဖြန်လည်း ချိန်းထားပြီးသား"

"ယုံပါဘူး၊ ယွန်းကိုညာနေတာ မဟုတ်လား"

"ယွန်း ကြိုက်သလိုတင်ပါ၊ ကိုယ် မအားတာတော့ လုံးဝပဲ"

"ဒါဆိုလည်းပြီးရော"

ယွန်းက နှုတ်ခမ်းစူပေမယ့် ခြိမ်းက ဂရုမစိုက်။

ဆရာထွက်သွားသော အတန်းက ဆူဆူညံညံနှင့် အသက်ဝင်လာ၏။ တိတ်ဆိတ်သွားတာက ယွန်းနှင့်ခြိမ်းကြားမှာ။ ယွန်းကတော့ ခြိမ်းနှင့်ပတ်သက်ပြီး နှလုံးသားတွေ အဆမတန် နာကျင်နေသည်။ ယွန်းဘာပြောပြော ငြင်းလာခဲ့တာ ယွန်းနဲ့ခြိမ်း စပတ်သက် ကတည်းက အခုချိန်ထိ။

ယွန်းက ပြတ်သားခြင်း တံလျှပ်တွေနှင့် အရောင်လက်နေသော ခြိမ်းမျက်နှာကို ခပ်ငေးငေးကြည့်သည်။ အရှုံးမပေးလိုခြင်းနှင့် သူပြောသမျှ ကြေကွဲရခြင်းတွေက ယွန်းရင်ကို ဖိစီးထား၏။ ခြိမ်းကတော့ ယွန်းဘာဖြစ်ဖြစ် သူနဲ့ဘာမှမဆိုင်သည့် ပုံစံနှင့် အညိုနှင့်အနက် စပ်ကွပ်ထားသည့် အိတ်ကြိုးကို လက်တစ်ဖက်တည်းက စုကိုင်ရင်း ထိုင်ရာမှ ထရပ်သည်။

"ကင်(န်)တင်း ရွှေ့ရအောင်ဟေ့"

"ယွန်းရောပါလား ခြိမ်း"





"တစ်ပွဲထဲ အတူသွားရမှာပေါ့ ယွန်းရဲ့"

ယွန်းက ထရပ်ပြီး ခြိမ်းကိုမေးပေမဲ့ ခြိမ်းမျက်နှာမှာ ပျော့ပျောင်းခြင်းတွေ ဖြစ်မနေခဲ့။ ဖေတို့က လေပြည်သွေးဖို့ ကြိုးစားပေမဲ့ ခြိမ်းက ယွန်းမျက်နှာကို မျက်တောင်ဖျားတွေ စိုက်နေအောင် ကြည့်ရင်း...

"မင်းကို နေခဲ့လို့ ဘယ်သူမှမပြောဘူး ယွန်း၊ လိုက်ခြင်း မလိုက်ခြင်းက အားလုံးမင်းသဘောပဲ၊ ငါနဲ့မဆိုင်ဘူး"

"ခြိမ်း"

ယွန်းခေါ်သံကို ကြားပေမယ့် ခြိမ်းက လှည့်မကြည့်။ ယွန်းမှာသာ ငိုမဲ့မဲ့မျက်နှာကို ထိန်းရင်း ဖေတို့ကြားမှာ အပြုံးမပျက်နေနိုင်အောင် ကြိုးစားနေသည်။

ခြိမ်းက ပခုံးတစ်ဖက်ပေါ် အိတ်ရှောကြိုးပါ လွှဲတင်ရင်း အကြည့်တစ်ခုနှင့် အမှတ်မထင် ဆုံဖြစ်သွား၏။

ထိုဆုံမိတဲ့ အကြည့်တွေတိုင်းမှာ အဲဒီမျက်အိမ်ကျယ်ကျယ်ကြောင့် အနေကျုံ့ရတာ ခြိမ်းလို လူတစ်ယောက်အတွက် ဒါ ပထမဆုံးဆိုရင်...။

မင်းဘာလို့ ကိုယ့်ကို ဒီလောက်ကြည့်နေတာလဲ ထင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ယူပါ ထင်ရယ်၊ ယူနော်"

"အို…ဖယ်ပါ၊ ရှင် ထင့်လက်ကို မထိနဲ့နော်"

"ထင်ယူရင် ဖယ်ပေးမှာပေါ့"

"ထင်က ကိုယ်ပေးတာကို မယူရင် ဒီမှာတွေ့လား"

ထင် ကြည့်နေဆဲမှာ ရှဲခနဲ အသံနှင့်အတူ တစ်ဖက်လူ လက်ထဲက မီးခြစ်မှ မီးတောက်က အနက်ရောင်အလိပ်လေးထံ ကူးသွားသည်။ မီးရှို့သူက ထင့်ရှေ့ ခပ်လှမ်းလှမ်းသို့ မီးစွဲနေသော အလိပ်လေးကို ပစ်၏။

မီးခိုးတွေအူနေအောင် ထွက်ပြီးခဏမှာ ဖုန်းခနဲမြည်သံကြောင့် ထင်မှာ ကြောက်လန့်တကြား မျက်ဝန်းစုံမှိတ်ကာ နားပိတ် ပစ်လိုက်ရသည်။ ဒါ ကလေးတွေ ဆော့သော ဗြောက်အိုးဆိုတာ

ဓိုး ဓိုး ၈၇၆ပ



သိသိကြီးနှင့် မကြောက်နဲ့လို့ ကိုယ့်စိတ်ကိုယ် အားပေးမရ။ ထင် ဖြစ်ပျက်ပုံအလုံးစုံကြောင့် ဆေးက ဝန်းရံထားသော သူတစ်သိုက်ထံမှ ရယ်သံတွေကြားရတာ ကျယ်ကျယ်လောင်လောင်။

ထင် သိထားသော တက္ကသိုလ်ပရဝဏ်ဆိုတာ ကျောင်းသားတွေ ပြည့်နှက်နေသည့် မြေဆိုပေမဲ့ ဆွမ်းဆန်ထဲ ကြွက်ချေးရောသည့်အဖြစ်မျိုး ရှိနိုင်တာ ထင် မေ့သွားသည်။

"မနေ့က မမှီတဲ့စာတွေရှိလို့ ဒီနေ့ နိုင် ကူးမလို့၊ နည်းနည်းနောက်ကျမယ်ထင်၊ နိုင်တို့ ထိုင်နေကျ ကင်(န်)တင်းကို လာခဲ့နော်"

မာနိုင်က ထင့်ကို ချိန်းတာက ကျောင်းစတက်ပြီး ငါးရက်လောက်ရှိပြီမို့ ဆိုင်ကို ထင် မှတ်မိနေပြီဟု ယုံကြည်တာပါသည်။ ဒါပေမဲ့ ပြဿနာက အဲဒီမှာစသည်။ ထိုင်နေကျဆိုင်က ထင်တို့ အဆောင်ရှေ့တည့်တည့်က ဆိုင်မဟုတ်။ ကားဝင်းထဲက ဆိုင်။ ထင် မှတ်မိသလိုလိုနှင့် လျှောက်ရင်းသွားရင်းက ရောက်လာတော့ လူမရှိသော အဆောင်တွေဘက်မှ ဒီဘက်က လူပြတ်သည့်နေရာအထိ ရောက်လာခြင်းဖြစ်သည်။

"ကဲ…တွေဝေမနေနဲ့ ထင်၊ ကိုယ့်ရှေ့က မြန်မြန်သွားချင်ရင် ဒီစာလေးကို ယူသွား ရော့"

"အို…ဟင့်အင်း၊ ထင် မယူဘူး"

"မရဘူး၊ ယူရမယ်"

"ကိုယ် ထင့်ကို ဘယ်လောက်ချစ်နေပြီဆိုတာ ထင် သိလား"

ဓိုး ဓိုး ၈၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော်"

စာပေးသည့်လူက ဖွတ်အတင်း ထင့်လက်ကို လှမ်းဆွဲပြီး စာအိတ်ကိုပေးနေ၍ ထင်က ဖွတ်ရုန်းရင်း လက်ကိုပြန်ရုပ်သည်။

"အို…လွှတ်ပါ"

"ရှင်နော်"

"ဟင့်အင်း…မလွှတ်ဘူး"

မျက်နှာနားကပ်၍ ပြောင်စပ်စပ်ပြောသူထံမှ အရက်နံ့က ထောင်းခနဲ။ အခြေအနေ မဟုတ်မှန်း ထင် သိသည်။ ဘေးဘီငဲ့ကြည့်တော့လည်း ကူကယ်ရာမဲ့။

"ရှင်တို့ မယုတ်မာနဲ့နော်၊ ထင့်ရှေ့က အခုဖယ်၊ ပြောမရရင် ရှင့်ကို ပါမောက္ခနဲ့ တိုင်မှာနော်"

"ပါမောက္ခနဲ့တိုင်လည်း ရတယ်"

"ဟား…ဟား တို့က ပါမောက္ခကို ကြောက်ဘူး"

"ဟင်"

"တို့က ကျောင်းသားမှမဟုတ်တာကွယ်၊ ဘယ်ပါမောက္ခက တို့ကိုအရေးယူမှာလဲ၊ ကဲ ကလေးမ စာမယူရင်နေ၊ ချစ်တယ်တော့ ပြန်ပြောသွား"

"မပြောပါဘူး၊ လွှတ်…လွှတ်နော်"

ဖွတ်အတင်း အဆွဲခံထားရသော ထင့်လက်ကို အတင်းပြန်ရုန်းသည်။ ရုန်းပေမဲ့ ထင်သလို လွှတ်ထွက်မလာဘဲ ရယ်သံတွေနဲ့ ဝေါခနဲ ထင့်ကို စနောက်စရာလို သဘောထားနေသော





လူတွေထဲ ထင် မျက်စိမျက်နှာပျက်လာသည်။ ထင့်ရင်ထဲကြောက်နေတာနှင့် ငိုချင်တာသာ ရှိသည်။

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ထင့်ကိုလွှတ်ပါ၊ ထင်မိကောင်းဖခင်သားသမီးပါရှင်၊ လမ်းမှားလာတာပါ"

"ချစ်တယ်လို့သာ ပြောလိုက်၊ နောက်တစ်ခါ လမ်းမမှားစေရဘူး"

"ဒါပေါ့…တို့ကိုကြီးကျော်က မင်းအတွက် ကိုယ်ရံတော်"

"ဘာကိုယ်ရံတော်မှ မလိုဘူး"

တင်းမာပြတ်သားသော အသံနှင့် ရိုပ်ခနဲရောက်လာသည့် လူက ဖွတ်အတင်း အဆွဲခံထားရသော ထင့်လက်ကို နောက်ထပ်တစ်ယောက်က လုယူသွား၍ တစ်ဖက်လူကို ထိတ်ထိတ်ပျာပျာနှင့် ထင် မော့အကြည့် လက်ချောင်းတွေသာ ပေါ်စေလျက် လက်ခုံတစ်ခုလုံးကို အညိုနုရောင် လက်အိတ်က နေရာယူထားသော လက်တစ်ဖက်။ ဒီလက်ပိုင်ရှင်က ထင့်ရင်ကို ဒိန်းခနဲ ဆောင့်ခုန်သည်။ ဖျတ်ခနဲ မျက်နှာကို မော့ကြည့်တော့…

"ကို…ကြီး"

ပါးပြင်နှစ်ဖက်စလုံး မျက်ရည်မြစ်တွေ ဖြစ်ထွန်းနေသည့်ကြားက ခြိမ်းကိုမြင်တာနှင့် ဝမ်းသာမှုအထွတ်အထိပ်နှင့် အားလုံးဒုက္ခတွေကို မေ့သွားမိသူက ထင်။

ခြိမ်းက မျက်ရည်တွေနှင့် သူ့ကို ပြုံးကြည့်နေသည့် ထင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အခွင့်ရှိလျှင် ထင့်ပခုံးနှစ်ဖက်ကနေ ကိုင်ဆောင့်ပစ်လိုက်ချင်သည်။ အခုတော့ ခြိမ်းလက်ထဲရောက်ပြီးသား ထင့်လက်တစ်ဖက်ကိုပဲ အင်နဲ့အားနဲ့ ဆွဲယူကာ သူ့ကျောနောက်သို့ ပို့လိုက်ရသည်။

"ဒါက ဘာတွေဖြစ်နေကြတာလဲ"

"အဟား"

လူမိုက်ရုပ်နှင့်လူက ဂျလေဘီဆန်ဆန် ခေါင်းမော့ရယ်ရင်း

"ဒီမေးခွန်းကို ကိုယ်ကမေးရမှာ၊ ညီလေးက"

သေချာပြီ။ ခြိမ်းကို မသိသောသူက ကျောင်းသားတော့ မဖြစ်နိုင်။ ခြိမ်းဆိုတာ နာမည်ကြီး။ ဒီကျောင်းပရဝဏ်ထဲမှာတော့ ခြိမ်းကို ကျော်လို့မရတာ ဒီလူမသိ။

"ဒီမှာ"

"ခင်ဗျား ကိုယ့်လမ်းကိုယ်သွားတော့"

"ဒီလိုအမိန့်ပေးလို့ ရရိုးလားကွ ဟေ့"

ဟန်ပါပါနှင့် အပေါင်းအသင်းတွေဘက် ခေါင်းလှည့်ပြီး မေးသည်။ ပြီးမှ မချိုမချဉ်မျက်နှာနှင့် ခြိမ်းဘက် ပြန်လှည့်လာသူ ထံ ခြိမ်းရဲ့ ခြေကန်ချက်က မိမိရရကြီး။

"ဖောင်း"

"ခွပ်"

"အား"

"ဝုန်း"

ထင်မှတ်မထားသည့် ခြိမ်း၏တိုက်ကွက်ကြောင့် ဖောင်းခနဲ

8:8:ဓ၁၆ပ



မြည်သံနှင့် ထိုလူပစ်ကျသွားသည်။ နောက်မှ အပြေးထပ်ဝင်လာသူ နှစ်ယောက်ကို ခြိမ်းက အသာခေါင်းငုံ့ရှောင်ပေးရင်း လွတ်လပ်သွားသော ကျောပြင်ဆီ တစ်ချက်စီကန်ပစ်သည်။ အရှိန်နှင့် ငိုက်စိုက် စိုက် ဖြစ်သွားသူ လူရမ်းကားနှစ်ယောက်ရှေ့မှာ ဖနောင့်ဂျင်တို့က ရပ်နေပြီးသား။

"ယား"

"ကဲကွာ"

"ဖောင်း"

ညာသံပေးရင်း အော်ကာ ကျုံးထပြေးလာသူရဲ့ ရင်ညွန့် ထံ ခြိမ်းက ဒူးကွေးခံပေးလိုက်သည်။

"အွတ်"

မချိုမဆန့်အော်သံကို မကြားချင်၍ ထိုလူ့ဖက်ပိုးကို ခြိမ်းက လက်ဝါးစောင်းခုတ်၍ ပွဲသိမ်းပေးလိုက်၏။ အခြေအနေ မဟန်မှန်း သိ၍ သုံးယောက်သား အလဲလဲအကွဲကွဲ ထပြေးတာကြည့်ပြီး ခြိမ်းက ဒီဘက်လှည့်တော့…

"ကောင်းတယ်၊ ထင့်ကို ဒုက္ခပေးတဲ့လူတွေ ပြေးပြီ"

လက်ဝါးနှစ်ဖက် မေးဖျားနားကပ်ပြီး ချီးမွမ်းထောပနာ ပြုတဲ့ ထင့်ရုပ်က စောစောက ငိုမဲ့မဲ့ ကြောက်ရိပ်ဝိုင်းသောရုပ်နှင့် ဘာမှမဆိုင်။ ခြိမ်းက ခါးထောက်ပြီး ထင့်မျက်နှာလှလှလေးကို ခပ်တည်တည် စိုက်ကြည့်လိုက်မှ ထင့်ထံမှ ပြုံးရယ်နေတာလေး တွေ အရှိန်သတ်သွားသော နှုတ်ခမ်းတွေကို တင်းတင်းစေ့ပြီး

8:8:ဓ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းကို မော့ကြည့်သည်။

"ထင့်ကို အခုလိုကူညီပေးလို့ ကိုကြီးကို အရမ်းကျေးဇူးတင်တယ်"

"ကူညီရင် ကျေးဇူးတင်လိုက်၊ နှောင့်ယှက်ရင် တောင်းပန်လိုက်နဲ့ မင်းပါးစပ်က ဒါပဲပြောတတ်သလား ပန်းမှုန်ထင်"

"ရှင်"

"ငါပြောတာ မင်းမကြားဘူးလား"

"ကြားပါတယ်"

မျက်လုံးနက်လေးတွေ ဝိုင်းဝိုင်းလည်လျက် ခြိမ်းကို မဝံ့မရဲ ပြန်ကြည့်နေပုံက ဘာစတိုင်မှန်းမသိ။

"ကြားရင် ဘာကိစ္စ ဟိုကောင်တွေကို တောင်းပန်နေရတာလဲ"

"ဟို...အဲဒါက ထင်မှ ကိုကြီးလို သိုင်းတွေဘာတွေမှ မတတ်တော့ ဒီလိုပဲ တောင်းပန်တာပေါ့"

"ဩော်"

ကောင်းရော။ ဟိုနှစ်ကောင် မျက်နှာလွှဲရင်း ပြုံးစိစိလုပ်နေချိန် ခြိမ်းက ဒေါသဖြစ်ဖြစ်နှင့် ထင့်ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲခါပစ်ချင်နေတာက ထင့်ပုံစံ အူကြောင်ကြောင်ကို ကြည့်မရလို့ပါ။

"ဘာကိစ္စ မင်းက လူပြတ်တဲ့နေရာကို လာရတာလဲ"





"ထင် လမ်းမှား"

"အေး...ကြပ်ကြပ်မှား၊ လူကုန်ကူးခံသွားရမယ်နားလည်လား"

"နောက်ကို ဒီလိုမဖြစ်အောင် ဂရုစိုက်ပါ့မယ်"

"လုပ်မနေနဲ့ သွားတော့"

အညိုနှင့်အနက် ရောကွက်ထားသည့် ရှပ်အင်္ကျီက ခြိမ်း၏ ထုံးစံအတိုင်း ရင်ဘတ်ကြယ်သီးတွေ ဖွင့်ထားသည်။ ကြက်ဥနှစ်ရောင်လို ဘောင်းဘီက ခြေကျင်းဝတ်နားမှာ ရှုံ့ရှုံ့လေးနှင့် ပွထားကာ အနက်ရောင်ထိပ်ချွန်ဖိနပ်ကြီးနှင့် ခြိမ်းပုံစံက ထင့်အတွက်တော့ ဘယ်အချိန်ကြည့်ကြည့် ကြည့်မဝတာ တကယ်။

"ဟော့...ပြောနေတယ်လေ၊ သွားတော့"

"ဟို...ထင် ဘယ်ဘက်ကို ပြန်သွားရမှန်းမသိလို့"

"ကျစ်"

တစ်ယောက်က ဘီလူးဆိုင်းတီးသည်။ ဒါကို နားဝင်ပီယံဖြစ်နေသော မိန်းကလေးကြောင့် ဖေတို့က ဒီတိုင်းကြည့်မနေနိုင်တော့ဘဲ...

"ခြိမ်းကလည်းကွာ သူလမ်းမှားလာပါတယ်ဆိုမှ"

"အေးလေ...ဒါနဲ့ နာမည်က ထင်လား"

"မဟုတ်ဘူးရှင့်၊ ပန်းမှုံထင်ပါ"

"ဟိတ်ကောင် ဂျင်"

နာမည်ပြောပြီး မိတ်ဆက်ဖို့ အစီအစဉ်က ခြိမ်းအော်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပျက်သွားသည်။ ခြိမ်းက ခါးထောက်မဖြုတ်သေးဘဲ မှုန်တေတေမျက်နှာနှင့် ထင့်ကို မကျေမနပ် ကြည့်ရင်း…

"ဒါ MRTV-4 မဟုတ်ဘူး ဂျင်၊ နာမည်မေးမနေနဲ့၊ လမ်းညွှန်ပေးလိုက်"

"ငါတို့လိုက်ပို့လိုက်မယ် ခြိမ်း"

ဖေက ဝင်ပြောသည်။

"မလိုပါဘူး၊ သူက လမ်းလျှောက်တတ်တာပဲ"

လိုက်ပို့မဲ့သူကြောင့် ဝမ်းသာသွားသော ထင်မှာ ခြိမ်းထံမှ ရက်စက်သော စကားကြောင့် ငိုမဲ့မဲ့ဖြစ်သွားသည်။ ဒါပေမဲ့လည်း ခြိမ်းအမိန့်ကို ထင် မလွန်ဆန်နိုင်၍ ခြိမ်း ဖြစ်ချင်သည့်အတိုင်းဖြစ်ရန် ကြိုးစားသည်။

"ဟို…ထင့်ကို လမ်းလေးသာ ညွှန်ပေးပါနော်"

"ဟော့…ခြိမ်း"

"ကျစ်"

ကျောနောက်က ခြိမ်းအမည်ကို ရင်းနှီးစွာ ခေါ်သံနှင့်အတူ ကားတစ်စင်းက ခြိမ်းတို့နား ကပ်ကပ်လေး ရပ်လိုက်တာကို ခြိမ်းလှည့်မကြည့်ဘဲ သိသည်။ ခေါ်သံပိုင်ရှင်က ဘယ်သူဘယ်ဝါဆိုတာပါ ခြိမ်းက သိပြီးသားမို့ ကျစ်ခနဲ စုပ်သတ်ပြီး ဒီဘက်လှည့်တော့ ခြိမ်းရဲ့ မှုန်တေတေရုပ်မှာ ပွတ်ဆတ်ဆတ်ပုံစံတစ်ခု ထပ်တိုးသွား၏။

ကင်းဟာ အားလုံးရှေ့မှာ တမင်ဟန်လုပ်ကာ မျက်မှန်





အညိုရင့်ကို နှာတံဖျားဆီ လျှောချပြီး…

"ငါ့ဘာကူညီပေးရမလဲ ခြိမ်း"

အနက်ရောင် ကားမှန်က လက်တစ်လုံးသာသာ ပွင့်ဟရာမှ ခြိမ်းအနောက်မှာ ရှိနေသည့် ထင်ရှိရာသို့ ကိုယ်ကို တမင်ကဲကြည့်ရင်း မှန်ကို လျှောခနဲဆက်ချတော့ ဖြူဝင်းနုစိုသော မိုးသောက်မျက်နှာက ထင်းခနဲ ပေါ်လာသည်။

"မိုးသောက်…ဘုရားရေ၊ ဒါ အဆိုတော်ကင်းပေါ့"

တွေ့သမျှ အထူးအဆန်း။ ထင်ပေါ်သူတွေချည်းမို့ ထင်မှာ မျက်တောင်မခတ်ရဲ။ အသက်ပြင်းပြင်းမရှူရဲဘဲ ခြိမ်းရဲ့ ပခုံးနောက်မှ ခြေဖျားထောက်ပြီး လှမ်းငေးသည်။ မိုးသောက်ကလည်း ခြိမ်းနောက်မှာ ရပ်နေတာ ဘယ်သူဘယ်ဝါမှန်း မသိ၍သာ ဒီအတိုင်းငြိမ်နေတာ။ တစွန်းတစ လှုပ်ရှားလိုက်တာနှင့် မိန်းကလေးတစ်ယောက်ဆိုတာ အာရုံက အချက်ပေးသည်။

ခြိမ်းရာဇဝင်မှာ မိန်းကလေးနဲ့တွဲသော အစဉ်အလာ မရှိခဲ့တာမို့ ကင်းက သူ့ကိုယ်ကို ရှေ့သို့ကိုင်းပြီး လှမ်းကြည့်ရန် ကြိုးစားသည်။

"မင်း ငါ့ရှေ့ကသွားတော့ ကင်း၊ မြန်နိုင်သမျှ မြန်အောင်သွားတာ အဲဒါ မင်း ငါ့ကိုကူညီတာပဲ"

ခြိမ်းက ကင်း အာရုံဝင်စားနေသည့် သူ့နောက်က ထင့်ကို မမြင်အောင် သူ့ရှေ့မြင်ကွင်းကို ခြေထောက်ကားရပ်ကာ ကိုယ်နှင့် ဖျတ်ခနဲ ပိတ်ကွယ်၍ စကားကို ခပ်ပြတ်ပြတ်ဆိုတော့ ကင်းက



www.burmeseclassic.com

www.burmeseclassic.com



လျှောထားသော သူ့မျက်မှန်ကို ပြန်ပင့်တင်ရင်း…

"အိုကေ…ဒါ မင်းတောင်းဆိုတာနော်၊ ငါက ဝတ္တရား ရှိတဲ့အတိုင်း မေးတာ ခြိမ်း"

"ငါ့တောင်းဆိုမှုကို မင်းလက်ခံရင် ငါကထပ်ပြီး ကျေးဇူး တင်မယ် ကင်း"

"အိုကေ"

ကင်းက အပြုံးတစ်ချက်နှင့် ခေါင်းဆတ်ကာ ကားမှန် တင်ပြီး သူတို့နားက ကားကို ဝေါခနဲ မောင်းထွက်သွားတော့မှ ခြိမ်းက ထင့်ဘက် လှည့်ရပ်သည်။ ထင်က သူ့ကိုမကြည့်။ အနီ ရောင် ကချင်လွယ်အိတ်ကို ရင်မှာပိုက်ရင်း ကင်း ကားနောက်မြီး ကို ငေးနေ၍ ခြိမ်းမျက်နှာ ပိုတင်းသွားသည်။

"ဒီမှာ"

"ရှင်"

"ကြည့်လို့ရော ပြီးဦးမှာလား"

"ဟို…အဲဒါက"

"တော်"

"ဟုတ်ကဲ့"

လေသံမာမာ မျက်နှာထားတင်းတင်းနှင့် ခြိမ်းက မျက်ခုံး ကျုံ့ထားတာ မပြေ။ ထင့်ပုံစံကလည်း ခြိမ်းကို ကြည့်ပြီး အံကြောက်ကြောက်အရွံ့ရွံ့။ အယောင်ယောင်အမှားမှား။

"ဒီဘက်လမ်းအတိုင်း တည့်တည့်သွား၊ ရှေ့ကကားလမ်း





ဖြတ်ကူး၊ ပြီးရင် ဘယ်ချိုးလိုက်၊ မင်းသွားချင်တဲ့နေရာဆီရောက် မယ်"

"ဟုတ်…ဟုတ်ကဲ့"

ကသောကမျော ခေါင်းညိတ်ပြရင်း နေရာမှ ချာခနဲ ကျောခိုင်းသွားပုံက နောက်က ကျားလိုက်ခံရတဲ့အတိုင်း။ ခြိမ်းက ကျောခိုင်းထွက်သွားသော ထင်နှင့် ဆန့်ကျင်ဘက်အရပ်ဆီ။ ဒါတောင် ထင်က အမှတ်မရှိသေးဘဲ လူအလစ်မှာ ကျောပြင်သာ တွေ့နေရတဲ့ ခြိမ်းကို လှမ်းငေးကြည့်ဖြစ်အောင် ကြည့်လိုက်မိသေး တာ ခြိမ်း မမြင်လို့ပါ။

မြင်များမြင်ရင် ထင့်ကို ဘယ်လောက်ဒေါသဖြစ်ဦးမည် မသိ။ ထင့်ကို ခြိမ်း ကြည့်မရတာ ထင် သိပါသည်။ ခက်နေတာ က ထင်။ တင်းမာမှုန်ကုတ်နေသည့် ခြိမ်းကိုမှ ထင်က…။

"ဟိတ်…နေဦး"

"ရှင်"

"နောက် ဘယ်တော့မှ ငါ့ကို ကိုကြီးလို့မခေါ်နဲ့"

"သွားတော့"

"ဟုတ်"

ဒီတစ်ခါ ထင့်ခြေလှမ်းတွေက မပြေးရုံတမည်။ ထင့်စိတ် ထဲမှာတော့ ဝမ်းနည်းတာရော၊ ရှက်တာရော ပေါင်းပြီး သိမ်ငယ် လျှက်။

"ခေါ်ပါစေကွာ၊ ခြိမ်းကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ…ကိုကြီး အခေါ်ခံရတာများ ငရဲပြည်ဖောက် ထိုးဆင်းရမဲ့အတိုင်း"

တိုက်တွန်းသော နှစ်ယောက်ကို ခြိမ်းက ခပ်စွေစွေ စောင်းကြည့်သည်။ ပြီးမှ လှမ်းလက်စကိုရပ်ကာ နောက်ကိုငဲ့ကြည့်တော့ ထင့်ကို အရိပ်အယောင်ပင် မမြင်ရတော့။

"ငါ့များ ကိုကြီးခေါ်ရင် ထူးချင်လွန်းလို့"

"အခေါ်ခံချင်ရင် အခုထဲက ကြိုရှာထား ဓေ"

"ထင့်ကို ပြောတာကွ၊ သူမို့ မျက်လုံးအကြည့်မှားပြီး မင်းလိုလူကို ကိုကြီးခေါ်ချင်တာ ငါ့ကိုဆို တော်သေး"

ဖေကပြောတော့ ဂျင်က ခြိမ်းကိုကြည့်သည်။

"ခြိမ်း…မင်းကလည်း သိပ်တင်းလွန်းတယ်၊ ထင်က သနားစရာလေးကွ"

"သနားရင် မင်းခေါ်ထားလိုက် ဂျင်"

"မင်းကွ"

ခြိမ်းက ပြောချင်ရာပြောပြီးပြီမို့ ကိုယ့်လမ်းကိုယ် ဆက်လျှောက်သည်။ ပါးစပ်ကသာ ဂျင်တို့ကိုပြောနေပေမယ့် စိတ်ထဲတစ်ပိုင်းမှာတော့ ထင်ဆိုတဲ့ ကောင်မလေးနဲ့ နောက်မပတ်သက်အောင် နေမှပဲ ဆုံးဖြတ်သည်။

မိန်းကလေးဆို ယွန်းအပ်ါအဝင် ဘယ်မိန်းမကိုမှ ကြည့်မရ။ ဒီကြားထဲကမှ ထင်နဲ့ ကြံဖန်ပတ်သက်ဖို့ ဖြစ်လာရတာကို ခြိမ်းကိုယ်တိုင် သဘောမကျ။ အော်သံကြားလို့ ဝင်ကူညီမိ





တော့ ထင်။

တော်ပြီ…နောက် ဘယ်တော့မှ ဒီဟာလေးနဲ့ မပတ်သက်စေရဘူး။

"ခြိမ်း"

"ဟိတ်ကောင်…ဘယ်အထိ ဆက်သွားမလို့လဲ"

သူငယ်ချင်းနှစ်ယောက် အော်သံကြားမှ သွားရမည့်အခန်းကို ကျော်သွားသည့် သူ့အဖြစ်ကို သတိရသည်။

သေစမ်းဆိုပြီး ကိုယ့်နဖူးကိုယ် ရိုက်ရမလား ဝေခွဲမရသေးခင်ဘဲ…

"ခြိမ်း…မင်းတော့ မလွယ်တော့ဘူးထင်တယ်နော်၊ ဆေးလေးဘာလေး ကြိုးစားထား"

"ဂျင်…မင်းနော်၊ ငါ့ဒေါသကို လာမဆွနဲ့"

"ဟော့…ဟိုမှာ ထင်"

ဖေ့စကားကြောင့် ခြိမ်း နောက်လှည့်ကြည့်တော့ ကားလမ်းဖြတ်ကူးသွားသော ထင့်ကျောပြင်မှာ ဆံနွယ်ရှည်တွေက ဟိုမှဒီ ယိမ်းခါလျက်။ ခြိမ်း အတွေးတွေကလည်း ထိုဆံပင်ရှည်တွေလို ယမ်းခါနေတာ သာယာကြည်နူးခြင်းကြောင့်မဟုတ်ဘဲ ဒေါသကြောင့်ဆိုလျှင်…

ထင်…မင်းကြောင့် ငါက လူရယ်စရာဖြစ်နေပြီလား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"နောက် ဘယ်တော့မှ ငါ့ကို ကိုကြီးလို့မခေါ်နဲ့"

ခြိမ်းအသံက ဒေါသနှင့် ခပ်ထောင့်ထောင့်။ တင်းမာသော မျက်နှာကလည်း တစ်စက်ကလေးမှ မလျော့။ ထင့်ကိုပဲ ရန်သူကြီး တစ်ယောက်လို။ ဒါကိုပဲ ထင့်မှာ မနာကျင်နိုင်။ ခြိမ်းကိုပဲ ခဏခဏ သတိရနေမိဟာ ဆိုးသည်။

"ဟင်း"

ခြိမ်းရယ်။

ပြတင်းပေါက်ဘောင်ပေါ် လက်နှစ်ဖက်တင်ရင်း ထိုလက်ဖျံတွေကြားမှာ ထင့်မျက်နှာအပ်ကာ သက်ပြင်း မကြာခဏ ချနေမိတာ တခြားလူတွေမြင်သွားမှာ စိုးတဲ့စိတ်နဲ့ပါ။

"ကူညီတာကို ကျေးဇူးတင်ထိုက်ပေမဲ့ ကိုးကွယ်ဖို့တော့





မလိုဘူးနော် ထင်၊ ခြိမ်း ဘယ်လိုလူဆိုတာ နိုင် သိပြီးသား၊ သိသိကြီးနဲ့ မိုက်တာလောက် မုန်းစရာကောင်းတာမရှိဘူး"

မာနိုင့်ကို ထင်က ခြိမ်းနဲ့ပတ်သက်ပြီး ဖြစ်ပျက်သမျှ ပြောပြတော့ မာနိုင်က ထင့်ကိုပဲ အပြစ်တင်သည်။ မမစောက တော့ ခြိမ်းဘက်မှ ပါချင်ချင်။

"ခြိမ်းဘက်က ဒီလောက်ကူညီတာပဲ နိုင်၊ ထင့်စိတ်ထဲ မှာ ခြိမ်းကို သူရဲကောင်းလို့ထင်ရင်လည်း ဒါ လူသားဆန်တဲ့စိတ် ပဲ"

"ဘာဖြစ်လို့ ထင့်စိတ်ကို ဖွတ်အတင်း ဝင်တားနေရတာ လဲ"

"မလိုအပ်လို့ပေါ့ မမစောရဲ့"

"တော်ပါတော့ နိုင်ရယ်"

"အခုထဲက နိုင် သတိပေးတယ်နော်၊ ခြိမ်းကို ထင် လုံးဝစိတ်မဝင်စားနဲ့"

"ခြိမ်းက ထင့်ကို စိတ်ဝင်စားနေရင် ဘယ့်နှယ်လုပ်မလဲ နိုင်"

"အို…မဟုတ်တာ"

"အေးလေ…ခြိမ်းကို ငါတို့သိတာ ကြာပြီ၊ ခြိမ်းက ထင်နဲ့ကြမှ ဒီနိုင်းတူ မူကွဲနေတယ်"

ထင်နဲ့ပတ်သက်ပြီး ခြိမ်းကိုပါ ဟိုလိုလိုဒီလိုလိုတွေ ဆွဲသွင်း လာတော့ ထင် ငိုချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်က မမစောစကားကို ကန့်ကွက်တာ ပြင်းပြင်းထန်ထန်။

"မဖြစ်နိုင်တာတွေကို မပြောပါနဲ့ မမစော"

"အရှုံးဘုံမြှောက်စကားတွေ မပြောနဲ့ မမစော၊ အခုဖြစ်တာက ခရီးသွားဟန်လွှဲ ကူညီတာပဲ၊ ရိုးရိုးတွေးပြီး လွယ်လွယ်လေး မေ့ပစ်လိုက်ရုံကလွဲပြီး စာဖွဲ့စရာ ဘာမှမရှိ"

"နိုင်ပြောတာ နင် နားလည်လား ထင်"

"အင်းပါ"

နိုင်က ပြောရုံနှင့် အားမရ။ ဒီနေ့ အတန်းထဲအထိ ထင့်ကို လိုက်ပို့ရင်း...

"ကျောင်းတက်ရက်က ဘာမှကျန်တော့တာမဟုတ်ဘူးနော် ထင်၊ အူကြောင်ကြားအတွေးတွေ ဘာမှမစဉ်းစားနဲ့၊ ဘာမှ မကြိုးစားနဲ့၊ ထင် စဉ်းစားသမျှ ကြိုးစားသမျှက ထင့်အတွက် ဒုက္ခရာတွေပဲ ဖြစ်လာမှာ မယုံမရှိနဲ့"

"ထင်နားလည်ပါတယ် နိုင်ရယ်၊ ထင့်ဘဝကို ထင် သိပါတယ်"

ဝမ်းနည်းနာကျင်နေတဲ့ နှလုံးသားကို ထင်ကလွဲပြီး ဘယ်သူမှမမြင်မတွေ့နိုင်တာ ထင်ပဲသိသည်။ ခြိမ်းနဲ့ ထင်ကြားမှာ ကွာခြားမှုတွေက မိုးနဲ့မြေထက်တောင် မက။ ဒါကို ခြိမ်း မသိပေမယ့် ကိုယ့်ဘဝ ကိုယ်အသိဆုံးက ထင်ပါ။

"ပန်းမွှံထင်"

ခေါ်သံနှင့်အတူ ထင့်ရှေ့မှာ အရိပ်ထင်တာမို့ မျက်ခုံး





ခေါင်းမော့ကြည့်တော့...

"ယွန်း"

"ထင့်ကို ယွန်း ပြောစရာရှိလို့"

ထင့်ရှေ့တည့်တည့်မှာ ရပ်လျက် ပြတင်းပေါက်ဘောင်ကို ပခုံးတစ်ဖက်နှင့် မှေးမှီထားသည့် ယွန်းဆံပင်တွေက ထင့်လို ခါးလောက်ထိ ရှည်ပေမယ့် အလိပ်အခွေတွေက ရွှေရောင်တောက်နေ၏။ ရွှေရောင်ကုတ်ခါးတိုနှင့် ဒူးဖုံးရှည်ထားသည့် စကတ်တို့ ကြောင့် ယွန်းပုံစံလေးက ခြေကျင်းဝတ်အထိ ကြိုးတွေအသိုင်းသိုင်း ရစ်ထားသော ပင်(န်)ဆယ်ဟီး(လ်)ကြောင့် ရှိသမျှ ကောက်ကြောင်းက မို့မို့ကြွားကြွား။ ဝံ့ဝံ့စားစား။ .

"ယွန်းက ပိုလှလာတယ်နော်"

အားပါးတရ အပြုံးနှင့် ထင်က ယွန်းအလှကို ချီးကျူး ပြောပေမယ့် ယွန်းကတော့ ပြုံးနေသည့် ထင်နှင့် ဆန့်ကျင်ဘက် မျက်နှာထားတင်းမာစွာ ထင့်ကို မထိတရိ ကြည့်သည်။

"နင်ကတော့ အရင်ထက် ပိုအလာသလိုပဲ ထင်"

"ဟင်...ဘာကိုလဲ"

"ဘာကိုရမလဲ၊ လူ့အရိပ်အကဲ မဖမ်းတတ်တာကိုပြောတာ"

"လူ့အရိပ်အကဲ"

"အေး...ရှေ့ကလူပြောသမျှ နောက်ကထပ်ပြီး သံယောင်လိုက်တတ်တာကိုပဲ ခြိမ်းက မကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ခြိမ်းက ဟုတ်လား"

အလန့်တကြား ရေရွတ်မိသော ထင့်နှုတ်ခမ်းကို လက်ဖမိုးနှင့် အမြန်ဖိပိတ်ပစ်သည်။ ယွန်းကတော့ ထင့်ပုံစံကို မနှစ်မြို့စွာ ခပ်ရှုးရှုးငေ့ကြည့်ရင်း…

"အေး…ခြိမ်း၊ နင် သူ့ကို နောက်ထပ် ဆက်မပတ်သက်ဖို့ ယွန်းကို ပြောခိုင်းလိုက်တယ်"

ခြိမ်းရယ်။

ထင့်ရင်ထဲ နှလုံးသားတွေ တစ်စစီ ကွဲကြေသွားတာ ဘယ်သူမှမသိ။

"လမ်းတွေ့ရင် ပြုံးပြနှုတ်ဆက်နေမှာစိုးလို့တဲ့၊ မနေ့က ကူညီခဲ့တာလည်း အမြင်မတော်လို့ ကူညီတာ"

"သူဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရပါစေမယ် ယွန်းရယ်၊ ထင် သူ့ကိုနှုတ်မဆက်ပါဘူး"

ရင်ထဲက နာကျင်မှုက အတိုင်းအဆမရှိ။

မေးဖျားကို ခပ်ပင့်ပင့်မော့ကာ ပြောနေတဲ့ ယွန်းကို ကြည့်ရင်း ဝမ်းနည်းစိတ်ဖြင့် ငိုချင်လာတဲ့စိတ်ကို မနည်းချုပ်ထားရသည်။ အမြင်အာရုံတွေ ဝေဝါးလာသည်။ ခြိမ်းအမြင်မှာ ထင်က ဘယ်အဆင့်သို့ ထိုးကျသွားပြီလဲ။ ရှက်စိတ်က ထင့်တစ်ကိုယ်လုံးကို ရေနွေးငွေ့ အဟပ်ခံရသလို။ ဖိန်းခနဲ ထူပူသွားသည်။ ယွန်းက ထင့်ကို ထက်အောက်စုန်ဆန် မျက်တောင်တစ်ခတ်အတွင်း ခြုံငုံကြည့်ရင်း…





"နင်မသိမှာစိုးလို့ ပြောထားရဦးမယ် ထင်၊ ခြိမ်းမှာ ပိုင်ရှင်ရှိတယ် သိလား"

"ဘာရယ်"

"ခြိမ်းမှာ ချစ်သူရှိတယ်လို့ ပြောတာဟဲ့"

"ဟင်"

"တကယ်ပြောတာ၊ အဲဒီပိုင်ရှင် ဘယ်သူဘယ်ဝါတော့ ငါ နာမည်တပ်ပြီး မပြောချင်ဘူး၊ ဒါပေမဲ့ တစ်မြို့တည်းသူချင်း ဆိုတဲ့ အသိနဲ့ ဒီတစ်ခါကိစ္စကို ဘာမှမဖြစ်ခဲ့သလို ငါသဘောထားပေးမယ်"

"ဘယ်လို"

"ခြိမ်းနဲ့ နောက်ဘယ်တော့မှ မပတ်သက်နဲ့ ပန်းမှုံထင်"

မျက်ရည်ဝေ့သော ထင့်မျက်ဝန်းတွေက ဖျတ်ခနဲ ပင့်တက်လာသည်။ မျက်အိမ်ကျယ်ထဲ မျက်ရည်တွေ ပြည့်လျှံနေတာမို့ ရှည်လျားသော ထင့်မျက်တောင်တွေက တစ်ပင်မှာ နှစ်ပင်ယှက်သလို စိုလူးပူးကပ်နေ၏။ ထင့်ရဲ့ ပြည့်အမ်းသော နှုတ်ခမ်းသားတွေက တဆတ်ဆတ်တုန်ခါရင်း…

"ဒါဆို ယွန်း၊ ခြိမ်းက…"

ယွန်းက ကိုယ်ကို တောင့်တောင့်ပြင်ရပ်ရင်း ဆတ်ခနဲ ခေါင်းညိတ်သည်။

"ဟုတ်တယ်"

"နင် ဒီလိုကျတော့လည်း သဘောပေါက်လွယ်သားပဲ ထင်၊



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်ရှိပြီးသားအရာကို အတင်းအဓမ္မ လုယူရင် အဲဒါ ဗီလိန်ဇာတ်ခင်းတာပဲ၊ အဟွန်း ယွန်းထင်ပါတယ်၊ နင် ဗီလိန်တော့ မလုပ်ရဲဘူးမဟုတ်လား"

ဖျတ်ခနဲ ခုန်ဆင်းသွားသော ထင့်ပါးပြင်ပေါ်က မျက်ရည်စက်ကို ယွန်း မမြင်စေရန် ထင် မျက်နှာကို လွှဲပစ်သည်။ ဒီမျက်ရည်က ရက်စိတ်ကြောင့် ကျရသော မျက်ရည်ဖြစ်သလို မျှော်လင့်မထားတဲ့ အဖြစ်တွေနဲ့အတူ ခြိမ်းဘက်က ထင့်ကို အဆက်အဆံ အခေါ်အပြော မလုပ်ချင်ဘူးလို့ သိရတဲ့အခါ…။

ထင် ချက်ချင်း နေရာကထရပ်ပြီး စားပွဲပေါ်က လွယ်အိတ်ကို ဆွဲယူသည်။

"ထင် သွားတော့မယ် ယွန်း"

"အတန်းမတက်တော့ဘူးလား"

"မာနိုင်နဲ့ ချိန်းထားလို့"

ယွန်းကို ဒါပဲပြောပြီး အားလုံးနဲ့ဝေးရာ ပြေးထွက်တာတောင် ယွန်းရဲ့ အာဏာစက်က ထင် မလွတ်ခဲ့။

"ယွန်း စိတ်ချမယ်နော် ထင်၊ နင်နဲ့ငါ ထိပ်တိုက်မဆုံချင်ဘူး"

ထင် ဘာမှမပြောတော့ဘဲ အခန်းထဲက ကမူးရှူးထိုးပြေးထွက်ခဲ့သည်။ ခြိမ်းက ထင့်ကို မပတ်သက်ချင်တာကို သိပေမယ့် ဒီလောက်ရင်မနာခဲ့။ အခုတော့ ခြိမ်းရဲ့ချစ်သူဆိုတဲ့ သူကိုယ်တိုင်က ထင့်ကို။ ခြိမ်းရင်ထဲ ခြိမ်းနှလုံးသားထဲမှာ ရှိနေတာက





ယွန်းပဲ။

"ထင့်အတွက် ဒဏ်ရာတွေပဲရမှာ"

မာနိုင့်ပောက်ကိန်း မှန်နေပြီ နိုင်။ ထင့်ကိုက မှားခဲ့တာ။ မိုးပေါ်က လမင်းကို လိုချင်လို့ အော်ဟစ်ငိုယိုတဲ့ ထင့်အတွက် လမင်းက ကျမလာဘဲ ငိုသူသာ ရင်ကွဲသွားရမှာဆိုရင် ထင့်ရင်တွေ ကွဲကြေစုတ်ပြတ်ကုန်ပါပြီ နိုင်ရယ်။

ထင့်အတွက် နှလုံးသားနန်းတော်က တည်ဆောက်ခွင့်မရခင်ကတည်းက တစ်စစီ တစ်စုစီ စုတ်ပြတ်လဲပြိုကျခဲ့ပြီးသား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"အင့်"

"ဟ...ဘာလဲ"

ခြိမ်းက သူ့ရင်ဘတ်ကို အရှိန်နှင့် ပြေးဝင်တိုးဆောင့်သော အရိပ်ကြောင့် ခြိမ်းကိုယ်က နောက်ကို လန်ထွက်သွားသည်။ ဝင်တိုက်သူကပါ သူ့အရှိန်နှင့်သူ နောက်ပြန်လဲတော့မှာမို့ အကျင့်ပါနေသော ခြိမ်းရဲ့လက်က တစ်ဖက်သားရဲ့ လက်ဖဝါးကို မိမိရရ ဖမ်းဆွဲပြီးသား။

"ဟော့"

"အ...အမေ့"

ခြိမ်း ဆောင့်ဆွဲသောအရှိန်က များသွား၍ တစ်ဖက်လူက ခြိမ်းရင်ခွင်ထဲ အိခနဲ အရှိန်ပြင်းပြင်း ပစ်ဝင်ကျလာတာက ပီတောက်





ခြောက်ရောင် အရိပ်လေးတစ်ရိပ်။

"တောင်းပန်ပါတယ်ရှင်၊ ထင် သိပ်အရေးကြီးလာလို့"

"ဟင်"

"ခြိမ်း"

"ဟိတ်...မင်း"

ပြောလက်စ စကားတွေ ရပ်တန့်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက် အံ့သြမယုံနိုင်သလို ကြည့်နေမိသူက ထင်နှင့် ခြိမ်း။

မှတ်မိလွယ်သောမျက်နှာ။ အနီးကပ်တွေ့တိုင်း မျက်ရည်မြစ်တွေ ဖြစ်ထွန်းသော ထင့်မျက်ဝန်းကျယ်ကြောင့် ခြိမ်းက တအံ့တသြ ငုံ့ကြည့်ရင်း...

"မင်းဘာဖြစ်လာတာလဲ"

မေးခွန်းနှင့်အတူ ထင့်နောက်ကျောကို ကျော်ပြီး ခြိမ်းအကြည့်တွေ ရောက်သွားသည်။ မနေ့ကလို ထင့်ကို ခြောက်အိုးတစ်ဖက်၊ စာတစ်ဖက်နှင့် လိုက်နှောင့်ယှက်မည့်သူ ရှိနေပြီလားလို့။

"ဟင့်အင်း...ဟင့်အင်း ထင် ဘာမှမဖြစ်ဘူး၊ ထင် သွားပါရစေ"

ပြောရင်း ဝေါခနဲ ပြိုကျလာသည့် မျက်ရည်တွေကြောင့် ထင့်စကားလုံးတွေက ရှိုက်သံနှင့် ရောထွေးလျက်။ ခြိမ်းရင်ခွင်ထဲ ရောက်နေသည့် ထင့်ကိုယ်လေးကို ဖွတ်အတင်း ရုန်းကန်ပြေးထွက်ရန် ကြိုးစားနေပုံက အသည်းအသန်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ခုခုဖြစ်လာတယ် မဟုတ်လား ထင်"

"ဟင့်အင်း...ထင် ဘာမှမဖြစ်ဘူး"

ပါးပေါ် အဆက်မပြတ် စီးကျလာသည့် မျက်ရည်စက်တွေကို လက်တစ်ဖက်နှင့် ကပိုကရို သုတ်ရင်း ဖျတ်ခနဲ ခေါင်းငုံ့ချတော့ မျက်နှာသေးချထားသည့် ဆံနွယ်ရှည်တွေ ဝေါခနဲ ပြိုဆင်းလာသည်။

"ထင် သွားတော့မယ်"

ရှိုက်သံတစ်ချက် အင့်ခနဲထွက်လာပြီး ငိုသံ ဗလုံးဗထွေးနှင့် ခြိမ်းရင်ခွင်ထဲက ရုန်းထွက်သွားတာ အလျှင်စလိုနိုင်စွာ ခြိမ်းရင်ဘတ်တစ်ခြမ်းကို ဝင်တိုက်၍ ငိုရှိုက်ထွက်ပြေးသွားသော ထင့်ကို တအံ့တသြကြည့်ရင်း ဘာကိုမှ နားမလည်နိုင်အောင် ဖြစ်ကျန်ခဲ့သူက ခြိမ်း။

"ထင် ဘာဖြစ်သွားတာလဲ ခြိမ်း"

"ငါမသိဘူး ဖေ"

"အသည်းအသန်ငိုပြီး ပြေးသွားတာကွ"

"တစ်ခုခုတော့ တစ်ခုခုပဲကွ၊ မျက်ရည်ကျအောင် ဖြစ်ရတယ်ဆိုတော့ တော်ရုံပြဿနာမဟုတ်ဘူး ထင်တယ်"

"သနားပါတယ်ကွာ"

"သိပ်သနားနေရင် မင်းတို့ သွားချော့လိုက်ပါလား"

"ဘလိုင်းကြီးပါလား၊ ဘယ်သူက မင်းကိုသွားချော့ခိုင်းနေလို့လဲ ခြိမ်း"





"နိုင်းလည်း စိတ်မဝင်စားဘူး"

"ဒါလည်း ရောဂါတစ်မျိုးပဲကွ"

သူငယ်ချင်းတွေ ဝေဖန်ချက်တွေကြားမှ ခြိမ်း ရအောင် ရုန်းထွက်သည်။ ခြိမ်းရင်ဘတ်ထဲမှာ ဘာတွေငြိလာမှန်းမသိ။ မျက်ရည်စိုသော မျက်နှာလေးကို မြင်ယောင်ရင်း ခြိမ်း ဘာမဆိုင် ညာမဆိုင် အသက်ရှူမဝသလို ခံစားလာရတာ ဘာကြောင့်လဲ။ ခြိမ်း ခေါင်းကိုခါယမ်းပြီး အတွေးတွေကို မောင်းထုတ်ဖို့ ကြိုးစားသည်။

သွားစမ်းပါ။ ခြိမ်းနှလုံးသားက ဒါမျိုး လုံးဝရင်မခုန်တတ်တဲ့ နှလုံးသား။

"ဟော့...ခြိမ်း"

"ယွန်းပါလား"

ခြိမ်း ထိုင်နေကျ ခုံတန်းလေးမှာ အနက်ရောင် ထက်အောက်ဆင်တူနဲ့ ယွန်းကို တွေ့လိုက်ရတော့ အာရုံနောက်သွားသည်။

"တစ်ယောက်တည်းလား ခြိမ်း"

"ဘယ်နှယောက် မြင်နေလို့လဲ"

"သုံးယောက်ဟော့...သုံးယောက်"

ဟောက ခုံတန်းတွေ ကျော်လွှားရင်း လှမ်းအော်တော့ ယွန်းက ရယ်သည်။

"ကားပျက်နေလို့ ယွန်းက သူများကား လိုက်စီးလာတာ၊



www.burmeseclassic.com

www.burmeseclassic.com



ညနေ ခြိမ်းကားနဲ့ ကားကြုံလိုက်မှာနော်''

အနားသို့ရောက်လာသော ခြိမ်းကို ယွန်းက ချစ်စရာကောင်းအောင် မျက်နှာလေးကို ခပ်မော့မော့လေး ကြည့်ရင်း ပြောပုံက အသည်းယားစရာ။ ခြိမ်းပုံစံက ထုံးစံအတိုင်း လိမ္မော်ရောင်ရှပ်လက်ရှည်ကို ရင်ဘတ်ကြယ်သီးတွေ ဖြုတ်ထားသည်။ တံတောင်ဆစ်နားအထိ လက်ခေါက်ထားတာက ဖြစ်ကတတ်ဆန်း။ ဘောင်းဘီက အဖြူဖွတ်ဖွတ်မို့ ခြိမ်းရဲ့မျက်နှာက နီဝါရောင်သမ်းနေသည်။

''ဖြစ်တာယ်မလား ခြိမ်း၊ ကျောင်းဆင်းတာနဲ့ ခြိမ်းသင်တန်းကို သွားမှာမဟုတ်လား၊ ယွန်းလည်း ညနေသင်တန်းပေးရမယ့် အုပ်စုရှိတယ်''

''ဖြစ်ပါတယ်၊ နောက်ခန်းက လိုက်ပေါ့''

ခြိမ်းစကားကြောင့် ယွန်းမျက်ခုံးတွေ ယောင်ယောင်လေး တွန့်သွားသည်။

''ဘယ်နောက်ခန်းလဲ ခြိမ်း''

''နှစ်ခန်းတွဲရဲ့ ...ာက်''

''ခြိမ်း''

ထိုင်နေရာမှ ရုတ်ခြည်းထရပ်တော့ ခြိမ်းနဲ့ယွန်းက မျက်နှာချင်းဆိုင် ရင်ဘောင်တန်းပြီးသား။ ယွန်းက နှုတ်ခမ်းတွေကို မျဉ်းဖြောင့်တစ်ကြောင်းဘည်းဖြစ်အောင် ဆွဲစေ့ပြီးမှ...

''ဒါ နောက်စရာမဟုတ်ဘူး ခြိမ်း၊ ခြိမ်းကားက

မိုးမိုး ၈၁၄၆ပ



ဒက်ဘယ်(လ်)ကပ်၊ အမိုးမပါဘာမပါနဲ့ နောက်ခန်းထဲထိုင်ရအောင် ယွန်းအဆင့်ကို ခြိမ်း ဘယ်လိုသတ်မှတ်ထားလို့လဲ''

''ကျစ်...ခက်တာပဲ''

''ခက်အောင်လုပ်နေတာ ခြိမ်း၊ အဖွဲ့တစ်ခုတည်း ရပ်တည်နေကြတဲ့ လူအချင်းချင်း ယွန်းကြမှ ဘာလို့ ခွဲခြားနေရတာလဲ၊ ခြိမ်း ယွန်းကို ရင်မဆိုင်ရဲတာလား၊ ဒါမှမဟုတ် ရှောင်ပြေးချင်နေတာလား''

''ဟ...မင်းစကားတွေက သိပ်ဖောင်းနေပြီ ယွန်း''

''ရင်ဆိုင်တာတွေ၊ ရှောင်ပြေးတာတွေ ထည့်ပြောစရာမလိုအောင် မင်းနဲ့ငါနဲ့ ဆက်ဆံရေးက လုံးဝအရှင်းကြီး''

''ဒါဆို အားလုံးနဲ့တန်းတူ အခွင့်အရေး ယွန်းကြမှ ဘာလို့မရှိရတာလဲ''

ဒေါသကြောင့် ယွန်းအသံတွေ တုန်နေသလို မျက်နှာကလည်း အရောင်အမျိုးမျိုး ပြောင်းနေသည်။ ယွန်းဘက်က ခြိမ်းကို ချစ်တာတစ်ခုတည်းနဲ့ ခြိမ်း ထားရာနေ စေရာသွားတဲ့အထိ နေပေးခဲ့သည်။ ခြိမ်းအတွက် လိုအပ်တာမှန် ...ျှ ယွန်း ဖြည့်ဆည်းရန် ကြိုးစားခဲ့တာ ဟိုးအရင်ကတည်းက။

''အဲဒါ မိုးခြိမ်းညံတဲ့၊ အကာအဖွဲ့ ထူထောင်ဖို့ကြိုးစားနေတာ၊ အဆိုတော်ကင်းရဲ့ ညီအစ်ကိုဝမ်းကွဲ''

အားလုံးက မြူးကြွသော ဒီဂျေဂီတထဲ နစ်မွှားကာ ခပ်သွက်သွက် အကတွေနှင့် ကဲနေချိန်မှာ မိုးခြိမ်းညံဆိုတဲ့ ခြိမ်းက

www.burmeseclassic.com

မိုးမိုး ၈၁၄၆ပ

www.burmeseclassic.com



ထောင့်တစ်ထောင့်မှာ ခပ်ငြိမ်ငြိမ်ထိုင်နေတတ်သူ။ စတွေ့ကတည်းက ခြိမ်းအပေါ် စိတ်ဝင်စားမှု လွန်ကဲခဲ့သော ယွန်းက မိုးခြိမ်းညံ့နောက်ပါးက အရိပ်တစ်ရိပ်အဖြစ် ရှိနေခဲ့ပေမယ့် ယွန်းလိုချင်သော နီးစပ်မှုကို မရခဲ့။

"ခြိမ်းမှာ မွေးရာပါ နှလုံးရောဂါပါလာတယ် ယွန်း"

မိတ်ဆက်ပေးသူတွေ သတိပေးတုန်းက ခြိမ်းအတွက် ယွန်းဘက်က စိုးရိမ်ကြီးခဲ့တာ တကယ်။

"ခြိမ်းက နှလုံးရောဂါကြီးနဲ့ ခုန်ပေါက်ကဦးမယ် ဟုတ်လား၊ ယွန်းသိတဲ့ နှလုံးရောဂါဆိုတာ အပင်ပန်းခံလို့မရဘူး၊ အမောခံလို့ မရဘူးဆို"

ယွန်းစကားကို ဂျက်စမင်က ရယ်သည်။

"သူ့နှလုံးသားရဲ့ရောဂါက အချစ်ကို မခံစားတတ်တာ၊ မချစ်တတ်တာကို ပြောတာ ယွန်းရဲ့"

"ခစ်…ခစ်"

ထို မချစ်တတ်သော မခံစားတတ်သော ခြိမ်းကိုမှ ယွန်းတို့က မြင်မြင်ချင်း အသည်းစွဲလေပြီ။

"မိုးခြိမ်းညံ့တို့က ဒန်ဆာစကူး(လ်)ဖွင့်ပြီ ယွန်းရေ"

ဂျက်စမင် သတင်းပေးသံ ကြားတာနှင့် အရင်ဆုံး စာရင်းပေးပြီး အကသင်တန်းတက်ခဲ့သူတွေထဲမှာ ယွန်းက နံပါတ်တစ်။ အားလုံးသော သင်တန်းသူတွေထဲ အကပညာထူးချွန်အောင် အလူးအလဲ ကြိုးစားခဲ့သည်။





အဲဒါကလည်း ခြိမ်းကြောင့်။ ခြိမ်းကို ချစ်လို့၊ ခြိမ်းကို မြတ်နိုးလို့။ အို…ယုတ်စွအဆုံး မေဂျာလျှောက်တာတောင် တခြားမေဂျာတွေပစ်ပြီး ခြိမ်းရှိရာ မေဂျာကို ယူခဲ့သည့် ယွန်း။

ယွန်းရင်ထဲက လေးနက်ခြင်းအကြောင်းတွေကို ခြိမ်းစိတ်မဝင်စားရင်နေပါ နည်းနည်းတော့ ငဲ့ကြည့်သင့်သည်။ အခုတော့ ယွန်း ပြောသမျှ ခြိမ်းက ငြင်းဆန်ရန် စီမံကိန်းတွေ တထွေးကြီးနှင့်။

"စိတ်မဆိုးနဲ့ ယွန်းရာ၊ ခြိမ်း နည်းနည်း စိတ်ရှုပ်နေလို့ပါ"

အတိတ်ဆီ ဘယ်နှစ်ပတ်ပဲ လျှောက်လျှောက် ခြိမ်းဆိုသော အမည်ကြားတာနှင့် ယွန်းနှလုံးသားက ရောက်ရာအရပ်မှ ခေါင်းထောင်ထချင်သည်။

"ခြိမ်းအကြောင်းလည်း သိသားနဲ့ ယွန်းရာ"

"လိုက်မှာသာ လိုက်ခဲ့၊ ငါတို့လည်း ပါနေတာပဲ၊ အေးဆေးပါ"

ခြိမ်းကိုယ်စား ကြားထဲက ယွန်းကို လေပြေလေးနှင့် တောင်းပန်သူက တောင်းပန်သည်။ ခေါ်တဲ့သူက ခေါ်သည်။ ကာယကံရှင် ခြိမ်းကတော့ တုတ်တုတ်မလှုပ်။ ဖုန်းထဲက ဂိမ်းကို ကစားနေတာ တကယ့် သည်းကြီးမည်းကြီး။ ယွန်းကိစ္စ သူနဲ့ မဆိုင်သလို ဘာလိုလို။ သက်ပြင်းတစ်ချက်နှင့် ယွန်းကပဲ စိတ်ကို လျှော့တော့ ဒေါသနှင့် နပမ်းလုံးနေသော ယွန်းရင်ခုန်သံက တကျော့



www.burmeseclassic.com

www.burmeseclassic.com



ပြန်မြန်လာ၏။

"ခြိမ်း"

"ပြော"

ယွန်းခေါ်တော့ မော့မကြည့်ဘဲ မေးဆက်ထူးသည်။

"ယွန်း အတန်းမတက်တော့ဘူး"

"သဘော"

"ညနေကျောင်းဆင်းချိန်ကျရင်သာ ကားနားကစောင့်မယ်"

"သဘော"

ခြိမ်းပုံစံက ယွန်းကို မတတ်သာ၍ လိုက်လျောရတာမျိုး။ ယွန်းက ဖေတို့ကို အကြည့်နှင့် နှုတ်ဆက်ပြီး အတန်းထဲက ထွက်ခဲ့သည်။ ဒီတော့မှ သက်ပြင်းကိုယ်စီနှင့် ဖေနှင့်ဂျင်က ခြိမ်းဘေးနား နှစ်ယောက်သား ဝင်ထိုင်ရင်း…

"မင်းတို့ဟာကလည်း အယ်ကေဒါ်းနဲ့ အိုဘားမားကျနေတာပဲ၊ စေ့စပ်ရတာ ညှိနှိုင်းရတာနဲ့"

"ဟုတ်တယ် ခြိမ်း၊ တချို့ကိစ္စတွေမှာ လိုက်လျောလို့ရရင် မျှောထားလိုက်ပါကွ"

"လိုက်မျှောရအောင် ငါ့ဘဝက ရေစုန်မျှောရမဲ့ အခြေအနေမဟုတ်ဘူး ဖေ၊ အဲဒီလောက်အထိ ရှင်းထားတာတောင် ထင်မြင်ချက်တွေ၊ ဝေဖန်ချက်တွေက ဟိုတစ်စ ဒီတစ်စနဲ့"

"ဒါပေမဲ့ ယွန်းဘက်က တွေးတော့လည်း ဟုတ်တယ်ကွ၊ ငါတို့သင်တန်းမှာလည်း ယွန်းက မျက်နှာလွှဲနေရတဲ့ အနေအထား၊ ဘာပဲဖြစ်ဖြစ် မင်းဘက်က သိပ်မတင်းဖို့ ငါကပြောချင်တာ ခြိမ်း"

ဝိုး : ဝိုး : ၀၁၆ပ



ဂျင်က ဖျောင်းဖျသလို ပြောသည်။ ဖေကတော့ ခြိမ်းထံ ခပ်စွေစွေကြည့်ပြီး…

"သူများတွေများ မလိုချင်လို့ ပုတ်ခါနေရတဲ့ဘဝ၊ ငါတို့များ လိုချင်ပါတယ်ဆိုတာတောင် အနားမှ ဘယ်သူမှမရှိကဲ့ဘဝ၊ ကွာလိုက်တာ၊ အနေအထားချင်းက"

ဖေက ငြီးငြူသလိုနှင့် ခြိမ်းကို ခပ်ထေ့ထေ့ငေါ့သည်။ ခြိမ်းက ဘာမှပြန်မပြောဘဲ ဆရာမရှိသော စတိတ်ခုံဆီ အကြည့်ပို့ရင်း ဝမ်းနည်းခြင်းကြောင့် တဆတ်ဆတ်တုန်ခါနေသော ထင့်နှုတ်ခမ်းတွေကို မြင်ယောင်ကာ ရင်ထဲ မွန်းကျပ်ခြင်းက တစ်ကပြန်စ၏။ ငိုသောမျက်လုံးပေါင်းများစွာ ခြိမ်း မြင်ဖူးသည်။ မြင်ပေမယ့် ခြိမ်းရင်ထဲ ဘာမှခံစားရခြင်းမရှိ။

ပန်းမှုံထင်ဆိုသည့် သူမနဲ့ကျမှ…။

မင်းဘာတွေဖြစ်နေတာလဲ ခြိမ်း။

◆ ◆ ◆

ဝိုး : ဝိုး : ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ကျောင်းမတက်တော့ဘူး၊ ဟုတ်လား ထင်"

မသက်ဘအကြည့်နှင့် မာနိုင်က ထင့်ကို မယုံသလိုမေးသည်။ ဆိုင်မဖွင့်သေးသောအချိန် အဆောင်မှာ အားလုံး လူစုံတက်စုံ။ မကြူးတစ်ယောက်သာ ဆိုင်သို့ ထွက်သွားပြီး သန့်ရှင်းရေးဝန်ထမ်းတွေနှင့် ဆိုင်ထဲ ရှင်းလင်းရေးကို စီမံခန့်ခွဲနေသည်။ ထင်က ဝိုင်းအကဲခတ်နေသော မျက်လုံးပေါင်းများစွာထဲမှ သူမမျက်နှာကို တစ်ဖက်လွှဲရင်း...

"ဟုတ်တယ်...ကျောင်းမတက်ချင်တော့ဘူး"

"ကျောင်းတက်ရက်က သုံးရက်ပဲကျန်တော့တယ်၊ ခုံနံပါတ်လည်း ထွက်နေပြီ၊ ဖြေရမယ့်နေရာလည်း သိပြီးပြီ၊ ငါ အဆောင်မှာနားပြီး စာကျက်မလို့၊ မမစောတို့ နီလာတို့ကိုလည်း





ကူရတာပေါ့"

"မလိုဘူး ထင်၊ ကျောင်းသူဘဝ ရတုန်းရခိုက် ကျောင်းသူဘဝရဲ့ အရသာကို အပြည့်အဝ ယူစမ်းပါ၊ ဆိုင်မှာ ငါတို့က နိုင်ပါတယ်"

"ပွဲတော်ကာလလည်း မဟုတ်ဘူး၊ လာနေကျ ကပ်စတမ်မာလောက်ပဲကို"

"နီလာပြောတာ မှန်တယ်၊ ငါတို့က ဆယ်တန်းနဲ့ ကျောင်းထွက်ခဲ့ရတော့ တက္ကသိုလ်အရသာကို မမြည်းခဲ့ရဘူး၊ တက်စမ်းပါ၊ နောက်ဆံတင်းဖို့မလိုဘူး၊ ဝတ်စုံတောင် ဆယ်စုံပြည့်အောင် မဝတ်ရသေးဘဲနဲ့"

သီဂီနဲ့နီလာက တက်ညီလက်ညီ အားပေးကြသည်။ ထင်က မျက်နှာအပျက်ပျက်နှင့် ဘာဆက်ပြောလို့ ပြောရမှန်းမသိ။ နဝိုကတည်းက ထင်က မလိမ်တတ်သူမို့ မညာချင်ဘဲ ညာရတာ ထင့်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု။ ဖြစ်သမျှလည်း ဖောက်စုံခင်းမပြချင်။ ထင့်အကြောင်းက လူတိုင်း ရင်ဖွင့်ပြလို့ကောင်းတဲ့ အကြောင်းမှ မဟုတ်ဘဲ။ သူများချစ်သူကို ထင်က ရူးရူးမူးမူး စွဲလန်းနေတဲ့ဘဝ။

ဒါကြောင့်လည်း ဖျာလိပ်နတ်က ထင့်ကိုယောခဲ့တာ။ ထင်က ချစ်ဦးသူနှင့် လွဲမည့်သူတဲ့။ တစ်ညလုံး မအိပ်ရသည့် ထင့်မျက်လုံးတွေက ကျိန်းစက်ဖန်တွတ်နေသည့်ကြားထဲ မျက်ရည်တို့ ခဏခဏ ဖြတ်ကျော်ထားသောကြောင့် မျက်ခမ်းသားတွေ အထိမခံနိုင်အောင် နာကျင်ဆဲ။ ထင်က အပူရှပ်ဟန်လုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပါးအပြည့် သနပ်ခါးတင်ထားရပေမဲ့ ထင့်ရင်ထဲ မငြိမ်းချမ်းနိုင်တာ ကိုယ်သာအသိဆုံး။

"နင်ဘာတွေဖြစ်နေတာလဲ ထင်၊ နိုင့်ကို အမှန်အတိုင်း ပြောစမ်း၊ မနေ့ကအထိ နင် ဒီလိုပုံစံမှ မဟုတ်တာ၊ ဘယ်သူနဲ့ ဘာဖြစ်ခဲ့လဲ ထင်"

"ဟင့်အင်း"

"ထင် ဘာမှမဖြစ်ဘူး မာနိုင်"

"ထင်…နင် ငါ့ကိုမညာနဲ့"

"ထင် ဘာညာလို့လဲ"

"ထင်"

ဒေါသဖြစ်ဖြစ်နှင့် နိုင်က ထင့်ပခုံးတစ်ဖက်ကို ဆွဲခါသည်။ မနေ့က အတန်းမတက်ဘဲ နိုင်ထံ ထင် ရောက်လာသည်။

"ထင် နေမကောင်းလို့ အဆောင်ပြန်မလို့ နိုင်"

အဲဒီတုန်းက မာနိုင့်မှာ ရှည်ရှည်ဝေးဝေး ဘာမှမတွေးနိုင်။ ထင့်ကို တကယ်နေမကောင်းဘူးအထင်နှင့် စိုးရိမ်ပြီး နိုင်ကိုယ်တိုင် ကတ္တစီ ငှားပေးလိုက်သည်။ ညနေ နိုင် ပြန်ရောက်တော့ ထင်က ညစာမစား။ မေကြူး ပြုတ်ပေးသော ခေါက်ဆွဲပြုတ်တောင် တစ်ပန်းကန် မကုန်။ အခု ဒီမနက်ရောက်တော့ ထင်က ကျောင်း မသွားချင်ဘူး ဘာဘာညာညာနှင့်။

"နေစမ်းပါဦး မာနိုင်ရယ်၊ နင်ကလည်း ထစ်ခနဲရှိ ဒေါသ ချည်းပဲ၊ လူက လက်တစ်ဆစ်၊ ဒေါသက ပေတစ်ရာဆိုတာ နင့်လို



BURMESE CLASSIC .com



လူ၊ ထင့်ကို ငါမေးပါဦးမယ်"

မာနိုင့်ကို ဆွဲဖယ်၍ မမစောက ကြားဝင်သည်။ ထင့်နဖူးကို ဖွဖွစမ်းတော့ ငိုချင်ရက်လက်တို့ဆိုသလို ထင့်ရင်ထဲ နင့်ခနဲ ဖြစ်သွားကာ မျက်ရည်အိမ်ခနဲ ပိုင်း၏။

"ကိုယ်လည်း မပူပါဘူး၊ နိုင်က ဆူတာနဲ့ ထင်က မျက်ရည်ပိုးပိုးပေါက်ပေါက် ကျနေပြီ"

"ဘာဖြစ်တာလဲ ထင်ရယ်၊ ဟိုတစ်နေ့ကပဲ ငြိမ်းနဲ့တွေ့တယ်၊ အဆင်ပြေတယ်ဆိုပြီးတော့"

"နင် ဒီလိုဖြစ်ရတာ အဲဒီကောင်ကြောင့်လား ထင်"

"အို…သူ့ကြောင့် မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူ့ကြောင့်လဲ"

မာနိုင်က လက်သီးလက်မောင်းတန်းပြီး ဝင်မေးတော့ ထင် ဒီအတိုင်း နှုတ်ပိတ်နေလို့ မရတော့။ ထင် ခံစားရတာတွေက ငြိမ်းနှင့်ပတ်သက်သည်ဆိုပေမဲ့ ဒါ ငြိမ်းကပေးသော ဒဏ်ရာမှ မဟုတ်တာ။ ထင့်ဘာသာ ထင့်နှလုံးသားက ဆတ်ဆော့ပြီး အချစ်ကို တွေ့ရှိခံစားတာဆိုတော့ ငြိမ်းမှာ အပြစ်မရှိပါ။ အပြစ်ရှိသူက ထင့်နှလုံးသား။ ထင့်အချစ်။ ပါးပြင်ပေါ် စီးကျလာသော မျက်ရည်တွေကို ထင် လက်ဖမိုးဖြင့် ပွတ်ဆွဲသုတ်ရင်း…

"ထင် အမေ့ကို သတိရလို့"

"ဘာ"

"အမလေးဟာပဲ…ဖြစ်မှဖြစ်ရလေ"



www.burmeseclassic.com

www.burmeseclassic.com



မမစောက ရင်ဘတ်ဖိရင်း ထင့်ကို သဘောကျစွာရယ်သည်။ မာနိုင်နှင့် နီလာတို့က မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ထင့်ကို ကြည့်သည်။ ထင်ပြောတာ တကယ်တော့ မုသားမပါ။ အမေနှင့် နယ်မှာသာ အတူနေခဲ့လျှင် ထင် အခုလို ခံစားရမှာ မဟုတ်။ ထင့်နှလုံးသားလေးလည်း ဒီလို ကွဲကြေစရာ ဖြစ်ရပ်တွေနှင့် ကြုံရမည်မထင်။

"နင်တကယ်ပြောတာလား ထင်"

"ထင် မလိမ်တတ်တာ နင်သိသားနဲ့ မာနိုင်ရယ်"

"ထင် အမေ့ကို လွမ်းတယ်၊ စာမေးပွဲပြီးရင် မကြိုးကို ခွင့်တောင်းပြီး အမေ့ဆီ ပြန်မလို့"

"နင့်ဟာက မဟုတ်သေးပါဘူး ထင်ရယ်"

"ဒီမှာ အားလုံး အဆင်ပြေနေတာ၊ ဟိုကိုပြန်ပြီး ဘာလုပ်မလို့လဲ"

"ဟုတ်တယ် ထင်၊ ပြန်ချင်ရင် ခဏပဲပြန်၊ ပြီးရင် ပြန်လာခဲ့"

တစ်ယောက်တစ်ခွန်း ဝိုင်းတားဟန့်ပြင်သော စကားတွေကို ထင် နားမထောင်ချင်။

"အမေ့ဆီကို ပြန်မယ်"

ထင် စိတ်ကူးထားတဲ့အတိုင်း သူတို့ကို ဖွင့်မပြောဖြစ်။ ထင် ရည်ရွယ်ထားသည်က အမေ့အနားမှာပဲနေပြီး ဝေဒနာကုစားခွင့်။





"ထင်ရေ…ဆိုင်မှာ ညည်းငြှိသည် ရောက်နေတယ်"

ဝန်ထမ်းအကူရဲ့ အော်သံကြောင့် အားလုံးရဲ့အာရုံက ထင့်ထံမှ ထင့်ငြှိသည်ဆိုသူဆီ ရောက်သွားကြသည်။

"ထင့်ငြှိသည်တဲ့၊ ဘယ်သူများပါလိမ့်"

အားလုံးက စိတ်ဝင်တစား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပေမယ့် အဖြေကမရှိ။

"ငြှိသည်တဲ့၊ ဘယ်သူဖြစ်မလဲဟင်"

"ထင် မသိဘူး"

"မာနိုင်ရော ဘယ်သူထင်လဲ"

မာနိုင်ကို လှည့်မေးတော့ မာနိုင်က မသိဆိုသောဒီဖိုင်းနှင့် ပခုံးတွန့်ပြသည်။ အိမ်နေရင်း ဘလောက်(စ်)အင်္ကျီကို ဆွဲဆန့်ရင်း ထင် ဆိုင်ဆီထွက်ခဲ့တော့ အဆောင်ထဲကလူတွေ တပြုံကြီး ထင့်နောက်မှာ တစုတဝေး ကပ်ပါလာ၏။ ထိုစပ်စုသူတွေအထဲ ထင့်ရဲ့ အသည်းကွဲဝေဒနာက ရင်ဘတ်ထဲ တိတ်တိတ်ပုန်းနေတာ တကယ် အကောင်းဆုံး။

ရှင့်ကိုမှ ချစ်မိတာ ထင့်အတွက် ဘယ်ဘဝက ဝဋ်ကြွေးလဲ ခြိမ်းရယ်။

◆ ◆ ◆



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဘယ်လို အမေ၊ ရောက်တာ သုံးရက်တောင်ရှိပြီ ဟုတ်လား၊ ဒါနဲ့များ ထင့်ဆီ အခုမှ ဘာလို့လာတာလဲအမေရယ်၊ ဒီသုံးရက်ရော ဘယ်သူ့ဆီမှာနေလဲ၊ ရန်ကုန်မှာ အမေ့အသိလည်း မရှိ၊ ဆွေမျိုးလည်း မရှိဘဲနဲ့များ၊ အခုရော ဘယ်လိုလာတာလဲဟင် အမေ"

ကတ်ကြေးကိုင်ပြီး အထည်တွေညှပ်လာတာ ထင့် သက်တမ်းတစ်လျှောက်မို့ အသားမာတက်နေသော အမေ့ လက်ချောင်းတွေကို ဆွဲဆုပ်ရင်း အမေ့ကို အံ့ဩစွာမေးနေမိသည်။ အမေ့နှုတ်ခမ်းပါးတွေမှာ ထင်ရှားတဲ့ အပြုံး မတွေ့ရပေမဲ့ မျက်ဝန်း တွေက ပြုံးကာ ထင့်ကို ချစ်ခင်စွာ စိုက်ကြည့်နေရင်း…

"ဖြည်းဖြည်းမေးပါ သမီးရယ်၊ အမေနဲ့တွေ့နေပြီပဲ





အေးအေးဆေးဆေး ပြောလို့မရဘူးလား"

"အမေ့ကို သတိရနေတုံး အမေ ဖြန်းစားကြီးရောက်လာ တော့ ထင် ဝမ်းလည်းသာတယ်၊ အံ့လည်း အံ့ဩလွန်းလို့ပါ အမေရယ်"

"ထင့်စိတ်ထဲမှာလည်း ထူးဆန်းပြီး တစ်ခုခုကို စိုးရိမ် နေတာမျိုးလို"

"ဘာစိုးရိမ်စရာမှ မရှိပါဘူးသမီးရယ်"

အမေက ထင့်နားသယ်စပ်မှ ဆံပင်တွေကို နားနောက် ထိုးညှပ်ပေးရင်း ပြောပေမဲ့ ထင့်စိတ်ထဲ ဘဝင်တော့မကျ။

"ဒါဆို အမေ ရန်ကုန်လာတဲ့အကြောင်းရယ်၊ ရောက်တဲ့ နေ့ကတည်းက ဒီနေ့အထိ အမေ ဘယ်မှာတည်းတယ်ဆိုတဲ့ အကြောင်းရယ်၊ အဲဒါ အရင်ပြောပြ"

"အင်း…ပြောလည်းပြောမယ်၊ ပြလည်းပြမယ်"

"ဘယ်လိုပြမှာလဲ အမေ"

ပါးရိုးတွေ ငေါထွက်ကာ မျက်တွင်းတွေ ချိုင့်ဝင်လျက်နေ ပေမယ့် အမေ့အပြုံးက ချိုသလို အမေ့အကြင်နာကလည်း နွေးနေ ပါသည်။ အရင်ထက် ပိုပိန်သွားတဲ့ အမေ့အဖြစ်ကို ငေးကြည့်ရင်း ထင် စိတ်မကောင်း။ တင့်မှာ အမေ့ကို တာဝန်ယူ မစောင့်ရှောက် နိုင်တာကိုပဲ ဝမ်းနည်းနေမိသည်။

အမေကတော့ လအတန်ကြာ ခွဲထားရတဲ့ သမီးဖြစ်သူကို ကြည့်မဝသလို တစိမ့်စိမ့်ငေးရင်း…



www.burmeseclassic.com

www.burmeseclassic.com



"အခု အမေတည်းတဲ့အိမ်ကို သမီးကို ခေါ်သွားမလို့"

"အမေတည်းတဲ့အိမ် ဟုတ်လား"

"အင်း"

"အဲဒီအိမ်ကို သမီးကို အမေ ခေါ်သွားမလို့"

"အခုလားဟင်"

"ဒါပေါ့ကွယ်"

"ရှင်"

အမေ ချက်ချင်းစီစဉ်တော့ တအံ့တသြ ဖြစ်ရသူက ထင်ပါ။

"သမီး ဒီနေ့တစ်ရက် ကျောင်းပျက်လို့ရသလား"

"ဒေါ်လေးသမီးက ဒေါ်လေး မလာခင်ကတည်းက ကျောင်းပျက်ဖို့ စီစဉ်ထားပြီးသား"

"မာနိုင်ကလဲ"

"မှန်တာပြောတာ ဘာဖြစ်လဲ"

မာနိုင်က ကော်ဖီနှင့် မုန့်တွေလာချရင်း အမေ့ကို သတင်းပို့ပြီး ထင်တို့သားအမိနား ဝင်ထိုင်သည်။

"ကျောင်းပျက်နိုင်းပြီး ဒေါ်လေးက သူ့ကို ဘယ်ခေါ်သွားမလို့လဲဟင်"

"ဒေါ်လေးသူငယ်ချင်းအိမ် ခဏခေါ်သွားမလို့ပါကွယ်"

"ဒေါ်လေးသူငယ်ချင်း"

"အမေ့သူငယ်ချင်း ဟုတ်လား"





"ဟုတ်တယ်ကွဲ့"

ထင်နှင့်နိုင်တို့ သံယောင်လိုက် ရေရွတ်မှုကို အမေက ခေါင်းညိတ်သည်။ မာနိုင်က ရန်ကုန်မှာ အမေ့သူငယ်ချင်းရှိခြင်းကို အံ့သြခြင်းဖြစ်ပြီး ထင်က ယေကတည်းက ညအိပ်ရာဝင်ပုံပြင်လို ကြားခဲ့ရသော အမေ့ဘဝရဲ့ အချစ်ဆုံးဇာတ်ကောင်ကို ပြန်သတိရခြင်းဖြစ်သည်။

"သူက မွေးကတည်းက ရွှေဇွန်းကိုက် မွေးလာတဲ့ သူဌေးသမီး၊ နေတော့လည်း မြို့ကြီးပြကြီးမှာ၊ ပြီးတော့လည်း ရွှေစံအိမ်ထဲမှာ"

"အဲဒီလိုလူမျိုးက အမေနဲ့ ဘယ်လိုတွေ့တာလဲဟင်"

အမေ ပြောပြတုန်းက ထင် သိလွယ်မှတ်လွယ်သော ဉာဏ်လေးနှင့် မေးခွန်းပြန်ထုတ်ဖူးသည်။ ထင်တို့က နယ်မှာမွေး နယ်မှာကြီးသူတွေက မြို့ကြီးသူတွေနဲ့ အပေါင်းအသင်းဖြစ်ဖို့က လနဲ့ကမ္ဘာလို တကယ့်ကို အဝေးကြီး။ ဒါပေမဲ့ အမေ ရှင်းပြမှုထဲတွင် ထိုအဝေးကြီးက နီးနီးစပ်စပ် ဖြစ်သွားသည်။

"သူ့မိဘက နွေကျောင်းပိတ်ရက်မှာ အမေတို့နယ်လေးက စာသင်ကျောင်းတွေ၊ ဆေးရုံတွေမှာ ငွေလာလှူတယ်လေ၊ လှူရင်းက ဘုန်းဘုန်းဆီမှာတည်းရင်း သိမ်ကျောင်းဆောက်ဖို့ပါ ပြောကြဆိုကြနဲ့ ဒီမှာနေတာ တစ်လနီးပါးပဲ၊ အဲဒီမှာ အမေတို့ တအားခင်သွားကြတာ"

"အဲဒီတစ်လရဲ့ နောက်တော့ရော"



www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ စာအဆက်အသွယ် မပြတ်ကြဘူး သမီးရဲ့၊ သူက သိပ်သဘောထားပြည့်တာ၊ စေတနာလည်းကောင်းတယ်၊ အလှူအတန်းလည်း အရမ်းရက်ရောတာ"

"သူ့ငွေးတွေကိုး အမေရဲ့၊ ထင်တို့လည်း စေတနာကောင်းပြီး လှူချင်ပေမဲ့ ကိုရင်သုံးပါးလောက်ပဲ ဆွမ်းပင့်နိုင်တယ်၊ သူတို့လို ချမ်းသာရင် ထင်လည်း ကျောင်းတွေဆောက်၊ ဘုရားတွေတည်နဲ့ လုပ်ဖြစ်မှာ"

အဲဒီတုန်းက ကလေးအတွေးနဲ့ ထင့်စိတ်ကူးထဲမှာ အလှူကြီးပေးခဲ့သည်။ အမေက ထင်ဘာပြောပြော လက်ခံတာက သပ်သပ်၊ သူ့သူငယ်ချင်းကို အမွှန်းတင်ချင်တာကသပ်သပ်။

"သူ့စိတ်က အဓိကကျတာ အဆင့်အတန်းမခွဲတာပဲ သမီးရဲ့၊ တကယ်ဆို သူက မြို့ကြီးသူပဲ သမီးရဲ့၊ မြို့ရောက်ရင် အမေ့ကို မေ့သွားရမှာ၊ မမေ့ဘဲ အမေ ကျောင်းတက်ချိန်ဆို ကျောင်းဝတ်စုံတွေပို့၊ စာအုပ်တွေပို့နဲ့ အရွယ်ရောက်တော့လည်း အဝတ်အစား၊ မိတ်ကပ်၊ အို အစုံပါပဲ"

"ဒါနဲ့များ အခုကျတော့ မပို့ဘဲနဲ့"

"ညည်းအဖေနဲ့ လက်ထပ်ပြီး အမေ့ဆီ သူလာနေသေးတယ်၊ သူ့ကလေးနဲ့ သမီးက ရှေ့ဆင့်နောက်ဆင့်မွေးတာ၊ အမေပဲ နို့တိုက်မွေးခဲ့ရတာလေ၊ အဲဒီကတည်းက သမီးကလည်း သူ့သားလေး နို့တိုက်ချိန်ဆို အဲ့ခနဲတောင် တစ်ချက်မငိုဘူး၊ အဲဒီလောက်ကို သဒ္ဓါတာ၊ ကြည်ဖြူတာ"





"သူက မြို့သူဆိုပြီး ကလေးကျတော့ ဒီမှာလာမွေးတယ်"

ဒီတော့မှ အတိတ်ဆီလွှမ်းရင်း သတိလက်လွှတ်ဖြစ်သွားတဲ့ အမေက ထင့်ထံမှ အမေးစကားကြောင့် စကားလမ်းကြောင်းလွှဲပစ်တာ မှတ်မိသေးသည်။ နောက်တစ်နှစ်ကျော်ကျော်မှာ အမေ့အမျိုးတွေရှိတဲ့ရွာကို ပြောင်းခဲ့ရတာမို့ အမေနှင့် သူ့သူငယ်ချင်း အဆက်အသွယ် ပြတ်သွားတာဟု အမေပြောဖူးသည်။ ဒါဆို အခု ပြတ်သွားသော အဆက်အသွယ် ပြန်ရပြီပေါ့။

"ဒေါ်လေးက အဲဒီသူငယ်ချင်းအိမ် ပြန်ရောသွားပတ်လို့လား၊ ထင့်ကို လုံးဝအားမကိုးနဲ့နော် ဒေါ်လေး၊ သူက ကျောင်းထဲမှာတောင် သူ့အတန်းက ခြေတစ်လှမ်းခွာတာနဲ့ လမ်းပျောက်နေတာ"

ထင့်အကြောင်း သိနေသည့် မာနိုင်က ရယ်ရင်း အမေ့ကို ဝင်ပြောတော့ ထင့်မှာ စိတ်ဆိုးရခက်ခက်နှင့် မာနိုင်ကို မျက်စောင်းရွယ်မိသည်။

"ဘာလဲ…နိုင်ပြောတာ မှုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ထင်က ဘာပြောလို့လဲ"

"ထင်ပြောတာ ကြားတယ်နော် ဒေါ်လေး"

"ကြားပါတယ်ကွယ်၊ ကြားပါတယ်"

"လိပ်စာသိရင် ပြောပြပါလား အန်တီရဲ့၊ ဇောတို့အသိ တက္ကစီသမားကို လိုက်ပို့ခိုင်းလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထင်တို့စကားပိုင်းထဲ မမစောနှင့် မေကြူး ရောက်လာခြင်း ဖြစ်သည်။

"အဲဒါကောင်းသားပဲ မယုရဲ့၊ အပြန်ပါ ကြိုခိုင်းလို့ရတာ ပေါ့၊ အဆောင်မှာ မယုအတွက် အခန်းရှင်းထားခိုင်းလိုက်မယ်၊ ဒီမှာပဲ တည်း၊ မယုသမီးက မယုကို သတိရပြီး မနက်ကတောင် ငိုဟယ်ရယ်ဟယ်နဲ့"

မေကြူးက နယ်မှာကတည်းက မေမေနှင့်သိပြီးသားမို့ ထူးပြီး မိတ်ဆက်ပေးစရာမလို။

"ဟုတ်တယ် အန်တီရဲ့၊ အားနာစရာမလိုဘူး၊ မေကြူးက ဒီဆိုင်ရော အဆောင်ရောကို စိတ်တိုင်းကျ စီမံခန့်ခွဲခွင့်ရထားပြီး သား"

"သူဌေးရဲ့လူယုံ"

နီလာတို့က တစ်ယောက်တစ်ခွန်း ဝင်ပင့်တော့ မေကြူးက မျက်စောင်းကြီးခဲပြီး ကြည့်သည်။ ထင်ကတော့ ကိုယ့်အကြံနှင့် ကိုယ်။

"ဟုတ်တယ် အမေ၊ ဒီမှာ တည်း၊ ထင် စာမေးပွဲပြီးတာ နဲ့ အမေ့ကို ထင်ကိုယ်တိုင် ရွာအရောက် လိုက်ပို့မယ်"

"အားလုံးရဲ့ စေတနာကို နားလည်ပါတယ်ကွယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ထင့်ကို ဒီလိုဝိုင်းချစ်ကြတာတွေ့တော့ စိတ်ချမ်းသာလိုက်တာ၊ ဒါပေမဲ့ သူငယ်ချင်းက သူ့အိမ်မှာပဲတည်း ဖို့ ပြောထားလို့ပါ၊ အခုတောင် ကားကြီးတစ်စင်းလုံးနဲ့ အကြိုအပို့





လုပ်ပေးတာဆိုတော့"

"သူတို့အိမ်က ကားပေးလိုက်တယ်"

ထင်က တအံ့တသြမေးတော့ အမေက ခေါင်းညိတ် သည်။

"အမေ မသွားတတ်မှန်းသိလို့တဲ့"

အားလုံးရဲ့ မျက်လုံးတွေနှင့် ထင့်အကြည့်က ဒိုင်းခနဲ ပစ်ဆောင့်သွားပြီး ဖျတ်ခနဲ အကြည့်ရွေ့တာက ဆိုင်ရှေ့ကားပါကင် ဆီ။ မှန်ချပ်အကြည့်တွေကို ထွင်းဖောက်မြင်ရသော မြင်ကွင်း၌ အနက်ရောင် Lexus ကားကြီးက ခန့်ခန့်ထည်ထည်။

ထင်မှာ နားမလည်ခြင်းများစွာနှင့် အမေ့မျက်နှာကို မော့ငေးကြည့်မိသည်။

အမေပြောခဲ့သော သူငယ်ချင်းဆိုတာက ထင့်စိတ်ထဲ ချက်ချင်း တွေ့ချင်မြင်ချင်သွားသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"သမီးမေမေက အန်တီ့သူငယ်ချင်းဆိုလည်း ဟုတ်တယ်၊ အန်တီတို့မိသားစုရဲ့ ကျေးဇူးရှင်ဆိုလည်း မမှားဘူးသမီးရဲ့၊ ဒီနေ့ ဒီအချိန်မှာ အန်တီ ဒီလိုနေနိုင်တာ သမီးမေမေရဲ့ ကျေးဇူးတွေကြောင့်"

"တော်ပါတော့ ကေသီရယ်"

"အံမယ်…မတော်နိုင်ပါဘူး၊ ကလေးကို ဖြစ်ကြောင်းကုန်စင် ရှင်းပြထားမှ သမီးက ဒီမှာအနေရဲမှာပေါ့၊ ယု နားတော့လေ၊ သမီးကို ငါပဲ အခန်းတွေလိုက်ပြပြီး မိတ်ဆက်ပါ့မယ်"

သွယ်လျသော ကိုယ်ဟန်မှာ အပြုံးနုနုတွေကြောင့် အန်တီကေသီက မေမေနှင့် သက်တူရွယ်တူလို့ ထင်ရက်စရာမရှိ။ ဒေါ်ကေသီက နဖူးပေါ် ဆံမြိတ်ပါးပါးချပြီး နောက်တွဲဆံထုံးက





ဖွဖွလေးထုံးထားသည်။ အိမ်နေရင်းကိုပင် အပြာရင့်ရင့်ဗြောင်မှာ ဒူးနား၌ ပန်းပွင့်ကြီးတွေပါသော ထဘီနှင့် ခပ်ရိုးရိုးဝတ်ထားပေမဲ့ ချမ်းသာကြွယ်ဝမှုရဲ့ လောင်းရိပ်အောက်မှာ မတောင့်မတ နေလာခဲ့သူမှန်း ကြည့်တာနှင့် တန်းသိသာစေ၏။

"ကြည်နိုင်ရေ"

"လာပါပြီ မမ"

"ယု…အခန်းကိုသွား၊ ရေချိုးဖို့ ပြင်ပေးလိုက်ကွယ်၊ ပြီးတော့ ကလေးတစ်ယောက်ကို သနပ်ခါးသွေးထားခိုင်းလိုက်"

"ငါ့ဟာငါပဲ သွေးပါ့မယ် ကေသီရယ်၊ နင်က လူကို ကလေးကျနေတာပဲ"

အမေက အားတုံ့အားနာနှင့် ငြင်းသည်။ ဒေါ်ကေသီက ထင့်လက်ကို ဆွဲထားသည်မှာ မလွှတ်။ အမေ့ပခုံးကိုလည်း ကျန်လက်တစ်ဖက်နှင့် သိမ်းဖက်ရင်း…

"ငါ့သားမွေးတုန်းကရော နင် ဗိုက်ကြီးတပြုပြုနဲ့ ဒီလိုပဲ ဂရုစိုက်ခဲ့တာမဟုတ်လား ယုရယ်၊ သမီးက အန်တီ့သားထက် တစ်ပတ်တိတိငယ်တယ်၊ အန်တီ မီးထွက်လဲပြီးရော သမီးကိုမွေးတာပဲ၊ ကေ့ သမီးမေမေက မွေးချင်ရက်နဲ့ အောင့်ထားတာနေမှာ"

"အန်တီကလည်း မဟုတ်တာ"

မွေးချင်ရက်နဲ့ အောင့်ထားလို့ရတယ်ဆိုတာမှ မရှိတာ။ ထင့်မှာ ကိုယ့်အတွေးကို ကိုယ့်ဟာကိုယ် သဘောကျကာ ပြုံးတုံ့တုံ့ဖြစ်သွားသည်။ အန်တီကေသီကတော့ သူ့ခံယူချက်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



စကားကိုဆက်၏။

"တကယ် သမီးရဲ့၊ အန်တီ မွေးခါနီးလည်း သူ့မှာပြုစု ပေးနေရတော့ အန်တီ့ဝေယျာဝစ္စတွေ မလုပ်ပေးနိုင်ဘဲ ဖြစ်နေမှာစိုးလို့၊ မွေးလာတော့လည်း သူပဲ နို့တိုက်မွေးရတာ၊ အဲဒါကြောင့် သားကိုတောင်ပြောထားတာ၊ ဒါ မင်းရဲ့ နို့တိုက်မေမေလို့၊ ကဲ ကဲ ငါစကားကောင်းလို့ ယု ရေချိုးနောက်ကျနေဦးမယ်၊ ချိုး…ချိုး ယု၊ လာ…သမီးက အပေါ်ထပ်ကို၊ သမီးအတွက် အခန်းပြင်ထားတယ်"

"အခန်း"

ထင့်နှုတ်ဖျားက သံယောင်လိုက် ရွတ်ပြီးမှ ဒါမျိုးအကျင့် တွေ ခြိမ်း မကြိုက်ပါလားဆိုတဲ့ သတိရစိတ်က တန်းဖြစ်၏။ ဒေါ်ကေသီကတော့ ထင့်လက်ကို ဆွဲခေါ်ကာ အနက်ရောင် လှေကားကွေ့ကွေ့ကြီးဆီ ဆွဲခေါ်သွား၏။ လှေကားဆုံးတာနှင့် အစိမ်းရင့်ရောင် ဆိုဖာတွေ ချထားသော ဧည့်ခန်း၊ မှန်ဆွဲတံခါးနှင့် ကြည်ညိုဖွယ် ဘုရားခန်း၊ ပြီးတော့ အပေါ်ထပ်က အခန်းလွတ်များ နှင့် ရှင်းလင်းတိတ်ဆိတ်စွာ မြင်ရသည်။

အောက်ငုံ့ကြည့်တော့လည်း နူးညံ့အိစက်သည့် ကော်ဇော တွေက အရောင်အသွေးအမျိုးမျိုးနှင့်။ အပေါ်မော့ကြည့်တော့လည်း မျက်နှာကျက်မှ တွဲရရွဲကျနေသည့် မီးပန်းဆိုင်တွေနှင့်။ ဘေးဘီ ငဲ့ကြည့်တော့လည်း လူတစ်ရပ်စာအမြင့် မှန်ချပ်အကြည်တွေကို ကြက်ဥနှစ်ရောင် ခန်းဆီးကြီးတွေနှင့် ကာရံထားသော အပြင်အဆင်





တွေက ထင့်အတွက်တော့ ရင်သပ်ရှုမော ဖြစ်ချင်စရာ။

"သမီးက ဒီမှာပဲနေရတော့မှာလေ"

"ရှင်…အန်တီကေသီ"

"အင်း…ယုဆီက သမီးကို တောင်းထားပြီးသား၊ အန်တီ့ ဆီမှာပဲနေ၊ အန်တီ သမီးအရင်းလို ချစ်မှာလို့"

"အမေက ပေးလားဟင်"

မျက်တောင်တွေ ပုတ်ခတ်ပုတ်ခတ်နှင့် ထင်ကမေးတော့ ဒေါ်ကေသီက အားရအောင်ရယ်ရင်း…

"ပေးတာပေါ့၊ အန်တီက သူ့ပါခေါ်တာ၊ ယုက မနေနိုင် ဘူးဆိုလို့၊ ဒါပေမဲ့ သမီးရှိနေရင် ယု မကြာမကြာ လာရတော့မှာ လေ"

အခန်းတံခါးတစ်ခုရဲ့ ရှေ့မှာရပ်ရင်း ဒေါ်ကေသီက ထင့်ကို စေ့စေ့စပ်စပ်ကြည့်ကာ…

"အန်တီ သမီးတို့မိသားစုသတင်းကို အမြဲနားစွင့်နေခဲ့တာ ပါ၊ ဒါပေမဲ့ ယုက အန်တီထင်ထားတာထက် မာနကြီးတယ်၊ အန်တီ့အကူအညီတွေ သူ ငြင်းမရအောင်ယူနေရလို့ သမီးအဖေရဲ့ ရွာကို လိုက်သွားပြီး ခြေရာဖျောက်ခဲ့တာ"

"အမေက အားနာလို့ဖြစ်မှာပါ၊ အန်တီနဲ့ဝေးရာ ထွက်သွားပေမဲ့ အန်တီ့ကို မေ့ခဲ့တာမဟုတ်တာတော့ ယုံပါ"

"ယုံပါတယ်သမီးရယ်၊ အန်တီတို့က အနေဝေးပေမယ့် တကယ့် နှစ်ကိုယ့်တစ်စိတ်ပေါင်းခဲ့ကြတာ၊ အဲဒါကြောင့် သား



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ရှိတော့ အန်တီ ဘယ်သူ့ကိုမှ မတိုင်ပင်ဘဲ ယူဆီ အပြေး သွားခဲ့တာပေါ့"

"အန်တီက ထင်တို့ဆီမှာပဲ ကလေးလေး မွေးခဲ့တာပေါ့ နော်"

"ဒါပေါ့သမီးရဲ့၊ ယောကျ်ားမပါ၊ မိဘတွေကို အသိမခံ ဘဲ ယု လက်တစ်ဖက်ကိုတွဲပြီး သားကိုမွေးခဲ့တာ"

အဲဒီတုန်းက ကေသီက တက္ကသိုလ်နောက်ဆုံးနှစ်။ သားအဖေက နိုင်ငံတကာပတ်သည့် ကမ္ဘာလှည့်သင်္ဘောသား တွေ့စမှာ ချစ်ကြကြိုက်ကြနှင့် အိမ်အထိ နားဖောက်ထားသော သတို့သားလောင်း ဖြစ်ခဲ့သည်။ ကံတရားက ကျီစယ်ချင်တော့ ချစ်သူသက်တမ်း တစ်နှစ်မပြည့်ခင်ဘဲ သင်္ဘောပြန်တက်ရန် အကြောင်းဖန်လာခဲ့၏။

"ဒီလောက် နှစ်တွေအကြာကြီး ခွဲသွားရမှာ နှုတ်ဆက်ပွဲ လေးတော့ လုပ်သင့်တယ်နော်"

"အေးလေ...သင်္ဘောပြန်ဆင်းရင် တန်းပြီး လက်ထပ် ကြတော့မှာမဟုတ်လား၊ အကြို ဘတ်ချလာနိုက်"

အိမ်ကလည်း ခွင့်ပြုသည်။ အပေါင်းအသင်းတွေကလည်း ဝိုင်းပင့်သည်။ ထို့ကြောင့် ညလုံးပေါက်ဆင်နွှဲသော ပါတီသည် ချစ်ဆိပ်တက်သော ကမ္ဘာတစ်ခုအဖြစ် တစ်ခဏချင်း ပြောင်းလဲ သွား၏။ စိတ်အလိုလိုက်မိသော ကေသီမှာ သတိပြန်ဝင်လာသော အခါ အထိတ်ထိတ် အလန့်လန့်နှင့်။





"ဘာမှလန့်စရာမလိုပါဘူး ကေသီရယ်၊ ကေသီလန့်နေ တာ ကိုယ့်အပေါ် မယုံသလိုပဲ၊ သင်္ဘောတက်ရမှာက ဆယ်လ တည်းပါ၊ အဲဒီက ပြန်လာတာနဲ့ တန်းလက်ထပ်မယ်၊ အခု မသွား ခင် စေ့စပ်ထားမယ်"

"အစ်ကိုက သဘက်ခါပဲ သွားတော့မှာကို"

"မနက်ဖြန် စေ့စပ်မယ်ကွာ၊ ကဲ"

ယတိပြတ်ဆိုလာတဲ့ ချစ်သူစကားကို ထိုစဉ်ကတည်းက ခေါင်းညိတ်နာခံခဲ့တာ။ ကိုမြတ်ထွန်းအပေါ် ကေသီက ချစ်သူလိုလည်း ချစ်သည်။ အစ်ကိုလိုလည်း အားကိုးသည်။ ဒါပေမဲ့ သူငယ်ချင်းလို မပေါင်းရဲခဲ့တာ ထိုကတည်းက။ ကေသီ ထက် အသက်ပိုကြီးတာလည်း ပါမည်။ လေးစားဖွယ် အရည် အချင်းတွေ ရှိတာလည်း သိသောကြောင့် သူမက ချစ်သူကြိုးဆွဲ ရာကမဲ့ ရုပ်သေးရုပ်။

ကိုမြတ်ထွန်း သင်္ဘောတက်ပြီး သုံးလလောက်မှာ ကေသီ ကိုယ်ဝန်ရှိမှန်း သိခဲ့ရသည်။

"မိဘကို ပေးသိပြန်ရင်လည်း သဘောတူထားရက်နဲ့ တောင် ဒီလိုဖြစ်တယ်ဆိုပြီး အဆူအပြောခံရမှာလေ၊ အဲဒီကြားထဲ ကိုမြတ်ထွန်းနဲ့က အဆက်အသွယ်က မရနဲ့ အန်တီတော်တော် ခေါင်းမီးတောက်ခဲ့ရတာ၊ ယုနဲ့တွေ့မှ ယု စီမံပေးလို့ အဆင်ပြေပြီး သားကိုမွေး၊ ပြီးတာနဲ့ သားကို ယုနဲ့ထားပြီး အိမ်မှာ ဟန်မပျက် နေပြန့် အခု ပြန်တွေးကြည့်ရင်တော့ ရယ်စရာကြီး သမီးရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မကြောက်သင့်တာကို ကြောက်ခဲ့တာလေ”

“အန်တီ့အမျိုးသားက ဘယ်အချိန်မှ ပြန်လာလဲဟင်”

“သား တစ်လပြည့်မှ”

“ဒါဆို တစ်လလုံးလုံး သူက ထင်တို့ဆီမှာပေါ့နော်”

“ဒါပေါ့ သမီးရဲ့၊ သားက ငယ်ကတည်းက သိပ်ဆိုးတာ၊ သမီး နို့စို့တော့မယ်ဆိုရင် သူက အသံကျယ်ကြီးနဲ့ ထအော်တော့တာပဲ၊ ပြီးရင် ယုပေါင်ပေါ်မှာ အကြာကြီး ဗိမ်ခွဲပြီး နို့တိုက်ရတာ၊ သူအိပ်သွားမှ သမီးအလှည့်ကိုရောက်တာမျိုး သမီးရဲ့၊ အန်တီတို့လက်ထပ်ပြီး သွားပြန်ခေါ်တော့ သားက အပြန်လမ်းမှာ ငိုတာ တွန့်တွန့်လူးပဲ”

အတိတ်ထဲ တစ်ပတ်လည်ပြီး ပြန်ရောက်လာတဲ့ ပစ္စုပ္ပန်မှာ ဒေါ်ကေသီက ထင့်ရှေ့ ဗိတ်ထားသော တံခါးကို တွန်းဖွင့်ရင်း…

“သူနို့တိုက်အမေနဲ့တော့ ဆုံပြီးသွားပြီ၊ သမီးတို့အချင်းချင်း တွေ့ကြဖို့ပဲ လိုတော့တာ”

“ဟို…နောက်မှပဲ တွေ့ပါ့မယ် အန်တီရယ်၊ သူ့အခန်းထဲမှာဆိုတော့”

ယောကျ်ားလေးတစ်ယောက်ရဲ့ အခန်းထဲသို့ မဝင်ချင်ဘူးလို့ ထင် ငြင်းရမဲ့လူက အမေကိုယ်တိုင်ဖြစ်နေတာမို့ ထင့်ထံမှ ရုတ်တရက် အငြင်းစကားက ရှာမရ။ အန်တီကေသီကတော့ ထင့်ကို သဘောတကျ ပြုံးကြည့်ရင်း…





“ဒါ အိပ်ခန်းမဟုတ်ပါဘူး သမီးရဲ့၊ သားရဲ့ အက လေ့ကျင့်တဲ့အခန်း”

“အက လေ့ကျင့်တယ်”

“အင်းလေ…သားက ဒန်ဆာဂရု(ပ်)တစ်ခု ဖွဲ့ထားတာ၊ ပွဲတွေမှာ ဖိတ်တဲ့ပွဲရှိရင် လိုက်ကတာမျိုး၊ စီးပွားဖြစ်မဟုတ်ဘူး၊ သူ့ဝါသနာ၊ Essential ဒန်ဆာစကူးဆိုပြီး တည်ထောင်ထားတာ”

**Essential**။ ထင့်ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ လက်ဖျား ခြေဖျားတွေ အေးစက်လာ၏။ အို…မဖြစ်နိုင်ပါဘူး။ **Essential** မှာ အဖွဲ့ဝင်က ခြိမ်းတစ်ယောက်တည်းမှ မဟုတ်တာ။ သိစိတ်က ငြင်းသည်။ မသိစိတ်က ခြိမ်းဖြစ်ပါစေဟု ဆုတောင်းရင်း ရင်ထဲမှာ လှိုက်မောလာရ၏။ ဖြစ်ခဲ့တော့လည်း ခြိမ်းမှာ ချစ်သူကြီးနဲ့လို့ အတွေးကို အဆုံးသတ်လိုက်ရတော့ ထင့်နှလုံးသားတွေ နာကျင်ထိခိုက်ကြေကွဲသွားသည်။

“မမသီ ဖုန်းလာနေတယ်”

အသိပေးသံနှင့်အတူ ဒေါ်ကေသီလက်ထဲသို့ ဖုန်းထည့်ပေးသော အိမ်အကူကလေးမကို ထင် ငေးနေပေမဲ့ ထင့်အာရုံက ထိုထဲမှာမရှိ။

“ဟဲလို…ဟယ် သား၊ ပြန်လာတော့လေ၊ ဒီမှာ မိတ်ဆက်ပေးမဲ့သူတောင် ရောက်နေပြီ၊ ဘယ်လို ညပါအိပ်မှာ၊ အဲလောက်လိုသလားဟယ်၊ စာကျက်မယ်အကြောင်းပြပြီး အုပ်စုဖွဲ့ကြတာ မဟုတ်လား၊ ရန်တော့မဖြစ်နဲ့နော်သား၊ မင်းအဖေ ရာဇသံ



www.burmeseclassic.com

www.burmeseclassic.com



မင်းသိသားနဲ့၊ အေးပါ ခြိမ်းရယ် မင်းက မေမေ့ကို ပုံလာလာပြော၊ မေမေက ယုံနဲ့၊ ပြီးနေတာပဲ၊ ဘယ်တော့ပြန်လာမလဲ သား”

အန့်တီကေသီထံမှ နောက်ဆက်တွဲ စကားတွေကို နားထောင်ရန် ထင် ခံနိုင်ရည်စွမ်း မဲ့နေ၏။ နားထဲမှာ ခြိမ်း။ ရင်ထဲမှာလည်း ခြိမ်းနှင့် တခြိမ်းခြိမ်း ပြိုကျခဲ့သော အရာတွေက ထင့်ရင်တွင်း အစိတ်အပိုင်းတွေ ဖြစ်နေ၏။

ကံဇာတ်ဆရာက ထင့်ကို ဘာတွေ စီစဉ်ထားပါသနည်း။ ဝေးအောင်ပြေးသူကိုမှ နီးစပ်စေသည့်အဖြစ်။

ထင့် ရင်ခုန်သံတွေ ပရက်ရှာတက်တာ ဘယ်သူ့အဖြစ်လဲ ခြိမ်းရယ်။

◆ ◆ ◆



## အခန်း (၂၂)

“အို…ဒါ ရှင့်အပြစ်ပေါ့၊ ရှင်ကိုက မပြတ်မသားနဲ့ ဟိုအရင်ကတည်းက ကိုယ့်အိမ်ထောင်နဲ့ကိုယ် ဖြစ်နေပြီပဲဥစ္စာ၊ ခေါ်တိုင်းပြေးသွား၊ ပြောတိုင်းခေါင်းညိတ်နဲ့၊ အခုတော့ အဲဒါက အကျင့်ကြီးပါနေပြီ၊ အဆစ်ပါတာ ကျွန်မနဲ့သားပါ”

“ဟာ….အခုက ငါ့ကိုခေါ်တာ မဟုတ်ဘူးလေကွာ၊ မင်းကိုခေါ်လို့ ငါတို့ကလိုက်ရတာ”

“အတူတူပေါ့၊ ရှင့်တောင် အိတ်ထဲခေါက်ထည့်ထားနိုင်တာ၊ ရှင့်မိန်းမနဲ့ ရှင့်ကလေးလည်း သူတို့သဘောပေါ့”

“မဆိုင်လိုက်တာ ဝေရာ၊ ခေါ်ရတဲ့ကိစ္စက မင်း စီးပွား ဖြစ်မယ့်ကိစ္စပါ”

“ပြောပြန်ပြီလား ဒီစကား၊ ဒီမှာ ကျွန်မက အပြင်မှာ စီးပွားတွေ ကျုံးရုန်းရှာနေရအောင် ရှင်က အိမ်ထောင်တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံအောင် မထားနိုင်တဲ့သူမို့လို့လား၊ ဟွန်း…ကိုယ့်သားပဲ ဖျော်ဖြေရေးတစ်ခါထွက်ရင် သိန်းချီဝင်တာ ရှင်အသိဆုံး၊ စိန် အရောင်းအဝယ်ဆိုတာ ဝေဝေတို့ရဲ့ အပျင်းပြေအလုပ်”

“အေး…အေး ထားပါတော့၊ မင်းပြောတဲ့အတိုင်းပဲ ထားပါတော့”

ဒက်ဒီက စကားဝိုင်းကို အလံဖြူပြ၍ သိမ်းသည်။ မသိမ်း၍မဖြစ်။ မာမီနှင့် ယှဉ်ပြိုင်ပြောရလောက်အောင်လည်း ဒက်ဒီရော ကင်းရောက စကားမကြွယ်ခဲ့ပါ။ ဒါကြောင့် မာမီက အားမလို အားမရနှင့်ပြောတာ။

“မင်း သူနဲ့မတူစမ်းနဲ့ ကင်း၊ မင်းအဖေက သွေးအေး သတ္တဝါပဲဟဲ့၊ သူသာ အနားရှိရင် အဲကွန်းတောင်မလိုဘူး၊ တကယ်”

မာမီက ရွဲ့သလို ဒက်ဒီကလည်း မကြားတကြား ပြန်ချေပ တတ်သည်။

“ငါလည်း ဒီအတိုင်းပါပဲ၊ မင်းအမေသာ အနားရှိရင် အေးနေတဲ့သွေးတွေ ပွက်ပွက်ထဆူကုန်တာ ခဏခဏပဲ၊ အပူဟပ်လို့”

ကင်းကတော့ ဒက်ဒီနှင့်တူတယ်ပြောလည်း ခံရုံသာ။ ဒီဖအေသွေးက ဒီသားထဲပါတာ ဆန်းသလား။ ထို့ကြောင့် မနက်က အသို့ထံမှ ဖုန်းဝင်လာတော့…

“စိန်လော့ကတ်နဲ့ ဟမ်းချိန်းလား၊ ကျွန်တော်တော့ အတိအကျမသိဘူး အသီ၊ မေမေ့ကို လွှတ်ပေးမယ်လေ၊ ဟုတ်ကဲ့ လာခဲ့မယ် အသီ၊ စတူဒီယို သွားစရာတော့ရှိတယ်၊ ဒါပေမဲ့ လိုက်ခဲ့





ပါ့မယ်”

အာမဘာခွေခံပြီး မာမီ့ဆီ အသီက အခေါ်လွှတ်ကြောင်း သွားသတင်းပို့ကတည်းက တိုက်လိုက်တဲ့ဒေါသမုန်တိုင်းက အသီတို့ အိမ်နား ရောက်တဲ့အထိ မစဲနိုင်။

“သူတို့လိုချင်တာများ လာကြည့်ပေါ့၊ ဒါမှမဟုတ် သူတို့ သားကို လွှတ်ပေါ့၊ တကတည်း ငါတို့က အိမ်တိုင်ရာရောက်”

“တခြားလူတွေလည်း သွားပြနေကျပဲ မာမီရာ”

ကားမောင်းရင်း ကင်းက နောက်ကြည့်မှန်မှတစ်ဆင့် မာမီကို လှမ်းကြည့်ပြီး ပြောတော့ ဒေါ်ဝေဝေ သည်းမခံနိုင်။ သားရဲ့ ကျရှင်ကို လက်မြန်မြန်နှင့် ဖျထ်ခနဲ ပိတ်ရိုက်ရင်း…

“တခြားလူနဲ့ သူတို့က တူသလား ဖအေတူသားရဲ့”

မာမီ့အခေါ်အဝေါ်ကြောင့် ရှေ့ခန်း၌ထိုင်နေသော ကင်းနှင့် ဒက်ဒီက ပြုံးချင်သောနှုတ်ခမ်းကို ဘရိတ်ဖမ်းအုပ်ထားရသည်။ မာမီဒေါသထွက်တိုင်း ဒီလိုခေါ်တတ်သည်။ ခေါ်တိုင်းလည်း ကင်းတို့ ပြုံးမိလျှင် မာမီ့ဒေါသက ဘရိတ်မမိသော ကားလိုပင်။ ဟိုယမ်းဒီယမ်းနှင့် တွေ့ရာဝင်တိုက်မှာ သေချာသည်။

“ဟုတ်တယ်လေ၊ ထစ်ခနဲ ခိုင်းစရာ ဒီသားပဲ မျက်စိကျနေတာ၊ ဒီမှာက အလုပ်နဲ့အကိုင်နဲ့၊ သူ့သားလို လက်အားခြေအားမဟုတ်ဘူး၊ မင်းကိုကလည်း ညွှတာပါ၊ ကိုယ့်မှာ အကြောင်းပြစရာအလုပ်တွေ တပုံတခေါင်းကြီးရှိသားနဲ့”

“ကဲပါ မာမီရာ၊ ရောက်ပဲရောက်နေပြီ ဒေါသတွေသိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး မာမီ့ပစ္စည်းတွေရဲ့နှုန်းကို ပြန်တွက်ဦး"

"အေးလေ…ဟိုကိုရောင်းပြီးမှ ငါ့အတွက် အမြတ်က နည်းသွားပြီ၊ အဲဒါ ရှင့်အမျိုးတွေကြောင့်ဆိုပြီး တစ်ခါကြားရဦးမယ်၊ အစ်ကိုကြီးတို့က မင်းဆိုရင် ဆိုဈေးအတိုင်း ဘာမှဆစ်တာ မဟုတ်ဘူး"

ခင်ပွန်းသည်ကပါ ဝင်ပြောမှ ဒေါ်ဝေဝေ ပစ္စည်းစာရင်းနှင့် ဈေးနှုန်းတိုက်ရန် သတိရသည်။ လပ်(ပ်)တော့ကိုဖွင့်ရင်း စိန်ထည်တွေရဲ့ ကုတ်နံပါတ်၊ ဈေးနှုန်းနှင့် ကုတ်နံပါတ်အတိုင်း ပစ္စည်းတွေပါ မပါဆစ်ရင်းက ရှေ့ခန်းသို့ မျက်စောင်းလှမ်းထိုးသည်။

"သိပါတယ်၊ ရှင့်အစ်ကို ချမ်းသာကြောင်း မကြွားပါနဲ့၊ ဒီက တန်နေလို့လည်း ဝယ်တာပါ ကိုမျိုးချစ်ရဲ့၊ မတန်မရာ ပြောကြည့်၊ ဝယ်ဖို့နေနေသာသာ လှည့်တောင်ကြည့်မှာမဟုတ်ဘူး"

ဒေါသနှင့် မခံမရပ်နိုင်သလို မရရအောင် ပြန်ချေပသည်။

တကယ်ပါ။ ဘယ်ဘဝက ရေစက်အခံကြောင့် မသိ။ အဲဒီမိသားစုသုံးယောက်…ား ဒေါ်ဝေဝေတို့က အမြင်ကတ်လွန်း၍ ကြားမြင်တွေ့တဲ့နေရာတိုင်းမှ ဒေါသက ခေါင်းပြူလာစမြဲ။

အစ်ကိုဖြစ်သူက ဒေါ်ဝေဝေခင်ပွန်းကို လှမ်းမိုးသည်။ သူ့သားက ကိုယ့်သားကို အနိုင်ယူချင်သည်။ ထိုထိုသော အကြောင်းတရားများကြောင့် ရင့်သီးလာသော မကျေနပ်ခြင်းထဲမှာ တရားခံ ဘယ်သူလဲ။

◆ ◆ ◆



## အခန်း (၂၃)

"တစ်ခါတည်း ဝတ်လိုက်သမီး၊ ကြိုးနဲ့လော့ကတ်က အတော်ပဲ၊ သိပ်များ သေးနေမလားမသိဘူးနော်၊ နည်းနည်းကြီးတာလေး ရွေးပါလား သမီးရယ်"

"ရပါပြီ အန်တီရဲ့၊ ဟို ထင့်အတွက် အဲဒီလောက်မလိုပါဘူး"

"မလိုဘူး ဘယ်ဟုတ်မ…ယူပါ၊ မိန်းကလေးမှာ လက်ဝတ်လက်စားက မရှိရင် ဘာမှမဖြစ်ပေမဲ့ ရှိတော့ တင့်တယ်တာပေါ့ သမီးရဲ့"

"အားနာမနေနဲ့ သမီးရေ၊ ယူသာယူ၊ ဒါ ဘဘတို့ရဲ့ အမျိုးတွေပဲကွ"

အန်တီကသာမက ဦးမြတ်ထွန်းကပါ ဝင်ပြော၍ ထင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



အားတုံ့အားနာ။ မနက် အိပ်ရာနိုးကတည်းက…

"သမီး ဒီနေ့ စာမေးပွဲစဖြေရမှာ မဟုတ်လား၊ ဘရိတ်ဖက်(စ်)ကို အခန်းထဲ ပို့ပေးလိုက်မယ်၊ ကျောင်းသွားချိန်ကြမှ တစ်ခါတည်း ပြင်ဆင်ပြီး ဆင်းလာ"

ထင့်အခန်းထဲထိ လာပြောသွားသည့် အန်တီ့ရည်ရွယ်ချက်ကို ထင် အခုမှ သဘောပေါက်သည်။ စိန်ထည်တွေ တစ်ဗူးပြီးတစ်ဗူး ဖွင့်ပြနေတဲ့ အန်တီကြီးရဲ့ မျက်လုံးတွေကလည်း သူ့စိန်တွေလိုပင်။ တဖျတ်ဖျတ် အရောင်တွေထွက်ကာ ထင့်ကို အကဲခတ်နေတာ ရောက်ကတည်းက ဖြစ်သည်။

အမျိုးသားကြီးကတော့ အဘနှင့် ဘာတော်သလဲမသိ။ ရုပ်ချင်းတော့ တော်တော်ဆင်သည်။ အင်း…ဒီဘက်အစွန်မှာ ထိုင်နေသောတစ်ယောက်ကိုတော့ ထင် ကောင်းကောင်းသိသည်။ ထိုသူက နာမည်ကြီးအဆိုတော် ကင်း။ အီမိုဆံပင်နှင့် ကင်းက နားဖျားမှာ နားကပ်အမည်း ပန်ထားသည်။ ကင်းရဲ့ မျက်ခွံမို့မို့အောက်က မျက်ဝန်းတွေက သဘောကောင်း ကြင်နာဟန်အပြည့်။ သူ့ရှိုးပွဲတွေဆို မိန်းကလေးတွေများသည်ဟု ကြားဖူးပေမဲ့ ထင်ကတော့ သူ့သီချင်းတွေကို နားထောင်ဖူးရုံသာ။

"အမျိုးတွေဆိုပေမဲ့ အလကားတော့မရဘူးနော် အစ်ကိုကြီး"

"ဝေကတော့ လုပ်ပြီ"

ဦးသက်ထွန်းက အစ်ကိုဖြစ်သူကို အားနာပြီး ဇနီးကို





ဟန့်ပေမယ့် ဒေါ်ဝေဝေကတော့ လိုရာစွတ်ပြောတတ်သော အကျင့်အတိုင်း…

"အဟုတ်ပြောတာလေ၊ ဝေတို့က စီးပွားရေးလုပ်နေတာကို၊ အစ်ကိုကြီးတို့လောက် ချမ်းသာရင်ရော ဘာပြောကောင်းမလဲ လှူတန်းပစ်မှာ၊ အဟွန်း…ဝိသာခါတောင် ထိုင်ငိုသွားရမယ်"

"ကျောင်းအစ်မရယ်…ဝိသာခါငိုအောင်တော့ မလုပ်ပါနဲ့ဟ၊ ဝယ်ပါ့မယ်၊ ချက်(ခ်)နဲ့ယူမလား၊ ငွေသားလား၊ ကြိုက်ရာရွေးပေါ့၊ ညည်းကလည်း စီးပွားရေးသမား ဝိသနေလိုက်တာ၊ ဒါလည်းကောင်းတာပါပဲ"

"ဟော့…ကေသီ"

"ရှင် အစ်ကို"

"ဒီတစ်ခေါက် K.7 ကို ဝေ လာရင် လျှော့တာတွေ ဘာတွေ လုပ်မပေးနဲ့၊ သူများနှုန်းအတိုင်းယူ"

"အို…အစ်ကိုကလဲ"

ဒေါ်ကေသီက ကြားထဲမှ အားနာမဆုံး။ ဒီနှစ်ယောက်ကတွေ့တိုင်း အဲဒီလို အမြဲဖြစ်နေကျ။

"လှလိုက်တာ သမီးရယ်"

ထင့်ကိုယ်ပေါ် ဒေါ်ကေသီက လော့ကဒ်၊ လက်စွပ်နှင့် ဟန်းချိန်းတွေ ဆင်ယင်ပေးရင်း နှုတ်ကလည်း ချီးကျူးနေ၍ ထင်အနေရခက်စွာ မျက်နှာလေး ပန်းရင့်ရောင်ဖြစ်နေ၏။

"ဒါလေးပဲယူတော့မယ် ဝေရေ၊ အားလုံးက စိန်တစ်ပွင့်



www.burmeseclassic.com

www.burmeseclassic.com



တည်းနဲ့ ဝမ်းဆက်ဆိုတော့"

"ယူတာလည်းယူ၊ ရှင်းစရာရှိတာလည်း ရှင်း၊ ပြီးတော့ ပြောပါဦး သူလေးက ဘယ်သူလဲ၊ ဘယ်သူ့သမီးလဲ ကေသီ"

ဒေါ်ဝေဝေက သီချင်းတာကို ပြောင်ပြောင်ပဲ ဖွင့်မေးသည်။ ထင်က မော်ဒယ်(လ်)စိမ်းလို အရောင်နှင့် အင်္ကျီက ခါးတင်ကို လည်ပင်းပြဲပြဲမှာ စီးကွင့်(န်)တွေ ထိုးထားတာကို ဝတ်ထားပေမယ့် အင်္ကျီတခြား လူတခြား ဖြစ်မသွား။ ထင့်အသားက အစိမ်းရောင် ပြေးနေ၏။ အထူးတလည် လိမ်းခြယ်ထားခြင်းမရှိသော ထင့်မျက်နှာမှာ မျက်လုံးနဲ့မျက်ခုံးက ထူထဲနက်မှောင်စွာ ရှန်းလဲ့တောက်ပနေပုံက ချစ်စရာ။ ဒေါ်ကေသီက လှပသော ထင့်မျက်နှာကို တစိမ့်စိမ့် စိုက်ကြည့်ရင်း ထင့်ပခုံးကို ချစ်မြတ်နိုးစွာ လှမ်းဖက်သည်။

"ပန်းမှုံထင်တဲ့၊ ကေသီ့သမီးပေါ့၊ ငယ်ကတည်းက မွေးစားထားတာ၊ အခုမှခေါ်လို့ လိုက်လာတာလေ"

"သြော်…သြော်…မိဘမဲ့ကလေးလား"

ဒေါ်ဝေဝေက ဒေါ်ကေသီ့အဖြေကို စိတ်မဝင်စားသလို ခြေချင်းချိတ်ပြီး မျက်တောင်များကို စိုက်ချကာ မေးပုံက မတူ မတန်သလို။ မာမီ့လုပ်နေပုံကို မကြည့်ဘဲ တွေ့နေရ၍ ကင်းက ပန်းမှုံထင်မျက်နှာလှလှလေး ထိန်းမရအောင် ပျက်ပျက်သွားတာ ကြည့်ပြီး အားနာသွားသည်။

"ကေသီ့သမီးမှာ အမေရှိပါသေးတယ် ဝေရဲ့၊ သမီးအမေ ကလည်း ကေသီ့ရဲ့ အချစ်ဆုံးသူငယ်ချင်းပဲလေ၊ ကိစ္စလေးရှိလို့





နယ်ခဏပြန်သွားတာ၊ သမီးကို မနည်းကြီး တောင်းထားရတာ၊ ကဲ သမီး ဒီဘက်က ဦးဦးက သမီးဘဘရဲ့ညီ ဦးသက်ထွန်းတဲ့၊ ဒါက အန်တီဝေဝေ"

"ဟုတ်ကဲ့…တွေ့ရတာဝမ်းသာပါတယ်ရှင့်"

ထင်က ခေါင်းလေးအညိတ်မှာ မည်းနက်ခက်ဖြာသော ဆံပင်တွေ ထွေးခနဲ ပြုတ်ကျလာသည်။ ထူပြည့်သော ထင့်နှုတ်ခမ်း တွေပေါ် အပြုံးတင်သောအခါ လေးကိုင်းသဏ္ဌာန်လို ကွေးညွတ် သွားတာလည်း ကြည့်လို့လှသည်။ လှပသော ထင့်မျက်ဝန်းအိမ် ကျယ်ကျယ်မှာ မျက်တောင်တွေ အပေါ်အောက် ပူးယှက်ဖိကပ်သွား တဲ့ နေရာမှာ ကင်းအကြည့်က တော်တော်နှင့် မလွဲနိုင်။

"ကဲ…ဒီဘက်က တစ်ယောက်ကတော့"

"ထင် အစ်ကို့ကို သိပါတယ် အန်တီ"

"တွေ့လား ကေသီ့သမီးက ကင်းပရိသတ်ပဲ ဝေရဲ့"

ထင့်စကားကြောင့် ကင်းရင်ထဲ ဒိန်းခနဲ အကျယ်ကြီး ထဲမြည်သည်။ နှုတ်ခမ်းတွေဖွင့်ပြီး ရယ်ကာပြောသောကြောင့် ထင် ပြုံးတာထက် ပိုလှသည်။ ချစ်စရာကောင်းသည်။

"အစ်ကို့သီချင်းတွေကိုလည်း ထင် ကြိုက်တယ်ရှင့်၊ သီချင်းအားလုံး နားထောင်လို့ကောင်းပေမဲ့ သိပ်ဆူတဲ့သီချင်းတွေကျ တော့ ထင်က ကျော်ပစ်တာပဲ"

"အဲဒီလိုပြောလို့ ထင့်ကို စိတ်မဆိုးနဲ့နော် အစ်ကို၊ ထင်က ပွင့်ပွင့်လင်းလင်း ပြောတတ်လို့"

"ရပါတယ်၊ ကိုယ်က ထင့်လို ပရိသတ်တွေ့ချင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီ''

ကင်းက လိုက်လိုက်လှဲလှဲ ပြုံးပြီးပြောမှ ထင့်စိတ်ထဲ ဘဝင်ကျသွားသည့်ဟန်နှင့် ရင်ဘတ်လေးဖိသည်။

''ထင့်သူငယ်ချင်းတွေပြောတာ မှန်သားပဲ၊ အစ်ကိုက မာနမကြီးတတ်ဘူးတဲ့၊ အခု လက်တွေ့ဖြစ်နေပြီ''

''ထင့်သူငယ်ချင်းတွေ ဟုတ်လား''

''ဟုတ်တယ်၊ သူတို့က အစ်ကို့ရှိုးပွဲတွေ ကြည့်နေကြလေ၊ ထင်ကသာ မကြည့်ဖူးတာ''

''ဟုတ်လား…နောက်ဆို ကိုယ့်ရှိုးပွဲတွေ ထင် ကြည့်ရအောင် ကိုယ်စီစဉ်ပေးမယ်''

''ကျေးဇူးတင်ပါတယ် အစ်ကို၊ ထင့်သူငယ်ချင်း နီလာဆို အစ်ကို့ကို အသည်းစွဲပဲ''

''အံမယ်…နီလာတင်ဘယ်ကမလဲ သမီးရဲ့၊ ဝါဝါတို့ ယုတွေးတို့ဆိုလည်း ကင်းကို အသည်းစွဲ''

''အဟား…ဟား အသိုက်တော့ မုန့်ကျွေးရတော့မယ်နဲ့ တူတယ်''

''ဟကောင်ရ…ငါလည်းပါတယ်ကွ၊ ငါ့ရုံးက ငါ့စက္ကူထရီကလည်း မင်းမှမင်းဗျာ''

''ကဲ…ဒါဆိုလည်း ဆိုင်သာရွေးထားတော့ ဒက်ဒီရေ၊ ဘဘတို့သုံးယောက်နဲ့ ဒင်နာအတူ ထွက်စားရအောင်''

''အဲဒါကြောင့် သားကိုလည်း တတွတ်တွတ် ပြောနေရတာ အစ်ကိုကြီးရေ၊ လာသမျှဖုန်းရော စာထဲမှာရော မိန်းကလေး





ချည်းပဲ၊ သတိလေးထားပြီး ဆက်ဆံလို့၊ မျက်ခြေမပြတ်လည်း ကြည့်နေရသေးတာ၊ မတော်တရော်တွေနဲ့ တွေ့သွားမှာစိုးလို့လေ''

ဒေါ်ဝေဝေရဲ့ စကားအဆုံးသတ်မှာ စူးရှသည့်အကြည့်က ထင့်ထံ တဝဲဝဲ။ ပြီးမှ ကင်းဘက်လှည့်ကာ…

''ကဲ…သား သွားတော့လေ၊ ဒီနေ့ စတူဒီယို သွားရမှာ မဟုတ်လား''

''ဟုတ်ကဲ့ မာမီ''

''မင်း စတူဒီယိုက ကိုးမိုင်မှာမဟုတ်လား ကင်း''

ဦးမြတ်ထွန်းက မဆီမဆိုင် ဝင်မေးတော့ ဒေါ်ဝေဝေ စူးစမ်းသလို လှည့်ကြည့်သည်။

''ဟုတ်ကဲ့ ဘဘ''

''အေး…ဒါဆိုရင် ထင့်ကို သူ စာဖြေရမယ့် အ·ထ·က ကျောင်းကို ဝင်ပို့ပေးစမ်းပါ''

''အို…အစ်ကိုကလည်း ကလေးက လမ်းကြုံမှန်းမသိ မကြုံမှန်းမသိ''

ဒေါ်ကေသီက ဝင်ပြောသည်။

''ဟုတ်ပါတယ် ဘဘရဲ့၊ အားနာစရာကြီး၊ ထင့်ဘာသာ တက္ကစီပဲ''

ထင့်စကားက ပြီးဆုံးမတိုင်ခဲ့။

''အားနာစရာလည်း မလိုဘူး သမီး၊ လမ်းမကြုံတာလည်း မရှိဘူး၊ ကင်းလည်း ကိုးမိုင်သွားမှာ၊ အတူတူပဲ၊ လိုက်သွား သမီး''

''အားလုံး သမီးအမျိုးတွေချည်းပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကေသီက ခင်ပွန်းသည်ကို ဘာမှပြောလို့မရတော့ နဂိုကတည်းက သူ့တသွေးတသံ တမိန့်ထဲမှာ နေလာခဲ့သူ ဒေါ်ကေသီက အားနာနာနှင့် မျက်နှာလွှဲထားသည်။

ဒေါ်ဝေဝေကတော့ သူ့သားနှင့် ထင့်အတွက် မျက်နှာချင်းဆိုင်ပြီး မေးခွန်းထုတ်တာက မကျေမလည်။

"အစ်ကိုကြီးတို့အိမ်က ဒရိုင်ဘာကရော"

"အေး…နေမကောင်းလို့ ခွင့်ယူထားတာ မိဝေ"

"ဒါဆို ခြိမ်းကို ပို့နိုင်းရောပေါ့"

"ခြိမ်းက သူငယ်ချင်းတွေနဲ့ သွားအိပ်တာ၊ စာစုကျက်မယ်ဆိုပြီး ပြန်ကိုမလာဘူး"

ဒီမေးခွန်းကိုတော့ ဒေါ်ကေသီပဲ ဝင်ဖြေပေးလိုက်သည်။ ဒေါ်ဝေဝေ မကျေနပ်ဘူးဆိုတာ သိသည်။ ဒေါ်ဝေဝေ တမင်မှုန်တေထားတဲ့ မျက်နှာနဲ့…

"ဝေကတော့ ဆေးကျောင်းသားတောင် စာမေးပွဲရှိရင် သူများအိမ် မအိပ်နိုင်းဘူး သိရဲ့၊ သားယောကျ်ားလေးဆိုတာ ကိုယ့်မမြင်ကွယ်ရာမှာထားရင် သိတဲ့အတိုင်း"

"တစ်သက်လုံး ကိုယ့်မျက်စိအောက် ထားလို့ရမှာမှ မဟုတ်တာ ဝေရယ်၊ ပူနေလို့လည်း ဘာထူးမှာလဲ၊ ကိုယ်မနိုင်ရင် ရဲထိန်းမပေါ့"

"အို…အစ်ကိုကလဲ"

ဒေါ်ကေသီက ဝင်ဟန့်ပေမဲ့ ဒေါ်ဝေဝေမျက်နှာက ခရမ်းချဉ်သီးမှည့်လို နီနီရဲရဲဖြစ်လျက်။ ဦးသက်ထွန်းက နည်းနည်းမှ





အတင်စီးမခံတဲ့ ဖနီးနဲ့ မှန်တိုင်းထင်ရာပြောတဲ့ အစ်ကိုကြား မအီမလည် ဖြစ်နေ၏။

"ကဲ…သားတို့သွားမှာဆို သွားတော့လေ၊ တော်ကြာ စာမေးပွဲဖြေတဲ့သူက အချိန်မမှီဘဲ နေဦးမယ်"

"ဟုတ်…ဒက်ဒီ၊ လာ ထင် သွားကြရအောင်၊ အပြန်လည်း ကျွန်တော်ဝင်ကြိုပေးမယ် ဘာဘ"

ကင်းကပဲ ဦးဆောင်ပြောပြီး ထွက်လာတော့ သူ့နောက်ပါးမှာ ထင်က ရိုရိုလေး ကပ်ပါလာ၏။ ကင်း ထင် မမြင်အောင် နှုတ်ခမ်းတွန့်ရုံပြုံးရင်း ရှေ့ခန်းတံခါးကို ဆွဲဖွင့်ကာ ဟန်ပါပါနှင့် ခါးညွတ်လက်ဆန့်ပြီး ညွှန်ပြတော့ ထင်က အသံတိုးတိုးလေးနဲ့

"ကျေးဇူးတင်ပါတယ် အစ်ကို"

"အစ်ကိုကလည်း ထင့်ကို ကျေးဇူးတင်ပါတယ်ဗျာ"

"ဘာဖြစ်လို့လဲဟင်"

"ထင်က ကိုယ့်ပရိသတ်ဖြစ်နေလို့"

"အစ်ကိုကလဲ"

ကင်းစကားကို ထင်က ရှက်စနိုးရယ်တော့ ကင်းရင်တွေက တဒိန်းဒိန်း ဆောင့်ခုန်သွားသည်။ အချစ်ဆိုတာ ဒီလိုပဲ ရင်ကို အခုန်မြန်စေသလား။

ရင်ဘတ်တိုင်းမှာ အမှန်တရားရှိတယ်ဆိုတာ မင်းသိလားကောင်မလေး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"စာဖြေပြီးတာနဲ့ ကိုယ့်ကိုဖုန်းဆက်လိုက် ထင်"

"မဖြစ်ဘူးထင်တယ်"

"ဘာလို့လဲ"

"အစ်ကိုက အသံသွင်းရဦးမှာ မဟုတ်လား"

ကားက ကျောင်းရှေ့လမ်းတစ်ဖက်မှာ ရပ်ထားပြီး ကားထဲမှ မထွက်သေးဘဲ ထင်တို့ စကားပြောနေကြခြင်းဖြစ်သည်။ ကင်းက ကားစတီယာရင်ပေါ် လက်တစ်ဖက် ဆန့်တင်ထားရင်း အစိမ်းရင့်တီရှပ်က လက်ရှည်ကို တံတောင်ဆစ်နားအထိ ပင့်တင်ထားပုံက ရှင်းသန့်ချောမွေ့ကာ ထိုင်ငေးနေချင်စရာ။ လက်ကောက်ဝတ်မှာ နာရီအကြီးကြီးတစ်လုံး ပတ်ထားပုံချင်းကြတော့ ခြိမ်းနဲ့တူပေမဲ့ ကင်းက နူးညံ့ပြီး ကြင်နာတတ်၏။ ခြိမ်းကျတော့ ကင်းလိုမဟုတ်။ ထင့်အတွေးထဲ ဂျစ်တီဂျစ်ကန်နှင့် လောကကြီးအား စိတ်တိုင်းမကျ





သော ခြိမ်းရုပ်သွင်က ဖျတ်ခနဲပေါ်လာ၍ သက်ပြင်းရှိုက်ပြီး အတွေးကို ချက်ချင်းမောင်းထုတ်ပစ်လိုက်သည်။ ခြိမ်းမှာ ချစ်ရမယ့်သူ ပိုင်ရှင်ရှိပြီးသားဆိုတာ မမေ့နိုင်တိုင်း ထင်ပဲ ရင်နာရသည်။

"ဟိတ်"

"ရှင်"

ကင်း ခေါ်သံကြားမှ သတိလွှတ်သွားသော ထင့်ထူးသံက ထိတ်လန့်တကြား။

"အဟွန်း...ကိုယ်မေးနေတာ ကြာပြီ၊ ထင် ဘာတွေ ဒီလောက်တွေးနေတာလဲ"

"ထင့်ကို ဘာမေးတာလဲ့ အစ်ကို"

"ထင် ကိုယ့်ဖုန်းနံပါတ် သိလားလို့"

"ဟင့်အင်း...ထင် မသိဘူးအစ်ကို"

"ဒါဆို မင်းဖုန်းပေးလေ၊ ကိုယ့်နံပါတ် မန်မိုရီထဲမှာ ထည့်ပေးထားမယ်"

"ဟုတ်ကဲ့"

ထင်က အန်တီကေသီ ပေးထားသော ပန်းဆီရောင်ဖုန်းလေးကို ကင်းကို ထုတ်ပေးသည်။ ကင်းက ထင့်ဖုန်းထဲ နံပါတ်တွေ ရိုက်ထည့်နေတာကို လည်ပင်းလေးရှည်ပြီး လိုက်ကြည့်သည်။

"ရော့...ထင် စာဖြေပြီးတာနဲ့ ကိုယ့်ဆီ ဖုန်းဆက်လိုက်"

"အစ်ကို့အလုပ်တွေပဲ စိတ်ဖြောင့်ဖြောင့်နဲ့လုပ်ပါ၊ ဟို



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ထင်က"

စကားဆက်ပြောရခက်သလို ထင်က လည်ကုပ်ကြား လက်ချောင်းတွေထည့်ကာ ပွတ်ရင်း…

"ဟို…ထင် ဖုန်းမကိုင်တတ်ဘူး"

"တကယ်"

ကင်းက မျက်ခုံးပင့်ပြီးမေးတော့ ထင်က ရှက်စနိုးရယ်ရင်း ခေါင်းညိတ်သည်။ ကင်းက ထင် ရိုးသားပုံကို ချစ်စနိုးသဘောကျစွာ ပခုံးတွန့်ရယ်ရင်း ထင့်ကို ပိုချစ်သွား၏။

"အန်တီက ယူဆိုလို့ယူလာတာ၊ ထင်ကိုယ်ပိုင်ဖုန်း တစ်ခါမှမကိုင်ဖူးဘူး အစ်ကိုရဲ့"

"ထင်ရယ်…မင်းကတော့ တကယ့်စံပဲ"

ကင်းက သူ့နဖူးသူရိုက်ပြီး ထအော်တော့ ထင်က ရယ်သည်။

"အစ်ကို့အတွက် ထင်က ရယ်စရာဖြစ်နေပြီမဟုတ်လား"

ထင်က ရယ်ပြီး မျက်နှာနီနီနှင့် ရှိဆဲမှာပဲ…

"ဒေါက်…ဒေါက်"

ကားပြတင်းမှန်ကို အပြင်က လာခေါက်၍ ထင် ရုတ်တရက်မို့ လန့်သွားသည်။ မှန်က အကြည်မို့ အပြင်မှာရပ်နေသူရဲ့ ခါးပိုင်းလောက်သာ မြင်ရတာမျိုး။ ခပ်ပွပွ ဘောင်းဘီအဖြူရောင်နှင့် ခါးပတ်ခေါင်းအမည်းရောင်အား နီးကပ်စွာတွေ့ရသည်။ မီးခိုးရောင်လို အင်္ကျီက တစွန်းတစထွက်လျက်။





ထင်က ကင်းဘက် လှည့်ကြည့်သည်။ ဘယ်သူလဲလို့ မေးချင်သည့်ပုံစံ။ ကင်းက ပခုံးတွန့်ကာ ခေါင်းယမ်းပြရင်း မှန်တံခါးကို ဖွင့်ပေးတော့ ပြတင်းပေါင်ပေါ် လက်ထောက်ပြီး အတွင်းဘက်ဆီ မျက်နှာမူလာတော့…

"ခြိမ်း"

"ဟင်…ကိုကြီး"

ထင့်ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်အထိ ထင့်ရင်ခုန်သံတွေ မူမွေးမြန်ဆန်သွားပုံက ကြောက်စရာ။ ထင့်ကိုယ်လေးကို ကားကူရှင်မှာကပ်ပြီး ငြိမ်သက်နေချိန်မှာ ခြိမ်းက ကားထဲကို ငုံ့ကြည့်သည်။

လေးထောင့်မျက်မှန်အမည်းကြောင့် ခြိမ်းမျက်ဝန်းတွေ မမြင်ရပေမဲ့ နီမြန်းသော နှုတ်ခမ်းပါးတွေနဲ့ ပါးသိုင်းမွေးတွေက ရိတ်သင်ထားပုံက စိမ်းမြလျက် ငေးကြည့်ချင်စရာ။

"ခြိမ်း"

ကင်းထံမှ အံ့ဩသံထွက်လာ၏။

"မင်း ဒီကို ဘယ်ကဘယ်လို"

"မင်းတစ်ယောက်ပဲ ခြေချခွင့်ရတယ်လို့ ထင်ထားတာလား ကင်း"

ခြိမ်းလေသံက အေးတိအေးစက်။ ထင်ကတော့ သူတို့ ညီအစ်ကိုနှစ်ယောက်ကြားမှာ ဘာစကားမှ ပြောစရာမရှိသလို နှုတ်ဆိတ်လျက် ခြိမ်းကိုသာ ဝိညာဉ်ကင်းမဲ့သူတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



ဧေးကြည့်နေမိသည်။ ဒီကြားထဲရက်တွေမှာ ထင်နှင့်ခြိမ်းတို့ မဆုံဖြစ်တာ ဘယ်လောက်ကြာပြီလဲ။ တွေ့ပြန်တော့လည်း ထင်ကအရင်ခြိမ်း မမြင်အောင် ပုန်းနေမိသည်။

"မဟုတ်ပါဘူး၊ ငါက ဒီမှာ ရုတ်တရက်ကြီး မင်းပေါ်လာတော့ အံ့သြနေတာ"

"ငါ ထင့်ကို လာစောင့်နေတာ"

"ထင့်ကို"

"ဟုတ်တယ်"

"ဟင်"

ကင်းက ထင့်ကို အံ့သြလွန်းသလို လှမ်းကြည့်ပြီး ခြိမ်းကို ပြန်ကြည့်သည်။ ထင် ဘာမှပြန်မပြောနိုင်ခင်မှာပဲ ခြိမ်းက ထင့်ဘက်က ကားတံခါးကို အပြင်ဘက်မှ ဆွဲဖွင့်လိုက်၍ ထင့်အသည်းထဲ အေးခနဲ ဖြစ်သွားသည်။

"ဆင်းတော့၊ စာမေးပွဲချိန် နီးနေပြီ"

"ဟုတ်...ဟုတ်ကဲ့"

ခြိမ်းအသံက အမိန့်ပေးသံအပြည့်။ အကြောင်းမသိရင် ခြိမ်းကပဲ ထင့်ဆရာလိုလို။ ထင်ကလည်း သူ အမိန့်ပေးသည့်အတိုင်း ကင်းကားပေါ်က ဆင်းလိုက်သည်။

ထင့်အဖြစ်က ဝမ်းသာရမလား။ ဝမ်းနည်းရမလားမသိဘဲ ကားပေါ်က ခပ်ကုတ်ကုတ်ဆင်းဟန်ပြင်တော့ ကင်းက ထင့်လက်ကို လှမ်းဆွဲထားသည်။





"နေဦး ထင်"

"မင်းတို့က အရင်ကတည်းက သိနေကြတာလား၊ ဒါမှ မဟုတ် မင်းနဲ့ခြိမ်းက"

"ငါတို့ ဘယ်ကတည်းက သိသိ မင်းကို အစီရင်ခံဖို့လိုလို့လား ကင်း၊ ဒါပေမဲ့ မင်းသိတာထက် စောတဲ့တစ်ချိန်ကတည်းက ငါတို့က ရင်းနှီးပတ်သက်ပြီးသား"

"ဒီလောက်ဆို မင်းသဘောပေါက်လိုက် ကင်း"

ခြိမ်းစကားအဆုံးမှာ ကင်းလက်ထဲက ဆုပ်ကိုင်ထားသော ထင့်လက်လေးကို လွှတ်ချလိုက်သည်။ ထင်ကတော့ ခြိမ်းထံက ထင်နှင့်သူ ဘာလိုလိုစကားတွေကို ဘာတစ်ခုမှ နားမလည်နိုင်။

"ထင် ကျောင်းဆင်းရင် ကိုယ်လာကြိုမယ်"

ထင်က ခြိမ်းဘက် ဖျတ်ခနဲ လှည့်ကြည့်ပြီးမှ ကင်းကို ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့"

ကင်းက ထင့်မျက်နှာလေးကို တစ်ချက်စိုက်ကြည့်ပြီး ကားလီဗာကို ဖိနင်းပြီး ဝေါခနဲ ဝိုက်ကွေ့မောင်းထွက်သွားသည်။ စိတ်ထဲမှာ ဘာကိုမကျေနပ်မှန်းမသိ။ ခြိမ်းက သူမြတ်နိုးသော အရာတိုင်း တန်ဖိုးကျအောင် လုပ်ပစ်ခဲ့သော သမိုင်းက ကင်းမှာ ရှိပြီးသားဆိုပေမယ့် ဒီတစ်ကြိမ် သူ့ဘက်က လုံးဝလျှော့မပေးတော့ဟု ဆုံးဖြတ်လိုက်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

"နောက်တစ်ခါ ပြန်ကကြည့်ဦး၊ ခြေအသိမ်းအနုတ်က မဟုတ်သေးဘူး၊ ဒီလိုလေ သေချာကြည့်ထား"

ခြိမ်းက ဘယ်ခြေကို ရှေ့ထုတ်ပြီး ညာခြေကို နောက်သို့ ပို့သည်။

"ဝမ်း တူး သရီး ဖိုး"

အမှတ်စဉ်ရေပြီးတာနှင့် နောက်ခြေဖျားထောက်ပြီး ရှေ့ခြေထောက်က ကိုယ်ကို တစ်ဖက်လှည့်ပစ်တာဖြစ်သည်။

"အိုကေနော်၊ ပြန်လုပ်ကြည့်ပါဦး၊ နံပါတ်သရီး ခါးကြီး တောင့်မထားနဲ့၊ စည်းချက်အရ နွဲ့နေရမှာ၊ ဒီအကမှာ ခါးရယ်၊ ပခုံးရယ်က မိန်းပဲ၊ ဒီကောင်တွေ လိုသလို လှုပ်ရှားပြီးမှ ကျန်အစိတ်အပိုင်းက လိုက်လုပ်လို့ရမှာ၊ အိုကေ ဒီတစ်ကွက်ပြီးမှ နောက်





တစ်ဆင့်"

ခြိမ်းက ပခုံးပေါ်တင်ထားတဲ့ သဘက်အသေးစားကို ဆွဲယူပြီး မျက်နှာရော လည်ကုတ်အနှံ့ ချွေးတွေကို ခပ်ကြမ်းကြမ်း ပွတ်ဆွဲပစ်သည်။

ဘယ်လောက်ပဲ အဲယားကွန်းဖွင့်ထားပါစေ အကခန်းထဲ ဝင်တာနှင့် လူကို ချွေးက ဆွဲနှစ်သွားတာမျိုးဖြစ်နေကျ။ ကြမ်းပြင်ပေါ် ဒီတိုင်းချထားသော အောရင်းဂျူ့(စ်)ဗူးကို ခါးကိုင်းယူကာ နောက်နားခုံတန်းတွေဆီ လျှောက်ရင်း တစ်ခန်းလုံး အပြည့်တပ်ထားသော မှန်ချပ်တွေထဲမှ ခြိမ်းက သူ့ပုံရိပ်သူ ပြန်ကြည့်သည်။

ဘော်ဒီဖစ်(တ်)ဖြစ်သော ခြိမ်းကိုယ်ပေါ်မှာ စွပ်ကျယ်က အနီရဲရဲ။ အဖြူပေါ် ဘေးလိုင်းစင်းအနီပါသော ဘောင်းဘီက ခြေသလုံးတစ်ဝက်ခန့်သာ အရှည်ရှိသည်။

ခြိမ်းက နည်းပြဆရာမို့ ကြိုက်နှစ်သက်ရာ ဝတ်စုံဝတ်နိုင်ပေမဲ့ ခြိမ်းရဲ့ သင်တန်းသားတွေက ဘော်ဒီဖစ်(တ်)စွပ်ကျယ်မှာ ဘောလုံးသမားတွေလို ကျောနံပါတ်ရိုက်ထားသော အင်္ကျီသာ ဝတ်ရသည်။ ဒါ သင်တန်းရဲ့စည်း[illegible]း။

"သိပ်ကြည့်မနေနဲ့ ခြိမ်း၊ မင်းက နာမည်ကြီးပြီးသား၊ လှပြီးသား"

ဂျင်က ခြိမ်းပခုံးကို လှမ်းဖက်ရင်း ဘေးကပါလာသည်။ သူတို့ထက် ခုံတန်းဆီ ဦးအောင်ပြေးသွားတဲ့ ဇေက ဆိုဖာပေါ် ပစ်ဝင်ထိုင်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ ဒိုက်ပြန်ထိုးမှ၊ ဗိုက်နည်းနည်းထွက်လာပြီကွ"

"ဟိုညက မင်းစွတ်သောက်တာကို၊ ဒီရက်ပွဲဆက်တွေ များနေတာလည်းပါတယ်၊ ခြိမ်းနဲ့ ညတိုင်း လူစုမိနေတော့ ဘီယာဝိုင်းချည်းဖွဲ့နေတာ"

"ငါ့အပြစ်ချည်း မပြောနဲ့"

ဆိုဖာလက်တန်းပေါ် ခြိမ်းက တင်ပါးလွှဲဝင်ထိုင်ရင်းက

"သောက်တာ သုံးယောက်လုံးအတူတူ"

"အေးလေ…ငါဘာပြောလို့လဲ"

ဂျင်က မျက်လုံးပေကလပ် ပေကလပ်နှင့် ခြိမ်းကို မော့မေးသည်။

"အဲဒီမှာကတည်းက မင်း သဘောပေါက်သင့်ပြီ၊ ငါတို့ကျ ဗိုက်မပူဘဲ ဒီကောင့်မှကွက်ပြီး ဗိုက်ပူတာလေ၊ သေချာအောင် မေးကြည့်ဦး၊ ဘီယာဗိုက်လား၊ ကိုယ်ဝန်လားလို့"

"အာ…ဒီကောင်"

"ငါက အကောင်းမှတ်လို့ နားထောင်နေတာ"

နှစ်ယောက်က ခြိမ်းစကားမှာ အငိုက်မိသွားသည်။ ခြိမ်းက ဆံပင်တွေသပ်ကာ ခေါင်းမော့ရယ်ရင်း…

"မင်းတို့လိုကောင်တွေ အလစ်တွယ်ရတာ သိပ်လွယ်တာပဲ"

"ဒါဆို နေ့ခင်းက ကင်းကိုလည်း မင်း အလစ်တွယ်လိုက်တာပေါ့ ခြိမ်း"





"ဖြေစမ်းပါဦး…ဟိုကောင်မလေးကို ဘုမသိဘမသိ ကင်းကားပေါ်က ဆွဲချလာတဲ့အကြောင်း"

ခြိမ်းကို တစ်ယောက်တစ်ခွန်း ဝိုင်းမေးကြပုံက သူ့ကို ချောင်ပိတ်ထားသည့်နှယ်။ ခြိမ်းက မတ်တပ်ထရပ်ရင်း…

"ဒီလိုပါပဲ"

"ဟော့ကောင်…မရေမရာဖြေပြီး ရှောင်ထွက်မသွားနဲ့၊ အတိအကျပြော"

"ဘာကိုလဲ"

"နေ့ခင်းကအကြောင်းဆို"

ဇေက မရမက မေးသည်။ ခြိမ်းမျက်ခုံးကို တွန့်လိုက်တော့ နေ့ခင်းက အကြောင်းအရာတွေက မှတ်ဉာဏ်ထဲ ပြန်ပေါ်လာသည်။ ခြိမ်းတို့သုံးယောက်စလုံးက ကံကောင်းထောက်မစွာ တစ်ကျောင်းတည်းမှာ ဖြေရန် သွားကျသည်။ ဒီသုံးယောက်ရဲ့ အစဉ်အလာက လူစုံလျှင် ငပွေးတွေလုပ်နေကြမို့ ကျောင်းရှေ့ ရောက်တာတောင် အခန်းမရှာအား။ ခုံနံပါတ်တွေ ဘာတွေ အာရုံမရဘဲ ကျောင်းတံခါးရှေ့ အုတ်ခုံမှာ ထိုင်နေတုန်း…

"ဟိုမှာ ကင်းကား မဟုတ်လား"

ခတ်သိတွေ ဖြစ်နေသည့် ဇေက အရင်မြင်သည်။ ခြိမ်းက လက်ထဲ အခွံနွှာနေသော နေကြာစေ့လောက်မှ စိတ်မဝင်စား။ မော်မကြည့်တော့လည်း ဒီနှစ်ကောင်ကပဲ တိုက်တိုက်တွန်းတွန်း။

"ဟော့ကောင်…ခြိမ်း၊ ကင်းတစ်ယောက်တည်း မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွ၊ သေးမှာ တစ်ယောက်နဲ့"

"ဂျင်...သေချာကြည့်စမ်း၊ အဲဒီတစ်ယောက်က...ဟာ ပန်းမှုံထင်ကွ"

"ဟိတ်ကောင် ခြိမ်း၊ မင်းရဲ့ထင် ကင်းကားပေါ်မှာကွ"

မင်းရဲ့ထင်ဆိုသည့် စကားမှာ ခြိမ်းရဲ့ စိတ်ဝင်စားခြင်းက သူ့ထံ အလည်အပတ် ရောက်လာသည်။

ခေါင်းမော့ကာ မျက်လုံးကို အလုပ်ပေးတော့ ခြိမ်းမြင်လိုက်ရသည့် မြင်ကွင်းက ရှိပြီးသား ခြိမ်းဆံပင်တွေတောင် ပိုထောင်သွားသလို။ မှန်အကြည်ကို ထွင်းဖောက်မြင်နေရတာက အခုတလော သူ့ကိုတွေ့တိုင်း မသိချင်ဟန်၊ မမြင်ဟန်ဆောင်သွားရုံမက လူလစ်ရင် သူမမြင်ဘူးအထင်နှင့် ခြိမ်းကိုပြန်ပြီး ပုန်းကွယ်နေတတ်သည့် ထင်ဆိုသည့်ကလေးမ။ အစကတော့ ခြိမ်း စိတ်မဝင်စား။ နောက်တော့ ထင် လုပ်နေပုံကို ဒေါသဖြစ်လာသည်။ အခုကြတော့ ကင်းရဲ့ကားပေါ်မှာ ရယ်မောလို့။ ဘယ်လိုပုံစံနှင့် ကင်းကားနားရောက်သွားပြီး ထင့်ကို ခေါ်လာမိလဲမသိ။ သတိပြန်ဝင်တော့ ကျောင်းဝင်းထဲ ရောက်နေပြီ။ ခြိမ်းကို ဝေခွဲမရသော အကြည့်တွေနဲ့ ကြည့်သူက ထင်။

"ဘာကြည့်နေတာလဲ"

"သွားတော့ မင်းအခန်းကို"

"ဟုတ်ကဲ့"

ခြိမ်းပြောသမျှ ခေါင်းမခါဘူးရယ်လို့ အမိဋ္ဌာန်ဝင်ထား





သလားမသိ။ ခြိမ်း ဘာပြောပြော ထင့်ဘက်က ခေါင်းညိတ်ဖို့ အဆင်သင့်။ အဲဒါကိုပဲ ခြိမ်း အသည်းယားနေမိတာ သူမ မသိ။

"မင်းရီဆင်က မနိုင်လုံလိုက်တာ"

ဓာတ်စုံခင်းပြီးတော့ ဂျင်က အားမရဟန် ရေရွတ်သည်။

"အင်းလေ...မနိုင်လုံလို့ ဒီလိုပါပဲလို့ ဖြေတာပေါ့"

"ကင်းနဲ့ တွဲလာလို့ မင်း အူတွေဘာတွေတိုပြီး"

"နားစမ်းပါကွာ"

ဓေ ပြောလက်စစကားကို ခြိမ်းက ဖြတ်အော်ကာ ဟွန့်ခနဲ တစ်ချက်ရယ်သည်။

"အူတိုစရာလား၊ ဒီရုပ်ရည်ကို"

"ဒါဆို မင်းဟာက"

"ကင်းရင်ထဲ ကျလိကျလိ ဖြစ်သွားရင် တော်ပြီ"

"ဘာတွေ ကျလိကျလိလဲ ခြိမ်း"

လူရိပ်ထက်အရင် မွှေးရနံ့က သင်းခနဲ နှုတ်ဆက်လာသူက ယွန်း။ ခြိမ်း မော့ကြည့်တော့ ချိုင်းပြတ်အင်္ကျီအနက်၊ ဒူးဖုံးရုံ ဘောင်းဘီနက်က သေးစင်းအဖြူနှင့်။ ဆံပင်ခွေခွေတွေကို ငယ်ထိပ်မှ စုလုံးကာ နဖူးစည်းကျတော့ အနီရဲရဲနှင့် သိပ်လှနေသည့် ယွန်း။

"သြော်...စာကလေးအကြောင်း ပြောနေတာ"

"ဘယ်လို"

"သြော်...စာကလေးတွေအော်ရင်လည်း ကျလိကျလိ မြည်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဖေနဲ့ဂျင်က အတိုင်အဖောက် ညီညာသည်။ စူးစမ်းသူက လည်း မယုံမကြည် မျက်ဝန်းတွေနဲ့ အဖြေရှာပြီးမှ…

"ထားပါ၊ ဒီနေ့ဖြေနိုင်လားလို့ မေးမလို့"

"ငါတို့ပါ ဖြေရမှာလား"

ဂျင်က စပ်ဖြီးဖြီးရုပ်နှင့် သူ့မျက်နှာကို ရှေ့ထိုးပြီးပြောတော့ ယွန်းက မျက်စောင်းရွယ်ကာ…

"သဘောပဲ၊ ဖြေချင်ဖြေပေါ့"

"နင်ရည်ရွယ်ဟာ တစ်ယောက်တည်းဆိုတာ သိပါတယ် ယွန်းရာ၊ ဒါပေမဲ့ မကောင်းတတ်လို့ ပြောပြလိုက်မယ်"

"အံမယ်"

"ငါတို့အားလုံး ဖြေနိုင်တယ်"

"ပြီးတာပဲ"

ယွန်းက အားလုံးထံ အကြည့်ဝေ့ရင်း နောက်ဆုံး ခြိမ်းထံ မှာပဲ စူးစိုက်ရပ်တန့်သည်။

"အတန်းချင်းကွဲသွားတော့ ခြိမ်းတို့အတန်း ထဲက ဘယ်သူ တွေနဲ့ အတူကျလဲ ခြိမ်း၊ ဟိုဘက်ကျောင်းမှာတော့ ယွန်းရယ် မှန်ကြောင်အုပ်စုရယ်ပဲ တွေ့တယ်"

ယွန်း သိချင်လွန်း၍ မေးခြင်းပါ။ ကျောင်းမှာ ယွန်းတို့ တစ်တန်းတည်း အတူတက်ခဲ့သော အုပ်စုတွေ နှစ်စုကွဲသွားသော အခါ ယွန်းရှိရာဘက်မှာ ပန်းမှုံထင်က ပါမလာခဲ့။

"ဘယ်တုန်းကများ ခြိမ်းက သူနဲ့မဆိုင်တဲ့ကိစ္စဘက်မှာ



မျက်နှာမူရပ်တတ်လို့လဲ ယွန်း"

"ယွန်းက သိချင်တာကိုး"

"အဲဒီဘက်အတန်းမှာ ဘယ်သူတွေ တွေ့လဲ ခြိမ်း"

ခြိမ်းက လိမ္မော်ရည်ကို အပြီးသတ် မော့ချလိုက်ပြီး ထိုင်ရာ မှထကာ…

"မင်းနဲ့သိတဲ့လူတော့ မတွေ့ဘူးထင်တာပဲ ယွန်း"

ယွန်း လိုချင်သောအဖြေမဟုတ်ပေမဲ့ ဒီအတိုင်းပဲ ငြိမ်နေရ သည်။ သင်တန်းသားတွေဆီ လျှောက်သွားသော ခြိမ်းကျောပြင်ကို ငေးနေမိ၏။

အလျားအနံမရှိပေမဲ့ မေတ္တာမှာ အသွားအပြန်ရှိသတဲ့။ ယွန်း ပေးသလောက် ပြန်မရခြင်းဟာ အချစ်ကိုမသိတတ်သော ခြိမ်းကြောင့်လား။ အချစ်ကို လောဘကြီးတတ်သော ယွန်းဆိုတဲ့ သူမကြောင့်လား။ တကယ်ဆို နီးရက်နဲ့ ဝေးနေရတာမျိုး မဖြစ်သင့် တာအမှန်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ဒါဖြင့် ခြိမ်းက သူ့အိမ်မှာ ထင် ရောက်နေတာကို မသိဘူးပေါ့"

"ဟုတ်တယ်"

"ခြိမ်းက စာမေးပွဲဖြေတဲ့တစ်လျှောက်လုံး အိမ်မှပြန်မလာတာ၊ အခု စာမေးပွဲပြီးတာ တစ်ပတ်ကျော်ပြီဆိုတော့ သူပြန်လာတော့မလားမသိဘူး"

"ထင့်အသံကို နားထောင်ရတာ ရင်တွေခုန်နေသလိုပဲ နိုင်ရေ"

"ဟုတ်တယ်...ဟုတ်တယ်"

ဖုန်းတစ်လုံးတည်းမှာ စပီကာဖွင့်ပြီး ခေါင်းချင်းဆိုင်ပြောနေပုံရသည်။ နိုင်တို့အသံတွေက တစ်ယောက်တစ်မျိုး။ ထင့်ကို

ဝိုး၊ဝိုး၊၈၁၆ပ



ဝေဖန်ရေးလုပ်နေ၍ ထင် ပြုံးလိုက်သည်။

နီလာပြောသလို ထင့်အသံက ရင်ခုန်သံပေါက်နေသလားမသိ။ ထင့်ရင်တွေ ခြိမ်းနဲ့ပတ်သက်တိုင်း ထိန်းချုပ်ရခက်အောင် လှုပ်ရှားနေတာကတော့ အမှန်ဖြစ်သည်။

"နင်ရင်ခုန်နေလား ထင်"

"ဟဲ့...ရင်မခုန်ဘဲရှိမလား နိုင်ရဲ့"

မာနိုင့်အသံပေါ်လာသည်။ သီဂီက ကြားဖြတ်ဝင်အော်သည်။ မမစောက သိချင်တာ ဝင်ဝင်မေး၏။ အားလုံးရဲ့ အားလပ်ချိန်က ဒီလိုမနက်အစောပိုင်းဆိုတာ K.7 မှာ အလုပ်ဝင်ခဲ့သူမို့ ထင် သိပြီးသား။ ဒါကြောင့် ကိုယ်တိုင် မနက်အစောထကာ အိပ်ခန်းထဲ မှ ဖုန်းလှမ်းဆက်နေခြင်း ဖြစ်သည်။

"ဟယ်...မေးနေတယ်လေ၊ ခြိမ်း ပြန်လာရင် ဘာတွေဖြစ်မယ်လို့ထင်လဲ"

"ထင် မသိဘူး"

"သူ့ကို ထင် မတွေ့ချင်ဘူး၊ ကြောက်တယ်"

"ဖြစ်မလား၊ အခု ထင်နေတာ ခြိမ်းရဲ့အိမ်ဆိုတာလည်း သတိရဦး၊ ခြိမ်းစိတ်ကိုလည်း သိရဲ့သားနဲ့"

သိပါသည်။ သိလို့ သူ့အိမ်မှာ ထင် ရှိနေတာ ခြိမ်း မကြိုက်မှာ စိုးရိမ်ကြောက်လန့်နေမိတာပါ။

"ခြိမ်းက ပိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဆိုပေမဲ့ စိတ်ကြမ်းကိုယ်ကြမ်းသမားနော်၊ အခု ထင့်နားမှာရှိနေတဲ့ ကင်းကမှ ကဗျာ

ဝိုး၊ဝိုး၊၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဆန်တာပဲ၊ ထင့်ကို ဖုန်းဆက်နည်းလည်း ကင်းသင်ပေးတာ၊ စာမေးပွဲဖြေတဲ့ အချိန်လည်း အကြိုအပို့ကအစ ကင်းက ထင့်ကို သေချာဂရုစိုက် ကြင်နာတာ"

"နိုင်ကလည်း အစ်ကိုက ထင့်အပေါ်မှာ ရိုးရိုးသားသား ကူညီတာပါ"

"တစ်ယောက်က ခပ်မိုက်မိုက်နဲ့၊ တစ်ယောက်က ခပ်မိမိ နှင့်အစား ငါရင်ခုန်လိုက်တာ ထင်ရယ်"

နီလာက စိတ်ကူးယဉ်စွာ ဝင်ပြော၍ ထင် ပြုံးလိုက်သည်။

"စိတ်ကူးယဉ်ဘဝနဲ့ လက်တွေ့ဘဝက တခြားစီပါ နီလာရယ်၊ ထင့်လို ဆင်းဆင်းရဲရဲ ရုပ်ဆိုးမကို ဘယ်သူက ကြိုက်မှာလဲ"

"အချစ်မှာ ဆင်းရဲတာ ချမ်းသာတာ မဆိုင်ပါဘူးထင်ရယ်၊ နှလုံးသားက ဘက်မလိုက်တတ်ပါဘူး၊ သူချစ်ချင်တဲ့သူကို ချစ်တယ်၊ သူ မချစ်ချင်တဲ့သူကို မချစ်ဘူး၊ ဘယ်လောက် တရားမျှတလဲ"

"နှလုံးသားက တရားမျှတပါတယ်၊ ဦးနှောက်နဲ့ အသိတရားက နှလုံးသားရဲ့အလိုကို လိုက်ခွင့်မပြုတာတွေလည်း အများကြီးပဲ နိုင်၊ ထင့်ဘဝကို ထင် နားလည်ပါတယ်"

မှန်သောစကားကို ထင် ဆိုဖြစ်သည်။

ခြိမ်းကို ချစ်မိသွားတာကိုတော့ ထင်လည်း မတတ်နိုင်။ ပိုင်ရှင်ရှိပြီးသားဆိုထဲက ထင့်နှလုံးသားလေး တစ်စစီကွဲကျေပြီး

ဝိုး:ဝိုး:၀၁၆ပ



သား။ ဒဏ်ရာတွေနှင့်။ ကင်းလိုလူကို ထင် စိတ်ကူးထဲမှာပင် မထည့်ရဲ။

သူတို့နားမှာ အချောအလှ အတော်အတတ် ငွေကြေး ချမ်းသာကြွယ်ဝသည့် မိန်းမလှလေးတွေ အများကြီး ဝိုင်းဝိုင်းလည် နေတာ ထင် သိသည်။ နားလည်သည်။ ထင့်လို အညတရ တစ်ယောက်က သူတို့အတွက် အမှိုက်စတစ်ခုထက် ပိုမှာမဟုတ်။

ဒီကြားထဲ ထင့်ကို မျက်နှာထားတင်းတင်း လေသံမာမာ နှင့် အမြဲအော်ငေါက်နေသူ။

"ခြိမ်းက အပြောသာဆိုးတာ၊ စိတ်ရင်းကတော့ ကောင်း ပါတယ် နိုင်ရယ်"

"အံမယ်...သူ့ခြိမ်းကို ကြံဖန်ကြီး အမှတ်တွေပေးနေ လိုက်တာ၊ ခြိမ်းနဲ့ဆို နိုင်က လုံးဝအားမပေးဘူးနော်၊ ကင်းနဲ့ပဲ ထင့်ကို သဘောတူတယ်"

"မဖြစ်နိုင်တာတွေ လျှောက်ပြီး စိတ်ကူးယဉ်မနေပါနဲ့ နိုင်ရယ်၊ သူ့ဘဝနဲ့ ထင့်ဘဝက မိုးနဲ့မြေလို ဟိုးအဝေးကြီးမှာပါ၊ ဘယ်တော့မှ ပေါင်း၍ ဆုံစည်းလို့မရတဲ့ဘဝ"

ပြောရင်း ထင့်အသံက တိုးတိတ်နာကျင်မှုတွေနဲ့ စို့စို့နင့် နင့် ကြေကွဲလျက် ငိုသံပါ စွက်သွားသည်။ ဆင်းရဲနွမ်းကျတဲ့ဘဝ။ အကျည်းတန်မလေးတစ်ယောက်ကို ဘယ်လိုလူကများ စိတ်ဝင်စား မှာလဲကွယ်။

ဂုဏ်နဲ့ဂုဏ်ချင်း ထပ်မှ မြတ်တာလောက်တော့ ထင်

ဝိုး:ဝိုး:၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



လည်း သိပါသေးတယ်။

အချစ်အတွက် မိုက်မိုက်မဲမဲ ရင်ခုန်ခဲ့တဲ့ ထင့်နှလုံးသား မှာ သေရှာပါမယ့်အထိ ခြိမ်းဆိုတဲ့ ချစ်သူမှတစ်ပါး တခြားမရှိ။ ခြိမ်းအတွက် ရင်ခုန်စေသော ထင့်ရင်ခွင်တစ်ခြမ်းဟာ ခြိမ်း တစ်ယောက်ကိုပဲဆိုရင်…။

"ထင် ဖုန်းချတော့မယ် မာနိုင်၊ နိုင်တို့လည်း ဂျူတီဝင် ရတော့မှာ မဟုတ်လား၊ ထင် အန်တီနဲ့ဘာဘာအတွက် မနက်စာ ပြင်ပေးရမှာမို့လို့"

"ထင်အားရင် ဆိုင်ဘက်လှည့်လာခဲ့ဦး၊ ပြီးတော့ နိုင် ပြောတာ မမေ့နဲ့နော်"

"ဘာလဲဟင်"

"ကင်းကို နင်နဲ့"

"တော်ပါ နိုင်ရယ်၊ စိတ်ကူးယဉ်မနေစမ်းပါနဲ့"

"ဟွဲ…ငါတကယ်ပြောတာ"

နိုင့်စကားမဆုံးခင် ထင် ဖုန်းချလိုက်သည်။ သူစိမ်း ယောကျ်ားလေးတစ်ယောက်က ကူညီတာနဲ့ ဘာဘာညာညာ တွေးပစ်တာကတော့ တစ်ဖက်သားကို လျှော့တွက်ရာလည်း ကျသည်။ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းသည်ဟု ထင်မြင်သည်။ ကင်းလို နိုင်ငံကျော် အနုပညာရှင်က ထင့်လို ဘာမဟုတ်တဲ့ သာမန်မိန်းကလေးကို။ ဟင့်အင်း…မဖြစ်နိုင်တာကို ဘာလို့ ခေါင်း အလေးခံပြီး တွေးနေရမှာလဲ နိုင်ရယ်။





"မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး ထင်၊ ကိုယ် ဆယ်တန်း လောက်တုန်းက ပဲရစ်တို့၊ ဂျာမနီတို့ကို သိပ်သွားချင်ခဲ့တာ၊ ပြီးတော့ အီဂျစ်၊ အဲဒီမှာရှိတဲ့ ပိရမစ်တွေ၊ ဖာရိုဘုရင်တွေရဲ့ နောက်ခံပုံရိပ် တွေကို မျက်ဝါးထင်ထင် တွေ့ချင်၊ လေ့လာချင်ခဲ့တာ၊ ဆေးကျောင်းတက်ပြီး နိုင်ငံရပ်ခြားမှာ ဘွဲ့လွန်တွေ သွားယူမယ် ဆိုပေမဲ့ ပညာတစ်ဖက်၊ အလုပ်တစ်ဖက်နဲ့ ကိုယ့်စိတ်ဟိုင်းကျ နေခွင့်ရှိမှာ မဟုတ်ဘူး"

"အခုတော့ အီဂျစ်ကို ဆယ်လီဘရစ်တီတွေရဲ့ ခရီးသွား ခြင်းခေါင်းစဉ်အောက်မှာ ကိုယ်သွားရတော့မယ်၊ ဒါကြောင့် ဘာကိစ္စမဆို ဖြစ်နိုင်တဲ့ဘက်က တွေးထား"

ရယ်မောနေတဲ့ နှုတ်ခမ်းတွေနဲ့အပြိုင် ကင်းမျက်လုံးတွေပါ ပြုံးနေတာတော့ အခုထိ ထင် မှတ်မှတ်ရရရှိဆဲပါ။

"ကိုယ် ဟိုကိုရောက်ရင်တော့ လွမ်းနေတော့မှာ"

ရိုးရိုးလား၊ ဆန်းဆန်းလား မသိသောစကားကို ကင်း ခရီးမထွက်ခင် တစ်ညနေမှာ ထင့်ကို ပြောသွားသည်။ ဒါ ဘာသဘောလဲ။ ဘာအဓိပ္ပာယ်လဲဆိုတာ ထင် မစဉ်းစား။ စဉ်းစား စရာလို့လည်း မထင်။ နိုင့်လို စိတ်ကူးနှင့် ရူးနေသူတွေထဲ ထင် မပါ။ ဒါပေမဲ့ ထင့်ကိုကြည့်သည့် ကင်းမျက်ဝန်းတွေ ရွှန်းလဲ့ တောက်ပနေပုံက စိတ်ရှုပ်စရာဟု ထင်သည်။ ထင် စိတ်ထင်လို့ပဲ ဖြစ်မှာပါ။ အတွေးနဲ့ ခေါင်းကို ယမ်းခါပစ်သည်။ မတ်တပ်ထရပ် တော့ ညဝတ်စုံကို လဲထားပြီးသားဂါဝန်က ထင့်ခြေဖျားနား ပုံအိ



www.burmeseclassic.com

www.burmeseclassic.com



ကျသွား၏။

"သမီးအသက်က ငယ်ငယ်လေးရှိသေးတာကို၊ မြန်မာဝတ်စုံ ကြိုက်တာလည်းကြိုက်၊ ဒါပေမဲ့ အိမ်နေရင်းတော့ ပေါ့ပေါ့ပါးပါးဝတ်ပါ သမီးရဲ့"

"ဒီမှာ သမီးအတွက် အန်တီဝယ်လာတာ အများကြီးပဲ၊ ကြိုက်တာဝတ်"

အန်တီ့စိတ်ကြိုက် ဝယ်တာရော၊ ချုပ်တာရောနှင့် ဂါဝန်တွေ တစ်ထပ်ကြီး ထင့်ရှေ့ရောက်လာသည်။ အားလုံးပုံစံကလည်းပိုက်တာတွေ၊ အတိုအပြတ်တွေ တစ်ခုမှမပါ။ ခြေဖျားအုပ်တဲ့ ဂါဝန်ရှည်တွေ၊ လည်ထောင်လေးတွေ၊ လက်ဖောင်းလေးတွေကို ခါးစည်းကြိုးလေးတွေနှင့်မို့ ထင် ဝတ်ရဲသည်။

ဝတ်ရတာလည်း စိတ်ချမ်းသာသည်။ စိတ်လုံသည်။ မှန်ထဲ အရိပ်ထင်နေသည့် ထင့်ပုံရိပ်လှလှလေးမှာ ရှန့်ပိန်ရောင်ဂါဝန်နှင့် ကိုယ့်ကိုယ်ကို အားရအောင် တစ်ပတ်လှည့်ကြည့်ပြီးမှ အခန်းထဲက ထွက်သည်။

အန်တီ့ကို ဘုရားခန်းထဲ ဝတ်ပြုနေတာတွေ့၍ ခြေဖော့နင်းကာ ထင် အောက်ဆင်းလာ၏။ အောက်ထပ်မီးဖိုခန်းက ဘာသံမှ မကြားရအောင် တိတ်ဆိတ်နေသည့်အတွက် ထင် ခြေဖျားထောက်ကာ ထမင်းစားခန်းဝမှ လှမ်းချောင်းသည်။

ခါတိုင်း ဒီအချိန်ဆို မီးဖိုခန်းမှာ ချက်သံပြုတ်သံတွေ ဆူဆူညံညံရှိနေရမှာပါ။ အခု ဘာသံမှမရှိ။ ဖျတ်ခနဲ ထင့်မျက်စိရှေ့





မှာ အရိပ်တစ်ခုဝင်လာတော့ ထင် အံ့ဩသွားသည်။ မီးမဖွင့်ဘာမဖွင့်နဲ့ လှုပ်ရှားနေတဲ့သဏ္ဍာန်။

ထင် လန့်သွားသည်။ ရင်ထဲ တဒုန်းဒုန်းနဲ့ အသံမြည်လာ၏။

"သူခိုးများလား"

ထင် အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံ ရေရွတ်သည်။ ခေါင်းစွပ်ပါ ဆောင်းထားသည့် လူတစ်ယောက်။ လက်တွင်ဆွဲထားသော အိတ်ထဲသို့ ငါးသေတ္တာဗူးတွေ၊ အအေးဗူးတွေကို ဖရိဇာဖွင့်ပြီး ထည့်နေတာ ကျကျနန။

"ကြည့်စမ်း...ဒင်းကများ အိမ်ထဲ ကျူးကျူးကျော်ကျော်"

"သူခိုးပဲနေမှာပါ"

ကြောက်စိတ်ကို ဒေါသလွှမ်းတော့ လူက ချက်ချင်းရဲရင့်သွားကာ သူခိုးကို အမိဖမ်းဖို့ ထင် ဟိုဟိုဒီဒီကြည့်တော့ နံရံမှာ ချိတ်ထားသည့် အရိုးရှည်တပ် ဒယ်ပြားတစ်ခု သွားတွေ့သည်။

ဘာကိုမှ ထင် ရှည်ရှည်ဝေးဝေး မစဉ်းစားတော့။ ဒယ်ပြားကို အသံမကြားအောင် ဖြုတ်ပြီး လက်ကိုင်ကို တင်းကြပ်စွာဆုပ်ကိုင်၍ ထင့်ကိုယ်ထင် ခြေသံလုံအောင်ထိန်းပြီး တစ်ဖက်လူရှိရာ လျှောက်သွား၏။ ထင့်ထက် ခေါင်းတစ်လုံးကျော်ကျော်မြင့်သော သူခိုးအရပ်အတိုင်း ခြေဖျားထောက်၍ ထင့်လက်ထဲက ဒယ်ပြားနှင့် အားကုန်လွှဲအရိုက်...



www.burmeseclassic.com

www.burmeseclassic.com



"ကဲဟယ်"

"ဗိုး"

"ဒုတ်"

"ဟ…ဘာလဲ"

လေကိုခွင်းလာတဲ့ အသံကြောင့် ကျင့်သားရနေသော ခြိမ်းရဲ့သတိက ကိုယ်ကိုလှန်ချကာ ရှောင်လိုက်တော့ ခြိမ်းမျက်နှာနား ဗိုးခနဲဖြတ်သွားသည့် ဒယ်ပြားကိုင်လက်ကို တအားဆောင့်ဆွဲ၍ ဟိုဘက်နံရံဆီ ဝုန်းခနဲ ဆောင့်တွန်းပစ်သည်။

"အား…အမလေး"

"ဝုန်း"

"ခွမ်"

မိန်းကလေးတစ်ယောက်၏ နာကျင်စွာ အော်ဟစ်ညည်းညူသံကြောင့် အကျင့်ပါသော ခြေကန်ချက်ကို ခြိမ်း သတိနဲ့ထိန်း၍ သိမ်းလိုက်သည်။ နံရံကို နဖူးနှင့် ပစ်တိုက်ခံရ၍ မူးနောက်သွားသော ထင်မှာ ခေါင်းနှင့်နဖူးစပ်ဆီမှ စီးကျလာသော ပူနွေးစေးထန်းသည့် အထိအ ဘွ ကြောင့် သူမလက်နှင့် ထိစမ်းပြီး ပြန်အကြည့်…

"ဟင်"

"သွေး…သွေးတွေ"

လက်နှင့် ဆွဲပွတ်ရင်း ပါလာသည့် သွေးတွေကြောင့် ထင် အလန့်တကြား အော်သည်။ ထိုအခိုက်မှာပဲ ထင့်ပခုံးတစ်ဖက်





ကို လက်နှစ်ဘက်က ကြမ်းတမ်းစွာ ဆွဲလှုပ်ခြင်း ခံလိုက်ရ၏။

"ဟော့…ဒီမှာ မင်းဘယ်သူလဲ"

လူမသိအောင် ဝင်လာပါသည်ဆိုမှ ပြဿနာတက်နေတာကြောင့် ခြိမ်းက ခေါင်းဆောင်းကို လှန်ချပစ်လိုက်တာ စိတ်ရှုပ်စွာနဲ့။ သွေးတွေ စီးကျနေသော မျက်နှာတစ်ခု ခြိမ်းဘက်ကို လှည့်လာပြီးသည့် အခိုက်မှာပဲ…

"ဟင်…ကို…ကိုကြီး"

ခြိမ်းမျက်နှာကို စေ့စေ့ကြည့်ပြီး တအံ့တသြပုံစံနဲ့ လက်ညှိုးထိုးခေါ်တာ ကိုကြီးဆိုတော့ ခြိမ်း ဇဝေဇဝါဖြစ်သွားသည်။ ဒီရုပ်နှင့် ဒီအသံနှင့် ဒီလို သူ့ကိုခေါ်တတ်တာကို ကြားဖူးသလိုမို့ ခြိမ်းတအံ့တသြ စိုက်ကြည့်နေစဉ်မှာဘဲ ခြိမ်းရှေ့က ထိုတစ်ယောက်က တအိအိနှင့် လဲပြိုကျတော့တာမို့…

"ဟာ…ဟော့"

"သတိထားဦးလေ…ဟိတ်"

အကျင့်ပါနေသော ခြိမ်းလက်က ထင့်ခါးဆီမှသိမ်းကာ ထိန်းပွေ့ပြီးသား။ ထိုအခိုက်မှာပဲ မီးဖိုခန်းဝသို့ လူရိပ်တွေ ပြုံရောက်လာ၏။

"ဟင်…ထင်၊ အမလေး သွေးတွေနဲ့ပါလား၊ ဘယ်လိုဖြစ်ကြတာလဲဟင်"

"ဒုက္ခတွေတော့ များကုန်ပြီထင်တယ်၊ မမကို အစ်ကိုလေး ဘာလုပ်လိုက်လဲဟင်၊ မမ…မမ ဘာဖြစ်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ အိမ်ဖော်မိလုံးက ပျာပျာယာယာ အနားရောက်လာပြီး အလန့်တကြား။

"သတိမေ့သွားတာဟော့၊ နင့်တစ်ခုခိုင်းရင် တော်တော်နဲ့ ပြန်မလာဘူးမဟုတ်လား၊ ကဲ မ ဧည့်ခန်းထဲကို"

"မမကို အစ်ကိုလေး ရိုက်လိုက်တာလားဟင်"

"နင် လျှာရှည်ပြန်ပြီလား၊ နေစမ်းပါဦး၊ သူက ဘာကိစ္စ ဒီကိုရောက်နေတာလဲ"

"ဟို...အဲဒါက မမထင်က အစ်ကိုလေးရဲ့ မွေးစားညီမ"

"ဘာ"

"သူက ငါ့ညီမ ဟုတ်လား"

"ဟုတ်"

ထင့်မျက်နှာကို စေ့စေ့ကြည့်ပြီး လန့်တာရော အံ့သြတာရောပေါင်းပြီး အော်လိုက်တဲ့ ခြိမ်းအသံက အတော်ကျယ်သွားသည်။

"မိလုံး တကယ်ပြောတာ အစ်ကိုလေး၊ သူက မေမေကြီးရဲ့ မွေးစားသမီး ပန်းမှုံထင်"

"ပန်းမှုံထင်...မာမိမွေးစားသမီး ဟုတ်လား"

"ဟုတ်"

ဘာတွေဖြစ်ကုန်တာလဲ။

ခြိမ်း လိုက်မမှီတော့တာက လုံးဝသေချာသည်။ ကိုကြီးလို့ ခြိမ်းကို ထူးထူးခြားခြား ခေါ်တတ်သော ထင်က ခြိမ်းရဲ့မွေးစား





ညီမအဖြစ် သူ့အိမ်မှာ ရောက်နေတဲ့အဖြစ်။

အံ့သြသည့် အမူအရာနှင့် ရင်ခွင်ထဲ ငြိမ်သက်နေသော ထင့်မျက်နှာလှလှလေးကို နောက်တစ်ကြိမ် ပြန်ငုံ့ကြည့်သည်။

သွေးစွန်းသော မျက်နှာပေါ်က လှပသော အစိတ်အပိုင်းတွေကိုကြည့်ရင်း ခြိမ်းရင်ထဲမှာ ဘာလိုလို။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ကောင်းကြရောကွာ…ဟမ်၊ လူက အိမ်ပြန်ရောက်တာ တစ်နာရီတောင် မပြည့်သေးဘူး၊ အိမ်ထဲကလူက သွေးထွက်သံယို ဖြစ်တယ်၊ အပြင်ကလူတွေက လျှော်ကြေးတောင်းဖို့ စုပြုံနေတယ်၊ မင်းဘယ်လိုလူလဲ ခြိမ်း၊ သူများရိုက်ဖို့နှက်ဖို့က မင်းအတွက် ထမင်းစားရေသောက်သလောက်ကို လွယ်နေပါလားကွ ဟေ"

ဖအေက အိပ်ခန်းထဲ ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း ဆူသည်။ သားတော်မောင်က ခုံမှာ ခပ်လျော့လျော့မှီချထိုင်ကာ နားထောင်နေပေမဲ့ ပြောသမျှစကား နားထဲမဝင်တာ အသိသာကြီး။ ဒေါ်ကေသီက ထင့်ခုတင်ပေါ် တင်ပလ္လင်ထိုင်ရင်း…

"နာနေသေးလား သမီး၊ အခု ဘယ်လိုနေသေးလဲ၊ ခေါင်းထဲမူးတာတို့၊ အန်ချင်တာတို့ရှိရင် အန်တီ့ကိုပြော"





"အသက်နဲ့အဝေးကြီးပါ မာမီရာ"

"ဟဲ့"

"ဟီတ်ကောင်"

ဖအေရော မအေပါ ဟန့်လိုက်မှ ခြိမ်းက မှုန်ကုပ်ကုပ် မျက်နှာနှင့် ထင့်ကို ပြန်ကြည့်သည်။

"သူက အရင် ခြိမ်းကို စရိုက်ဖို့ကြံတာမာမီ၊ အဲဒါကြ တော့ ထည့်မပြောဘူး"

"မင်းကလည်း သူခိုးကျင့် သူခိုးကြံနဲ့ အိမ်ထဲဝင်တာကိုး ကွ"

"ဒါပေမဲ့ အသိသာကြီးပါ ဒက်ဒီရာ၊ သူ့ကိုက ဦးနှောက် မရှိတဲ့အတိုင်း၊ စဉ်းစားဉာဏ်ရှိရင် ဘယ်သူခိုးက မီးဖိုခန်းထဲဝင်ပြီး စားစရာခိုးမလဲ"

"ဟ…စဉ်းစားချိန်ရမလား၊ ကိုယ့်အိမ်ထဲ ကိုယ်မသိတဲ့ လူစိမ်းဆို သူခိုး၊ ဒါပဲထင်မှာပေါ့၊ အခုကြည့်စမ်း မင်းကြောင့် နဖူးမှာ တစ်ချက်ချုပ်လိုက်ရပြီ"

"ကျွန်တော်ဆို ဒီမှာ လေးချက်ချုပ်ထားတာပဲ"

ခြိမ်းက ပြောပြီး သူ့နဖူးပေါ်က ဆံပင်တွေ သိမ်းပြီး နဖူးစောင်းက ဒဏ်ရာကို ထင့် မြင်အောင် တည့်တည့်လှမ်းပြတော့ ထင့် မျက်လွှာချသွားတာက သူမအပြစ်နှင့်သူမပါ။

"တွေ့လား၊ ကျွန်တော်တောင် ဘာမှမဖြစ်ဘူး"

"ဒီကောင် ပြောလေဆိုးလေပါလား၊ တူမလား၊ မင်းက



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေး၊ ပြီးတော့ မင်းက ရန်မဖြစ်ရ မနေနိုင်တဲ့ကောင်၊ မင်းလိုကောင်က မျက်နှာတစ်ခုလုံး စုတ်ပြတ်သတ်လည်း ဘာအရေးလဲ''

''ဒီမှာက မိန်းကလေး၊ သေရာပါ အမာရွတ်နဲ့''

''ဒါတော့ ဒက်ဒီက ဘက်လိုက်ပြီးပြောတာ''

ခြိမ်းက တစ်ခွန်းမှမခံ။ ခေါင်းငုံ့ပြီး စူပွပွပြောတာလည်း ရှိသည်။ ဒီကြားထဲ ခြိမ်းနှင့် ဘဘရဲ့ ပဋိပက္ခကို ထင်မှာ မျက်လုံး ဝိုင်းနေအောင် လိုက်ကြည့်နေမိ၍ ထင်နှင့်ခြိမ်း အကြည့်ချင်းဆုံကြသည်။

ဘဘနဲ့အန်တီ မတွေ့အောင် ခြိမ်းက ထင့်ကို အံကြိတ်ပြတာလည်းရှိသည်။ လက်သီးထောင်ပြ၊ မျက်ခုံးတွေကွေးပြီး ရှုတည်တည် အကြည့်ခံရတာလည်းရှိသည်။ ထင့်မှာ ကိုယ့်ကြောင့် ကိုကြီး အဆူခံနေရတာကို မမြင်လို မကြားလိုဘဲ မြင်နေကြားနေရ၏။ ခက်တာက ထင်ကိုယ်တိုင် လူမမာကြီးလုံးလုံးဖြစ်ကာ အိပ်ရာပေါ်လှဲနေရပြီး ထင့်အိပ်ခန်းထဲ အားလုံးလူစုနေတာမို့…

''ဟုတ်တော့ဟုတ်တယ် သားရဲ့၊ ကလေးဘဝတုန်းက သူများလုပ်တာ ခံရမှာစိုးပြီး လက်မြန်ခြေမြန်ရှိတာ ကောင်းတယ် ဆိုပေမဲ့ အခု မိသားစုဝင်အချင်းချင်းတောင် ဒီလိုပြန်ဖြစ်တယ် ဆိုတော့''

''မာမီတို့ကလည်း ကျွန်တော့်ကို ကြိုကြိုတင်တင် မက်ဆေ့(ချ်)လေးဘာလေးပို့ပေါ့၊ အိမ်မှာ လူတစ်ယောက်ရောက်





နေတယ် ဘာညာဆိုပြီး''

''တရားကျစရာကောင်းလိုက်လေကွာ၊ ငါတို့ ဖုန်းခေါ်သံကြောင့် မက်ဆေ့(ချ်)ပို့သံကြောင့် မင်း ရန်ပွဲတွေ အရှိန်လျော့သွားမှာ စိုးလို့ပေါ့ သိပလား၊ အခုလည်း သုံးယောက်တစ်ယောက်ဖြစ်တဲ့ပွဲမှာ နှစ်ယောက်ကို နံရိုးကျိုးအောင်လုပ်ပြီး တစ်ယောက်ကို သွားတွေကျွတ်ထွက်အောင် လုပ်ခဲ့တဲ့ မင်းကို ဘယ်လို ငါဂုဏ်ပြုပေးရမှန်းကို မသိတော့ဘူး''

''အဲဒါလည်း သူတို့ကစလို့ ဖြစ်တာ၊ ကျွန်တော်က မျက်လုံးထဲ ခိုးလုခုလုဖြစ်ရင်တောင် မျက်တောင်တွေ ဒီတိုင်းထားချင်တာမဟုတ်ဘူး၊ အကုန်မီးရှို့ပစ်ချင်တာ၊ အဲဒီဒေါသထွက်လာရင် ဘာမှမမြင်ချင်တော့ဘူး၊ သူတောင် တစ်ချက်ပဲချုပ်ရတာ ကံကောင်းတယ်မှတ်''

''သား…တော်သင့်ပြီနော်''

ဒေါ်ကေသီက ဒီတစ်ခါတော့ လေသံမာမာနဲ့ ထဟန့်သည်။

''သမီးတို့သားအမိက မာမီတို့မိသားစုအပေါ် ဘယ်လောက်''

''ကဲ…တော်ပါပြီ မာမီရာ၊ ငယ်ငယ်က သူ့အမေနို့စို့ဖူးတာနဲ့ပဲ သူ့ကို ဦးသုံးကြိမ် ထိုင်ကန်တော့နေရမှာလား''

''ဟဲ့''

''မိုး…ခြိမ်း..ည်''



www.burmeseclassic.com

www.burmeseclassic.com



တသားသားနှင့် နှုတ်ဖျားက မချသလောက် စိတ်ဆိုးလာသည့်အခါ နာမည်အပြည့်အစုံ မာမီခေါ်တတ်သည်။ ခြိမ်းက စူပုပ်ပုပ်နှင့် မျက်တောင်တွေ စင်းနေအောင် စိုက်ချထားပေမဲ့ နာခံချင်စိတ်မရှိသော နှုတ်ခမ်းတွေက ခပ်မဲ့မဲ့တွန့်ကွေးလျက်။

"ကိုကြီးကို မဆူပါနဲ့တော့ အန်တီရယ်၊ မသိလို့ဖြစ်သွားကြတာပဲ၊ ထင့်အပြစ်လည်း ပါပါတယ်၊ ထင်က အရင်သွားရိုက်မိတာ ထင့်အပြစ်ပါ"

အန်တီ့လက်ကို လှမ်းကိုင်ပြီး ထင်က ကြားဝင်တောင်းပန်မှ ဒေါ်ကေသီ သက်ပြင်းတစ်ရှိုက်နှင့် ဒေါသကို မျိုသိပ်သည်။ ထင်က အခုထိ မျက်နှာမမော့လာတဲ့ ထင့်ကို မကျေနပ်ခြင်းကြောင့် မေးရိုးတွေ ကားထွက်အောင် အံကြိတ်ထားသော ကိုကြီးဆီ လှမ်းကြည့်ကာ…

"ထင့်ကိုခွင့်လွှတ်ပါ ကိုကြီး"

"ကိုကြီးကိုရိုက်ဖို့ ကြံစည်မိတဲ့အတွက် ထင် တကယ်တောင်းပန်ပါတယ်၊ တကယ်မသိလို့"

"အေး…ဒီတစ်ခါတော့ ထားတော့၊ ငါ့ပုံစံ ငါ့မျက်နှာကို သေချာကြည့်ထား၊ ဒီအမှားမျိုး နောက်ထပ်မှားရင် ငါခွင့်မလွှတ်ဘူး၊ နားလည်လား"

"ဟုတ်ကဲ့ပါ"

ခြော်…သူကပဲ တပြန်စီး။ ပြောချင်ရာပြောပြီး ထသွားပုံက ဒေါသတကြီးနှင့်။ ဒါကိုပဲ ဒဏ်ရာလတ်လတ်ဆတ်ဆတ်





ရထားတဲ့ ထင်ကပဲ…

"ထင် နောက်ထပ်မမှားအောင် နေပါ့မယ်"

"ပြီးရော"

ဦးမြတ်ထွန်းနှင့် ဒေါ်ကေသီက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသည်။ လွဲချော်မှုတိုင်းရဲ့အစက ဘယ်ကမှန်းမသိပေမဲ့ မနာခံတတ်သူနှင့် ခေါင်းညိတ်တတ်သူကြားမှာ မနက်ဖြန် ဘာတွေဖြစ်မလဲဆိုတာ ဘယ်သူမှမသိနိုင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဖြစ်မှဖြစ်ရလေ ထင်ရယ်၊ အဲဒါကြောင့် ငါ မပြောလား၊ ဒင်းကို ခေါင်းထဲကထုတ်"

"ဟဲ့"

မမစောက မာနိုင့်ပေါင်ကို လှမ်းလိမ်သည်။ နီလာက မာနိုင့်နား နားကပ်ပြီး…

"အန်တီလာနေပြီ"

နိုင့်ကို တိုးတိုးလေး သတိကပ်ပေး၏။ ထင်က မာနိုင်တို့တစ်ဖွဲ့လုံး ရောက်လာတော့ လူက ထူထူထောင်ထောင် ဖြစ်နေပါပြီ။ နဂိုကတည်းက လူမမာကြီးလို နေတတ်သူမဟုတ်။ ဒီဒဏ်ရာလောက်က မပြောပလောက်။ ပြောပသောဒဏ်ရာဆိုရင်တောင် ထင်က နာကျင်မှုကို ကြိတ်မှိတ်ခံမည့်သူ။ ထင့်ကြောင့် ကိုကြီး





အဆူအပူခံရခြင်းကို ထင် မမြင်ချင်မကြားချင်။

"ကဲ…လက်ဖက်ရည် သောက်လိုက်ကြဦး၊ ဒီနေ့မှ အိမ်မှာ နန်းကြီးသုပ်လုပ်ထားတာ၊ အတော်ပဲဖြစ်သွားတာပေါ့၊ အားလုံး နန်းကြီးသုပ်စားပြီးမှ ပြန်ကြနော်"

ဒေါ်ကေသီက ထင့်အား ဝင်ထိုင်ရင်း K.7 ဝန်ထမ်းတွေ တဖြစ်လဲ ထင့်ညေ့သည်တွေကို ဧည့်ခံသည်။

"ဒီနေ့ လူစုံတက်စုံနဲ့ သမီးနေမကောင်းတဲ့သတင်းကြားလို့ လာမေးကြတာလား"

"ထင် နေမကောင်းတာ ဒီရောက်မှသိတာပါ၊ အော့(ဖ်) ရက်ရတာ ဒီနေ့မှာ အားလုံးအတူတူမို့ တစ်နေရာစုသွားမလားလို့ ထင့်ကိုလာခေါ်တာ"

"ဟုတ်လား၊ သမီးဒဏ်ရာသက်သာရင် လိုက်ချင်လိုက်သွားလေ၊ အိမ်ထဲမှာ ငြီးငွေ့နေမှာပေါ့"

ပန်းရောင်ဖျော့ဖျော့ တစ်ဆက်တည်း ဂါဝန်ရှည်က ထင့်လည်ပင်းအနားနဲ့ လက်ဖျားနားတွေမှာ အတွန့်ကလေးတွေနဲ့။ လက်ကျတော့ အရှည်လက်ဖောင်းလေး။ ဆံပင်ရှည်တွေကို ခလယ်ခွဲပြီး ဒီတိုင်းချထားသော ထင့်ရဲ့ အိပ်ရာထစမျက်နှာလေးက အစ်အစ်လေးပေမဲ့ လန်းဆန်းစွာ ပြုံးနေ၏။

"ထင် မလိုက်ပါဘူး အန်တီ"

"ဟယ်…ဘာဖြစ်လို့တုံး"

"သူတို့နဲ့ထင်က ဂိုဏ်းကွဲနေတာ"



www.burmeseclassic.com

www.burmeseclassic.com



မေးငေါ့ထိုး၍ နှုတ်ခမ်းစူပြီး ထင် ပြောပုံက ကလေးဆန်ဆန် ချစ်စရာ။ ဒေါ်ကေသီက ထင့်လက်ကလေးကို လှမ်းဆုပ်ကိုင်ရင်း ချစ်မဝစွာ စိုက်ကြည့်ပြီးမှ…

"ဘာလို့ပိုဏ်းကွဲတာလဲ သမီးရဲ့"

အန်တီမေးမှ ထင် ရှက်ရိပ်စွန်းစွာ မျက်နှာက ဖျတ်ခနဲ အရောင်ရင့်သွားပြီး နိုင့်ကို လိပ်ပြာမလုံသလို လှမ်းကြည့်သည်။

"ဟိုလေ…နိုင်တို့က ရှေ့ပင်(န်)ထွက်မှာ၊ ရုပ်ရှင်ကြည့်မှာတဲ့၊ သမီးက"

"ထင်က ကစားကွင်းသွားချင်တာ"

"ဪ…ဖြစ်ရလေသမီးရယ်"

ဒေါ်ကေသီက အခုမှ ဘဝင်ကျသွားသလို ရင်ဘတ်ဖိပြီး ရယ်ရယ်မောမောနှင့် ပြောသည်။ ထင်က နှုတ်ခမ်းကိုက်၍ ခေါင်းလေးငုံ့ကာ ပြုံးဆဲ။

"အစောတို့က ပြောပါတယ်၊ ထင် သွားချင်လည်းလိုက်ပို့မယ်၊ ရုပ်ရှင်ကြည့်ချိန် ဖျက်မယ်ဆိုတာ၊ အဲဒါကို ထင်က မလိုက်တော့ဘူးလုပ်နေတာ အန်တီ"

"ဟုတ်လား သမီး"

မမစောရဲ့စကားကြောင့် အန်တီက ထင့်ထံ လှည့်ကြည့်သည်။

"ထင် တကယ်မလိုက်ချင်လို့ပါ"

"ကဲ…ဒါဆို သူငယ်ချင်းတွေ စကားပြောဦး၊ အန်တီ





အောက်ထပ်ခဏဆင်းလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဒေါ်ကေသီ ထွက်သွားတော့ အားလုံး လွတ်လပ်သွားသည်။

"ဒီနေ့နားရက်မှာ လူလေးစုံတုံး သွားစရာရှိတာသွားကြလေ၊ ထင်က နေ့တိုင်းအားနေတာ၊ နောက်တစ်ခါ နားရက်မှ ကစားကွင်းအလှည့်ပေါ့"

"ဟွန်း…မိန်းမ၊ နင့်အကြောင်း ငါသိပါတယ်နော်၊ သူများတွေအတွက်ဆို အမြဲနေရာဖယ် ဦးစားပေးဖို့ဆိုတာ"

"အဲလိုမဟုတ်ပါဘူး နိုင်ရဲ့"

"ဘာမဟုတ်ဘူးလဲ၊ ထင့်အကြောင်း ကျောင်းတက်ကတည်းက သိပြီးသား၊ ပြိုင်ဘက်က ဝင်လာတာနဲ့ နိုင်အောင်ပြိုင်မယ် စိတ်မကူးဘူး"

"ဘာလဲ…ထင်က အရှုံးပေးလိုက်တာလား"

နီလာက သိချင်စိတ်နှင့် ဝင်မေးသည်။

"မဟုတ်ဘူး၊ ဝင်ကိုမပြိုင်တော့တာ"

"ဟယ် ထင်ရယ်၊ နင့်ဟာကလည်း မဟုတ်သေးပါဘူး၊ ပြိုင်ပွဲဝင်တော့ ရှုံးရှုံးနိုင်နိုင် ကိုယ့်ဘက်က ချန့်(စ်)တစ်ခုတော့ ရှိသေးတာပေါ့ဟဲ့"

"ထင့်စိတ်ကို ငါ ခန့်မှန်းလို့ရတယ်၊ သူက ပြိုင်လာရင် အရှုံးပေး၊ နလုံးအေးတဲ့ဆေးဆိုပြီးများ တွေးထားလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သီဂီက ဝင်ပြောတော့ စကားဝိုင်းဟာ စည်ကားစိုပြေသွားသည်။

"ထင့်ရဲ့ပြိုင်ဘက်ကြီးတောင် နိုင်တို့ဆိုင် ရောက်လာသေးတယ်"

"ဘယ်သူလဲဟင်"

"ဘယ်သူရှိမှာလဲ ယွန်းပေါ့"

"ဪ"

ယွန်းနာမည်ကြားတော့ ခြိမ်းနှလုံးသား၊ ခြိမ်းဘဝကို ပိုင်ဆိုင်သော ကံကောင်းသူအဖြစ် သတိရသွားကာ ကံဆိုးသော ထင့်ဘဝ၊ ထင့်နှလုံးသားအတွက် ထင် ရင်တွေနာကျင်သွားသည်။

"ပွဲရှိလို့လာပြင်တာ၊ ထင့်ကိုမေးပြီး ခြေသည်းပုံသွင်းခိုင်းမလို့တဲ့"

"ထင်ရှိရင် လုပ်ပေးပါတယ် နိုင်ရယ်"

"အမလေး…စိတ်ထားတွေ ဖွတ်ကောင်းမနေနဲ့၊ နိုင်အပြတ်ပြောလိုက်ပြီ၊ ထင်က K.7 ရဲ့ ဒုတိယပိုင်ရှင်လို့၊ နောက်ကျရင် စတူးပစ်(ဒ်)ဒန်ဆာကိုတောင် ဦးစီးမှာလို့"

"နိုင်ကလဲ"

ပန်းရင့်ရောင် ဖြတ်ပြေးသွားတဲ့ ထင့်မျက်နှာမှာ ဝမ်းနည်းကြေကွဲခြင်းတွေ ပြည့်နေတာ နိုင် မသိ။ နိုင်ထင်သလို ထင့်ဘဝက ကံမကောင်းဘူး သူငယ်ချင်းရယ်။ ခြိမ်းကိုပိုင်တာက ယွန်းဆိုတာ နိုင်သိရင်…။ ထင် သက်ပြင်းချလိုက်သည်။ ထင့်ကို ဘဘ





နှင့်အန်တီက ချစ်သည်ဆိုပေမဲ့ ထိုအချစ်အပေါ် အခွင့်အရေးမယူရဲ့ ထင် ဆုံးဖြတ်ပြီးသားပါ။ မာနိုင်က တဖွတ်ထိုးတယူသန်ပီပီ…

"နိုင်ကလည်း လုပ်မနေနဲ့၊ နိုင် အဲဒီလိုပြောတော့ မမစောတို့ နီလာတို့က ဝိုင်းထောက်ခံတာသိလား၊ ယွန်းပုံစံကို သူတို့ကလည်း ကြည့်မရဘူးလေ၊ ခစ်…ခစ် ယွန်း ဖြစ်သွားတဲ့ပုံကို ထင့်ကိုမြင်စေချင်တယ်သိလား"

"မျက်နှာကို မည်းမှပ်ပြီကျ ပျက်စီးသွားတာများ လုံးဝကြည့်လို့မကောင်းတဲ့အထိ"

"နိုင်ရယ်"

ထင့်အသံက အပြစ်တင်သော လေသံမဟုတ်ပေမဲ့ အားတုံ့အားနာ ဖြစ်သွားပုံက အသိသာကြီး။ ပြောရင်ရ ပြိုင်ရင်နိုင်မှဆိုတဲ့ အတ္တစိတ်ကင်းစွာ ရပ်တည်နေသော ထင့်ကိုယ်တိုင် တစ်ခါတစ်ခါတော့လည်း ကိုယ့်ကိုယ်ကို နားမလည်။

ရန်သူတောင် လက်နက်ချပေးချင်စိတ်တွေ ရှိနေတာကိုက သူတော်ကောင်းစိတ်ဓာတ်လား။ မာနိုင်ကတော့ ထိုစိတ်ဓာတ်အား ခပ်သာသာဝေဖန်ပုံက…

"လုပ်မနေနဲ့ ထင်၊ နင်အခုဖြစ်နေတာက ဘရောင်ချိန်းဘရိန်းချောင်နေတာ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၉)

"ပြော"

"ဟ…လေသံက ထန်လှချည်လား ခြိမ်း၊ နေပါဦး ငါ ဖုန်းထဲမှာ ဆူဆူညံညံတွေ ကြားနေရသလိုပဲ၊ ဟ…ဟ မင်း ဘယ်ရောက်နေတာလဲ"

"ကစားကွင်းထဲ"

"ဘာ…ကစားကွင်း၊ မင်း သူငယ်ပြန်သွားတာလား၊ ကလေးအထာတွေ သဘောကျလို့ လျှောက်လုပ်နေတာလား ဟေ့ကောင်၊ ကစားကွင်းနဲ့ မင်း ဘာဆိုင်လို့လဲ"

"ဘာမှမဆိုင်ဘူး၊ အဓေးကြီး"

"မင်းဘာပြောစရာရှိလဲ ဖေ"

"ငါပြောစရာတော့ အထွေအထူးမရှိ"





"အေး…မရှိရင် ဒါပဲ၊ ဖုန်းထပ်မခေါ်နဲ့နော်၊ အခုချိန်မှာ ဘာပဲဖြစ်ဖြစ် ပြာဖြစ်အောင် လောင်ပေးချင်တဲ့ စိတ်တွေ ငါ့မှာ ထိန်းမရသိမ်းမရဖြစ်နေပြီ၊ မင်းသဘောပေါက်တယ်နော် ဖေ"

ဖုန်းကိုခေါက်ပြီး ခြိမ်းက သူ့ဘောင်းဘီအိတ်ထဲ ဖြစ်သလို ထိုးထည့်တော့လည်း ဒေါသတွေပါသည်။ ရောက်တဲ့နေရာက ထင့်ကို လှမ်းကြည့်တော့ အပြာရောင်ကွက်စိပ်ဂါဝန်ကားကားတွေ နှင့် ဆံပင်ရှည်တွေ ဖြန့်ချထားသော ထင့်ကျောပြင်ကို မြင်ရတော့ ခြိမ်းရင်ထဲက ဒေါသက ပိုမိုအားကောင်းလာသည့် လေဖိအားရပ်ဝန်း လို။

"အယ်…အယ်…မိုပြီ…မိုပြီ၊ ဆွဲတင်လိုက်စမ်း၊ ရတော့ မယ်၊ အာ…ဘာလို့ကျသွားရတာလဲ"

"ကျစ်…ရခါနီးမှကွာ"

ထင်က ခြိမ်း ဖြစ်နေတာကိုလည်း မသိ။ ကြည့်လည်း မကြည့်။

အရုပ်ကောက်သည့်နေရာမှာ ထင်တစ်ယောက်တည်း အသည်းတယားယားနှင့် ကဆုန်ပေါက်နေသည်။ လက်ခုပ်လက်ဝါး တီးပြီး ထင့်နှုတ်များက ဝမ်းသာအားရ အော်ဟစ်နေရာမှ ညှပ်ကြီး ကြားမှ လျှောခနဲ အရုပ်ပြန်ပြုတ်ကျသွားသောအခါ ထင်က စက်ကို လက်သီးနှင့်ထုပြီး အော်နေပုံက မချိမဆန့်။ အပြာရောင်ဂါဝန်က ထင့်ခါးအောက်မှာ ခပ်ကားကားဖြစ်နေပြီး ထင့်ခြေသလုံးအထက်နား ထိ တဝဲဝဲ။ အောက်များမှာ ဇာနားတပ်ပြီး ဟပ်(ဖ်)ရှူးက အပြာရင့်



www.burmeseclassic.com

www.burmeseclassic.com



နှင့်။ ဖုန်းအိတ်နဲ့ ပိုက်ဆံအိတ်အသေးစားအား စလွယ်သိုင်းလွယ်ထား သော ထင့်ပုံစံကြောင့် ခြိမ်းမှာ အလိုလိုနေရင်း ကလေးထိန်းပုံစံ ပေါက်သွားသည်။

ဒါတွေအားလုံး၏ တရားခံက မာမီ။ ထင့်ကို ဒီလိုပုံစံ ဖြစ်အောင် မာမီပဲ အစအဆုံး သူ့စိတ်ကြိုက် ထင့်ကို ပြင်ဆင်ခြယ် သပေးနေရုံမက ခြိမ်းကိုပါ ဒီနေရာမှာ ဒီလိုပုံစံဖြစ်အောင် တွန်းပို့ ပေးခဲ့သည်။

"သားကြောင့် သမီးခမျာ ကစားကွင်းမသွားရတာ၊ လိုက်ပို့လိုက်ပါ သားရယ်၊ ဒါ သမီးကို သားက သွေးထွက်သံယို ဖြစ်အောင် လုပ်ထားတဲ့အတွက် လျော်ကြေးပေးတာလို့ သဘော ထားရင် ပြီးပြီ"

"ရှုပ်ရှုပ်ယှက်ယှက် မာမီရာ"

"မာမီက ပို့ဆိုပို့လိုက် ခြိမ်း၊ နေရာတကာ မင်းသဘော ချည်း လုပ်မနေနဲ့"

ဒက်ဒီ၊ မာမီရဲ့ တစ်ချက်လွှတ်အမိန့်ဆိုပေမဲ့ ခြိမ်းတို့က လွယ်လွယ်နှင့် မနာခံတတ်သော ရာဇဝင်ရှိပြီးသား။

"ကျွန်တော် ဒီနေ့ သင်တန်းသားတွေကို"

"အကြောင်းမပြစမ်းနဲ့ သား၊ မာမီ ဂျင့်ဆီ ဖုန်းဆက်မေး ပြီးပြီ၊ ဒီမနက်အတွက် မင်းမလာလည်းဖြစ်တယ်တဲ့"

"ဒီအရွယ်ကြီးနဲ့ ကစားကွင်းသွားတာ မကြောင်ဘူးလား မာမီ"





"အကြောင်အလုပ်တွေ လုပ်ရင်တော့ ကြောင်မှာပေါ့ သားရယ်၊ အခုဟာက ထင်လေးကိုယ်တိုင် တစ်ခါမှ မရောက်ဖူး ဘူးဆိုတော့ ပို့ဖြစ်အောင်ပို့လိုက်ပါကွယ်၊ သူ့ခမျာ သနားစရာလေး ပါ"

နောက်ဆက်တွဲ ဆက်ကြားနေရသည့် ထင့်ဘဝ၊ ထင့်ပုံရိပ် တွေကို ခြိမ်း နားမထောင်ချင်တော့။ ထင့်ဘဝက ကြမ်းသည်။ ခြိမ်းတို့ဘဝနှင့် တခြားစီဆိုတာသိပေမယ့် မာမီ့လို တသသနှင့် သနားမနေနိုင်အားပါ။

"ဒီမှာ သားအတွက် မုန့်ဖိုးပါယူသွား၊ သားက လိမ္မာပါ တယ်ကွယ်"

"ကျစ်"

မှုန်ကုတ်နေသည့် ခြိမ်းပုံစံက စိတ်မရှည်ခြင်းများစွာနှင့် ဆိုတော့ ခြိမ်းကို ဒက်ဒီက ခပ်တည်တည်နှင့် ကြည့်သည်။

"ဘာဘာညာညာတွေ ငါမကြားချင်ဘူးနော် ခြိမ်း၊ မင်းသိထား၊ ဂျမှာက တို့မိသားစု ဒီလိုအေးအေးချမ်းချမ်းနေရတာ သူတို့ကျေးဇူးကြောင့်"

သေလိုက်တော့ ခြိမ်း။ ဖြစ်နိုင်ရင် တိုင်နဲ့ခေါင်း ပစ်ဆောင့် လိုက်ချင်သည်။ ခြိမ်း မသိတတ်ခင်က သမိုင်းကြောင်းအတွက် သိတတ်ချိန်မှာ ပြန်ပေးဆပ်နေရတာက အင်နဲ့အား မမျှသလို။

"ဝေး...ဟေး...ဟေး ရပြီကွ"

အားရဝမ်းသာအော်သော ထင့်အသံကြောင့် ခြိမ်းရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်စိတ်က ပိုအားကောင်းလာသည်။ ခြိမ်းက ညစ်သမျှ ထင်က ပျော်ရွှင်နေတာမျိုးတော့ ဒါ မဖြစ်သင့်။ ထင်က ရှားရှားပါးပါး ခက်ခဲစွာရလာသည့် အရုပ်ကို ပိုက်ပြီး စိတ်လွတ်လက်လွတ် ခုန်ပေါက်ပျော်နေတာကို ကြည့်ရင်း ထင့်ကို ဗိုလ်ကျအနိုင်ယူချင်သည့် ခြိမ်းစိတ်က စိုလုံးခုန်ထလာ၏။ ခြိမ်းက ထင့်ထံ ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်သွား၏။

"လာခဲ့"

"ဟင်…ကိုကြီး"

ထင့်လက်ကောက်ဝတ်ကို ခြိမ်းက ရုတ်တရက်ကြီး ဆောင့်ဆွဲလိုက်၍ ထင့်မှာ ဆောင့်ခနဲ ခြိမ်းဆွဲခေါ်ရာနောက် ပါသွားသည်။ ခြိမ်းက ထင့်ရှေ့မှ ခြေလှမ်းကျဲကြီးနှင့်သွားရာသို့ ထင်မှာ အမောတကော ပြေးလိုက်သွားရင်း…

"ကိုကြီး…ဒါ…ဒါက ဘယ်ကိုလဲ"

"ကစားကွင်းလာပြီး အဲဒီလို ငြိမ်ဆော့နေလို့ ပြီးမလား"

"ရှင်"

"ကစားကြတာပေါ့၊ ငါက လှုပ်လှုပ်ရှားရှားမှ ကြိုက်တာဆိုတော့"

ကိုကြီး ခြေစုံရပ်ရာနေရာဆီ ထင် မော့ကြည့်တော့ အဝိုင်းအနေအထားမှ တဖြည်းဖြည်း စောင်းတက်သွားသည့် ချားရဟတ်ကြီးကြောင့် ထင့်အသည်းထဲ အေးခနဲဖြစ်သွားသည်။ ဝေါခနဲ မြည်သံပေးကာ ယမ်းခါလှည့်ပတ်မောင်းတတ်သော မိုးပျံရထားနှင့်





လူတွေရဲ့ ဟေးခနဲ ဟားခနဲ အော်သံတွေ။

"တွေလား…ဟိုမှာ"

"ဟင့်အင်း…ထင်ကြောက်တယ်"

"မရဘူး…လာခဲ့"

"ဟင့်အင်း…ဟင့်အင်း"

အထိတ်ထိတ် အလန့်လန့်နဲ့ ထင် ကိုကြီးမျက်နှာကို မော့ကြည့်ပြီး ကြောက်စိတ်နှင့် နောက်ကို ခြေလှမ်းလေးတွေ တရွေ့ရွေ့ဆုတ်သွားပုံကို ခြိမ်းက သဘောကျစွာကြည့်ရင်း ရယ်ပစ်သည်။

"မင်းက ကစားကွင်း သိပ်သွားချင်တာ မဟုတ်လား"

"လာခဲ့"

"ဟင့်အင်း…ထင် မလိုက်ဘူး"

"ထင့်လက်ကိုလွှတ်"

ထင့်ထံမှ အလန့်တကြား ငြင်းဆန်နေသံကို ခြိမ်းက ဂရုမစိုက်။ ရုန်းကန်နေသည့်ကြားမှ ထင့်လက်ကို ဆွဲခေါ်သွားသည့် ကိုကြီးလက်ထဲမှာ ထင် လွတ်အောင်မရုန်းနိုင်ဘဲ ဒရွတ်တိုက်ပါသွားချိန်မှာ ထင့်မျက်ဝန်းထဲ မျက်ရည်တွေ အိခနဲပြည့်လာတာက ဝမ်းနည်းကြေကွဲစိတ်နဲ့ ထင့်အပေါ် ကိုကြီး အနိုင်ယူနေသမျှကို ခံစားရလွန်းလို့ပါ။

တကယ်ဆို ကိုကြီးသာ ပျော်မယ်ဆိုရင် ထင့်ဘက်က ဘာပဲလုပ်ပေးရ လုပ်ပေးရ ကျေနပ်နေမယ့်သူဆိုတာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"မင်း ဖြစ်ရဲ့လား"

"ဟုတ်...ရပါတယ် ကိုကြီး"

မျက်ဝန်းမှာ မျက်ရည်စတွေက စိုစွတ်စွာ နာကျင်ကြေကွဲခြင်းက တစ်ဖက်။ ချစ်သူအမိန့်ကို နာခံလိုသောနှလုံးသားက တစ်ဖက်နှင့်။

ရပါတယ်ပြောပြီး ထင် လှမ်းတက်သော ခြေထောက်က ထင် မျှော်လင့်ထားသလို လှေခါးဆီမရောက်။ ထင့်ခေါင်းထဲ ရိပ်ခနဲ မူးမိုက်သွားပြီး အော်ဂလီဆန်သလို ထင့်ရင်ထဲ ဖို့တက်လာသည်။ ထင် စားထားသမျှအားလုံး အန်ထားတာ အကြိမ်ပေါင်း မနည်းတော့။ ဟာနေသော ထင့်ဗိုက်ထဲက ထပ်ထိုးအန်လျှင် ထင့်ရင်ဘတ်ထဲက ကလီစာတွေ ထွက်ကျလာဖို့သာရှိသည်။ ထင် အခုလိုဖြစ်ရတာ ကိုကြီးကြောင့်။ ထင် မစီးချင်တာတွေ ကြောက်

ဝိုး:ဝိုး:ရ၁၆ပ



ကြောက်လန့်လန့် စီးခဲ့ရသည်မှာ တစ်ခုပြီးတစ်ခု။ ထင့်ကို နောက်တစ်ခါ ကစားကွင်း ထပ်မသွားရဲလောက်အောင် ကိုကြီးဘက်က ပညာပေးနေမှန်းသိ၍ မျက်ရည်တွေနှင့် တဝေါဝေါထိုးအန်ရင်း ချစ်သူစိတ်ချမ်းသာဖို့ လိုက်လျောခဲ့ရသည့် ထင့်အချစ်တွေ။

လှေကားကို ထင် ဆက်မတက်နိုင်၍ လက်ရန်းမှာပဲ အားပြုမှီထားရပေမယ့် ခြိမ်းက တစ်ချက် ဝင်မကူ။ ထင်ဖြစ်နေပုံကိုသာ တစ်ချက်စူးစိုက်ကြည့်ပြီး အိမ်ထဲကို လှမ်းအော်သည်။

"မိလုံး"

"ရှင်"

"အခုထွက်ခဲ့စမ်း"

"ဟုတ်ကဲ့...လာပါပြီ"

ခြိမ်းက သူလုပ်ချင်တာလုပ်ပြီး ထင် ဖြစ်ပျက်ခံစားနေရတာကိုကြည့်ပြီး မျက်စိရှေ့ မြင်နေရက်နဲ့ ဥပေက္ခာပြုပြီး ထွက်မသွားနိုင်။ ခြိမ်းထံမှ အော်သံကျယ်ကြီးကြောင့် နောက်ဖေးမီးဖိုချောင်ထဲကလူတွေ တပြုံကြီး ထွက်လာတာ အပြေးအလွှား။

"အစ်ကိုလေး...ဘာဖြစ်လို့"

"ဟင်...မမ၊ ငိုထားတာလားဟင်"

"အပိုတွေပြောမနေနဲ့ မိလုံး၊ သူ့ကို အပေါ်ထပ်တွဲတင်သွား"

"ဟုတ်ကဲ့ အစ်ကိုလေး၊ လာ မမ"

"အဟင့်...ဟင့်"

ဝိုး:ဝိုး:ရ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ငိုတာလဲ မမရယ်၊ မိလုံး ဘာလုပ်ပေးရမလဲ"

"ဟင့်အင်း...ဘာမှလုပ်မပေးနဲ့"

ရှိုက်သံတစ်ဝက်နှင့် မိလုံးခေါ်ရာ ပါသွားသည့် ထင့်ကို ကြည့်ပြီး ခြိမ်းရင်ထဲ ခွဲခြားရခက်သော ဝေဒနာတစ်ခု ပြင်းထန်စွာ ရောက်လာ၏။

"မာမီမရှိဘူးလား ဒေါ်အေး၊ သူ့ကို ဆေးလေးဘာလေး တိုက်ရမလား မေးရအောင်"

"မေမေကြီးက K.7 သွားတယ် ခြိမ်း"

"ကျစ်...အဲဒါမှကွိုင်ပဲ"

"ထင်က ဘာဖြစ်လို့လဲ"

"ခေါင်းမူးတာ ဒေါ်အေး"

"ဒါဆို သံပရာရည်လေး ဖျော်တိုက်ရင် သက်သာသွားမှာပါကွယ်၊ ဒေါ်အေး လုပ်လိုက်မယ်"

ဒေါ်အေး မီးဖိုခန်းထဲ ပြန်ဝင်သွားမှ ရှုပ်စရာမလိုအောင် ခပ်ရှင်းရှင်း ညှပ်ထားသော ခြိမ်းဆံပင် အတိုထောင်ထောင်ကိုသာ စိတ်ရှုပ်ရှုပ်နှင့် ဆွဲဖွပစ်သည်။ ကိုယ်လုပ်ချင်တာ လုပ်ခွင့်ရတုန်းက ပျော်သလိုလို ဘာလိုလို။ အခုကြတော့ ထင် ဖြစ်ပျက်ခံစားနေရတာကိုကြည့်ပြီး ခြိမ်းပါရောပြီး စိတ်မချမ်းမသာဖြစ်ရတာ ခြိမ်းဘဝမှာ ဒါ ပထမဆုံး။

"ဘာလဲကွာ၊ ဒီလောက်လေးနဲ့များ ဖြစ်စရာလား"

ထင့်ကို မကျေနပ်၍ ခြိမ်း ပါးစပ်ဖျားက ထုတ်ညည်း





လိုက်မိပေမယ့် ဒီနေ့ ထင့်အပေါ် ခြိမ်းလုပ်ပုံက တော်တော်လွန်သွားမှန်း ကိုယ့်ဘာသာကိုယ်တော့ သိသည်။ ထင် အကြောက်အကန် ငြင်းနေသည့်ကြားက ခြိမ်းက ထင့်လက်ကို မလွှတ်တမ်းဆွဲပြီး ထင်ကြောက်သော လန့်သော ကစားနည်းမျိုးစုံထဲမှာ ခြိမ်း စိတ်ကြိုက် မွှေ့ကစားပစ်တော့ ထင့်တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာ အလဲလဲအပြိုပြို။ မျက်ရည်ပေါက်ပေါက်ကျပြီး ကလေးတစ်ယောက်လို ကျိတ်ကျိတ်ပြီး ရှိုက်ငိုနေပေမယ့် ထင့်မျက်ဝန်းအကြည့်လေးတွေမှာ ခြိမ်းကို အပြစ်တင်ငြိုငြင်တာ ဘာတစ်ခုမှ မရှိသလို ခံပြင်းဒေါသဖြစ်နေတာမျိုးလည်း မမြင်တွေ့ခဲ့ရပါ။

လှပဝိုင်းစက်သည့် မျက်ဝန်းကြီးတွေထဲမှာ ခြိမ်း နားမလည်နိုင်သည့် အရောင်တစ်မျိုး လက်ဖြာလျက် ခြိမ်းပြုသမျှ နနေသည့် ကလေးမ။ တစ်ချိန်လုံး တဝေါဝေါထိုးအန်နေမှ ထင့်ကို အိမ်ပြန်ခေါ်လာသူက ခြိမ်း။ မိလုံး တွဲခေါ်ရာသို့ တသိမ့်သိမ့် ရှိုက်ငိုပြီး ပါသွားသည့် ထင့်ကို ခြိမ်းရင်ထဲ တစ်ခါမှ မသနားဖူးဘဲ သနားသွားမိတာ ဘာကြောင့်မှန်းမသိ။

"အစ်ကိုလေး"

"ဟင်...နင် ထင့်နားမှာ မနေဘူးလား မိလုံး"

"မမလေး သွားတော့ဆိုလို့"

"ထင် အခုဘာလုပ်နေလဲ"

"ငိုနေပါတယ်"

"ငိုနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိလုံးစကားကို သံယောင်လိုက်ရင်း ခြိမ်းရင်ထဲ တင်းခနဲ ဖြစ်သွားသည်။

"ကဲ...ကဲ သွားတော့"

မိလုံးထွက်သွားမှ ခြိမ်း အပေါ်ထပ်တက်လာရင်း ကိုယ့်အခန်းထဲ တန်းမဝင်ဖြစ်သေးဘဲ ထင့်အခန်းဆီ လှမ်းကြည့်ကာ နားစွင့်မိသည်။

အားလုံး တိတ်တိတ်ဆိတ်ဆိတ် ဖြစ်တော့မှ အခန်းထဲဝင်ကာ ခြိမ်းကိုယ်ပေါ်က စစ်စိမ်းရောင် ရှပ်အင်္ကျီကို ကြယ်သီးတွေ ဖြုတ် လုံးထွေးပြီး နံရံဆီ ပစ်ပေါက်ရတဲ့အထိ လူက ရင်ထဲမှာ မောနေသည်။ ဘာအင်္ကျီမှ မဝတ်ဘဲ ခြိမ်းကိုယ်ကြီးကို ခုတင်ပေါ် ကန့်လန့်ဖြတ်ကြီး ဝုန်းခနဲ ပစ်လှဲသည်။

တွေ့နေရတာ မျက်နှာကျက်ဆိုပေမဲ့ ခြိမ်းအာရုံထဲ ပေါ်လာတာက ကြောက်အားလန့်အား မျက်နှာနှင့် ထင့်ပုံစံက မျက်လုံးအဝိုင်းသား မျက်ရည်အရွှဲသား၊ တဝေါဝေါအန်နေသည့် ထင့်မျက်နှာ။ တဂျုတ်ဂျုတ်မြည်သံနှင့် မိုးပျံရထားက အရှိန်ဖြင့် ဝေါခနဲ ဝုန်းခနဲ ဦးတည်ပြေးတော့ ထင့်ထံမှ ငယ်သံပါအောင် အော်သံနှင့် ကလေးတစ်ယောက်လို တအားငိုချလိုက်တာ တစ်ထပ်ထဲ။ ခြိမ်းက စိတ်လွတ်ကိုယ်လွတ်နှင့် ဟေးခနဲ ဟားခနဲ အော်နေချိန်မှာ ကြောက်စိတ်နဲ့ ဖြူဖွေးနေသည့် အငိုမျက်နှာကို ပြန်သတိရတော့ ရင်ထဲမှာ မွန်းနစ်လာ၏။

"ငါက မိုးပျံရထားဆို အနည်းဆုံး သုံးခေါက်လောက် စီးရမှ ကျေနပ်တာ၊ ဒီမှာ လက်မှတ်တွေအများကြီးပဲ ဝယ်ထားတာတွေ့လား"

ခြိမ်း ဝယ်ထားတဲ့ လက်မှတ်တွေကို တသိမ့်သိမ့်ရှိုက်ငိုနေသည့် ထင့်မျက်နှာရှေ့ ထုတ်ပြတော့ ထင်က ခေါင်းတွင်တွင်ခါပြီး သူ့မျက်နှာကို မော့ကြည့်ကာ ရှိုက်ငိုနေပုံကို အဲဒီအချိန်တုန်းက နည်းနည်းမှ မသနားမိ။ ဒါကြောင့်လည်း ထင် ငြင်းဆန်ငိုယိုကန့်ကွက်နေသည့်ကြားက ထင့်လက်ကိုဆွဲပြီး ကစားနည်းမျိုးစုံ ဖွတ်အတင်း ကစားပစ်ခဲ့သည်။

ကလေးတစ်ယောက်လို ငိုနေပေမယ့် ထင့်ထံမှ ဘာအပြစ်တင်သံ၊ ရန်တွေ့သံကိုမှ မကြားခဲ့ရပါ။ ဒါကိုတော့ ခြိမ်း မေ့မရနိုင်။ မျိုးစုံအောင် ခြိမ်းစိတ်ကြိုက်စီးပြီး မြေပြင်ပေါ် ခြေချမှ ထင်ထိုးအန်တာ တစ်ခါလည်းမရပ်။ နှစ်ခါလည်း မပြီးနိုင်။ အိမ်ပြန်လာတဲ့ လမ်းတစ်လျှောက် သူမက ဖြူရော်ပျော့ခွေလျက်။

"ကျစ်...မင်းဘာတွေဖြစ်နေတာလဲ ခြိမ်း"

ဆက်လှဲလို့မရအောင် ခြိမ်းရင်ထဲ ဗလောင်ဆူလာ၍ လှဲနေရာက ဆတ်ခနဲ ခြိမ်း ထထိုင်သည်။ ခြိမ်းရင်ထဲမှာ ပူနေခြင်းလား။ တစ်ကိုယ်လုံးပဲ ပူနေတာလားမသိ။ လူက တစ်နေရာတည်းမှာ ဂဏာမငြိမ် ထိုင်နေလို့မရတော့ အခန်းတံခါးကိုဖွင့်ပြီး အောက်ထပ် ဆင်းဟန် ပြင်သည်။ ထိုခဏမှာပဲ လှေကားပေါ်တက်လာသော မိလုံးလက်ထဲက ဗန်းပေါ်မှာ သံပရာရည်ခွက်တွေက သုံးလေးခွက်။

"ဟိတ်"







www.burmeseclassic.com

www.burmeseclassic.com



အခန်းဝက လှမ်းအသံပြုသော ခြိမ်းကြောင့် မိလုံးခြေလှမ်းတွေ တုံ့သွား၏။

"များလှချည်လား ညည်းသံပရာရည်က"

"ဟုတ်…မမထင်က ချဉ်ချဉ်လေးနဲ့ သုံးခွက်လောက်သောက်မှ အမူးပြေမယ်တဲ့"

"ဘာ"

သူက ရိုးရိုးသားသား ဘာပေမဲ့ မိလုံးက ခြိမ်းကိုကြောက်ပြီး မျက်လုံးတွေ ဝိုင်းခနဲဖြစ်သွားပြီး…

"ဟို…မတိုက်ရဘူးလား အစ်ကိုလေး၊ ဒါဆိုလည်း ပြန်ယူသွားလိုက်မယ်"

"သွားပေးလိုက်"

"ရှင်"

"သွားပေးလိုက်ဆိုတာ မကြားဘူးလား"

"ကြားပါတယ် အစ်ကိုလေး"

မိလုံးက အူတိအူကြောင်နှင့် ခြိမ်းကိုတစ်လှည့် သံပရာရည်ကိုတစ်လှည့် ကြည့်ပြီး ခြိမ်းရှေ့က ခေါင်းငုံ့ပြီး ဖြတ်လျှောက်သွားသည်။ အောက်ထပ်ဆင်းရန် ကြံရွယ်ထားသည့် ခြိမ်း ခြေထောက်တွေက လှေကားထိပ်ဆီ ဦးဆောင်လျှောက်သွားပြီးမှ ခြိမ်း ခြေလှမ်းတွေ တုန့်ခနဲရပ်သွားသည်။ အကျင့်ပါနေသောလက်က အလိုလိုခါးထောက်လျက်သား။

"ဒီလောက်အန်ထားဘာ ဘာမှမစားဘဲ သံပရာရည်တွေ





စွတ်သောက်နေတာ ကျစ်"

စိတ်မရှည်ခြင်းတွေနဲ့ စုတ်သပ်ပြီး ခြိမ်းခြေလှမ်းတွေ ဦးပြန်လှည့်လာတာက ပန်းမှုံထင်ဆိုတဲ့ ထင့်ရဲ့အခန်းဆီ။

အခန်းတံခါးကို ဝုန်းခနဲတွန်းဖွင့်လိုက်တော့ ခုတင်ပေါ် ခေါင်းအုံးတွေ အဆင့်ဆင့်ထပ်ပြီး မှီလျောလျောထိုင်နေတဲ့ ထင့်ပုံစံက ငိုထားသည့် မျက်ဝန်းတွေကြားမှ ထူးခြားစွာ ပိုလှပသက်ဝင်နေပြန်သည်။

သံပရာရည်ခွက်တွေနှင့် မိလုံးက ခြိမ်းကို အလန့်တကြားလှမ်းကြည့်သလို ထင်ကိုယ်တိုင်လည်း ခြိမ်းကိုမြင်တော့ အံ့သြသွားဟန်ဖြင့် 'ကိုကြီး' ဟု ခပ်တိုးတိုးခေါ်လိုက်သံကို ကြားလိုက်ရ၏။

ခြိမ်းက ထင့်အခန်းတံခါးဝမှာ ပခုံးတစောင်းမှီရပ်ရင်း…

"သက်သာသွားပြီလား"

"ဟုတ်"

ထင့်အသံက တိုးတိုးလေး။ ငိုထားရလွန်းတာရော အန်ထားရတာရောပေါင်းပြီး ထင့်မျက်နှာလှလှလေး ဖြူဖျော့လျက်။ ထင့်မျက်နှာလေးကို ခြိမ်း စိုက်ကြည့်လိုက်တော့ ထင်က သူ့ထံမှ အကြည့်ကို ချက်ချင်းလွှဲပစ်သည်။

ကိုကြီးထံ မကြည့်ရဲ။ အပေါ်ပိုင်းဗလာကျင်းထားသော ခြိမ်းကြောင့် ဖြူသောအတွင်းပိုင်းအသားကို စိမ်းစိုစွာမြင်ရသည်။ ခြိမ်းပုံစံကတော့ ဘာမှမထူးခြားသလို ထင့်ကို ခပ်အေးအေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ပိုက်ကာ ရပ်နေပေမယ့် ထင့်မှာတော့ ခြိမ်းပုံစံကိုကြည့်ပြီး ပါးလေးတွေရဲပြီး ရှက်စိတ်နှင့် အနေရခက်နေ၏။

"နောက်ကို ကစားကွင်းသွားချင်တယ် ပြောဦးမှာလား"

"ထင် နောက် ဘယ်တော့မှ အဲဒီနေရာကို မသွားတော့ပါဘူး ကိုကြီး"

ပြောရင်း ထင့်အသံက တိုးတိမ်အက်ကွဲလျက် ဝမ်းနည်းနာကျင်စိတ်နှင့် ထင့်ပါးပေါ် မျက်ရည်တွေ ဝေါခနဲပြိုကျလာပုံက တားမနိုင်ဆီးမရ။

"ထင်တစ်ယောက်တည်း နေပါရစေ"

ရှိုက်သံရောနေသောအသံဖြင့် ဖျတ်ခနဲ ခြိမ်းကိုမော့ကြည့်ပြီး ခွင့်တောင်းသလိုပြောကာ ချက်ချင်း မျက်နှာလွှဲသွားသော ထင့်ပုံစံလေးကို ကြည့်ကာ ခြိမ်းရင်ထဲ ဘယ်နေရာမှန်းမသိ ဆစ်ခနဲ နာကျင်သွား၍ ခြိမ်းကိုယ်ခြိမ်း မယုံကြည်နိုင်အောင် အံ့သြထိတ်လန့်သွားသည်။

"ထင့်အခန်းတံခါးကို ပိတ်လိုက် မိလုံး"

"ဟုတ်"

မိလုံးက ခေါင်းညိတ်ပေမယ့် အခန်းပေါက်ဝမှာ ထင့်ကို မျက်တောင်မခတ် စူးစိုက်ကြည့်နေသည့် ခြိမ်းကိုကြည့်ပြီး နေရာက မရွေ့ရဲ။

"မင်း ငါ့ကို နှင်တာလား ထင်"

ခြိမ်းက မေးပေမယ့် ထင်က မဖြေ။





မျက်ရည်ပေါက်ပေါက်ကျကာ ကျိတ်ငိုနေ၍ ခြိမ်းကပဲ ဒီတစ်ခါ အရှုံးပေးလိုက်ရသည်။

"ဒီတစ်ခါတော့ မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်ပေးလိုက်မယ်၊ နောက်တစ်ခါ ခြိမ်းကို ဒီလိုပုံစံမျိုး လာချိုးလို့ကတော့ ဆောရီးပဲ"

"သံပုရာရည်တွေ အများကြီးမသောက်ဖို့ လာပြောတာ၊ အစာမရှိဘဲ အချဉ်တွေချည်း လောင်းထည့်နေရင် အစာအိမ်က မခံနိုင်ဘူး"

"မိလုံး တံခါးပိတ်ပေးလိုက်"

"ဟုတ်ကဲ့ အစ်ကိုလေး"

အင့်ခနဲ ရှိုက်ငိုသံကို ကြားလိုက်ရပေမယ့် ခြိမ်း နောက်ကို လှည့်မကြည့်တော့။

မင်းမျက်ရည်ပေါတိုင်း ငိုနေပေမယ့် မင်းရဲ့မျက်ရည်တွေက ငါ့အတွက်ကို လာလာထိနေတယ် ပန်းမှုံထင်။

မိုးခြိမ်းညံရဲ့ ရာဇဝင်မှာ တစ်ပါးသူအတွက် တွေးပေးတာဒါ ပထမဆုံးဆိုရင် ပန်းမှုံထင်ဆိုတဲ့ သူမက ခြိမ်းနှလုံးသား၊ ခြိမ်းဘဝစာမျက်နှာ၊ ခြိမ်းစိတ်ထဲ အရင်ဆုံး ဝင်ရောက်လာတဲ့သူလား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဟိုမှာ ခြိမ်း လာနေပြီ ယွန်း၊ နင်မေးချင်တာ ခြိမ်းကိုပဲ မေးတော့၊ ငါတို့က သူ့လောက်တော့ ရေရေရာရာမသိဘူး"

သင်တန်းထဲ ခြိမ်း လှမ်းဝင်တာနှင့် ဂျင်က ခြိမ်းကို မေးငေါ့ပြီး ယွန်းကို မေးလိုက်ခြင်းဖြစ်သည်။ ဇေက စိတ်ရှုပ်နေတဲ့ မျက်နှာမျိုးနဲ့ဖြစ်ပြီး ယွန်းကတော့ အနက်ရောင်ခါးရှည်အင်္ကျီ အသား ကပ်ဘောင်းဘီအနက်နှင့် မြင်နေကျ မျက်နှာထက်မှာ ကောက် ကြောင်းတွေ ရှုပ်ထွေးလျက်။ ခြိမ်းက ကားသော့ကို ပစ်တင်လိုက် ပြန်ဖမ်းလိုက်လုပ်ရင်းက မျက်နှာထားတည်တည်နှင့် ထိုသုံးယောက် ကို ကြည့်လိုက်သည်။

"မင်းတို့ ဘာလုပ်နေတာလဲ၊ သင်တန်းမစသေးဘူး လား"





"စထားပြီ၊ ခြိမ်းကို ယွန်း မေးစရာရှိလို့"

"ဒါဆိုလည်း နောက်မှမေး၊ မနက်ဖြန် ဒီနိုင်နာတွေရဲ့ ရှိုးမှာ ငါတို့ကရှမှာနော်၊ ဇေနဲ့ဂျင် ကကွက်နည်းနည်းပြန်ညှိရအောင်"

"ခဏလေး ခြိမ်း"

"ဘာလဲ"

ယွန်းကို ဖြတ်ကျော်သွားရန် အကြံအစည်က မအောင် မြင်။ ယွန်းက ထွက်သွားရန်ပြင်နေသည့် ခြိမ်းလက်ကို လှမ်းဆွဲ လိုက်တော့ ရှေ့ဆက်သွားလို့မရသည်နှင့် ယွန်းကို မျက်နှာချင်းဆိုင် ရန် ယွန်းလက်ထဲက သူ့လက်ကို ရုန်းထွက်လိုက်သည်။

"ကဲ…မေး"

"ခြိမ်းတို့အိမ်မှာ မွေးစားသမီးတစ်ယောက် ရောက်နေ တယ်ဆို"

ယွန်းစကားကြောင့် ခြိမ်းမျက်နှာက ချက်ချင်းအရောင်ရင့် သွားသည်။ အလိုမကျခြင်းတွေကြောင့် မျက်ခုံးတွေ ကုပ်ချိုသွားပေ မဲ့ မျက်တောင်ကော့တွေနဲ့ မျက်ဝန်းရီတီတီကြောင့် ဒေါသနှင့် ထိုမျက်နှာက ခက်ထန်သွားခဲ့သည်။

"ယွန်းအသိများ ဖြစ်နေမလားလို့၊ အဲဒါ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

ခြိမ်းဖြေသံက အေးစက်စက်။ ယွန်းက ပင့်သက်တစ်ရှိုက် ကို အားအဖြစ် ရင်နှင့်အပြည့် ရှိုက်သွင်းရင်း ခြိမ်းမျက်နှာကို စိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က ပန်းမွှံထင်ဆို ဟုတ်လား ခြိမ်း"

"ဟုတ်တယ်"

"ဟင်"

"ဒါ…ဒါဆို အဲဒီ ပန်းမွှံထင်ဆိုတာ"

"မင်းက သူ့ကိုသိလို့လား"

"သိတယ်"

"ဘယ်တုန်းက သိတာလဲ"

"ကြာလှပြီ"

"အဲဒီတစ်ယောက်က မင်းအသိဆိုပြီး ငါ့ကို တစ်ခါမှ ပြောမပြဖူးပါဘူး"

ခြိမ်းက ချက်ကျကျ ပြန်မေးတော့ ယွန်းမျက်နှာက သေနီ အပက်ခံရသလို ရဲခနဲ ဖြစ်သွားသည်။

"သူက ထုံထိုင်းထိုင်း အူကြောင်ကြောင်ပါ၊ ပြီးတော့ စကားမစပ်မိတာလည်း ပါတယ်"

"ထားပါ၊ မင်းသိချင်တာ သူများပါစင်နယ်(လ်)ဆိုတာ သတိရရင် တော်ပါပြီ၊ တကယ်ဆို ငါတို့ကြားထဲ ပြောသင့်တာ ကကွက်တွေ ဘယ်လိုဖန်တီးမလဲ၊ ဒီထက်ဆန်းသစ်တာတွေ ဘယ်လိုရှာကြမလဲ၊ ဒါတွေပဲ ဖြစ်ရမှာ"

မျက်ခုံးတပင့်နဲ့ ခြိမ်းစကားကို အဆုံးသတ်သွားပုံက မင်းနဲ့ ငါ့ကြား အလုပ်အကြောင်းကလွဲပြီး ဘာမှမပြောချင်တော့ဘူးဆိုတဲ့ အဓိပ္ပာယ်လား။ ခြိမ်း ထွက်သွားတာနဲ့ ဖေနဲ့ဂျင်ကပါ ခြိမ်းနောက်





ကနေ လိုက်သွား၏။ ယွန်းက အနီးရှိပလပ်စတစ်ထိုင်ခုံပေါ် ခြေပစ် လက်ပစ် ဝင်ထိုင်ရင်း တစ်ဖက်သတ်သမားရဲ့ ရောဂါက ရင်မှာ ဝေဒနာရင့်လာသည်။

"ဟိုးအရင်ကတည်းက မိဘချင်း သိပြီးသားတဲ့"

"သမီးကို ချက်ချင်း အိမ်ပေါ်ခေါ်တင်ကတည်းက သူ့သားနဲ့ ကြည်ဖြူလို့ဆိုတာ ထင်ရှားနေတာပဲ"

"ခြိမ်းကို နင်မပိုင်ရင် တခြားဘယ်သူ့ကို ပိုင်သေးလဲ ယွန်း၊ စိမ်ကိန်းတွေဆွဲပြီး စနစ်တကျ အကောင်အထည်ဖော်မနေနဲ့၊ တုံးတိုက်တိုက် ကျားကိုက်ကိုက်ဆိုပြီး တစ်ခုခုစီစဉ်တော့"

အပေါင်းအသင်းတွေက ယွန်းကို သတင်းပေး၊ အားပေး အားမြှောက်ပြုသူတွေက ဒုနဲ့ဒေး။ ဒါဟာ ယွန်းရင်ထဲက အချစ်စိတ် ကို သိသောကြောင့်ဆိုလျှင်။ ဖုန်းခလုတ်ကိုနှိပ်တော့ ခြိမ်းရဲ့ ဘောတိုက်ပုံတွေ၊ ခြိမ်းကနေတဲ့ပုံတွေ၊ နားနေခန်းထဲ ခြိမ်း လှဲအိပ် နေသော ပုံတွေ ထွက်ကျလာသည်။

ချစ်လွန်း၍၊ မြင်ချင်လွန်း၍ သိမ်းဆည်းထားခဲ့ရသောပုံ တွေ။

မချစ်ဖူးသော နှလုံးသားနှင့် ယွန်း ချစ်ခဲ့သည်။ ချစ်ပြီးမှ တော့ ပိုင်ဆိုင်ချင်တာ အပြစ်ဟု ယွန်း မထင်။ ပိုဆိုးတာက ယွန်း ခြိမ်းအတွက် မကြည်ဖြူနိုင်သော ရင်ခွင်က ပန်းမွှံထင်ရဲ့ ရင်ခွင် ဖြစ်ခဲ့တာကြောင့် ပိုဆိုးသည်။

ထိုင်ရာမှ ဆတ်ခနဲ ယွန်း ထရပ်သည်။ အလွှတ်ရနေသော



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပါတ်အတိုင်း ယွန်းလက်ချောင်းတွေကို အလုပ်ပေးလိုက်ပြီးမှ တစ်ဖက်က ထူးသံကို နားစွင့်၏။

"စည်သူလား...ယွန်းပါ၊ နင့်ကို အလုပ်အပ်စရာလေး ရှိလို့၊ အယွန်း...နင် ကျွမ်းကျင်တဲ့ ကွန်ပျူတာအထူးဖန်တီးမှုလေး တစ်ခုပါ"

◆ ◆ ◆



## အခန်း (၃၂)

ကားတံခါးဖွင့်ဆင်းပြီးတာနှင့် ကိုယ်ကို တစ်ပတ်လှည့်ကာရင်း တံခါးကို ခြိမ်းက နောက်ပြန်ပိတ်သည်။ ပတ်ဝန်းကျင်က အရိပ်တွေ အသံတွေအားလုံးကို ခြိမ်း ဥပေက္ခာပြုထား၏။

ခြိမ်းနားထဲ ထည့်ထားသည့် နားကြပ်မှ မိုက်ကယ်ဂျက်ဆင်ရဲ့ Beat it သီချင်းက စည်းချက်ကျကျ။

လှုကလည်း မိုက်ကယ်ဂျက်ဆင် ကကွက်တွေအတိုင်း နည်းလမ်းတကျ။ ခြိမ်း ဒီလိုဒန်ဆာကို ဝါသနာပါခဲ့ခြင်းက မိုက်ကယ်ဂျက်ဆင်ကို ရှုးသွပ်ရာမှ အစပြုခဲ့တာ။ ထရီးလားတို့ ဘလက်(ခ်)အန်ဝှိုက်တို့က ခြိမ်း ငယ်ကတည်းက စွဲလန်းခဲ့ရသော သီချင်းတွေ။ အခုချိန်ထိ ပြန်ကြည့်လို့ရဆဲ။ ခံစားလို့ရဆဲ။ တချို့ သီချင်းထဲက ကကွက်တွေဆို ခြိမ်း လေ့ကျင့်လို့မရသေးတာတွေ အများကြီး။



www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းက Beat it သီချင်းကို အသံတိတ်လိုက်အော်ရင်း ညှော်ခန်းထဲ လှမ်းအဝင် မျက်ဝန်းထောင့် ရိပ်ခနဲထင်သော အစိမ်းရောင်လူရိပ်ကြောင့် ခေါင်းငဲ့ပြီးကြည့်သည်။

သူမြင်လိုက်ရတာက ထင်ရဲ့ ရှင်းလင်းသောအလှ။

ဖုန်းကို နားနားကပ်ပြီး ခပ်တိုးတိုးပြောနေပုံက သဘောကျစရာတွေ ကြားနေရတာမျိုး။ နှုတ်ခမ်းကိုစေ့ပြီးပြုံးတော့ ထင့်ရဲ့ ပါးမို့တွေ ရဲခနဲတက်ကာ မျက်တောင်တွေ ပိတ်ကျတဲ့အထိ ရယ်နေပုံက ချစ်စရာ။ ငေးခနဲ ကြည့်နေရာက စူးစမ်းလိုစိတ်ကြောင့် ဆတ်ခနဲ မျက်မှောင်ကုတ်ပစ်ပြီး ခြိမ်းနားထဲက နားကြပ်ကို ဆွဲဖြုတ်သည်။

Beat it သီချင်းသံ ပျောက်သွားပြီး ချိုလွင်သောရယ်သံက ခြိမ်းနားထဲ နူးညံ့ချိုသာစွာ လူးလွန့်ဝင်လာတော့ ခြိမ်းရင်ထဲ နွေးခနဲ လှုပ်ခတ်သွား၏။

"နေပါစေ အစ်ကိုရဲ့၊ ထင့်ကို သတိရကြောင်း ပြောတာနဲ့တင် ထင်က ကျေးဇူးတင်လှပါပြီ၊ ထင့်အတွက် ဘာလက်ဆောင်မှ မလိုပါဘူး အစ်ကိုရယ်၊ ရပါတယ်၊ ထင်တကယ်မလိုချင်တာပါ"

အစ်ကိုတဲ့။ ခြိမ်းရဲ့ ကုပ်ချီထားသော မျက်ခုံးတွေက ပြန်မပြေဘဲ စဉ်းစားခြင်းအဖြစ်သို့ ရောက်သည်။ ထင်နဲ့စကားပြောနေတာ ဘယ်သူလဲ။ ဘယ်ကလဲ စတဲ့မေးခွန်းတွေက ခြိမ်းရင်ထဲ ပလုံစီလာပြီးနောက် ရင်ထဲတစ်နေရာကပဲ ပူလောင်လာသလိုလို။ အလိုမကျသလိုလို။ ဒေါသမျက်ဝန်းတွေနှင့် ထင် ဖုန်းပြောနေတာကို

ဝိုး : ဝိုး : ၈၁၆ပ



မျက်တောင်မခတ် ခပ်စိမ်းစိမ်း စူးရဲစွာ စိုက်ကြည့်ပစ်လိုက်သည်။

"ထင်တကယ်ပြောတာပါ အစ်ကိုရယ်၊ ထင့်အတွက် မလိုပါဘူးဆို၊ အစ်ကိုသာ အဆင်ပြေပြေနဲ့ မြန်မြန်ပြန်လာနိုင်အောင် ကြိုးစားပါ"

"ထင်က ကိုယ့်ကို သတိရနေပြီလား"

ထင်က ခြိမ်း ရောက်နေတာကို မသိ။ သူမကို နံရံမှာ ကျောမှီပြီး စိုက်ကြည့်နေတာကိုလည်း မမြင်။ ကင်းထံမှ ဘာလိုလို မေးခွန်းကြောင့် စိတ်ရှုပ်လျက်က ဘယ်လိုဖြေရမှန်းမသိ ဖြစ်နေသည်။ ထင် သတိရတာမရတာက ကင်းနဲ့ထင်ကြား တဖွဲ့တနွဲ့ ပြောရလောက်အောင် မလိုအပ်မှန်း ထင် သိပြီးသားဆိုပေမယ့် အစ်ကို ကင်းကို ထင် ခင်လည်းခင်သည်။ အဆိုတော်ကင်းရဲ့ ပရိသတ်လည်းဖြစ်သည့်အတွက် စကားကို စဉ်းစဉ်းစားစား ပြန်ဖြေရသည်။

"ထင်မှမဟုတ်ပါဘူး၊ အစ်ကို့ပရိသတ်တွေလည်း အစ်ကို့ကို သတိရကြမှာလေ၊ အစ်ကိုပြန်လာမှ စီစဉ်ရမယ့် တွေလည်း အများကြီးဆို၊ အစ်ကို့အမေတောင် အန့်တီနဲ့တွေ့တုန်း ပြောလိုက်သေးတယ်၊ ကင်း ပြန်မလာသေးဘူးလားဆိုပြီး ဖုန်းတွေ စာတွေနဲ့ မေးကြလွန်းလို့တဲ့"

ကင်း...။ ခြိမ်းက ပြင်းပြင်းထန်ထန် အံကြိတ်ပစ်တော့ မေးရိုးကြီးတွေ ကားထွက်လာသည်။ ဒီကောင်နဲ့ ထင့်ကြားမှာ သူမသိသေးသည့်အရာ ဘာတွေရှိမလဲ။

ခြိမ်း ဆက်မတွေးချင်။ တွေးတော့တာ မှန်းဆတာ

ရိုး : ရိုး : ၈၁၆မ

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာမပါသောသူက စိတ်နောက်ကိုယ်ပါတတ်သည့်အတိုင်း အခန်းကွယ်မှထွက်၍ ထင် ဖုန်းပြောနေရာသို့ ဆတ်ခနဲ လျှောက်ခဲ့သည်။

"ဟိတ်"

"ဟင်…ကိုကြီး"

ထင့်လက်ထဲက ဖုန်းခွက်လေး လွတ်ကျမသွားအောင် သတိထား၍ တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်ရချိန်မှာ ထင့်နားကို ရောက်လာသူက ခြိမ်း။

"ဘယ်သူနဲ့ စကားပြောနေတာလဲ"

"ရှင်"

ဘယ်တုန်းကမှ ထင့်အပေါ် စိတ်မဝင်စားသလို ထင် ဘာလုပ်လုပ် မေးမြန်းစပ်စုခြင်းမရှိခဲ့သည့်သူက မေးလာတော့ ထင် အံ့ဩစိတ်နှင့် ဘာဖြေရမှန်းမသိ။ ထင့်နား အနီးကပ်ရပ်လာသည့် ခြိမ်းမျက်နှာချောချောကို အလန့်တကြား မော့ကြည့်လိုက်သည်။

ခြိမ်းက အနက်ရောင်တီရှပ်၊ အနက်ရောင် ဂျင်းဘောင်းဘီနှင့် လက်တွေမှာ ကွင်းတွေ၊ ကြိုးတွေများစွာနှင့်။ ပြီးတော့ ခြိမ်းမျက်နှာချောချောက တင်းမာခက်ထန်လျက် ထင့်မျက်နှာကို တစ်ခါမှ မမြင်ဘူးသလို စူးစိုက်ကြည့်နေသည်။ ခြိမ်းမျက်ဝန်းတွေက တောက်ပသော နက်ရှိုင်းမှုတွေနှင့်။

"ဖုန်းပြောနေတာ မပြီးသေးဘူးလား"

"ကိုကြီး ပြောမလို့လားဟင်၊ ဟုတ်…ပြီးပါပြီ"

ပြောပြောဆိုဆိုပင် သူမလက်ထဲက ဖုန်းလက်ကိုင်ခွက်ကို





လက်နဲ့ပိတ်ကာမေးပြီးမှ…

"အစ်ကို…ဒါပဲနော်၊ ပေါင့်အင်း ထင့်ဖုန်းကိုမဆက်နဲ့၊ ဟင်း(န်)ဖုန်းနဲ့ အကြာကြီး ဖုန်းလက်ခံပြောဖို့ ထင် စိတ်မရဲလို့ပါ၊ ဒါပဲနော် အစ်ကို"

ကင်းကို နှုတ်ဆက်ပြီးတာနှင့် ထင် နေရာမှထကာ ခြိမ်းအတွက် ပိုင်ရှန်ဖယ်ပေးသည်။ ခြိမ်းက ထင် ဖယ်ပေးသည့်နေရာမှာ အကျအန တစ်ကိုယ်လုံး ပစ်ဝင်ထိုင်ပြီးမှ ဘောင်းဘီအိတ်ထဲက သူ့ဟန်းဖုန်းထုတ်တော့ ထင်က မျက်လုံးအဝိုင်းသားနှင့် လိုက်ကြည့်သည်။

"ဘာကြည့်နေတာလဲ".

"ရှင်"

ခြိမ်းက လေသံမာမာနှင့် မေးတော့ ထင့်ကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။

"ဟို…ကိုကြီး ဖုန်းဆက်မလို့ဆို"

လက်ပြတ်ဂါဝန်က ပုစွန်ဆီရောင်ဖျော့ဖျော့လေး ထင့်ရဲ့ လုံးဝန်းသော လက်မောင်းသားပြည့်ပြည့်လေးတွေကို တွေ့နေရသည်။ ဂါဝန်နောက်မှ ခါးစည်းကြိုးစည်းထားခြင်းကြောင့် ထင့်ရင်သည် ရင်အတိုင်း အမို့အမောက် အချိုင့်အဝှမ်းတွေက ပို၍ ထင်သာမြင်သာဖြစ်စေ၏။ ချထားလျက်သား မြင်ရခဲ့သည့် ထင့်ဆံနွယ်ရှည်တွေက ရှုပ်ပွန့်သင်းသင်း မွှေးနေသည်။

ပါးပြင်အပြည့် တင်ထားသော ပါးကွက်တွေကြားထဲမှာ ထင့်နှာတံချွန်ချွန်နှင့် မျက်တောင်မည်းမည်းတွေ။ နှုတ်ခမ်းနီပြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်တွေနှင့် ထင့်ပုံစံက ခြိမ်းရင်ကို လှုပ်ရှားစေနိုင်သော အလှအ တွေနှင့် ချစ်စရာကောင်းသော ကလေးတစ်ယောက်လို။

ခြိမ်းက ထင့်ရဲ့အလှတရားကို မျက်လွှာတစ်ပင့်ပဲ ကြည့် မဲ့ အားလုံး စေ့စေ့စပ်စပ် အကဲခတ်မိသွားကာ မျက်နှာတည်တည် နှင့် ထင့်မျက်နှာကို ဖူးပုက်ကြည့်ပုံက တင်းတင်းရဲရဲ။

"ဒီမှာ ဖုန်းဆက်နေတာ မမြင်ဘူးလား"

"ဟင်"

"ထင်က ကြိုးဖုန်းနဲ့ ဆက်မယ်ထင်လို့"

"ဘယ်ဖုန်းနဲ့ ဆက်ဆက်ပေါ့"

"ကဲ…သွားတော့"

"ဟွန်း…ဒါနဲ့များ"

အခုမှ ထင်က ခြိမ်း တမင်ညစ်တာကို သိပြီး မျက်နှာကို တစ်ဖက်လွှဲကာ နှုတ်ခမ်းတွေ မလှုပ်တလှုပ်နှင့် ခြိမ်း မကြားအောင် မကျေမနပ်လေး ရေရွတ်သည်။

"ဟန်းဖုန်းနဲ့ ဆက်တာပဲ၊ ဘယ်ကဆက်ဆက်ပေါ့၊ အ တော့"

"ဟိတ်…ဒီမှာ"

နောက်ကခေါ်သံကြောင့် ထင့်ရဲ့လှမ်းလက်စ ခြေအစုံကို ပြီး ခြိမ်းရှိရာသို့ လှမ်းကြည့်သည်။

"နောက်ကို ဘယ်သူနဲ့မှ ဖုန်းအကြာကြီး မပြော နားလည်လား"

သူ့စကားကို ထင် ခေါင်းမညိတ်။ ခေါင်းမခါ။ ခြိမ်းကို





တစ်ခါမှ မမြင်ဖူးသည့်ပုံစံနှင့် ငေးကြည့်နေတော့ ခြိမ်းစိတ်ထဲမှာ ထင့်အကြည့်ကြောင့် နည်းနည်းတော့ အနေခက်သွားသည်။

"ကိုကြီး ဖြစ်စေချင်တဲ့အတိုင်း ထင် အားလုံးဖြစ်ပေးမှာ ပါ"

ထင့်အသံက တိုးတိတ်ကြေကွဲခြင်းတွေနှင့် နာကျင်သော နှလုံးသားက ခံစားချက်ကြောင့် အပြုံးသဲ့သဲ့ ပေါ်လာသည်။ ထင့်မျက်ဝန်းမှာ မျက်ရည်စတို့ လက်ခနဲ လိုက်ဖြာသွားတာကို ခြိမ်း မမြင်။ မြင်လည်း ထင့်ကို သူ ဂရုမစိုက်တာ ထင် သိပြီး သားပါ။

"ဘာလဲ မင်းက ငါ့ကို မကျေနပ်ဘူးလား"

ထင့်မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး ခြိမ်းကမေးလာ တော့ ထင့်ရင်ထဲ လှိုက်ခနဲ ဝမ်းနည်းသွားကာ ဦးခေါင်းကို ဆတ်ခနဲ ခါသည်။

"ထင် အမြဲကျေနပ်နေမှာပါ ကိုကြီး"

နေရာက ချာခနဲ လှည့်အထွက်မှာ ဝေါခနဲ ပြိုဆင်းလာ သည့် ထင့်မျက်ရည်တွေကို ခြိမ်း မမြင်ပေမယ့် ထင့်ရင်တွေက နာကျင်နေ၏။

ကိုကြီးမှာလည်း ပိုင်ဆိုင်သူတစ်ယောက်လုံးရှိရက်နဲ့။

ထင်နဲ့အစ်ကိုကင်းနဲ့ဆုံတိုင်း အနားသို့ ရောက်လာတတ်တဲ့ ကိုကြီးရဲ့ ရည်ရွယ်ချက်က ဘာလဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဘာမှမလဲဘူး၊ ထင့်ကိုတွေ့ချင်လို့ ဒီကိုချက်ချင်းထွက်လာတာ"

"တကယ်"

"တကယ်ပေါ့၊ လေယာဉ်က လေးနာရီခွဲဆိုက်တယ်၊ မာမီတို့နဲ့ ပစ္စည်းတွေ ထည့်ပေးလိုက်ပြီးတာနဲ့ ကိုယ်က ထင့်ဆီကို တန်းလာခဲ့တာ၊ ဒါက ထင့်အတွက်"

"ဘာတွေလဲဟင်"

"သိချင်ရင် ဖွင့်ကြည့်"

ကင်းကိုယ်တိုင် ထင့်ရှေ့ တွန်းပို့လိုက်သော အိတ်ကြီး အိတ်ငယ်အသွယ်သွယ်ကို တစ်လှည့်ကြည့်လိုက်၊ ကင်းကို တစ်ဖန် မော့ကြည့်လိုက်နှင့် ထင့်စိတ်တွေ ဝေခွဲမရဖြစ်နေ၏။ ခြိမ်းတို့ ညီအစ်ကိုနဲ့ ထင် ဘယ်ဘဝက ဆုတောင်းလဲမသိ။ ပုံစံတစ်မျိုးစီ





နှင့် လာခုံနေရတာတော့ တကယ်ပါ။ ကင်းပုံစံက ခရီးပန်းလာတာ ပဲဖြစ်ဖြစ်၊ ရန်ဖြစ်လာတယ်ပဲဆိုဆို ဘယ်အချိန်ကြည့်ကြည့် ချောမွေ့ သန့်စင်နေ၏။ ထင့်မျက်စိရှေ့က ကင်းက ရှပ်အင်္ကျီအစိမ်းပုပ်ပုပ်ကို အပေါ်က ကုတ်အနက် ထပ်ဝတ်ကာ စတိုင်ပင်အနက်နှင့် အခုပဲ နိုင်ငံခြားခရီးက ပြန်ရောက်လာပေမဲ့ ပင်ပန်းနွမ်းနယ်ခြင်း တစ်စက်မှ မရှိတဲ့အတိုင်း။ လတ်ဆတ်လန်းဆန်း တက်ကြွသောအသွင်က အပြည့်။

"ဟေး...ကောင်မလေး၊ လူကိုဘာကြည့်နေတာလဲ"

"ရှင်"

"ရှင်မနေနဲ့၊ ဒီမှာ ထင့်အတွက် ကိုယ်ဝယ်လာတဲ့ ဒီဝတ်စုံကို အခုဝတ်"

ကင်း ကမ်းပေးသော စက္ကူအိတ်ကို ထင် ကယောင် ကတမ်း အသာလှမ်းယူရင်း ခြိမ်းမြင်ရင် သဘောမှကျမလားဆို သည့် အတွေးက ထင့်ခေါင်းထဲ ဖျတ်ခနဲ ရောက်လာတာ ဘာကြောင့်မှန်းမသိ။

"အခုဝတ်ရမယ် ဟုတ်လား"

"အခုပေါ့၊ ကိုယ် ထင့်ကို ဒင်နာကျွေးမလို့"

"ဒင်နာ၊ ထင့်တစ်ယောက်တည်းကိုလား အစ်ကို"

"အင်း"

"အို"

ထင့်အမေးကို ခပ်ပြုံးပြုံး ခေါင်းညိတ်လိုက်သည့် ကင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထင်မှာ မျက်လုံးအဝိုင်းသားနှင့် ကင်းကို ပြန်ကြည့်ပုံက တအံ့တသြ။ ဒါကိုပဲ ကင်းက ထင့်မျက်နှာလေးကို မြတ်နိုး မဝစွာ စိုက်ကြည့်နေမိသည်။ ထင် ချစ်စရာကောင်းတာ ဝန်ခံပါသည်။ ပြီးတော့ ထင့်အလှက ဆွဲဆောင်မှုအပြည့်ရှိသည်။ ချစ်စရာလေးမို့ ချစ်မိသည်။ မြတ်နိုးထိုက်လို့ မြတ်နိုးမိတာ ကင်းရင်ထဲက သဲသဲလှုပ်ခံစားချက်။ ဒါကိုရိပ်မိသော ကင်းမာမီကတော့…

"ကေသီကိုယ်တိုင် သူ့အိမ်ပေါ် ခေါ်တင်ထားတာဆိုတော့ မျိုးရိုးညွှန့်ထဲကတော့ မဖြစ်နိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် မာမီက ချီးသည်၊ ခါးသည် မပြောဘူးနော် သား၊ မာမ့်သား စိတ်ချမ်းသာရင် ပြီးတာပဲ"

ကင်းဘက်က တရားဝင်ခွင့်ပြုချက်တောင်းတော့ မာမီက ကင်းကို ခွင့်ပြုသည့်အတွက် ကင်းဘက်က ထင့်ကို ထင်သဘောတူရင် ကင်းက ထင်နှင့်လက်ထပ်ရုံ။ အားလုံး အိုကေပြီးသား။

ထင်က ကင်းအဖြေကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေတော့ ထင်ဖြစ်နေပုံကို ကင်းက ချစ်စနိုးရယ်ပစ်သည်။

ထင့်ကို ချစ်မိတဲ့အထဲ အဲဒီလို အသည်းယားစရာကောင်းတဲ့ ပုံစံလေးက ထိပ်ဆုံးက ဖြစ်နေ၏။

"ဘာဖြစ်လို့လဲဟင်"

"ကိုယ်နဲ့ထင် နှစ်ယောက်အတူ မသွားချင်လို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

ဝိုး : ဝိုး : ၈၁၆၀



"တခြားနေရာမှာ သွားစားရင် ပိုက်ဆံတွေ အများကြီး ကုန်မှာကို၊ အိမ်မှာပဲ"

"ဟင့်အင်း…ကိုယ် ထင့်ကို ခေါ်သွားဖို့ အန်တီ့ဆီမှာ ခွင့်တောင်းပြီးပြီ၊ နောက်တော့ အိမ်မှာစားတာပေါ့ ဟုတ်လား၊ အခုတော့ အပြောင်းအလဲဖြစ်အောင် ထင် ကိုယ်နဲ့လိုက်ခဲ့၊ ကိုယ် ဟိုတယ်တောင် ရွေးထားပြီးပြီ၊ ကဲ အဝတ်သွားလဲတော့၊ သွား"

ကင်းက ထင် ဝတ်ရမည့် အဝတ်အစားအိတ်ကို ထင့်ရင်ခွင်ထဲအရောက် ပို့ပေးတာတောင် ထင်က အိမ်အပေါ်ထပ်ဆီ လှမ်းမော့ကြည့်ပုံက မဝံ့မရဲ။

"ဟို…ခြိမ်းက ဘာပြောမလဲ မသိဘူးနော်"

"သူနဲ့ ဘာဆိုင်လို့လဲ၊ ကိုယ်ကိုယ်တိုင် အန်တီသို့ဆီမှာ ထင့်ကို ခေါ်သွားဖို့ ခွင့်တောင်းပြီးသားပါ၊ ထင် ဘာမှမစိုးရိမ်နဲ့ ဟုတ်လား"

အန်တီကိုယ်တိုင်က ခွင့်ပြုထားပြီးပြီဆိုမှတော့ ထင့်မှာ ဘာမှပြောစရာမရှိ။

အဝတ်အစားထုပ်ကိုပိုက်ပြီး အပေါ်ထပ်ကို တက်ခဲ့သည်။ ကင်းက ထင့်ကျောပြင်ကို ငေးရင်း အသံမထွက်ဘဲ သဘောတကျ ရယ်မိသည်။ ချစ်သောမျက်စိနှင့် ကြည့်သောအခါ အရာရာက ချစ်စရာတွေချည်းပဲမို့ သူ့မနက်ဖြန်က ယနေ့မှစ၍ အချစ်ရောင်နှင့် လှပစွာ။

◆ ◆ ◆

ဝိုး : ဝိုး : ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ခြိမ်းက သူ့ကားရှေ့မှာ နှေးတုံ့နှေးတုံ့ သွားနေသောကားကို ဝေါခနဲဝိုက်၍ ကျော်တက်ပစ်သည်။ ခြိမ်းရဲ့ ဒယ်ဘယ်(လ်)ကပ်ကြီးက သခင့်အလိုကျ ဒုန်းစိုင်းပြေးနေ၏။ ခြိမ်းက သူ့မျက်စိရှေ့မှာ တွေ့သမျှကားတွေကို တစ်စင်းပြီးတစ်စင်း ကျော်တက်၍ စက်ကုန်ဖွင့်ခဲ့သမျှ မီးနီပြသောပွိုင့်ကြောင့် ခြိမ်း ကားကို မရပ်ချင်ဘဲ ရပ်ပစ်လိုက်ရသည်။

"တောက်...အရေးထဲကွာ"

ဒေါသကြောင့် ခေါင်းကိုယမ်းတော့ ခြိမ်းရဲ့ ရေစိုဆံပင်ကြားက ရေမှုန်ရေမွှားတွေက သူ့လည်ကုပ်နှင့် ပခုံးတွေဆီ ခုန်ဆင်းလာ၏။ ခြိမ်းက ဘက်မှန်ကို သူ့မျက်နှာဆီ ဆွဲယူပြီး ကြည့်သည်။ ရေပြောင်အောင် မသုတ်ခဲ့ရသည့် ဆံပင်တွေနှင့် ရေစက်တွေ





တင်ကျန်သော ခြိမ်းမျက်နှာက နီယွန်မီးတိုင်တွေကြောင့် အရောင်လက်နေ၏။

"ကင်း ရောက်နေတယ်မဟုတ်လား မာမီ၊ ရေချိုးခန်းမဝင်ခင်က ဒီကောင့်ကား ဝင်လာတာတွေ့တယ်၊ ကျွန်တော့်အခန်းဆီ လွှတ်လိုက်ပါဦး၊ နိုင်ငံခြားပြန်လက်ဆောင်လေး ပါလို့ပါခြား"

မီးပူတိုက်ပြီးသား သူ့အင်္ကျီတစ်ထပ်ကြီးကို မာမီသယ်ပြီး ဝင်လာတော့ ခြိမ်း ရေချိုးပြီးစပဲရှိသေးသည်။ ဒေါ်ကေသီက တာဝါတစ်ထည် ခါးအောက်ပိုင်းမှာပတ်ထားပြီး ရေစိုနေတဲ့ အပေါ်ပိုင်းကို တဘက်နဲ့ဆွဲပွတ်နေတဲ့ ခြိမ်းကို ပြုံးကြည့်ရင်း

"ကင်းက သွားပြီ သားရဲ့"

"ဒီကောင်ကလည်း ဖင်နွေးအောင်တောင်မထိုင်ဘဲ ဒီကိုဘာလာလုပ်တာလဲ မာမီ"

ခြိမ်းက ဗီရိုထဲ ထည့်ဟန်ပြင်နေသည့် အဝတ်တစ်ထပ်ကြားမှ ဘောင်းဘီတစ်ထည် ဆွဲယူပြီးမေးသည်။

"ဒင်နာကျွေးဖို့တဲ့"

"ဘယ်သူ့ကိုလဲ"

"ထင့်ကိုလေ"

"ဘယ်လို"

"ထင့်အတွက် သူ ဝယ်လာတဲ့ဝတ်စုံကို ဝတ်နိုင်းပြီး သူကိုယ်တိုင် မာမီ့ဆီမှာ ခွင့်တောင်းပြီး ခေါ်သွားတာ"

"ကင်းကိုယ်တိုင်က ထင့်ကို ဟုတ်လား မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သား"

ဝတ်လက်စ ဘောင်းဘီမှာ ခြိမ်း အာရုံမရှိဘဲ လွင့်သွားသည်။ ခေါင်းကိုင့်ကာ ဆံပင်ကြားက ရေစက်တွေ ခပ်ကြမ်းကြမ်း ခါထုတ်ရင်း ခြိမ်း အတွေးတွေက ကင်းနဲ့ထင်တို့ ဆက်ဆံရေးကြားမှာ တစ်စစီပြန့်ကျဲလျက်။ နိုင်ငံခြားရောက်တော့လည်း ဒီနှစ်ယောက်က အဆက်အသွယ်မပြတ်။

ရန်ကုန်ပြန်ရောက်တော့လည်း ကင်း အရင်ဆုံးတွေ့ဆုံဖြစ်တာက ထင့်ကို။ ဒီနှစ်ယောက်က ပထမဆုံးဆိုတော့။ ခြိမ်း ရေသုတ်တဘက်ကို ခုတင်ပေါ်လှမ်းပစ်တင်ပြီး မာမီ့လက်ထဲမှ တီရှပ်တစ်ထည်ကိုဆွဲယူပြီး ခေါင်းမှစွပ်ချလိုက်၏။

"ဟဲ့…သား၊ ရေပြောင်အောင်သုတ်လေ၊ ဆံပင်မှာလည်း ရေတွေဒီအတိုင်းနဲ့၊ လာ…ဒီကို၊ မာမီ သုတ်ပေးမယ်"

"နေပါစေ မာမီ၊ သူတို့ ဘယ်ဟိုတယ် သွားမှာတဲ့လဲ"

မှန်တင်ခုံပေါ်တင်ထားသည့် ကားသော့နှင့် ဖုန်းကို ဝရုန်းသုန်းကားဆွဲယူပြီး သူ မေးတော့ မာမီက ခြိမ်းကို အထူးအဆန်းလိုကြည့်သည်။

"ဆီဒိုးနားလို့ပြောတာပဲ၊ သား လိုက်သွားမလို့လား၊ ကင်းက ပြန်ပို့ပါ့မယ် ပြောသွားတာ၊ ဟဲ့…ဟဲ့…ခြိမ်း၊ သြော်…ဒီကလေးနှယ်"

မာမီ့စကားသံတွေက ခြိမ်း နောက်ပါးမှာ တစ်စစီလွင့်ပြီး ကျန်ရစ်သည်။ ခြိမ်းက သူမောင်းသည့်ကားကို အိမ်မှထွက်





ကတည်းက အရှိန်မလျှော့။ သူ့ကားက မီးစိမ်းတာနှင့် ဝေါခနဲ အသံပေးပြီး ရှေ့ဆုံးက ပြေးထွက်သည်။ ခြိမ်းရင်ထဲမှ အားကောင်းစွာ တောက်လောင်သောမီးက ပြိုင်လျှင် နိုင်မှကျေနပ်သည့် ခြိမ်းရဲ့အတ္တကြောင့်လား။

ကိုယ်ပိုင်ဆိုင်သော အရာအား လုယူခံရ၍ မကြည်ဖြူနိုင်ခြင်းလား။ မကွဲပြားသော ဒေါသအရောင်တွေက ခြိမ်းတစ်ကိုယ်လုံးမှာ ဘယ်လိုပတ်စီးနေလဲမသိ။ ထိမိသည့်နေရာတိုင်း မီးပွင့်ချင်သည်။ ခြိမ်းက ဒေါသတစ်ခါထွက်တိုင်း မေးရိုးတွေ ကားထွက်အောင် အံကြိတ်၍ လီဗာကိုဖိနင်းသည်။

သတ်မှတ်ထားသည့်မိုင်မှုန်းထက် များစွာကျော်လွန်သော ခြိမ်းရဲ့ကားက ရန်ကုန်မြို့ရဲ့ နီယွန်မီးရောင်စုံညချမ်းကို တရိပ်ရိပ် ဖြတ်ကျော်ခဲ့သည်။

တွေ့ပါပြီ။ ရှေ့မှာတအိအိမောင်းနေသော ကင်းရဲ့ကား။ ခြိမ်းက အရှိန်မြှင့်၍ ကင်းကားဘေးကို ဝေါခနဲကျော်တက်သည်။ ကိုက်တစ်ရာလောက်အထိ မောင်းသွားပြီးမှ စတီယာရင်ကို ဆွဲလှည့်ကာ ဘရိတ်အုပ်ပစ်တော့ ခြိမ်းရဲ့ကားက ကင်းကားရှေ့မှာ ကန့်လန့်ကြီး ပိတ်သွား၏။

"ကျွီး"

"ကျွီး"

"အာ…ရှေ့ကားက ဘာလဲကွ"

ကားနှစ်စီး ဘရိတ်ဖမ်းသံတွေ ဆူညံသွားသလို ထင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လည်း ကြောက်စိတ်နှင့် မျက်လုံးလေးတွေ ဝိုင်းနေ၏။

ကင်းကိုယ်တိုင် မောင်းနေရင်းမှ ဘရိတ်ဖမ်းအုပ်သဖြင့် ထင့်မှာ ရှေ့သို့ငိုက်ကျသွားပြီးမှ ဒက်ရှ်ဘုတ်ကို လက်နဲ့ဖမ်းထောက်ရသည်။

"အို…အမေ့"

"ဆောရီး…ဆောရီး…ထင်၊ ကိုယ် စကားလှည့်ပြောနေလို့ သတိလွတ်သွားတာ၊ ဘာဖြစ်သွားသေးလဲ"

"ဟင့်အင်း…ထင် လက်ထောက်လိုက်လို့လေ၊ နို့မို့ နဖူးကွဲမှာ သိလား"

"ဝုန်း"

"ဟင်"

ထင်တို့ ပြောလက်စ စကားက ဒီမှာတင်ရပ်တန့်သွားပြီး တစ်ဖက်ကားပေါ်က ဆင်းလာသူကို ထင်မှာ ပါးစပ်ဟ မျက်လုံးလေးဝိုင်းပြီး ကြည့်နေဖြစ်တာက တခြားကြောင့်မဟုတ်။ ကားပေါ်က ဆင်းလာသူက တခြားသူမဟုတ်။ ငြိမ်းကိုယ်တိုင်။

"ငြိမ်း"

"ကိုကြီး"

မိုးပေါ်က ကျလာသူလို မိုးငြိမ်းညံ့ ဆိုတဲ့နာမည်နဲ့လည်း လိုက်ဖက်ပါပေသည်။ တွေ့လိုက်တိုင်း ညင်သာမှုမရှိသော ငြိမ်း ခြေလှမ်းတွေက ဝုန်းခနဲ ဒိုင်းခနဲ ကားတံခါးဆွဲဖွင့်တာ ထင့်ဘက်ကပါ။





"ဒါ ဘာအချိုး ချိုးတာလဲ ပန်းမှုံထင်"

"ရှင်"

ထင့်မျက်လုံးလေး ချာချာလည်ကာ ငြိမ်းကို ထိတ်လန့်တကြားကြည့်ရင်း တရှင်ရှင်နှင့်။ ငြိမ်းနဲ့တွေ့တိုင်း ထင့်မှာ ဒါပဲ ရေရွတ်တတ်သလားမသိ။ ထင် ဝတ်ထားသည့် အစိမ်းနုရောင် တစ်ဆက်တည်း ဂါဝန်ရှည်က ပခုံးချိတ်ရုံ ကြိုးတစ်ချောင်းတည်းမို့ ပျားရည်ရောင်ဝင်းနေသော ထင့်အလှတရားတို့က ရင်အထက် ပိုင်းကို ဝင်းဝါစွာ တင့်တယ်လှပစေလျက်။ အစိမ်းရင့်ရောင် ပဝါ တစ်စ ကပိုကရိုပတ်၍ ကာကွယ်ထားပုံက ငြိမ်းမျက်ဝန်းထဲက မထွက်။ ထင့်မျက်ခွံမို့မို့မှာ ငွေမှင်ရောင်လက်လက်ထအောင် ခြယ်ထားပြီး စိုအိသော လိမ္မော်ရောင် နှုတ်ခမ်းလွှာထူထူတို့က ငြိမ်းရဲ့ဒေါသစနက်ကို မီးရှို့ပေးလိုက်သည့်နှယ်။ ငြိမ်းက ထင့် လက်ကောက်ဝတ်ကို တင်းကျပ်စွာ လှမ်းဆွဲလိုက်၏။

"လာ…ဆင်းခဲ့"

"ငြိမ်း"

ကင်း ခေါ်သံက ခက်ထန်ထန်။ ငြိမ်းက ခါးကိုင်းပြီး ကားအတွင်းကို ငုံ့ကြည့်သည်။

"ငါနဲ့ထင် ဒင်နာသွားမလို့ ငြိမ်း၊ မင်း ယဉ်ကျေးမှု ရှိရင်…"

"ဆောရီး…ငါ ယဉ်ကျေးခဲ့ဖူးတာတွေ အကုန်မေ့သွားပြီ ကင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မင်း နှောင့်ယှက်ဖို့မသင့်ဘူးလေ"

"ဘယ်သူက နှောင့်ယှက်တာလဲ"

ဘယ်တုန်းကမှ မပြေပြစ်ခဲ့သော ခြိမ်းမျက်နှာက တင်းခနဲဖြစ်ကာ ပြန်မေးတော့ ကင်းက မရယ်ချင့်ရယ်ချင်နဲ့ ရယ်ကာ…

"ငါ ရှင်းပြရဦးမှာလား ခြိမ်း၊ မင်းရဲ့ အရိုင်းအစိုင်း လုပ်ရပ်တွေအကြောင်း မင်းအသိဆုံးပဲ ခြိမ်း၊ ဖယ်ကွာ…ငါ ထင့်ကို အန်တီ့ဆီက ခွင့်တောင်းပြီးခေါ်လာတာ"

"မာမီခွင့်ပြုပေမယ့် ငါ ခွင့်မပြုဘူး ကင်း"

"ဘာ"

ခြိမ်းက ထင့်လက်ကိုဆွဲပြီး ကားပေါ်က ဆင်းစေသည်။

ကင်းက တစ်ဖက်က ထင့်လက်ဖဝါးတွေကို ဆွဲယူ အုပ်မိုးဆုပ်ကိုင်ထားတော့ ထင် ဘယ်ဘက်ကိုပါရမှန်းမသိ။

"ထင်"

"ရှင်"

ကင်းဘက်ကို ထင် လှည့်ကြည့်တော့ ကင်းက ထင့်ကို မသွားပါနဲ့ဟု မျက်ဝန်းတွေက တားနေသလို၊ ခြိမ်းဆိုသည့် ကျွန် တစ်ယောက်ကလည်း သူနဲ့ ထင့်ကိုလိုက်ခဲ့ဆိုသော ခြိမ်းခြောက် အကြည့်တွေနဲ့ဆိုတော့ ထင် ဘာလုပ်ရမှန်းမသိ။

"မင်း ဘယ်သူနဲ့လိုက်မှာလဲ ထင်"

"ရှင်"





ကင်းအမေးက ထင် ဘာဖြေရမှန်းမသိ။

"ကားပေါ်ကိုတက်တော့ ထင်"

ခြိမ်းရဲ့ တင်းပြတ်သည့် အမိန့်ပေးသံ။

ထင့်မျက်ဝန်းမှာ မျက်ရည်တွေ အိခနဲဝိုင်းလာကာ မျက်နှာလေးငိုမဲ့မဲ့ ဖြစ်လာ၏။

"မင်းက ဘာလဲ ခြိမ်း၊ ထင့်ကို ငါ့ရှေ့မှာ အနိုင်ကျင့် မိုက်ကျပြနေတာလား"

"မင်းဘာထင်ထင် ငါ ဂရုမစိုက်ဘူး ကင်း"

"လာ…ထင်၊ ကိုယ်နဲ့လိုက်ခဲ့"

"သတ္တိရှိရင်လိုက်သွား"

ကင်းက ခြိမ်းမျက်နှာကို ဒေါသဖြင့် ဆတ်ခနဲ လှမ်း ကြည့်သည်။

"ထင်…နောက်မှ အစ်ကိုနဲ့လိုက်ပါရစေနော်၊ ထင့်ကို ခွင့်လွှတ်ပါ၊ ထင်…"

"လာစမ်းပါ"

ထင့်စကားမဆုံးခင် ခြိမ်းက ထင့်လက်ကို ဆောင့်ဆွဲ ခေါ်လိုက်၍ ထင့်ကိုယ်လေး ခြိမ်းရင်ခွင်ထဲ ထွေးခနဲပြုတ်ကျပုံက တကယ့်ကို ဝရုန်းသုန်းကား။ ခြိမ်းက ထင့်ကိုယ်လေးကို ကား ပေါ်တင်ပေးပြီးမှ နောက်ကို တစ်ချက် လှည့်မကြည့်ဘဲ ကားကို ဝေါခနဲ ကွေ့ကာ မောင်းထွက်သွားတော့လည်း တရကြမ်း။

ထင်မှာ ကင်းကိုလည်း အားနာ၊ ခြိမ်းကိုလည်း ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နှင့် ကျိတ်မျက်ရည်ကျနေမိသည်။ အခုထိ ပြေပြစ်ခြင်းသို့ မရောက်သေးသော ခြိမ်းမျက်နှာက ထင် ငိုနေတာကိုသိတော့ ပိုတင်းသွား၏။

"ဘာလဲ…မင်းကောင်နောက် မလိုက်ရလို့ သိပ်ဝမ်းနည်းနေတာလား"

"ထင်တို့က ရိုးရိုးသားသား"

"ဘာ ရိုးရိုးသားသားလဲ၊ အခုချိန်ကစပြီး ကင်းဆိုတဲ့ကောင်ကို တစ်ဘဝစာမေ့လိုက်တော့"

ဒေါသနှင့်ခက်ထန်နေသည့် ခြိမ်းကိုကြည့်ပြီး ထင် ဘာမှ ပြန်မပြောနိုင်ဘဲ အင့်ခနဲ တစ်ချက်ငိုချလိုက်တာက ထင့်အပေါ်မှာ သူ့စိတ် သူ့သဘောတစ်ခုတည်းနဲ့ အနိုင်ယူတတ်လွန်း၍ပါ။

ဒါကိုပဲ ခြိမ်း ထင်မြင်ယူဆလိုက်တာက ကင်းကို မေ့ပစ်လိုက်လို့ပြောတာနဲ့ ဝမ်းပန်းတနည်း ငိုနေသော ထင့်အဖြစ်ကို ကြည့်ပြီး ခြိမ်းနှလုံးသားတွေ ပူဆင်းသွားတာထက် ငရဲမီးကို မျိုချရသည့်အတိုင်းဆိုတော့ ခြိမ်းက ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ သူ့ကားရဲ့ဦးတည်ရာကို လမ်းကွေ့တစ်ခုဆီသို့ ပြောင်းလဲသွားကာ အိမ်အပြန်လမ်းနှင့် ဆန့်ကျင်ဘက်အရပ်ရှိရာသို့။

◆ ◆ ◆



## အခန်း (၃၅)

"ဒါ…ဒါကဘယ်လိုဖြစ်တာလဲ ခြိမ်းရယ်"

"ယွန်းကိုပြောပါဦး၊ ပြောလေ ခြိမ်း၊ ထင့်ကို ဒီထိအောင် ခေါ်လာတာ ဘာအဓိပ္ပာယ်လဲ၊ သူက ခြိမ်းအတွက် တကယ်အရေးပါနေတဲ့သူလား၊ ဟမ်း…ခြိမ်း၊ သူ ယွန်းအပေါ်မှာ တကယ် ရက်စက်တယ် သိလား"

"ရက်စက်တယ်"

"ဟား…ကျစ်"

ခြိမ်းက သူ့အင်္ကျီရင်ဘတ်စတွေကိုဆွဲကာ ငိုချတော့မလိုလို မျက်နှာနှင့် သူ့ရင်ခွင်ထဲကိုပဲ ခေါင်းတိုးဝင်တော့မလိုလို ဖြစ်နေသော ယွန်းလက်တွေကို ဆွဲဖြုတ်ချသည်။

ဒီလိုဖြုတ်ချတော့လည်း ယွန်းလက်တွေက ဒီအတိုင်း တွဲလောင်းကျပြီး ခေါင်းပါငိုက်စိုက်မို့ မျက်ရည်ပေါက်ပေါက်ကျ



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ယွန်းကိုကြည့်ပြီး ခြိမ်းက စိတ်ရှုပ်ရှုပ်နှင့် နဖူးကို လက်ဝါးနှင့်ဆွဲပွတ်ရင်း ဇေ့ကို မကျေမနပ်ကြည့်သည်။

"ဇေ...မင်းကွာ၊ ဘာဖြစ်လို့ ပြဿနာကို ငါ့ဆီခေါ်လာရတာလဲ"

"အာ...မင်းကလည်း၊ ယွန်း ဖြစ်ပျက်နေပုံကိုလည်း ကြည့်ဦးလေ၊ မင်းကိုခေါ်ပေးပါ၊ ခေါ်ပေးပါနဲ့၊ ငါလည်း ထင်ပါလာမယ်လို့ ဘယ်သိမှာလဲ"

ဇေက ခြိမ်းနောက်ကျောကို ကျော်ကြည့်ပြီး ပြောသည်။ ခြိမ်း နောက်ပြန်လှည့်ကြည့်တော့ ထင်က တစ်သက်နှင့်တစ်ကိုယ် ဒီလိုနေရာမျိုး မလာဖူးမှန်း သိသာလွန်းစွာ ကလပ်အတွင်း မီးရောင်စုံအောက် ကနေသူတွေကို လက်ဖဝါးထဲ မေးဖျားထည့်ကာ တအံ့တသြ ငေးမောနေပုံက အသက်တောင် ရှူရဲ့လားမသိ။

ခြိမ်း ဒီဘက်မျက်နှာပြန်မူတော့ ဘားပေါ်လက်ထောက်ကာ ခေါင်းမထူနိုင်အောင်ဖြစ်နေသည့် ယွန်းကိုတွေ့တော့ သက်ပြင်းတစ်ချက် ချလိုက်၏။

"အစောကြီးကတည်းက သူ့အိမ်ပြန်ပို့လိုက်ရင် ပြီးနေတာပဲ ဇေ"

"ဩော်...မင်းပဲ အပြောကောင်း၊ ယွန်းက မင်းမလာမချင်း စောင့်မယ်ဆိုပြီး အဲဒီလိုဖြစ်သွားတာ"

အားလုံးက ချိန်းထားသလိုပင်။ တစ်ခါတစ်ရံ၌ ထူးဆန်းစွာ တိုက်ဆိုင်တတ်ခြင်းသည် စိတ်ရှုပ်စရာကောင်းမှန်း ခြိမ်းက ကိုယ်တွေ့ကြုံမှ သိရတဲ့အဖြစ်။ ရည်ရွယ်တာက ကင်းထံမှ ထင့်





ကို ခေါ်ထုတ်ကာ သင်တန်းဆီ ခဏဝင်မယ်လို့ စိတ်ကူးထားပေမယ့် ဇေ့ဖုန်းက ဝင်လာတော့ လမ်းကြောင်းကပြောင်းသွားသည်။

"ငါတို့ ကလပ်မှာ၊ ယွန်းနဲ့ကွ၊ ကွိုင်တက်နေတယ်၊ မင်း အခုလာခဲ့ ခြိမ်း"

ဇေ့ထံမှ ဖုန်းဝင်လာတော့ စိုးရိမ်ပြီး ခြိမ်း ရောက်လာတော့ သူနဲ့အတူ ထင်ပါလာတာ ယွန်းကမြင်ပြီး ပြင်းပြင်းထန်ထန် ပေါက်ကွဲသည်။

"ကဲ...ဒီတစ်ယောက်ကို ဘယ်လိုရှင်းမလဲ ခြိမ်း၊ ဒီအတိုင်းကြီး ကြည့်နေလို့တော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူးနော်"

"သိတယ်၊ ငါ စဉ်းစားနေတာ၊ မင်းပဲ သူ့ကိုအိမ်ပြန်ပို့လိုက် ဇေ"

ခြိမ်းစကားကြောင့် ဇေမှာ အထိတ်ထိတ်အပျာပျာဖြစ်သွားပြီး

"ဒီပုံကြီးနဲ့ သူ့အိမ်ပြန်ပို့ရင် ငါပါ ရိုက်ထုတ်ခံရမှာပေါ့၊ ဒီထက်သက်သာမယ့်နည်းလေးပေးပါ ခြိမ်းရာ"

"အဲဒါဆိုလည်း သင်တန်းခေါ်သွားပြီး နားနေခန်းမှာ ခဏထားရင်ရော၊ မင်းနဲ့ကျင် သူ အမူးပြေအောင်"

"လာပါ...ကိုယ်တို့နဲ့တွဲကလိုက်၊ မင်း မသောက်ရဘဲ မူးသွားစေရမယ်၊ လာပါ...ချာတိတ်ရဲ့"

"အို...ဟင့်အင်း လွှတ်ပါ၊ ထင် မကတတ်လို့ပါ"

ထိတ်လန့်တကြား အော်လိုက်တဲ့ ထင့်အသံကြားလိုက်တာနှင့် ခြိမ်းရင်ဘတ်ထဲ ဖျဉ်းခနဲဖြစ်သွားသည်။ နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲလှည့်ကြည့်တော့ သူထားခဲ့သည့် စားပွဲဝိုင်းမှာ ထင်တစ်ယောက်တည်း မဟုတ်တော့။

ရှုမှက်ခိုးဝေနေသည့် လူသုံးယောက်ကြားထဲမှာ ထင်တစ်ယောက်တည်း။

"လာ…မင်းမကတတ်ရင် ကိုယ် သင်ပေးမယ်"

တစ်ယောက်က ထင့်ကို ဖွတ်အတင်းဆွဲခေါ်သည်။ ထင်က ခြေကန်ပြီးရုန်းသည်။

"အို…ဟင့်အင်း…လက်ကိုလွှတ်ပါ"

ဆွဲသည့်လူက ဆွဲ၊ ရုန်းသည့်လူက ရုန်းနှင့် ဆောင့်ရုန်းသောအရှိန်ကြောင့် ထင့်ရင်ဘတ်တစ်လျှောက် အကာအကွယ်ယူထားသည့် ပဝါက လျှောခနဲ ပြုတ်ကျသည်။ လှစ်ခနဲပေါ်လာသော ထင့်အလှက အရှိအတိုင်း လှပမှုများထဲမှာ။

"အို"

ထင်မှာ ထင်မှတ်မထားသည့်အဖြစ်ကြောင့် ရှိန်းခနဲ ထူပူစိတ်နှင့် သူမရင်ဘတ်လေးကို လက်နှစ်ဖက်နှင့်ယှက်ပြီး ကမန်းကတန်း အကာအကွယ်ယူလိုက်ပုံက ရှက်လန့်ခြင်းတွေနှင့်။

"ဟား…ဟား…မင်းက ဒီလောက်လှရက်နဲ့ အလှတရားတွေ အထီးကျန်နေတာ နှမြောစရာ၊ လာပါ…မင်းအလှလေးတွေ အလကားမဖြစ်ရအောင်"

"ဟိတ်"

နောက်မှ ပခုံးပုတ်၍ ခြိမ်းက ခေါ်သည်။

"ဟင်"

ဝိုး : ဝိုး : ၈၁၄၆



ထူးရင်းလှည့်လာသည့် အရက်ခိုးတွေနှင့် နီစပ်စပ်မျက်နှာထံ ခြိမ်း လက်သီးတစ်ချက်ပစ်သွင်းတာ အားပါးတရ။

"ဖောင်း"

"ခွပ်"

"ဝုန်း"

"ဟော့ကောင်…မင်းက"

"ချကွာ…မျိုးကြီး"

"ဝုန်း"

"ဒုန်း"

အခြေအနေက ချက်ချင်းရှုပ်ထွေးသွားသလို ခြိမ်းက သူ့ထံ ရိုပ်ခနဲပြေးဝင်လာတဲ့ကောင်ရဲ့ ရင်ဝကို ခြေကန်ချက်ပစ်သွင်းသည်။ ပြင်းလွန်းတဲ့ ခြိမ်း ကန်ချက်ကြောင့် မျက်နှာချင်းဆိုင်ကကောင် နောက်ပြန်ပစ်ကျတာ စားပွဲတစ်လုံးပေါ်ဆီ။

စားပွဲပြိုလဲသံ၊ ဖန်ခွက်တွေ ပုလင်းတွေ ကွဲရှသံနှင့် အတူ

"ကိုကြီး…နောက်မှာ"

"ဖြောင်း"

"ဒုတ်"

ထင့်ရဲ့ အလန့်တကြားအော်သံနှင့် ခြိမ်းနားထဲတွင် ဖြောင်းခနဲ မြည်သံကျယ်ကြီး ကြားလိုက်ရသည်။ လူက ပူခနဲဖြစ်သွားပြီး နားထင်ဘေးတစ်လျှောက် ပူနွေးစီးထန်းသော အထိအတွေ့ကို ခံစားလိုက်ရပေမယ့် ဒေါသဆောင်နေသဖြင့် ခြိမ်းမှာ နာကျင်တာတွေ၊ ဝေဒနာတွေ ခံစားချိန်မရ။

ဝိုး : ဝိုး ၊ ၈၁၄၅

www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းက ဖြည်းဖြည်းချင်း နောက်လှည့်ကြည့်တော့ ကွဲသွားသည့် ပုလင်းခေါင်းကြီးကိုင်လျက် ခြိမ်းကို ရိုက်ခဲ့သူက ပြုးကြောင်ကြောင်နှင့်ကြည့်ဆဲ။

ခြိမ်းက ထိုလူအား ခနိုးခနဲ့ပြုံးပြရင်း

"မင်းအလှည့်ပြီးရင် ငါ့အလှည့်"

"ကဲကွာ"

"ခွပ်...ခွပ်"

"အား"

"ဂုန်း"

ခြိမ်းရဲ့ လက်သီးလက်ဝါးတွေက တရစပ်။ ထိုလူက ပုလင်းကွဲကိုပစ်ချပြီး ခြိမ်းလက်က အလဲလဲအပြိုပြိုနှင့် ဖွတ်အတင်းလွတ်အောင် ထွက်ပြေးပုံက တစ်ချိုးတည်း။ ခြိမ်းက သတ္တိမရှိသူရဲ့ ကျောပြင်ကို အေးစက်စက်ကြည့်ရင်း နီးရာပုလင်းကိုဆွဲ၍ လေထုကိုခွင်းကာ ပစ်ပေါက်လိုက်ခြင်းဖြင့်

"ခွမ်း"

"အမလေး"

ပုလင်းကွဲစတွေ၊ ဖြာခနဲကျလာသော သွေးတွေနှင့် သူက လက်အမြောက်မှာပါ တစ်ခါတည်း ပွဲသိမ်းပေးလိုက်သည်။

◆ ◆ ◆



## အခန်း (၃၆)

"ခွပ်"

"အို"

"ကိုကြီးကို မလုပ်ပါနဲ့ ဘဘရယ်၊ ကိုကြီး သိပ်နာနေပြီ"

ထင့်ထံမှ တားမြစ်သံနှင့်အတူ ပါးပေါ်စီးကျနေတဲ့ မျက်ရည်တွေက အွန်ချသလို မစဲနိုင်။

အားလုံးက ဝိုင်းတားကြတာနောက်မှ။ ဒက်ဒီလက်ချက်နဲ့ ခြိမ်းကတော့ နှာရိုးတစ်လျှောက် ပူထူပြီး လူက အိမ်ထဲနေရင်း ကြယ်တွေ လတွေ မြင်သွားတဲ့အထိ။

ဒက်ဒီလက်သီးက ပြင်းသည်။ ထင်က ခြိမ်း လဲကျရာနေရာမှ ပုဆစ်တုပ်ဝင်ထိုင်ပြီး ခြိမ်းကိုယ်ကြီးကို သူမကိုယ်လေးနှင့် ဖွတ်ကွယ်ထားလျက် ငိုယိုတောင်းပန်မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ကို ထိုးရုံတင်မကဘူး၊ ငါက သတ်ပစ်ချင်တဲ့အထိ စိတ်ရိုင်းတွေဝင်နေတာ၊ ဖယ်စမ်း…သမီး၊ ဒီကောင့်ရှေ့က ဘာမှကာကွယ် အသနားခံမနေနဲ့"

"တော်ပါတော့ အစ်ကိုရယ်၊ သားလည်း ခေါင်းမှာဒဏ်ရာကြီးနဲ့ပါ"

အန်တီကေသီ့အသံထဲမှာလည်း ငိုသံစွက်နေ၏။

"ဟ…ဒီဒဏ်ရာကို သူလိုချင်လို့ သူ ဖန်တီးခဲ့တာပဲ"

"မဟုတ်ပါဘူး ဘဘရယ်၊ ကိုကြီး အခုလိုဖြစ်ရတာ ထင့်ကြောင့်ပါ၊ ထင့်မှာပဲ အပြစ်ရှိတာပါ ဘဘရဲ့၊ ကိုကြီးမှာ အပြစ်မရှိပါဘူး။

ဘဘ ရိုက်ချင်ရင် ထင့်ကိုပဲ ရိုက်ပါနော်၊ ကိုကြီးကို နောက်ထပ် လက်သီးနဲ့မထိုးပါနဲ့ ဘဘရယ်၊ ထင် အသနားခံပါတယ်"

ထင်က ဦးမြတ်ထွန်း ခြေထောက်ကို သူမလက်လေးနှစ်ဖက်နှင့် ဖက်လည်းဖက်၊ ငိုလည်းငို၊ အသနားလည်းခံနှင့်။

ကိုကြီး သွေးထွက်တာမြင်တာနှင့် အခြေမခိုင်သော ထင့်နှလုံးသားက ဝမ်းနည်းစိတ်ဖြင့် မျက်ရည်မြေခချင်ပြီ။ ဘဘကဖြင့် ထင်ပြောတာ လက်ခံပုံမရပေမယ့် ထင် ဖြစ်နေတာကိုကြည့်ပြီး စိတ်လျှော့လိုက်ပုံနှင့်

"ဒီတစ်ခါတော့ ငါ့သမီးကိုသနားလို့ ခွင့်လွှတ်လိုက်မယ်၊ ဘယ့်နှယ်…သူများက သိက္ခာရှိရှိ တန်ဖိုးထားပြီး ခေါ်သွားတာကို ကြားဖြတ် မရမကလိုက်လုတယ်၊ ဒင်းကျတော့





ခေါ်သွားတာ နိုက်ကလပ်တဲ့…

ဒီလိုနေရာမျိုးမှာ မင်းလိုလူရမ်းကားတွေချည်းရှိတာ မင်းမသိဘူးလား၊ ဟမ်…ဟောကောင်၊ ငယ်ငယ်တုန်းကလို ကင်းကစားစရာတွေ တစ်စစီဖျက်၊ ငါက လျော်ကြေးပေးပြီး နှစ်သိမ့်ခဲ့ရတာ၊ အဲဒါ အရှုပ်ပဲရမယ်၊ မင်း အခု သူ့ကိုဘာထင်နေလဲ၊ ဟမ်…ဟောကောင်၊ ဒါ မိန်းကလေးကွ၊ အထိအခိုက်မခံဘူး၊ ပွန်းပဲ့ပျက်စီးသွားရင် လျော်ကြေးပေးလို့မရဘူး"

ဦးမြတ်ထွန်းက ဒေါသနှင့်ပြောလိုက်၊ စိတ်ရှိလက်ရှိ ကိုင်ပေါက်ဆွဲဆုတ်တော့မတတ် ခါးကြီးကိုင်းလာလျှင် ထင့်မှာ ကိုကြီးရှေ့ဝင်ကာလိုက်နှင့် ဗျာများနေ၏။

"သိ ပြောပါ့မယ် အစ်ကိုရယ်"

"မင်းပြောလို့ မင်းသားက နားထောင်မလား၊ ဒီလောက်ဖအေက ပွက်ပွက်ထအောင် ပြောနေတာတောင်၊ လူဆိုရင် ထမင်းစား ကြီးတာမှန်ရင် တစ်ခွန်းပဲကွ၊ တစ်ခါတည်းမှတ်တယ်၊ အခုမင်းသားက ချိုမပေါက် အမြီးမထွက်လို့သာ လူလို့ပြောရမှာ"

"အစ်ကို သွေးတက်မှာစိုးလို့ပြောနေတာ၊ ဒေါသဖြစ်လည်း မနက်မှပြောတော့၊ သမီး…ညည်းအစ်ကိုကို ခေါ်သွား၊ သွားတော့၊ အေးကြည်…ဒီကိုလာ၊ ရေတစ်ခွက်ပါယူခဲ့၊ အစ်ကိုစိတ်ငြိမ်သွားအောင် ရေသောက်ပြီး ဒေါသလျှော့ပါ အစ်ကိုရယ်"

ဘဘကို ဖျောင်းဖျနေတဲ့ အန်တီ့အသံက ထင်တို့နောက်ပါးမှာ ကျန်ခဲ့ပြီ။ ကလပ်မှာဖြစ်ခဲ့တဲ့ ပြဿနာက ဘဘထံ ဖုန်းဝင်လာ၍ ထင်တို့မရောက်ခင်ကတည်းက ဘဘ သိပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆီကခေါ်သွားတာ မကျေနပ်လို့ ဟိုကောင် ဒက်ဒီကို လာထောင်သွားတာနေမှာ၊ တောက်…ဆရာဝန်ကလည်း ပတ်တီးစည်းတာတောင် အထာမကျဘူး"

ခြိမ်းရင်မှာ မကျေနပ်ချက်တွေ များနေသဖြင့် ဘယ်သူ့ဆီကို ဒေါသကိုပုံချရမှန်းမသိ။ မှန်ထဲပေါ်နေသော ကိုယ့်ပုံရိပ်က ပတ်တီးကို ဘေးဘယ်ညာစောင်းငဲ့ကြည့်ရင်း ပေါက်ကွဲနေတုန်း ထင် အငိုမျက်နှာနှင့် သူ့အခန်းတံခါး ဖွင့်၍ဝင်လာသည်။ လက်ထဲက စတီးဗန်းထဲမှာ စပရစ်တွေ၊ အနာထည့်ဆေးနှင့် ဝွမ်းလိပ်။

ခြိမ်းက ထိုပစ္စည်းတွေကို မလိုလားသောမျက်နှာနှင့် တစ်ချက်ကြည့်ပြီး မျက်နှာကို ဆတ်ခနဲလွှဲသည်။

"ဘာလုပ်ဖို့လဲ အဲဒါတွေက"

"ကိုကြီး ဒဏ်ရာတွေကို ဆေးထည့်မလို့ပါ"

"မလိုပါဘူး၊ အဲဒါတွေ အကုန်ပြန်ယူသွား"

"ရှင်"

"ဒီမှာ မင်းမှာ မျက်ရည်တော်တော်ပေါနေလား၊ ဘာကိစ္စမင်းက ငါ့ရှေ့မှာရပ်ပြီး ဒက်ဒီကို အသနားခံနေရတာလဲ၊ ပြောစမ်း"

"ဟို…အဲဒါက ကိုကြီးမှာ ဒဏ်ရာတွေနဲ့ဆိုတော့ ထင်က မကြည့်ရက်လို့"

ပြောရင်း စကားတစ်ဝက်နှင့် ထင့်ပါးပြင်ပေါ် မျက်ရည်ကျသည်။

"နောက်တစ်ခါ မဆိုင်တာ ဝင်မပါနဲ့"

ခြိမ်းအသံက တင်းမာပေမယ့် ထင့်မှာက ကိုကြီးလို





မတင်းမာနိုင်တော့ မျက်ရည်တွေနှင့် ချစ်သူမျက်နှာကို မော့ကြည့်ဖြစ်သွားသည်။

"ကိုကြီး အခုလိုဖြစ်ရတာ ထင့်အပြစ်ပါ၊ ကိုကြီးဆီက ခွင့်မတောင်းဘဲ ကင်းနောက်ကို ထင် လိုက်သွားမိလို့"

"ဘာမှမဆိုင်ဘူး"

ထင့်စကားကြောင့် ခြိမ်းလေသံက နည်းနည်းပျော့သွားပေမယ့် မျက်နှာကိုတော့ တင်းထားဆဲ။

တကယ်ဆို ထင့်ဘာသာ ဘယ်သူ့နောက်ကိုလိုက်လိုက် ခြိမ်းဆိုတဲ့သူနဲ့ ဘာမှမဆိုင်တာကို သိသိနဲ့။ အတွေးနှင့် ခြိမ်းရင်ထဲ ဖျတ်ခနဲ နွေးထွေးလှုပ်ခတ်သည်။

"ဆေးတွေထားခဲ့၊ ငါ့ဟာငါ ထည့်လိုက်မယ်"

"အို…ဘယ်ဖြစ်မလဲ"

"ဘာလို့မဖြစ်ရမှာလဲ၊ ထားခဲ့ဆို ထားခဲ့ပေါ့"

ကြာရင် သူ့ရင်ထဲက ခံစားချက်တွေ မထိန်းနိုင်ဘဲ ရင်ဖွင့်ပေါက်ကွဲတော့မှာကို စိတ်က အလိုလိုသိနေ၍ ထင့်ကို သူ့နားက အတင်းနှင်ထုတ်မိပေမယ့် ထင်က ခြိမ်းစကားကို နားမထောင်။

ရှေ့ကလျှောက်နေသော ခြိမ်းနောက်သို့ တကောက်ကောက် လျှောက်လိုက်နေသော ထင်ကြောင့် ရှေ့ကလူ မြန်နှိုင်းကြီး နောက်ပြန်လှည့်ရပ်သောအခါ

"ဟာ…ဟိတ်"

"အမေ့"

အမြန်အရှိန်သတ်ပေမယ့် နီးကပ်လွန်းသော အနေအထား



www.burmeseclassic.com

www.burmeseclassic.com



မှာ ခြိမ်းရင်ခွင်ထဲ ထွေးခဲ့ ရောက်လာသူက ထင်။

ထင်က သတိတရနှင့် ခြိမ်းရင်ခွင်ထဲ ရှန်းအထွက်မှာ ထပ်ဆင့်ခြေချော်ခြင်းကြောင့်

"အို"

"ဟာ…ဟော့"

"အ"

အလန့်တကြားနှင့် ခြိမ်းက ဖမ်းထိန်းသောကြောင့် နှစ်ယောက်အတူ လုံးထွေးပြီး ခြိမ်းမှေ့ရာပေါ် ပြုတ်ကျတော့ ထင့်တစ်ကိုယ်လုံးက ခြိမ်းရင်ခွင်အောက်မှာဆိုတော့ နှစ်ယောက်လုံး ရင်ခုန်သံတွေ ထိန်းမရအောင် ဆူညံခုန်ပေါက်သွားသည်။

"ထင်"

"ကိုကြီး….ထင့်ကိုလွှတ်ပါ"

ထင်က ရှန်းပေမယ့် ခြိမ်းက တင်းကျပ်စွာဖက်ထားသော ထင့်ကိုယ်လေးကို မလွှတ်။

ခြိမ်းရင်ခွင်ထဲမှာ ထင် ပါးလေးတွေ ရဲ ,တာက် နှင်းဆီခင်းဖြစ်လျက်။ ရွှန်းလက်တောက်ပသော ခြိမ်းအကြည့်တွေအောက်မှာ အသက်ရှူမှားလျက် ခြိမ်းမျက်နှာကို မကြည့်ရဲအောင် ဖြစ်နေ၏။ ခြိမ်းကိုယ်တိုင်လည်း အိထွေးမွေးမြသောအတွေ့မှာ လိမ္မော်ရောင် နှုတ်ခမ်းသားတွေဆီ အကြည့်ရောက်တော့ သူ့စိတ်တွေကို ဘယ်လိုမှ ထိန်းချုပ်၍မရတော့ဘဲ လှပသော နှုတ်ခမ်းလှလှလေးပေါ်သို့ ခြိမ်းရဲ့ ပူနွေးသော နှုတ်ခမ်းအစုံက ညင်သာစွာ ထိကပ်သွားပုံက ဘယ်လိုမှ ထင်မှတ်မထားသည့် အနေအထား။





"ဟင့်အင်း…ကိုကြီးနော်"

"အို"

ထင်က သူ့ရင်ဘတ်ကိုတွန်း၍ ထရန် ကြိုးစားပေမယ့် နောက်ကျသွားသည်။

လှိုက်လှဲခြင်းတွေနဲ့ ကျရောက်လာသော ခြိမ်းရဲ့ ချစ်အနမ်းတွေက ထင့်စကားလုံးတွေကို ပျောက်ဆုံးသွားစေသည့်အတွက် ရှက်လန့်ခြင်းများစွာဖြင့် ထင် မျက်ဝန်းလေးများကို မှိတ်ခဲ့စေ့ပိတ်ပစ်လိုက်သည်။

"ထင်"

"ဟင့်အင်းဆို"

"အို"

ထင်က ရှန်းလေ တင်းကျပ်မှုက ပိုများလေ။

သွန်းချသလို ပြိုကျလာသည့် ချစ်အနမ်းတွေကြားမှာ အသက်ရှူမှားမတတ် ရင်ခုန်ထိတ်လန့်နေရသူက ထင်။ နှုတ်ခမ်းလေးတွေ နွေးထွေးနာကျင်သွားသလို ထင့်ခါးနားဆီမှ တင်းကျပ်စွာ ဆွဲဖက်ထားသည့် သန်မာသော အထိအတွေ့အောက်မှာ ထင် အနေရခက်စွာ။

အခုမှ ကိုကြီးကို ကြောက်လန့်ရကောင်းမှန်းသိလျက် အလန့်တကြား ထအော်ပြီး အတင်းရှန်းပေမယ့်

"အို…ကိုကြီး"

"ပလိစ်"

ယဉ်ကျေးသောအသုံးအနှုန်းနှင့် သူမ ရရှိတာက ရိုင်းစိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျူးကျော်သောအနမ်း။ ရုတ်တရက် ထင့်ကမ္ဘာက အမှောင်ကျသွားသည်။ နူးညံ့ဆွတ်ပျံ့သော ချိုမြိန်သော ပန်းဝတ်မှုန်ကို ခြိမ်းကိုယ်တိုင် ယစ်မူးရင်း ရင်ခုန်တပ်မက်တတ်ခဲ့ပြီဆိုတာ ကိုယ့်နှလုံးသားကိုယ် နားလည်ခဲ့ရပါပြီ။

"ထင်"

ထင့်ကိုယ်လေးကို ဖြေလွှတ်လိုက်တာနှင့် ထင် နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ လွင့်နေအောင် သွားအခန်းထဲက ပြေးထွက်သွားတော့ ခြိမ်းရင်မှာ တစ်ခါမှမခံစားဖူးသော တုန်ရီခြင်းတွေက ရင်ထဲမှာ လှိုင်းထန်နေ၏။

ချိုသောနှုတ်ခမ်းဆီမှ နူးညံ့သော အထိအတွေ့က ခြိမ်းရင်ကို ပြင်းထန်သော ခံစားမှုတွေနှင့် ကျန်ရစ်စေသည့်အထိ။ ဘာဖြစ်လို့ မင်းနှုတ်ခမ်းလေးတွေက ဒီလောက်နွေးထွေးချိုမြိန်နေရတာလဲ ထင်။

ထင် သိပ်ရှက်သွားမှန်းသိ၍ ချစ်ခြင်း၊ မြတ်နိုးခြင်းများစွာဖြင့် တစ်ယောက်တည်း ကျေနပ်နှစ်သိမ့်စွာ ပြုံးလိုက်သူက ခြိမ်း။

အချစ်နဲ့ချိုမြိန်ခြင်းဆိုတာ ဘယ်လိုမှခွဲခြားမရတဲ့ မေတ္တာပေါင်းကူးတံတားဆိုရင် အချစ်ချိုချိုကို တမ်းတမ်းတတ အမြတ်တနိုး စွဲလန်းသွားမိသူရင်ထဲ ချစ်သူနှင့်အတူ နေချင်တဲ့ အချစ်စိတ်ဆိုတာလည်း…။

◆ ◆ ◆



အခန်း (၃၇)

"အို"

ထင့်ရဲ့ ပန်းနုရောင်နှုတ်ခမ်းတွေ ဆတ်ခနဲ ပွင့်ဟသွားသလို ထင့်ရင်ခုန်သံက ထိန်းမရ။ ထင်က ဝင်ပေါက်တည့်တည့် မျက်နှာမူထိုင်နေ၍ ဟိုတယ်ရဲ့ ရက်စတန့်(ထ်)ထဲ ဝင်လာသူအားလုံးကို မြင်ရ၏။

"သောက်လေ ထင်၊ ကော်ဖီကို ထင်က ဆိမ့်ဆိမ့်လေး ကြိုက်တယ်ဆိုလို့ ကိုယ် သကြားလျှော့ထားတယ်၊ ဒီမှာ ဆင်းဒဝစ်(ရှ်)၊ ဒါ သိုးသားနဲ့လုပ်ထားတာ၊ မြည်းကြည့်ပါဦး၊ စားဖူးနေကျ အစာတွေနဲ့ ကွာ မကွာ"

ကင်းက တတွတ်တွတ်ပြောရင်း ထင့်ရှေ့သို့ စားစရာတွေ တစ်ခုပြီးတစ်ခု ထိုးပေးသမျှ ဝတ္တရားအရ စားနေရသည် ဆိုပေမယ့် ထင့်ခံတွင်းထဲ ဘာအရသာမှမပေါ်။ နူးညံ့သော



www.burmeseclassic.com

www.burmeseclassic.com



ဆင်းဒဝစ်(ရှ်)တောင် ထင့်လည်ချောင်းထဲ နင်နေ၍ ကော်ဖီနှင့် မျှောချရတဲ့အထိ။ သိုးသားတွေ မသိုးသားတွေရဲ့ အရသာတွေ တောင် ဘာမှန်းမသိနိုင်အောင် ထင့်ကို တုန်လှုပ်ချောက်ချားစေ သူက ကိုကြီး။

"ကိုယ် ထင့်ကို အရေးတကြီး ပြောစရာရှိတယ်"

"အစ်ကို"

ထိတ်လန့်သွားသော ထင့်မျက်ဝန်းလေးတွေ ဖျတ်ခနဲ ပင့်တက်လာတာ တွေ့ရသဖြင့် ကင်းကိုယ်တိုင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ ထင်၊ ဘာဖြစ်လို့လဲ"

"ထင်တို့ သွားမှဖြစ်တော့မယ်ထင်တယ်"

"အာ…ဘာဖြစ်လို့လဲ၊ မနေ့က ဒင်နာမကျွေးလိုက်ရ လို့ ကိုယ်က ဒီမနက်စာကို"

"အားတော့နာပါတယ် အစ်ကိုရယ်၊ ဒါပေမဲ့…"

ထင့်စကားက တစ်ဝက်တစ်ပျက်။ ထင့်မျက်ဝန်းတွေရဲ့ အဓိပ္ပာယ်ကို ကင်း လိုက်မမီတာနှင့် ထင် ကြည့်နေရာကို သူပါ ခေါင်းငဲ့ကြည့်တော့

"ဟင်"

နွေခေါင်ခေါင် မိုးကြိုးပစ်ချခံရသလို ထိတ်လန့်ခြင်း မပြည့်သော ဒေါသက ကင်းငယ်ထိပ်ဆီ ဆောင့်ထိုးတက်သွား သည်။

"ခြိမ်း…ဒီကောင်"





ထင် ဘာဖြစ်နေလဲဆိုတာ အခုမှ ကင်း သဘောပေါက် သွားကာ မဆိုင်တာတွေ ပြောမိမှာစိုး၍ အံကြိတ်ပစ်လိုက်ရတဲ့ အဖြစ်။ ခြိမ်းကတော့ ဘာမှမဖြစ်သလိုပုံစံနှင့် သူမှာထားသော ဝီစကီပုလင်းနှင့် ဖန်ခွက်ကိုကိုင်လျက် ကင်းတို့စားပွဲအထိ ကူးလာ ပုံက မထိတရိ။

"ဟ…စိမ်းလှချည်လား၊ ငါ့ကို ဒီဝိုင်းမှာထိုင်ဖို့ မဖိတ် ခေါ်တော့ဘူးလား၊ မင်းနဲ့ငါက ညီအစ်ကိုတစ်ဝမ်းတည်း ကွဲတာ ကိုကွာ"

"ခြိမ်း"

ကင်းက အံကြိတ်သံနှင့်ခေါ်တော့ ခြိမ်းက ကင်းကို ဘာလဲဆိုတဲ့ပုံစံနဲ့ မျက်ခုံးတပင့်နှင့် ထူးတာက ပြောလို့ ခွင့်ပြု ပေးသည့်နှယ်။

"မင်း…ဒါ ဘာလုပ်တာလဲ"

"မင်းတို့လိုပေါ့၊ ဘရိတ်ဖတ်(စ်) စားတာနဲ့ သောက် တာပဲ ကွာတာပါ"

ခြိမ်းကိုယ်ပေါ်မှာ ဂျင်းဂျက်ကက်၊ တီရှပ်အဖြူနှင့် ဂျင်းပင်(န်)ဝတ်ထားသော်လည်း ခေါင်းမှ ပတ်တီးလည်းမဖြုတ် ရသေး။ မနေ့က ထိုးကြိတ်ထားသော ဒဏ်ရာတွေက မျက်နှာမှာ အညိုအမည်းစွဲနေသည့်ကြားမှာ နီမြန်းမြန်းဖြစ်နေတာကြောင့် ကိုကြီး ဖျားနေမှန်း ထင် သိလိုက်သည်။

ကိုကြီးကတော့ ထင်တို့စားပွဲမှာ စိတ်အေးလက်အေး ဝင်ထိုင်ပြီး ရေခဲတုံးတွေ ဖန်ခွက်ထဲ ညှပ်ထည့်ကာ ခွက်ကို လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရင်းက

"ချီးယားစ်...ကင်း"

"မင်း ဖျားနေတာမဟုတ်လား ခြိမ်း"

"ဒီလောက်တော့ မိုင်နာပါ"

"အိမ်ပြန်နေ့စမ်းပါ ခြိမ်းရာ"

ပြောပြောဆိုဆို အရက်ခွက်ကို ဖျတ်ခနဲ မော့ချလိုက်တော့ ထင့်မျက်လုံးထဲ ပျာခနဲဖြစ်သွားသည်။

"အစ်ကို...လုပ်ပါဦး"

"ဟိတ်ကောင်....ခြိမ်း၊ ထပ်မသောက်နဲ့တော့"

ခြိမ်းက ကင်းပြောတာကို ဂရုမစိုက်။ ဒုတိယခွက်ကို နှုတ်ခမ်းနားတေ့နေ၍ ကြားထဲက မနေနိုင်သော ထင်ကပဲ ခြိမ်းလက်ထဲက အရက်ခွက်ကို ဖျတ်ခနဲဆွဲယူလိုက်မိပြီးမှ ထင့်ဘာသာထင် ကိုယ့်လုပ်ရပ် ကိုယ်ပြန်လန့်သွားကာ ခြိမ်းမျက်နှာကို အလန့်တကြား ကြည့်လိုက်မိသည်။

"ဒါ ဘာလုပ်တာလဲ ထင်"

"ဟို...အရက်နဲ့ ကိုကြီးနဲ့ မတည့်ဘူးလို့ ထင့်ကို အန်တီက ပြောလို့"

"ပေးစမ်း...မင်းလက်ထဲက ခွက်"

"ဟင့်အင်း"

ထင်က သူ့မလက်ထဲက အရက်ခွက်ကို မပေးဘဲ နောက်ကိုဆုတ်သွားတော့ ခြိမ်းက ထင့်မျက်နှာလှလှလေးကို စူးစူးရဲရဲ စိုက်ကြည့်ပစ်သည်။ ပုံစံကြည့်တာ ခြိမ်းအတွက် စိုးရိမ်သလိုလို





ဘာလိုလို။ ပြီးတော့မှ ခြိမ်း မသိအောင် ကင်းနောက်လိုက်သွားတာ မာမီပြောမှ သိခဲ့ရတာက ခြိမ်း။

ပြောတော့ဖြင့် ခြိမ်း မသိဘဲ ဘာမှမလုပ်ပါဘူး ဘာညာနဲ့။

"မင်း သိပ်လွန်နေပြီနော် ခြိမ်း၊ ငါတို့ဘာသာ အေးအေးဆေးဆေး နေတာကို မင်းနှောင့်ယှက်နေတာမဟုတ်လား"

ဒေါသကြောင့် ကင်း ရင်ပွင့်ပြီး ထွက်ကျလာသော စကားသံတွေက ကြားရသူ ထင့်အတွက် သာယာနာပျော်ဖွယ်မရှိ။

"ဘာလဲ...မင်းက ငါမြတ်နိုးတဲ့ ပစ္စည်းမှန်သမျှ လုယူဖျက်ဆီးချင်နေတဲ့စိတ်က အခုချိန်ထိ အဆုံးမသတ်နိုင်သေးဘူးလား ခြိမ်း"

ခြိမ်းမျက်ဝန်းအကြည့်တွေက ထင့်မျက်နှာပေါ် စူးစိုက်ရောက်ရှိသွား၏။ ညက အခမ္မကျူးကျော်ခဲ့သော ချိုမြိန်သောအနမ်းတွေအကြောင်းက ခေါင်းထဲရောက်တော့ ခြိမ်းရင်တစ်ခုလုံး ကြမ်းရှသွား၏။ မာနနှင့် အံကြိတ်ပြီး ထင့်ကို မျက်နှာလွှဲမယ်ကြံတော့ ခြိမ်းရင်ထဲ နာကျင်သွားတာ ဘယ်နေရာကမှန်းမသိ။

ကိုကြီးမျက်နှာကို ရဲရဲ မကြည့်ရဲ ကြည့်ရဲနှင့် ဥပေက္ခာမပြုရက်။ ပြဿနာရဲ့ အလယ်ဗဟို၌ ထင်က အဓိကကျခဲ့သူဆိုသည့် အတွေးနှင့် ထင့်ရင်ထဲ နင့်ခနဲဖြစ်သွားတာ ကိုကြီးကြောင့်ပါ။

ဒုတိယအကြိမ် မျက်ဝန်းကို အမိုတ်မှာ ခြိမ်းကိုယ်တွေ ခြစ်ခြစ်တောက်ပူလာခိုက် ကင်းထံမှ စကားစစ်ထိုးသံတွေ



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လာ၏။

"မင်း တမင်လိုက်နှောင့်ယှက်နေတာ ငါသိတယ် ခြိမ်း"

"သိရင်လည်း ငါ့ အနှောင့်အယှက်မခံရအောင် နေပေါ့"

ခြိမ်းက ခုံမှာကျောမှီရင်း အေးစက်စက် ပြန်ပြောသည်။ မတည်မငြိမ် ခြိမ်းမျက်နှာက ရှေ့ဆက် နှောင့်ယှက်ဖို့တွေ ရှိသေးကြောင်း ကြေညာနေတဲ့အတိုင်း။

စိတ်ရှိလက်ရှိ အော်ဟစ်ပေါက်ခွဲပစ်ရမလား။ စစ်ပြေငြိမ်းရေးနည်းလမ်းပဲ သုံးရမလား၊ ဝေခွဲမရသေးတဲ့ ကင်းက စားပွဲရှေ့ ကိုယ်ကိုကိုင်းရင်း

"မင်းနဲ့ငါ့ရဲ့ အတိတ်က ပုံသေနည်းတွေအတိုင်း မင်း ဒီပွဲကို အကွက်မရွှေ့နဲ့ ခြိမ်း၊ ကြိုးလည်း မကြိုးစားနဲ့"

"ဒါ သက်မဲ့တွေပါတာမဟုတ်ဘူး ခြိမ်း"

ကင်းက စိတ်လှုပ်ရှားနေသလောက် ခြိမ်းပုံစံက အေးစက်စက်။

"မင်းက အတိတ်ထဲက ဒီနေ့အထိ မရုန်းထွက်နိုင်သေးပေမယ့် ငါကတော့ အနာဂတ်ကိုပဲ စိတ်ဝင်စားတယ် ကင်း၊ ငါ့အနာဂတ်မှာ ငါ ဖြစ်ချင်တာ ဖြစ်ရမယ်"

"မင်း အတ္တတွေ သိပ်များသွားပြီ ခြိမ်း"

"ငါ့အတ္တနဲ့ငါတော့ နေပျော်တာပဲလေ၊ ကဲ…ဒီမှာ ဆက်ထိုင်နေရင်တော့ ဒီပုလင်းထဲက အရည်တွေက ငါ့ကို မျက်စပစ်နေသလိုကို ခံစားနေရတာ၊ ဒီတော့…"

"ထင်တို့ပြန်ကြရအောင် ကိုကြီး"





"ထင်"

ကင်းက ထင့်အမည်ကို အထိတ်တလန့်ခေါ်တော့

"ထင့်ကိုခွင့်လွှတ်ပါ အစ်ကို၊ ထင် ကိုကြီးနဲ့ပဲ ပြန်လိုက်သွားပါရစေ"

"ငါခေါ်တာမဟုတ်ဘူးနော် ကင်း"

ပြောပြီး ခြိမ်းက ဟွန့်ခနဲ အသံပေးကာ တမင်ရယ်သည်။

"မဟုတ်သေးဘူး ထင်၊ ကိုယ့်ပြောစရာ…"

"ထင်တို့မှာ အချိန်တွေအများကြီးရှိပါသေးတယ် အစ်ကို ရယ်၊ ထင် အစ်ကို့ကို တကယ့်စိတ်ရင်းနဲ့ အားနာတာပါ၊ ဒါပေမဲ့ ဒီဝိုင်းမှာ ထင့်ကြောင့် ပဋိပက္ခမဖြစ်စေချင်တာ ထင့်စေတနာပါ၊ အစ်ကိုတို့က သာမန်လူမဟုတ်ဘဲ အနုပညာရှင်ဆိုတော့…"

"ဘာလဲ…မင်းက ကင်းကို ငါ့လို တေလေကြမ်းပိုးနဲ့ ရန်ဖြိုင်မဖြစ်နဲ့လို့ ပြောတာလား"

"ထင်ပြောတာ အဲဒီလိုမဟုတ်ပါဘူး ကိုကြီး၊ ထင်က…"

"တော်…မင်းပါးစပ်ကို အခုပိတ်လိုက် ထင်"

"မင်း ထင့်ကိုရန်လုပ်စရာမလိုဘူး ခြိမ်း"

"ဒါက ငါ့သဘောပါ၊ ထင့်ကို ဘာလုပ်လုပ် မင်းနဲ့ မဆိုင်ပါဘူး"

"သွားမယ်"

ခြိမ်းက အရင် ကင်းရှေ့က ချာခနဲလှည့်ထွက်သွားတော့ ထင်က ကင်းမျက်နှာကို အားတုံ့အားနာ လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ထင့်ကိုခွင့်လွှတ်ပါ အစ်ကိုရယ်၊ ထင် သွားတော့မယ်''

ခြိမ်းနောက်ကို ပါသွားသော ထင့်ကိုကြည့်ပြီး ကင်းရင်ထဲက ဒေါသကို မနည်းမျိုချနေရသည်။ ကိုယ်က နာမည်ကြီးအဆိုတော်။ ဒီနေရာမှာ ညီအစ်ကိုချင်း မိန်းမတစ်ယောက်ကြောင့် ရန်ဖြစ်နေရင် ပြဿနာက ကျော်မကောင်း ကြားမကောင်း။

ထင်ကလည်း ဒါကို ကြိုတွက်မိပုံနှင့် ခြိမ်း သူ့ကို ပြဿနာတမင်ရှာနေမှန်းသိ၍ ချက်ချင်းထလိုက်သွားတာ ကင်းနားလည်သည်။ သူ နားမလည်နိုင်တာက ခြိမ်း။

မင်းကို ငါ ဘယ်တော့မှနိုင်မှာလဲ ခြိမ်း။

သူ့အပေါ် အမြဲအနိုင်ယူချင်သည့် ခြိမ်းက သူ့ရှေ့မှာ ထင့်ကို ခေါ်သွားပုံက လှသည်။

ခြိမ်း ရောက်လာတိုင်း ကင်းရှေ့က ထင် ပျောက်ပျောက်သွားတာကို မခံနိုင်။

အချစ်ကို သူများတွေ ဘယ်လိုအဓိပ္ပာယ်ဖွင့်လဲ ကင်း မသိပေမယ့် သူ့အတွက်တော့ အချစ်ဆိုတာ တကယ့်ရှားပါးပစ္စည်း။ ပြီးတော့ ထို ရှားရှားပါးပါးကိုမှ အမြတ်တနိုး အပိုင်သိမ်းထားချင်သောကြောင့် ထင့်ကို အမြန်ဆုံး ပိုင်ဆိုင်ခွင့်ရရန် ဆုံးဖြတ်လိုက်ရတာ ခြိမ်းဆိုတဲ့ လူဆိုးကြောင့်ပါ။

◆ ◆ ◆



## အခန်း (၃၈)

''ဟယ်…သမီး ပြန်လာပြီလား''

အန်တီက မေးလည်းမေး၊ ထင့်နောက်ကျောသို့ လည်ပင်းရှည်ကြည့်ရင်း…

''ကားသံလည်း မကြားပါလား သမီး၊ ကင်းက ပြန်မပို့ဘူးလား''

''ထင်..ကိုကြီးနဲ့ပြန်လာတာ အန်တီ''

''ခြိမ်းနဲ့…ဟုတ်လား''

ကင်းနဲ့အတူထွက်သွားပြီး ခြိမ်းနဲ့အတူ ပြန်လာသည်ဆို၍ ဒေါ်ကေသီ သူ့ရင်ဘတ်ကိုဖိပြီး တအံ့တသြ မေးသည်။ ဒေါ်ကေသီ ရင်ထိတ်သွား၏။ ဒီကိစ္စ သူ့အဖေ သိ၍မဖြစ်။ ကင်းက ခေါ်လိုက်၊ ခြိမ်းက သွားပြန်ခေါ်ထုတ်လာလိုက်နှင့် ညကလို မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာမှာစိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်ထွန်းက ခြိမ်းနှင့်ပတ်သက်ပြီး တစ်ခါတည်း ရာဇသံ ပို့ပြီးသား။

"ထင်က လိမ္မာတယ်၊ ယဉ်ကျေးတယ်၊ ငါ့ဆီမှာနေတော့ ဒီကလေးရဲ့ ပညာရေး၊ လူမှုရေးကအစ အိမ်ထောင်ဖက်အရေးပါ ငါ့တာဝန်"

"ဒီလို မိန်းကလေးဘဝက ငါတို့လက်ထဲမှာ တင့်တောင့်တင့်တယ်ဖြစ်ဖို့ အရေးကြီးတယ် ကေသီ၊ ကင်းနဲ့က လူငယ်ချင်း ရည်ငံသလား ဘာလားပဲ၊ မင်းသား ကြားဝင်ဝင်ရှုပ်နေလို့သာ၊ အဆင်ပြေရမယ့်ကိစ္စတွေ လွဲသွားရင် မကောင်းဘူးနော်"

"အဲဒီလိုကိစ္စတွေ ဖြစ်လာလို့ကတော့ မင်းသားကို ငါ မှတ်လောက်သားလောက်အောင် ပညာပေးမှာ၊ မယုံမရှိနဲ့"

သားအက်ဒီပြောတာ ဟုတ်တော့လည်းဟုတ်သည်။ ကင်းပြောပုံဆို ခြိမ်းက သူတို့နှစ်ဦးအရေးထဲ ဝင်ရှုပ်နေတာ အတိအကျ။ ဒေါ်ကေသီ အတွေးထဲတွင် ဒီသားအတွက် စိတ်မောလူမောနှင့် ပင့်သက်တွေ ရှိုက်ပြီးရင်း ရှိုက်ကာ…

"အတူတူဆို ခြိမ်းရော မခြင်ပါလား သမီး"

"ထင့်ကို ခြံဝတင်ချထားခဲ့တာ အန်တီ၊ ဖုန်းဝင်လာလို့ ကိုကြီးက နာမည်ကြီးအဆိုတော်တစ်ယောက်ကို ရှိုးပွဲအမီ အကာ သင်ပေးရမှာတဲ့၊ အဲဒါ ဒီညပြန်မအိပ်ဘူးတဲ့"

"သြော်…သြော်"

ဒီ သြော်ကလည်း ထူးဆန်းလွန်း၍ ဒေါ်ကေသီမှာ





ရေရွတ်တာမျိုးပါ။ ခြိမ်း အရွယ်ရောက်ပြီးကတည်းက အခုလို လူကြုံနဲ့ တကူးတက အိမ်ပြန်မအိပ်ကြောင်း အမှာတော်ပါးတာမျိုး မရှိခဲ့။

အချိန်လွန်တဲ့အထိ အိမ်ပြန်မလာဘဲ မအေက သူ့ဖုန်းကိုခေါ်မှ၊ ဒါမှမဟုတ်လည်း အိပ်ချိန်ရောက်မှ မအေ့ထံ ဖုန်းလှမ်းဆက်ကာ

"ကျွန်တော် ပြန်မလာဘူး မာမီ"

တစ်ခွန်းတည်း သတင်းပေးတာမျိုး ရှိပေမယ့် မအေက စိတ်ပူပြီး ဘယ်မှာအိပ်မှာလဲ၊ ဘယ်သူတွေနဲ့လဲလို့ လိုက်မေးတောင် ဒင်းက မဖြေချင့်ဖြေချင်။ အခု ထင်နဲ့ကျမှ အကျိုးအကြောင်း အတိအကျနဲ့ သတင်းပေးတော့ ဒီသတင်းဟာ မအေထက် ထင့်ကို သိစေချင်တာမျိုးလား။ လိုရာဆွဲတွေးတာမျိုး မဟုတ်ပေမယ့် ကိုယ့်သားအချိုးအချိတ်တွေကို ကိုယ်လိုရာ ဆွဲတွေးရခြင်းပါ။ ဦးမြတ်ထွန်းကတော့ ပြောသား။

"မှန်းထားသလို ဖြစ်ခဲ့ရင်တော့ ငါတို့အိမ်က တကယ်ပြည့်စုံသွားမှာ၊ ဒါပေမဲ့ မင်းသားရဲ့စိတ်က မှုမမှန်ဘူးနော်၊ ထင်ရာစိုင်းတတ်တုန်း"

တစ်ယောက်တည်းတွေး၊ တစ်ကိုယ်တည်းပြုံးပြီး ဒေါ်ကေသီ ခေါင်းခါလိုက်သည်။

"ထင် အကျီသွားလဲပြီး ပြန်ဆင်းခဲ့မယ်နော် အန်တီ၊ သစ်ခွခြံဘက်မှာ သစ်ခွပွင့်ကြီး ပွင့်နေပြီ၊ သိပ်လှတာပဲ၊ ထင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အန်တီ သွားခူးရအောင်နော်"

ထင်က ဒေါ်ကေသီကို ချစ်စနိုး ခါးကိုဖက်ကာ ပြောလာ၍ ဒေါ်ကေသီ ထင့်ပခုံးလေးကိုဖက်ပြီး ပြုံးလိုက်၏။

"အေးပါ…သမီးနားပြီးမှ သွားခူးလည်း ရတာပဲကို"

"မနားပါဘူး၊ ပင်မှ မပင်ပန်းတာ၊ ခဏလေးစောင့်"

ထင်က ခပ်မြူးမြူးလေးပြောပြီး လှေကားဆီ အပြေးတက်သွားပုံကို ဒေါ်ကေသီ ချစ်ခင်မြတ်နိုးစွာ လိုက်ကြည့်ရင်း

"သြော်…သမီးရေ၊ သမီးနာမည်နဲ့ စာ ရောက်နေတယ်သိလား၊ အေးကြည်ကို သမီးအခန်းထဲ ပို့ထားဖို့ ပြောထားတယ်၊ ကြည့်လိုက်ဦး၊ တော်ကြာ သမီးမေမေဆီက ဖြစ်နေဦးမယ်"

"ဟုတ်…အန်တီ"

ထင် အခန်းတံခါးဖွင့်ဝင်လိုက်တာနှင့် အညိုရောင်စာအိတ်ကြီးကို ထင့်ခုတင်ပေါ်မှာ အသင့်တွေ့ရသည်။

စလွယ်သိုင်းလွယ်ထားသော ပိုက်ဆံအိတ်အသေးလေးကို ထင် ခေါင်းထက်က ဆွဲချွတ်လိုက်သည်။

"ဟွန်း…အလကား၊ လူကို ခေါ်ထုတ်လာပြီးတော့ အိမ်ထဲထိအောင် မပို့ဘူး၊ ပြီးတော့ ကိုကြီးဖျားနေတာ အန်တီ မသိဘူးထင်တယ်"

ထင် အတွေးမဆုံးခင် ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် ထင့်လက်ဖဝါးကို ဖြန့်ကြည့်တော့ ကိုကြီး ပေးခဲ့သည့် လိမ္မော်သကြားလုံးလေးက ထင့်ကို ရယ်မောလှောင်ပြောင်နေသည့်ဟန်





နှင့်။

"ရှော့…မင်းအတွက်"

ကားပေါ်ရောက်ရောက်ချင်း ကိုကြီးက လှမ်းပေးတော့ ထင် ယောင်ချာချာလှမ်းယူလိုက်တော့ လိမ္မော်ရောင်သကြားလုံးလေး။ ဒီသကြားလုံးက ညက အဖြစ်အပျက်တွေကို ပြန်လည်သတိရစေ၍ ထင့်မျက်နှာလေး ရဲခနဲ ထူပူသွားကာ ကိုကြီးမျက်နှာကို မကြည့်ရဲအောင် ဖြစ်သွားသည်မှာ အိမ်ပြန်ရောက်သည်အထိဖြစ်သည်။

အို…ထင် ဘာမှမသိတော့ဘူး။ မတွေးတော့ဘူး။

ထင် ခေါင်းကိုခါယမ်းပြီး ရှက်ပြုံးတစ်ပွင့်နှင့် ကိုကြီးပေးသည့် သကြားလုံးကို ဖော်ကစားပြီးမှ သူမခုတင်ပေါ်ရှိ စာအိတ်ညိုကို ဖွင့်ဖောက်တော့ ထင့်ပေါင်ပေါ် ဖြောခနဲကျလာသည့် ဓာတ်ပုံတစ်ထပ်ကြီးဖြစ်နေ၍ ထင် အံ့သြသွားသည်။

"ဟယ်…ဓာတ်ပုံတွေအများကြီး"

"ဟင်"

ဓာတ်ပုံထဲမြင်လိုက်ရသည့်ပုံတွေကြောင့် ထင့်မျက်လုံးတွေ မိုက်ခနဲ အမှောင်ကျသွားသည်။ ရှက်ရွံ့စိတ်၊ ဝမ်းနည်းစိတ်၊ နှမြောတာသစိတ်တွေနှင့် မျက်လုံးတွေကို လွှဲပစ်လိုက်လေပေမယ့် ထင် နောက်တစ်ကြိမ် ထပ်ကြည့်မိတော့ ဓာတ်ပုံထဲကလူက ကိုကြီးဆိုတာ လုံးဝသေချာနေပြန်သည်။

ဒါ…ထင် ရင်ခုန်ခဲ့သော၊ ထင် မျှော်လင့်ခဲ့သော၊ ထင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးခဲ့သော ထင့်အချစ်ဆုံး ချစ်သူရဲ့ဓာတ်ပုံတွေတိုင်းက ကိုကြီးချစ်သူပါလို့ သူမကိုယ်သူမ ပြောပြီး ထင့်ကို အနိုင်နှင့်ပိုင်း သွားကာ ကိုကြီးနဲ့ နောက်မပတ်သက်ဖို့ ပြောခဲ့သည့် ကိုကြီးချစ်သူ ယွန်းနဲ့ နှစ်ယောက်အတူ ကဲနေသည်းနေကြသည့်ပုံတွေက ကြည့်ရဲစရာပင်မရှိ။

ဘယ်လိုအဓိပ္ပာယ်နဲ့ ထင့်ဆီကို ဒီဓာတ်ပုံတွေ ရောက်လာရတာလဲဆိုတာ ထင် နားမလည်နိုင်အောင် ဖြစ်နေတုန်း ဓာတ်ပုံတွေကြားမှ စာရွက်ခေါက်လေးတစ်ရွက်။ တုန်ရီသောလက်တို့ဖြင့် ထင် ဖွင့်ဖတ်မိသည်။

*ပန်းမှုံထင်*

*ဒီလောက်ဆို မောင်နဲ့ယွန်း အခြေအနေကို နင် သဘောပေါက်ပြီးသား ဖြစ်မှာပါ။*

*မောင်နဲ့ ဝေးဝေးနေပေးပါ။ တောင်းဆိုတာမဟုတ်ဘူးနော်၊ နင် မသိမှာစိုးလို့ လမ်းညွှန်ပေးတာပါ။ မောင့်မှာ ယွန်းထက်ပိုချစ်ရမယ့်သူ မရှိဘူး။ မောင့်အချစ်ဆုံး ချစ်သူက ယွန်းတစ်ယောက်ပဲရှိတယ်...*

ထင် မျက်ဝန်းတွေကို မှိတ်ချတော့ ပါးပြင်တစ်လျှောက် မျက်ရည်စက်တွေ ဝေါခနဲ ပြိုဆင်းလာ၏။

'မောင့်အချစ်ဆုံး ချစ်သူက ယွန်းတစ်ယောက်တည်း'

ဒါနဲ့များ ဘာလို့ ထင်နဲ့အစ်ကိုကင်းတို့ကို လိုက်နှောင့်ယှက်နေရတာလဲ ကိုကြီးရယ်။

ဠိ : ဠိ : ၀၁၆ပ



ကိုကြီးမှာ ကိုကြီးအချစ်ဆုံး ယွန်းရှိရက်နဲ့။

ထင့်ကိုမှ ဘာဖြစ်လို့ အနိုင်လိုချင်ရတာလဲ။ ထင် အရှုံးပေးနေမိတာ ကိုကြီးကို သိပ်ချစ်လို့။ မဖြစ်နိုင်မှန်းသိရက်နဲ့ အမှောင်ပင်လယ်ထဲ ကမ်းမမြင် လမ်းမမြင် ကူးခတ်နေမိတာ ကိုကြီးကို ချစ်မိတဲ့ အချစ်တစ်ခုတည်း။ ထင့်မှာ ကိုကြီးကိုချစ်တဲ့ အချစ် သပ်သပ်ကလွဲပြီး ဘာဆိုဘာမှမရှိတဲ့ အချစ်ရူးမလေးပါကွယ်။

ကိုကြီးကို ထင် ချစ်တယ်။

◆ ◆ ◆

ဠိ : ဠိ : ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"ဒါဖြင့်...မင်းက"

"အဟွန်း"

ခြိမ်းက ဘီယာဘူးဖောက်ရင်း ခေါင်းမော့ကာ ရယ်တော့ ဂျင်မှာ အားမလိုအားမရနှင့်။

"ရယ်မနေနဲ့ ခြိမ်း၊ မင်းပြောတာ တကယ်လား၊ မင်း တကယ်ပဲ အချစ်ကို ရှာဖွေတွေ့ရှိသွားတာမျိုးလား"

"ဘာလဲ...ငါ့မျက်နှာမှာ နောက်တာ ပြောင်တာတွေ အရိပ်ထင်နေလို့လား ဖေ"

ဘီယာကို တစ်ကျိုက်မော့ပြီး မေးတော့ ဖေက ဦးအောင် ခေါင်းခါပြပြီး

"ငါတို့မေးချင်တာက မင်း တကယ်ကြီးရင်ခုန်သံရှာ

နိုး နိုး ဓ ၁ ၆ ပ



တွေ့ရင် အဲဒါ ဘယ်သူလဲဆိုတာ"

ဟက်ခနဲ ခြိမ်းကရယ်ရင်း ရှေ့ရှိ ပန်းကန်ပြားထဲက လိမ္မော်သီးအမွှာကို ပါးစပ်ထဲ ပစ်ထည့်သည်။ ချိုသော၊ ချဉ်သော၊ မွှေးသော အရသာအား ပါးစပ်ထဲ တမြုံ့မြုံ့လုပ်ရင်း ချိုသော နွေးထွေးနူးညံ့သော ထင့်ရဲ့ လိမ္မော်ရောင် နှုတ်ခမ်းထူထူလေးဆီ ဖျတ်ခနဲ အာရုံရောက်သွားချိန် ခြိမ်းရင်တစ်ခုလုံး ရင်ခုန်သံတွေ မြန်ဆန်ပူနွေးသွားရတာ အချစ်လား။

"ဟင့်အင်းဆို...အိုး...ကိုကြီး"

အလန့်တကြားနှင့် ပြူးကျယ်ဝိုင်းစက်နေသော မျက်ဝန်းတွေ။ ကော့နက်သော မျက်တောင်တွေနှင့် ညရဲ့မီးရောင်အောက်မှာ မျက်ခုံးတွေ ပိုထင်းသလိုဖြစ်ကာ ပါးလေးတွေ ဝင်းနှစ်နေတာလည်း ပေါ်လွင်သည်။ ပြီးတော့ လိမ္မော်ရနံ့ပေးသည့် ထူအမ်းသော နှုတ်ခမ်းတစ်စုံရဲ့ ညှို့ငင်မှုအောက်မှာ အချစ်ကို ဘယ်တုန်းကမှ အယုံအကြည်မရှိခဲ့တဲ့ ခြိမ်းရဲ့ အသစ်စက်စက် နှလုံးသားတစ်ခု လုံးဝလဲပြိုကျရှုံးခဲ့ရသည့်အဖြစ်ကို ဘယ်သူ ခံစားနားလည်နိုင်မှာလဲ။

မင်းကို ကိုယ်ချစ်မိပြီ ထင်။

မင်းလည်း ကိုယ့်ကိုပဲ ချစ်ရမယ်။

အဲဒါ ကိုယ့်အမိန့်ပဲ။

"ဟိတ်ကောင်...ခြိမ်း၊ မေးတာကိုမဖြေဘဲ ဘာငြိမ်နေတာလဲ"

နိုး နိုး ဓ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"မင်းချစ်သူက ဘယ်သူလဲ"

"မပြောပြဘူး၊ ဒါပေမဲ့ ငါ ရင်တွေခုန်နေတာ တကယ်"

ခြိမ်းက အနီးရှိ ဇွေလက်ကိုဆွဲပြီး သူ့ရင်ဘတ်မှာ ကပ်ပြ၏။

"အေးကွ…တကယ်"

ဇေက အူကြောင်ကြောင်နှင့် ထောက်ခံတော့ ခြိမ်းက ရယ်သည်။

"ဟ…ရင်မခုန်ရင် သေသွားမှာပေါ့ လဒရဲ့"

"ဒီကောင် ဘာမှန်းညာမှန်းမသိဘဲ ဇွတ်ထောက်ခံနေ"

အမြင်ကတ်ပုဒ်မနှင့် ဂျင်က ဇွေကို ဝင်ဖဲ့သည်။ ထိုအခိုက် သီချင်းသံ ဆူဆူညံညံ ကြားလိုက်ရတာမို့ ခြိမ်းက သူ့ဖုန်းကို လှမ်းယူရင်း

"မားသားကြီးကွ"

"ဟဲလို…မာမီ…ဟုတ်ကဲ့"

တစ်ဖက်က ဘာတွေပြောလဲတော့ သူတို့မသိရဘဲ ခြိမ်းချက်ချင်းထရပ်လိုက်တာ လှုပ်လှုပ်ရှားရှား။

"ဘယ်လို…မာမီ၊ K.7 ကိုရော မေးပြီးပြီလား"

"ရတယ်၊ ကျွန်တော်သွားလိုက်မယ်၊ မနေ့က…"

ခြိမ်း သံယောင်လိုက်ပြီး ရေရွတ်ကာ စိတ်တွေက အတိတ်ရဲ့အနီးစပ်ဆုံး မနေ့ကဆီ အမြန်နှုန်းနဲ့ ပြေးထွက်သွားသည်။

ဝိုး၊ဝိုး၊၈၁၆၀



မနေ့က ထင် မငြိုငြင်အောင် စိတ်ဆိုးအောင် ခြိမ်းဘက်က ထင့်ကို ဘာတစ်ခုမှမပြောခဲ့။ ကိုယ်ချစ်တဲ့သူ စိတ်ညစ်ညူးအောင် ဖြူချင်သူ ဒီကမ္ဘာမှာရှိခဲ့တာမှ မဟုတ်တာ။ မာမီကတော့ ခြိမ်းအဖြေစကားကို နားမထောင်ဘဲ စကားဆက်သည်။

"မနေ့က ပြန်လာပြီး သူ့အခန်းကိုတက်သွားတဲ့အထိ အေးအေးဆေးဆေးပဲ၊ နောက် မာမီနဲ့ သစ်ခွပန်းခူးတယ်၊ ညစာစားတယ်"

မာမီ့ပုံစံက ခြိမ်းကို ပြောပြနေတာမဟုတ်ဘဲ မနေ့ကဖြစ်ရပ်ကို တစ်ခုချင်း ပြန်လှန်စဉ်းစားနေတာမျိုး။

"ဒီမနက် မင်းဒက်ဒီ နေပြည်တော်အစည်းအဝေးတက်မှာနဲ့ ဘာနဲ့ မာမီ အလုပ်ရှုပ်နေတော့ သတိမထားမိဘူး၊ နေ့လယ်စာ စားမှ သမီးကိုသွားကြည့်တော့ မတွေ့တော့တာ"

"စာတွေ ဘာတွေ"

"အင်း…ရေးထားခဲ့တယ်၊ စိတ်မပူဖို့"

"သူ့အမေဆီများ"

မာမီ့သက်ပြင်းချသံက ဖုန်းထဲမှ ကျယ်ကျယ်လောင်လောင်။

"သူက သမီးကို ဒီမှာထားပြီးကတည်းက စစ်ကိုင်းမှာ ရာသက်ပန် ယောဂီဝတ်သွားပြီ သားရဲ့"

"အဲဒါကို သူ မသိဘူးလား"

"မာမီ မပြောခဲ့တာ၊ ကလေး အားငယ်သွားမှာစိုးလို့"

ဝိုး၊ဝိုး၊၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ သားရယ်၊ နယ်ပြန်သွားလည်း ဟိုမှာ မအေကိုမတွေ့နဲ့၊ တခြား ဘယ်မှသွားတတ်တာမဟုတ်တော့ မာမီစိတ်ပူတယ် သား၊ ထင် စိတ်ခံစားမှု နက နက်"

"မာမီတော့ ဘာလုပ်ရမှန်းမသိတော့ဘူး သားရယ်၊ နယ်ကိုလိုက်သွားမှထင်တယ်"

"ကျွန်တော် သွားပါ့မယ်၊ K.7 ကို မာမီရောက်ပြီးပြီလား"

"မဟုတ်ဘူး၊ ဖုန်းနဲ့လှမ်းမေးတာ၊ အကြူးကတော့လာတာမတွေ့ဘူးပြောတာပဲ"

"ကျွန်တော် ပြန်ဆက်မယ် မာမီ"

ခြိမ်းလက်ထဲက ဖုန်းပိတ်ပြီး ဆိုဖာကျောမှီပေါ်က ဂျက်ကက်ကို လှမ်းယူသည်။

"ဘာဖြစ်တာလဲ ခြိမ်း"

"ငါ အပြင်ခဏသွားမလို့"

"မင်း ညီသစ်ကို ဒီည အကာဆက်ကျင့်ပေးရဦးမှာလေ၊ ညီသစ် ရှိုးရှိတာသိသားနဲ့၊ သူက ဒီရှိုးထဲ အားထည့်ပြီး ကြိုးစားမှာကို"

ဇေနဲ့ဂျင်က ခြိမ်းမျက်နှာပေါ်က ကောက်ကြောင်းတွေကို အဖြေရှာရင်း တားဆီးရန် ကြိုးစားသည်။ ခြိမ်းက ဂျက်ကက်ကို ထပ်ဝတ်၍ ကားသော့ဆွဲယူကာ

"ငါ သွားမှဖြစ်မယ်၊ ညီသစ်ကို ဆက်ကျင့်ပေးဖို့ မင်း





တို့ တာဝန်ယူလိုက်"

အနီးရှိ ဂျင့်ပခုံးကိုပုတ်၍ နေရာက ခြိမ်း ပြေးထွက်တော့ ဇေက လှမ်းအော်မေးသည်။

"အဲဒီလောက်အထိ အရေးကြီးလို့လား ခြိမ်း"

ခြိမ်းက ပြေးလက်စ ခြေလှမ်းကိုရပ်၍ အခန်းတံခါးဆွဲဖွင့်ကာ

"အဲဒါ ငါ့ရင်ခုန်သံလေ၊ ပျောက်ရှသွားလို့မဖြစ်ဘူး"

ခြိမ်းက မျက်နှာငဲ့ကာ နောက်လှည့်ပြောတော့ ဇေနဲ့ဂျင်က ပါးစပ်ဟောင်းလောင်းကြီးတွေနဲ့ အခန်းထဲမှာ ကျန်ခဲ့သည်။ ခြိမ်း ခြေလှမ်းတွေက အရာရာကိုကျော်ဖြတ်၍ ထင် ရှိနိုင်မည့် အနီးဆုံးနေရာဆီ။

တကယ် မင်း မရှိလို့မဖြစ်ဘူးဆိုတာ...။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"လိုက်မရှာပါနဲ့တော့၊ အန်တီ့ကို စိတ်မပူဖို့ သူ မှာသွားတယ်၊ ဒါကိုတော့ မိုးခြိမ်းညံ့ကို ပေးပေးပါတဲ့"

ခြိမ်းအပေါ် မလိုလားသောအကြည့်တွေက မျက်ဝန်းမှာအရိပ်ထင်စေလျက်။ ပြောချင်တာဆုံးတော့ ခြိမ်းထံမှ မျက်နှာလွှဲပစ်တာ ရှုံ့သလိုလို ရှာသလိုလို ဘာလိုလို။ ခြိမ်းရင်ထဲ ဖျင်းခဲ့ဖြစ်သွားပေမယ့် ထင့်ကို စိတ်ပူနေတာနှင့် ဒေါသတော့ မထွက်ဖြစ်လိုက်။ ဒါက သည်းခံနိုင်အားက အမြင့်ဆုံးအမှတ်သို့ ရောက်နေလို့တော့မဟုတ်ပါ။ ထင် တစ်ခုခုဖြစ်မှာ စိုးရိမ်ခြင်းရေချူမှတ်က ခြိမ်းဒေါသကို ဖုံးအုပ်ထားနိုင်ခဲ့သည်။

ခြိမ်း ကတ်ထူစက္ကူကြီးကို ရင်ဘတ်နှင့် ထိန်းပွေ့ထားရင်း လှည့်ထွက်ရန် ဟန်ပြင်နေသည့် မာနိုင်ဆိုသူအား





"ဒီမှာ...ခဏ"

ခြိမ်းကို မကြည်သလို လှည့်ကြည့်သောအကြည့်တွေက စိတ်ရှုပ်ထွေးခြင်းများစွာနှင့်။ သည်းခံ ခြိမ်း။ မင်း ရင်ခုန်သံအနားရှိတုန်းက တန်ဖိုးမထားတတ်ခဲ့တဲ့ မင်းအတွက် ဒါ အပြစ်ပေးတာ။

"ဟို...ထင် ဘယ်သွားလဲဆိုတာလေး ခင်ဗျားသိမလားလို့"

မာနိုင်က လက်ပိုက်ကာ တည့်တည့်လှည့်ရပ်ရင်း

"သိတယ်၊ ဒါပေမဲ့ ကျွန်မပြောမှ ရှင်သိခွင့်ရှိမယ်ဆိုရင်တော့ ဆောရီးပဲ၊ ကျွန်မက ထင်နဲ့ရှင့်ကို ဝေးကွာစေချင်တာ ဟိုးအရင်ကတည်းက"

ပြောချင်ရာပြောပြီး ခြိမ်းကို ဆတ်ခနဲကျောခိုင်းလှည့်ထွက်သွားတဲ့ ကျောပြင်ကို ပြေးကန်ပစ်ချင်တဲ့စိတ်ကို မနည်းမျိုသိပ်လိုက်ရပေမယ့် ကားဘီးကို အားရအောင် လှမ်းကန်ပစ်ပြီးမှ ကားထဲဝင်ထိုင်တော့ တကယ့်ပစ်စလက်ခတ်။ ထင် ပေးခဲ့သည်ဆိုသောစက္ကူဘူးကြီးကို အကြည့်ရောက်တော့ ဒီဘူးကတစ်ဆင့် ထင်သွားရာနေရာကို ခြေရာခံလို့ရခဲ့လျှင်ဆိုသည့် အတွေးနှင့် စိတ်ထက်နှစ်ဆပိုမြန်သော လက်တွေက ဘူးခွံကိုဆွဲဖွင့်တာ လေရဲ့လျင်မြန်သော အရှိန်အဟုန်နှင့် ဖွင့်ချလိုက်သည်။

ခြိမ်း အရင်ဆုံးတွေ့ရတာက အညိုရောင်စက္ကူအိတ်။ ပြီးတော့ စာခေါက်လေး။ ပြီးတော့ အနက်ရောင်လည်သာဂျာကင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ထည်။ သူ စာခေါက်ကို ဖြန့်ယူဖတ်တော့

*ကိုကြီး*

*ဒီအင်္ကျီရှိနေသ၍ ထင်နဲ့အတူ ကိုကြီးရှိနေမယ်လို့ ယုံကြည်ထားသမျှ မျှော်လင့်ချက်တွေအားလုံး ဒီအင်္ကျီလေးထဲ ဖြန့်ထည့်ပေးလိုက်ပါတယ်…*

*အရာအားလုံးအတွက် ကျေးဇူးပါ…*

*ထင်*

ထင့်စာကဆုံးသွားပြီ။ ဖော်မရသော အဓိပ္ပာယ်တွေက ခြိမ်းအတွက် ရှုပ်ထွေးခြင်းတွေအဖြစ် ကျန်ရစ်သည်။ ခြိမ်းက စာခေါက်ကို ဒတ်(ရှ်)ဘုတ်ပေါ် ပစ်တင်ရင်း အင်္ကျီကို ဆွဲယူဖြန့်ကြည့်တော့

"ဒီ…အင်္ကျီက"

မမေ့နိုင်သော အငွေ့အသက်တစ်ခုက ခြိမ်းရဲ့မှတ်ဉာဏ်ကို လှုံ့ဆော်သည်။

"ဒါ…ငါ့အင်္ကျီပါ၊ ဘယ်လိုလုပ်ပြီး ထင့်ဆီမှာရှိနေရတာလဲ"

ခြိမ်းအင်္ကျီရဲ့ ဘယ်ဘက်လက်ဖျံ့၌ ထက်ရှသောအရာနှင့် ဆွဲခြစ်ခံထားရသလို စုတ်ပြဲရာ အစင်းကြောင်းကြီး။ ခြိမ်း ဘယ်ဘက်လက်ဖျံက အမာရွတ် ထင်ကျန်ရစ်သော ဒဏ်ရာနှင့် ဘူတာကြီးက ရန်ပွဲ။

"ဒါဆို…"





လက်ကိုင်ပဝါတစ်ထည်ကို ဆံပင်ရှည်ကြီးမှ ဖြုတ်၍ လက်ဖျံမှာ ခြိမ်းကိုယ်တိုင် ကတိုက်ကရိုက် ဆွဲယူစည်းဖူးသည်။ လူမှားစေရန် ပါးကွက်ကျားအပြည့်တင်ထားသော မိန်းကလေးကို ဆွဲပြေး၍ ခြိမ်းရဲ့ ဒီအင်္ကျီဝတ်ကာ ထားခဲ့ဖူးသည်။ ဒါဆို ထိုမိန်းကလေးဟာ အခု သူ့ရဲ့ချစ်သူဖြစ်လာစေတဲ့ ထင်ပဲပေါ့။ နောက်ဆုံး ကျန်ရစ်သော စက္ကူအိတ်အညိုထဲက ပစ္စည်းတွေကို ခါထုတ်ချိန်မှာတော့

"ဟာ"

"ဒါတွေက ဘာလဲ"

ခြိမ်းနဲ့ယွန်း တစ်ခါမှမရှိခဲ့ဖူးသော ပုံတွေထဲမှာ ယွန်းနှင့်သူ မွေ့ရာတစ်ခုပေါ်မှာ အိပ်လျက်။ ခြိမ်းလက်မောင်းကို ယွန်းက ခေါင်းအုံး၍ ခြိမ်းရင်ခွင်ထဲ တိုးဝင်အိပ်နေသည့် ယွန်း။

"ဟင်"

ခြိမ်း အလန့်တကြား သူ့လက်ထဲက ဓာတ်ပုံကို လွှတ်ချသည်။ ခြိမ်းဘဝမှာ ကိုယ့်ပုံ ကိုယ်ပြန်လန့်တာ ဒီတစ်ခါပဲရှိဖူးသည်။ မွေ့ရာနှင့် အခန်းပြင်ဆင်ပုံက ခြိမ်းအကာသင်တန်းက နားနေခန်း။ ဒီနားနေခန်းမှာ ခြိမ်း မကြာခဏ အိပ်တတ်ပေမယ့် ယွန်းတော့ မပါခဲ့။ ဒီပုံထဲက အနေအထားမျိုးလည်း ခြိမ်းနဲ့ယွန်းကြား မရှိခဲ့တာ သေချာသည်။

ခြိမ်း ကားစက်နှိုးရင်း လက်တစ်ဖက်ကလည်း ဖုန်းခလုတ်တွေကိုနှိပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"မာမီ…ကျွန်တော်ပါ၊ ထင်ရဲ့ နယ်ကအိမ်ဆိုတာ ဘယ်မှာလဲ မာမီ"

"မန္တလေးဘက်၊ ဒါပေမဲ့ မြို့ပေါ်မဟုတ်ဘူး၊ ကား တစ်ဆင့်စီးပြီး သွားရဦးမှာ၊ မန္တလေးတိုင်းထဲမှာပါတာ"

မာမီက မြို့နာမည်တစ်ခုကို ပြောပြသည်။

"ရပြီ မာမီ"

"သား…ခြိမ်း၊ နေဦးလေ၊ သား ထင့်ဆီကိုသွားမယ် ဆို မာမီပါ လိုက်…"

မာမို့ထံမှ ဖုန်းကို အဆက်အသွယ်ဖြတ်ပြီး ခြိမ်း နောက် တစ်နေရာကို ဖုန်းထပ်ခေါ်သည်။

"ဂျင်…ငါ့ကို မန္တလေးရထား ဘယ်အချိန်ထွက်မလဲ၊ ဘယ်စကြိုကလဲဆိုတာ စုံစမ်းပေး"

"ဟော့ကောင်…ရန်ကုန်ကနေ ရုတ်တရက်ကြီး မန္တလေး ကို မင်း ဘာလို့စိတ်ဝင်စားသွားရတာလဲ"

"အချိန်မရဘူး ဂျင်၊ အခု စုံစမ်းပြီး အခု ပြန်ဆက်ပေး"

"အိုကေ"

ခြိမ်း လီဗာကိုနင်းပြီး ကားကို အရှိန်တင်သည်။ သူ့ အလိုက်ကိုသိသော ဒက်ဘယ်(လ်)ကပ်က ဝေါခနဲ ဦးတည်သွား တာ ခြိမ်းတို့ ပထမဆုံး ဆုံစည်းခဲ့သောနေရာဆီ။

◆ ◆ ◆



## အခန်း (၄၁)

"ဘော်…ဘူ…တော်"

ကြားနေကျ ရထားဥသြသံက ထင့်နားထဲ ခါတိုင်းထက် ဆွဲငင်နေသလို။ ထင့်ဘေးရှိ အမျိုးသမီးကြီးကိုကျော်၍ ရထား ပြတင်းပေါက်ကို ထင် လှမ်းငေးသည်။ ရထားပလက်ဖောင်းပေါ် ရှိ နှုတ်ဆက်သူတွေ လိုက်မယ့်သူတွေက အခုမှ လှုပ်လှုပ်ရှားရှား နှင့် ရထားပေါ် ပြေးတက်လာကြကာ ရထားတစ်စီးလုံး ဆူဆူ ညံညံ အသက်ဝင်လျက်။

ထင်က တွေ့သမျှမြင်ကွင်းကို ငေးရင်း ရင်ထဲမှာ ဆို့ နစ်နစ်ကြီးဖြစ်လာသည်။ အားငယ်ခြင်းမဟုတ်ပေမယ့် သူများတွေ စည်းလုံးခြင်းကိုတွေ့ရတော့ ထင် တစ်ယောက်တည်းရှိတာက အထီးကျန်ခြင်းကို ပေါ်လွင်စေလိုက်တာ။

"ကိုကြီးရယ်"

ထင့်ရင်ဘတ်လေး မောက်တက်လာတဲ့အထိ သက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



အချိုက်မှာပဲ ရထားက ငြိမ့်ခနဲ စထွက်သည်။ ရထားက တစ်စထက်တစ်စ တရိပ်ရိပ် ပြေးလွှားအရှိန်ရလာတာကြောင့် ထင်နောက်ဆုံးအနေနဲ့ ရန်ကုန်ဘူတာကြီးမြင်ကွင်းကို နှုတ်ဆက်သလိုကြည့်သည်။ ထိုအခိုက်မှာပဲ

"ဟင်"

ရထားဘောင်ကို မှီထားသော ထင့်ကိုယ်လေး ဆတ်ခနဲမတ်သွားသည်အထိ ရထားအရှိန်နှုန်းအတိုင်း ပြေးလိုက်လာသောအရိပ်တစ်ရိပ်ကြောင့် ထင့်ရင်တွေ တဒိန်းဒိန်း ဆောင့်ခုန်သွား၏။

အညိုရောင်ရှပ်အင်္ကျီကို အင်္ကျီလက်တွေက တံတောင်ဆစ်အထက်နားအထိ ပင့်တင်ထားကာ လည်သာဂျက်ကက်အားခါးလယ်မှ ချိုးကိုင်ထားတဲ့လူက ထင့်ချစ်သူ ကိုကြီးမှ ကိုကြီးအစစ်။

ထင့်ရင် တစ်ချက်ဆောင့်ခုန်သွားကာ

"ကိုကြီး"

ထင် ဘယ်လိုမှ စိတ်ကိုမထိန်းနိုင်ဘဲ ကိုကြီးအမည်ကို မျက်ရည်တွေနှင့် မသဲမကွဲ ခေါ်သံအဆုံးမှာ ကိုကြီးအကြည့်က ထင့်ထံ ဒိုင်းခနဲ ရောက်လာသည်။

ရထားက ဝေါခနဲပြေးနေတော့ ကိုကြီးက ရထားနောက်ပါးမှာ ရိပ်ခနဲကျန်ခဲ့တာ ထင် တွေ့လိုက်သည်။ ထင့်ကိုယ်က ပြတင်းပေါက်ဘက်လည်းမဟုတ်။ လည်ပင်းရှည်ပြီး ထင် နောက်ပြန်လှည့်ကြည့်ရအောင်လည်း ခုံကျောမှီက ထင့်ကိုယ်ထက်





ခေါင်းတစ်လုံးစာ ပိုမြင့်သည်။

"ကိုကြီး ဘာလိုက်လုပ်တာပါလိမ့်"

မျက်ရည်ဝေသော မျက်ဝန်းတွေနှင့် ရင်ခုန်စသော အတွေးက ထင့်ခန္ဓာကိုယ်ထဲ တစ်ပတ်လောက်လှည့်ပတ်ပြေးလွှားနေပြီးမှ

"မမျှော်လင့်စမ်းနဲ့ ထင်ရယ်၊ ကိုကြီးမှာ သူ့အကြောင်းနဲ့သူ၊ နှင် ဒီရထားပေါ်ရောက်နေတာ ကိုကြီး ဘယ်လိုမှမသိနိုင်ဘူး၊ ထင် စိတ်ထင်တာပဲ ထားလိုက်ပါတော့ကွယ်"

ကိုယ့်ကိုယ်ကို သတိပေးရင်း ထိုင်ခုံကျောမှီမှာ ထင်ခေါင်းမှီရင်း မျက်ဝန်းကိုပါ မှိတ်ချသည့်ခဏ

"လက်မှတ်ပြလေ၊ ဒီအတိုင်း စီးလို့မှမရတာ"

"ဒီရထားစီးဖို့လည်း မရည်ရွယ်ပါဘူး၊ ရှေ့ဘူတာဆင်းမှာ"

"ကိုကြီး"

ကိုကြီးရဲ့အသံ။ မျက်ရည်တို့ စိုစွတ်နေသော ထင့်မျက်လွှာတွေ ချက်ချင်းပင့်တက်သွားသည်။ မသေချာခြင်းတွေ ရင်ဝယ်ပိုက်ထားပေမယ့် ရန်ကုန်သံက အမြန်ရထားကြီးနဲ့အပြိုင် တဒိန်းဒိန်း တဒိုင်းဒိုင်းနှင့် ဆူညံလွှမ်းနေပြီ။

"ဟေ့လူ...ရှေ့ဘူတာဆင်းလည်း မရဘူး၊ လက်မှတ်တော့ ပြရမှာပဲ"

"ကျွတ်...ကွိုင်ပဲ၊ ပြေးတက်လာတာ ခင်ဗျား မမြင်ဘူးလား၊ ကျွန်တော့်ကောင်မလေး ပါသွားလို့ လိုက်ခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး စကားကြောင့် ထင့်ကိုယ်လေး ဆတ်ခနဲတုန်သွားသည်။ ဘုရားရေ…ကိုကြီးရဲ့ကောင်မလေး ဒီရထားတွဲပေါ်မှာဆိုတော့ ယွန်းလည်း ဒီရထားပေါ် ပါမှာပေါ့။ မျှော်လင့်ချက်လေး ဝေါခနဲပြိုဆင်းကာ မျက်ရည်က ကျလာ၏။

"ခင်ဗျားဘာသာ လိုက်ခေါ်တာ မခေါ်တာ ခင်ဗျားအကြောင်းပဲ၊ ဒီလိုပဲ လူတွေက ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့၊ ဒီလိုလူတွေရဲ့စကားကို နားထောင်ရင် နိုင်ငံဘဏ္ဍာတွေကုန်တာကြာလှပြီ"

"ဟေ့လူ"

ခြိမ်းက ဒေါသနှင့် လက်မှတ်စစ်ရဲ့ အင်္ကျီကော်လံကို ဆောင့်ဆွဲသည်။ ထိုအခါမှ ဘေးက အဖော်ပါသူက

"အာ…ဒီလိုတော့ မလုပ်နဲ့လေ၊ ခင်ဗျားကောင်မလေး ပါရင်လည်း…ကဲ…ခေါ်ပြ၊ သေချာမှ လက်မှတ်အတွက် တစ်မျိုးစဉ်းစားကြတာပေါ့"

ခြိမ်းကိုကြည့်တာက သူခိုးကြမ်းပိုးတစ်ယောက်လို ပမာမခန့်နှင့်။ ခြိမ်းက ထိုနှစ်ယောက်စလုံးအား သိမ်းကျုံး၍ မိုက်ကြည့်ကြည့်ပြီးမှ လည်သာဂျာကင်ကို ပခုံးပေါ်ပစ်တင်ကာ

"ပန်းမှုံထင်…ကြားတယ်နော်၊ မင်းရှိတဲ့နေရာကို ကိုယ်လာခဲ့လို့မရဘူး၊ မင်း ထွက်ခဲ့"

ခြိမ်းက နှုတ်ခမ်းဘေး လက်ဝါးနှစ်ဖက်ကာပြီး ထင့်နာမည်ကို အကျယ်ကြီးအော်ပြောသည်။ ရထားတစ်တွဲလုံးရှိ တချို့လူတွေက ပြုံးစိစိ။ တချို့ကတော့ ခြိမ်းကိုကြည့်ကာ ခေါင်းချင်းဆိုင်





ပြီး တွတ်ထိုးသည်။

ရွယ်တူကောင်မလေးတွေက တအံ့တဩ ခြိမ်းကို ငေးကြည့်ခြင်းခံရတာ သူက အချစ်သူ့ရဲကောင်းကြီးလိုလို။

ခြိမ်းရင်ထဲမှာတော့ သူ့ရဲကောင်းမဆန်တာ သူ့ကိုယ်သူ ညာမရ။ ထင် ထွက်မလာခဲ့ရင်ဆိုသော အသိက ခြိမ်းဘဝမှာ တစ်ခါမှဖြစ်မလာဖူးသည့် စိတ်ဖိစီးမှု။ ယုံကြည်ချက်တွေနဲ့ နိုင်မာခဲ့သော ခြိမ်းက အခုအခါမှာတော့ တုန်လှုပ်ချင်နေပြီ။

"ထင်"

"ပန်းမှုံထင်"

ဒုတိယအကြိမ် ခြိမ်းထံမှ အော်သံကြောင့် တွဲအလယ်မှ ဖြည်းညင်းစွာ မတ်တတ်ထရပ်သော မီးခိုးရောင်အရိပ်လေးတစ်ခု။ ခြိမ်းရင်ထဲ ဖိစီးမှုတွေက ဗုံးတစ်လုံးလို ပေါက်ကွဲသွားကာ ငြိမ်သက်နေသော နှလုံးသားက စတင်လှုပ်ခတ်လာပြီးနောက်

"ကိုကြီး"

"ထင်"

"ကဲ…တွေ့ပြီလား၊ အဲဒါ ကျွန်တော့်ကောင်မလေး"

ထင်က ခြိမ်းရှိရာသို့ ရထားခုတ်မောင်းနေသည့် အရှိန်ပြင်းပြင်းထဲမှာ ယိမ်းယိမ်းယိုင်ယိုင်နှင့် သူ့ရှိရာ အပြေးလျှောက်လာသော ချစ်သူလှလှကို နူးညံ့ရွှန်းစက်စွာ စူးစိုက်ကြည့်နေရတာကိုက ခြိမ်းဘဝတစ်သက်တာ၌ ဒီတစ်ခါအနိုင်ရခြင်းက သူ့အတွက် အပျော်ဆုံး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"ငါ လမ်းညွှန်တဲ့အတိုင်း ခေါ်လာခဲ့ပေါ့၊ ယွန်းကိုလေ၊ အာ…မင်း နံ့လှချည်လား၊ အရေးတကြီး ငါတွေ့ချင်လို့ပေါ့၊ ဟော့ကောင်…ဘာစကားမှ အပိုမပြောနဲ့နော်၊ အမိကက ယွန်း ပါလာဖို့ပဲ၊ ဒါပဲ၊ သန်ဘက်ခါ ငါတို့တွေ့ကြမယ်"

ထင်ဘောထိုင်ခုံလက်တန်းမှာ တင်ပါးလွှဲထိုင်ရင်း ရန်ကုန်ကို ဖုန်းဆက်နေတာ လမ်းတစ်လျှောက်လုံး။

လက်မှတ်စစ်တွေက ဒဏ်ကြေးဆောင်ခိုင်းပြီး ရထားစီးခွင့်ပေးပေမယ့် ခြိမ်း ထိုင်ခုံတော့မရ။ ထင် စီးတာကလည်း ရှီးရှီးတန်း။ မတ်တတ်တစ်ခါ ထိုင်ခုံလက်တန်းမှာ တစ်လှည့် ထိုင်ရင်းနဲ့ ခြိမ်းက ထင်နဲ့အတူ ပါလာ၏။

ထင့်ကို ဘာစကားမှမပြော။ နောက်တစ်ကြိမ် ဖုန်းထပ်ခေါ်တော့

မိုး:မိုး:၀၁၆ပ



"မာမီလား၊ ဟုတ်…တွေ့ပြီ၊ မာမီ သားပြန်မခေါ်လာတော့ဘူးနော်"

"အဟွန်း…ဟွန်း"

ကိုကြီးထံမှ ရယ်သံနှင့် ထင့်မျက်နှာကို အမြတ်တနိုးစီးမိုးကြည့်နေတာလည်း သိနေပေမယ့် ကိုကြီးမျက်နှာကို အခုချိန်ထိ ထင် မော်မကြည့်ရဲ။ ရင်တွေခုန်နေတာကတော့ နှလုံးသားတွေ ပေါက်ထွက်မတတ်။

"ထင်နဲ့လိုက်သွားမလို့ မာမီ၊ အားငယ်နေလားဆိုတော့ အင်း…ကျွန်တော် မေးကြည့်လိုက်မယ်လေ၊ ဟိတ်…"

ခြိမ်းက ပခုံးကို ဖုန်းကိုင်ထားတဲ့လက်ရဲ့ တံတောင်နဲ့ ထင့်ကိုယ်ကို လှမ်းတို့ပြီးခေါ်သည်။

"ရှင်"

လှပသော မျက်ဝန်းတွေနဲ့ ဖျတ်ခနဲ ခြိမ်းကို မော့ကြည့်ကာ ထူးတော့ ရယ်မြူးရိပ်သမ်းသော ခြိမ်းမျက်ဝန်းတွေနှင့် ဒိုင်းခနဲပစ်ဆောင့်သည်။

"မာမီက မေးနေတယ်၊ သူ့သမီး အားငယ်နေလား တဲ့"

"ဟင့်အင်း"

ခြိမ်းအကြည့်စက်ကွင်းကို ရှောင်တိမ်းရင်း ထင် ခေါင်းခါတော့ ခြိမ်းထံမှ ရယ်သံသဲ့သဲ့ကို ထပ်ကြားရပြန်သည်။

"သားရှိလို့ လုံးဝအားမငယ်ဘူးတဲ့ မာမီ"

"အို"

မိုး:မိုး:၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်လိုက်ခဲ့လေ၊ ဒါမှမဟုတ်လည်း နောက်နေ့ ပေါ့၊ အေးဆေးမှလိုက်ခဲ့ မာမီ၊ ကျွန်တော်လား…သူ့အိမ်မှာပဲ လိုက်နေမယ်"

"ဟုတ်…စိတ်ချမ်းသာလိုက်တော့ မာမီ၊ ကျွန်တော် မာမီဖြစ်စေချင်တဲ့အတိုင်းဆိုတာ သေချာတယ်"

ကြည့်စမ်း…အန်တီက ထင့်ကို ဘာတွေဖြစ်စေချင်သလဲ။ ပြီးတော့ သူကရော ဘာတွေသေချာနေတာလဲဆိုတာ မေးချင်စိတ်နှင့် ထင့်ရင်ထဲမှာ ဗလောင်ဆူနေသည်။

လက်တွေ့ကျတော့လည်း ထင် မမေးရဲ။

ကိုကြီးကတော့ အားလုံးကို သတင်းပို့ပြီး စိတ်အေးလက်အေးရှိပုံဖြင့် ဖုန်းကို ဘောင်းဘီအိတ်ထဲ ဖုန်းပြန်ထည့်သည်။ မတ်တတ်ထရပ်ပြီး ဘယ်ညာလှည့်ကာ ခါးချိုးတော့ ထင့်မှာ ကိုကြီးကို အားနာသွားပြီး

"ဒီမှာလာထိုင်ပါလား ကိုကြီး၊ ထင် မတ်တတ်ရပ်ပေးမယ်"

မတ်တတ်ထရပ်ဟန်ပြင်တဲ့ ထင့်ကို ပခုံးကနေ သူက ပြန်ဖိချ၏။

"ဘယ်သူက ညောင်းတယ်ပြောလဲ"

"ဟို…ကိုကြီး ဒီလိုထိုင်လာတာ ကြာပြီဆိုတော့"

"ကိုယ် ထင့်နောက် ဘာလို့လိုက်လာတာလဲ မမေးတော့ဘူးလား"





"ရှင်"

ကိုကြီး ထင့်ထိုင်ခုံဘေးမှာ ပုဆစ်တုပ်ထိုင်ချတော့ ထင်က ပြန်ငုံ့ကြည့်ရတာမျိုး ဖြစ်သွားသည်။ ညအချိန်မို့ တစ်တွဲလုံး တိတ်ဆိတ်လျက်။ အိပ်တဲ့လူနှင့် အနားယူသည့်သူတွေနဲ့မို့ မီးရောင်မှိန်မှိန်အောက်မှာ သူနဲ့ထင်က သီးခြားကမ္ဘာရောက်နေသလို။

"ဓာတ်ပုံတွေမြင်ပြီး ကိုယ့်ကိုအထင်လွဲပြီး အိမ်က ထွက်သွားဖို့ ဆုံးဖြတ်လိုက်တာလား ထင်"

"ဟို…ကိုကြီးနဲ့သူက"

"ဘာမှမဆိုင်ဘူး၊ အဲဒါ တကယ်"

"ဟင်"

"ယွန်းကပြောတော့ သူနဲ့ကိုကြီးက ချစ်သူတွေဆိုပြီးတော့"

"မိတ်ဆွေအဆင့်ပဲရှိခဲ့တာ၊ အဲဒါလည်း တကယ်ပဲ"

"ဒါဆို ဓာတ်ပုံတွေကရော"

မေးချင်တာက အရှိန်ရသွားပြီမို့ ထင် သိချင်တဲ့အတိုင်း မေးခွန်းတွေ တရစပ်ထွက်ကျလာသည်။ မြိမ်းက မီးရောင်မှိန်မှိန်အောက်က ဆိုးဆေးမတင်ထားသည့် ထင့်နှုတ်ခမ်းတွေကို ခပ်ငေးငေးကြည့်ရင်း

"ကိုယ့်ပုံဆိုတာတော့ မှန်တယ်၊ ဒါပေမဲ့ ကိုယ် အဒီလို မနေခဲ့ဘူး၊ အဲဒါ ယုံ"

"ယွန်းအပေါ်မှာ ဘာအာရုံမှမရှိဘူး၊ လုံးဝသေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတာ ထင် နားလည်လား"

ခေါင်းအင့်မှာ ထင့်ဆံပင်တစ်ခြမ်းက ထင့်မျက်နှာလှလှလေးကို ဝေါခနဲ ဖုံးအုပ်ပစ်လိုက်သည်။ ခြိမ်းက ထိုဆံပင်တွေကို ထင့်ကျောနောက် ပြန်ပို့ရင်း

"ထင် ရှိတဲ့နေရာအထိ ယွန်းကို ခေါ်ထားပြီးပြီ၊ ဒါ ထင် သံသယရှင်းအောင် ပြောပြရမှာက ယွန်းပဲ၊ ကိုယ် မဟုတ်ဘူး"

"ကိုကြီး မဟုတ်ရင် ပြီးတာပါပဲ၊ ယွန်းကို ဒီအထိခေါ်တယ်ဆိုတော့..."

"ဘာလဲ...သနားလို့လား"

"မဖြစ်သင့်ဘူး ထင်လို့ပါ၊ ယွန်းက ကိုကြီးကိုချစ်လို့ ဒီလိုလုပ်တာဆိုတော့"

"ကိုယ်က ယွန်းကို ပြန်ချစ်စေချင်တာလား"

"ထင် အဲဒီလို မပြောပါဘူး"

ထင် စူပွပွနှင့် စိတ်ကောက်သလိုပြောတော့ ခြိမ်းက ဟက်ခနဲ ရယ်သည်။

"ကိုယ်ချစ်တာ ထင်တစ်ယောက်တည်း"

"အို"

"ပြီးမှ စမ်းကြည့်ရဦးမယ်"

"ဘာကိုလဲဟင်"

စိတ်ဝင်တစားနဲ့ ထင် လှည့်မေးပြီးမှ မှားမှန်းသိသွား





သည်။ ကိုကြီးက ထင့်လက်တစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆွဲကာ ပါးမှာအပ်ရင်း

"ထင့်မှာရှိနေတဲ့ လိမ္မော်သီးအနံ့ရှိတဲ့ နှုတ်ခမ်းဆိုးဆေးက ဟိုတစ်ခါကလို တကယ်ချိုရဲ့လားဆိုတာ"

"အို"

ထင့်ရဲ့ပါးမို့တွေ ရဲခနဲဖြစ်သွားတာက မီးရောင်မှိန်အောက်မှာတောင် ထင်ရှားသည်။

"တကယ်ပြောတာ၊ အဲဒီညကစပြီး ကိုယ် ရင်ခုန်တာ အခုအထိ၊ မယုံဘူးလား"

"ထင်"

"အို...ထင့်လက်ကိုလွှတ်ပါ၊ တော်ကြာ သူများတွေ မြင်ကုန်လိမ့်မယ်"

"မြင်ပလေ့စေ၊ ဒီတွဲပေါ် တက်လာကတည်းက ကြေညာပြီးသား၊ ထင်က ကိုယ့်ကောင်မလေးဆိုတာ"

ရှက်သည့်စိတ်ကို ဘယ်အရာနှင့် နိုင်းနှိုင်းပြောရမလဲ ထင် မသိတော့။ တစ်ကိုယ်လုံး ပူပူထူထူကြီး ဖြစ်နေတာကိုသိသည်။ လူက တိမ်တွေစီးပြီး မျောလွင့်နေသလိုလည်း ခံစားနေရသည်။ ခြိမ်းက ထင့်လက်ဖဝါးတွေကို ရင်ဘတ်ဆီကပ်ထားရင်း

"တကယ်တော့ ကိုယ်ညှို့ခဲ့တာ၊ ကိုယ့်ရင်ခုန်သံက ထင်နဲ့ စတွေ့ကတည်းက ပရက်ရှာတွေ တက်နေခဲ့တာလေ"

"မဟုတ်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်မဟုတ်ရမှာလဲ၊ မယုံရင် လက်တွေ့ပြမယ်"

"ရွှတ်"

"အို"

အနမ်းသူခိုးက လေ၏လျှင်မြန်ခြင်းနဲ့ဆိုတော့ ရှက်လန့်တကြား ထင့်ပါးလေးတစ်ဖက်ကို လက်နှင့်အုပ်ရင်း ဒေါ်ပတ်ဝန်းကျင်က လူတွေကို အလန့်တကြား လှမ်းကြည့်မိသူက ထင်။

"ဘယ်သူမှမမြင်ပါဘူး ထင်ရဲ့၊ မယုံရင် လက်တွေ့ပြမယ်"

"ကိုကြီးနော်…ဒီတစ်ခါ ထင် တကယ်စိတ်ဆိုးမှာသိလား"

"သိတယ်"

"အဲဒါ ချစ်လို့"

"ထင့်အပေါ် အမြဲအနိုင်ယူနေတာကရော"

"အဲဒါလည်း ချစ်လို့"

"ပြီးတော့ ထင့်ကို ပစ်ထားခဲ့တာကျတော့ရော"

"အဲဒါလည်း ချစ်လို့ပါဆို"

"ထင့်ကို…"

"တော်ပြီ၊ ပါးစပ်နဲ့မဖြေတော့ဘူး၊ ဟောဒီလို"

"ဟာ…ကိုကြီး"

ထင့်ထံမှ အလန့်တကြား လွင့်လာသည့် အသံလေးက တိုးတိုးအုပ်အုပ်။ နွေးထွေးသွားသည့် ထင့်နှုတ်ခမ်းလေးကို အလန့်တကြား လက်လေးနှင့် အုပ်ကွယ်တော့ သူက ရယ်သည်။



BURMESE CLASSIC .com



"နောက်တစ်ခါ မေးဦးမှာလား"

"ဟင့်အင်း"

"ကိုကြီး သိပ်ဆိုးတယ် သိလား"

ထင် ရှက်ရှက်နဲ့မျက်နှာလွှဲတော့ ကိုကြီးက မတ်တတ်ရပ်ရင်း ထင့်ခေါင်းလေးကို သူ့ရင်ခွင်ထဲ ပွေ့ထားသည်။ ဆုံးရှုံးပြီထင်သော အချစ်ကို ပြန်ရသော ခံစားချက်က ဘာနဲ့တူပါသလဲ။ သင်…သိပါရဲ့လား။

"ပျားရည်…ရမယ်၊ ပျားရည်"

ခြင်းဆွဲဈေးသည်ကောင်လေးရဲ့ အသံကြောင့် ပျားရည်ဈေး မေးသံများ၊ ဝယ်သံများဖြင့် တစ်တွဲလုံး ဆူညံသံများနှင့် နိုးနိုးကြားကြား ဖြစ်ကုန်၏။

"အစ်ကို…ပျားရည်ယူဦးမလား"

အနားရောက်လာသော ဈေးသည်ကောင်လေးက ခြိမ်းရှေ့ကို သူ့ခြင်းတောင်းထိုးပြရင်း မေးသည်။ ခြိမ်းက ထင့်ပခုံးပေါ် သူ့အနက်ရောင် လည်သာဂျာကင်ကို လွှမ်းခြုံပေးရင်း

"မယူတော့ဘူး၊ ကိုယ့်မှာ မျှားရည်ထက်ချိုတာရှိတယ်"

အကြည့်က ထင့်နှုတ်ခမ်းတွေနား တဝဲလည်လည်လုပ်ရင်းပြောတော့ ထင့်မျက်နှာ နှင်းဆီခင်းဖြစ်လျက် ဘယ်သူမှ မမြင်အောင် ခြိမ်းဗိုက်ခေါက်ကို မနာအောင် လိမ်ဆွဲပစ်သည်။

"တကယ်နာတယ်ကွ၊ လျော်ကြေးပေးမှ ကျေနပ်မှာနော်"

"ဘာလျော်ကြေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိချင်ရင် ဒီမှာ…"

"ကိုကြီးနော်"

"ဩော်…ပျားရည်ကိုပြောတာ"

ချစ်သူနှစ်ဦး၏ ရယ်သံတွေ တိုးတိုးကျိတ်ကျိတ်။ ထင့်မျက်စောင်းက ပျားရည်လိုချိုမြလျက် ပန်းနုရင့်ရောင်ပါးပြင်ကို အမြတ်တနိုးငုံ့ကြည့်ရင်း

"ကိုယ် သိချင်တယ် သိလား၊ ဒီတစ်ခါနမ်းရင် မင်းနှုတ်ခမ်းတွေ ချို မချို"

"ကိုကြီး"

အရောင်ရင့်သော ထင့်မျက်နှာကို ကိုကြီးရင်ထဲ သိမ်းဖွက်တော့ နူးညံ့သော အနမ်းတစ်ပွင့်က ထင့်နှဖူးစပ်ဆီ ခြွေချလာတာ သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့နှင့်…။

ချစ်သူတိုင်းပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်မေတ္တာဖြင့်

မြပုလဲသွယ်

ဝို : ဗို : ၈၁၆ပ

www.burmeseclassic.com